www.burmeseclassic.com

# တကောင်းစာအုပ်တိုက်အမှတ် - ၁၈

**တကောင်းစာအုပ်တိုက်**
အမှတ် ၅(ခ)၊ ဇေယျာသီရိလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၀၅၅၄၇

www.burmeseclassic.com

www.burmeseclassic.com

# စိန်ခေါ်ကြသူများ

## လူငယ်၊ ပညာ၊ ခေတ်ရေစီး

---

ကျော်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၁၇/၂၀၀၃(၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၉၅ /၂၀၀၃(၁၂)

❐

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၂၀၀၄၊ ဇန်နဝါရီ

❐

**အုပ်ရေ**

၅၀၀

❐

**မျက်နှာဖုံးပန်းချီ**

မောင်ဒီ

❐

**ကွန်ပျူတာ**

ထွန်းဇော်လင်း

❐

**စာအုပ်ချုပ်**

ကိုတင်အေး

❐

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးကျော်လှိုင်(၀၅၅၇၃)၊ စေတနာ OFFSET

အမှတ်-၅၉၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

❐

**ထုတ်ဝေသူ**

ဦးနေမျိုးသူရ(တကောင်းစာအုပ်တိုက်)၊ (ယာယီ-၇၀၆)

အမှတ်(၅/ခ)၊ ဇေယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

❐

**တန်ဖိုး - ၉၀၀ ကျပ်**

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

■ စာရေးသူ၏အမှာ ၁

## လူငယ် (YOUTH)

၁။ ကိုယ့်စာကိုယ်ရေး၊ ကိုယ့်တေးကိုယ်ဆို ၅
၂။ မျှော်စင်အပြို ဒေါ့ကွမ်အိပ်မက်နှင့် ပန်းနရောင်မရင့်တရင့် ၁၃
၃။ သူ့ရဲကောင်းလွန်ခေတ် ၁၉
၄။ သိုးလျှော့ကျ်၊ အစ်ကိုကြီးမျက်လုံးနှင့် တန်ဖိုးများကျဆင်းခြင်း ၂၇
၅။ ဒဏ္ဍာရီ၊ အမှာစကားနှင့် ကျုံးသွင်းပွဲ ၃၃
၆။ အလုပ်၏အဓိပ္ပာယ်သစ် ၄၁
၇။ တရုတ်လေးတွေရေးတဲ့ ကလေးကဗျာ ၄၈
၈။ အသပြာမျိုးဆက် ၅၅
၉။ တဲ့ဘူး၊ တက်ကျမ်းနှင့် ဒိန်ခဲ ၆၉
၁၀။ စိန်ခေါ်ကြသူများ ၇၇

## ပညာ (KNOWLEDGE)

၁၁။ ပညာသည် အရာရာလော ၈၇
၁၂။ ပင်္ဂိုပညာရေး ၉၅
၁၃။ နှစ်ဆယ့်တစ်ရာစု တက္ကသိုလ် ၁၀၂

www.burmeseclassic.com

www.burmeseclassic.com

၁၄။ ၂၀၂၅ အထက်တန်းပညာရေး ၁၁၄
၁၅။ ပညာရှင်နှင့် ပညာသည် ၁၂၃
၁၆။ ပါဝါအရွှေနှင့် ပညာအရင်း ၁၂၉
၁၇။ ကာလသုံးပါးပညာရေး ၁၃၄
၁၈။ မိလိန္ဒပဉှာမှ ပညာ၏အဓိပ္ပာယ် ၁၄၀
၁၉။ ဦးနှောက်စစ်ပွဲများ ၁၄၇
၂၀။ လာတော့မည့်အကျပ်နှင့် ပညာမွန်းတည့်ချိန် ၁၅၅
၂၁။ စပိပြိုင်ပွဲ၊ စတိုင်သစ်နှင့် ကက်ပီတယ်(လ)နိဂုံး ၁၆၃

## ခေတ်ရေစီး(TREND)

၂၂။ တိုက်သုံးတိုက်၊ လူသုံးယောက်နှင့် ပညာဆုံပွိုင့် ၁၇၁

■

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏
# အမှာ

ခေတ်တစ်ခေတ်၏ တူရူချက်ကိုမှန်းဆလိုလျှင် ထိုခေတ်ကို ဖြတ်သန်းသွားသော လူငယ်များ၏ တိမ်းညွတ်မှုကို ကြည့်ပါ ဆိုသော စကားရှိပါသည်။ ခက်နေသည်က လူငယ်များ၏ တိမ်းညွတ်မှုကို အကဲခတ်ရန်မှာ မလွယ်လှသည့်အချက်ဖြစ်သည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူ။ တစ်ကျောင်းတစ်ဂါထာဆိုသလို ဖြစ်နေသည်။ တစ်ချိန်နှင့်တစ်ချိန် မတူ။ အလှုပ်အယမ်းတွေ များနေသည်။

သို့နှင့်တိုင် မတူသည်များထဲမှ တူညီရာဆုံပွိုင့်တစ်ခုကို မြင်နေရပါသည်။ အပြောင်းအလဲများထဲမှာ စွဲမြဲသောလားရာအမြင် တစ်ခုကို တွေ့နေရပါသည်။ ‘ပညာ’ ဟု သဘောရပါသည်။ သမိုင်းအဆက်ဆက် မည်သည့်ခေတ်နှင့်မှမတူအောင် လူငယ် အများစုက ‘ပညာ’ကို စိတ်ဝင်စားလာကြသည်။ မျက်နှာမူလာကြသည်။ ဘဝ၏ သော့ချက်အဖြစ် ခံယူလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုစာစုမှာ လူငယ်မြင်ကွင်းနှင့် ပညာအရွေ့ကို လက်လှမ်းမီသမျှ ကြိုးစားဖတ်ကြည့်ရာမှ စာရေးသူရှာဖွေတွေ့ရှိလိုက်သော ခေတ်ရေစီးဟု ဆိုချင်ပါကြောင်း. . .။

**ကျော်ဝင်း**
**(၂၀-၅-၂၀၀၃)**

■

www.burmeseclassic.com

www.burmeseclassic.com

လူငယ်

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်စာကိုယ်ရေး၊ ကိုယ့်တေးကိုယ်ဆို

'လူ' နှင့် 'သမိုင်း'

ယခုထက်တိုင် ယတိပြတ်အဖြေပေးဖို့ မလွယ်လှသည့် မေးခွန်းတစ်ခုရှိသည်။ 'လူက သမိုင်းကိုရေးသလော၊ သမိုင်းက လူကိုရေးသလော' ဆိုသော ပုစ္ဆာဖြစ်သည်။ ယခု အတိအကျ အဖြေထုတ်မည့်သူတွေ ပေါ်လာပြီ။ ၂၁ ရာစုလူငယ်များဖြစ်ပါ၏။ 'သမိုင်းကရေးသော လူမဖြစ်စေရ၊ လူက သမိုင်းကိုရေးရမည်' ဟု ခပ်ရဲရဲ ကြွေးကြော်လိုက်သည်။

ဤကိစ္စနှင့်ပတ်သက်ပြီး စကားလုံးအသစ်များ လျှံကျလာရာ အရေးကြီးသော ဝေါဟာရတစ်ခုကို မသိလို့မဖြစ်။ Tailor-Made Biography ဟုဆိုသည်။ သူများရေးသော 'အတ္ထုပ္ပတ္တိ'

www.burmeseclassic.com

www.burmeseclassic.com



Biography သက်သက်မဟုတ်။ ယနေ့လူငယ်တွေက ကိုယ့်အကြောင်း သူများရေးတာမလိုချင်၊ ကိုယ်တိုင်ရေးရမည်ဟု ခံယူသည်။ သို့နှင့်တိုင် 'ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ' Auto Biography တော့လည်း မဟုတ်ပြန်။ 'ကိုယ်တိုင်ရေး'ဆိုသည်နှင့် မလုံလောက်။ ပေါ့လွန်းသည်။ ဆိုလိုချက်အကုန်မမိ။ 'မိမိစိတ်ဆန္ဒနှင့် ကိုက်ညီအောင် ရည်ရွယ်ချက်ရှိရှိ တီထွင်ဖန်တီးထားသော ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဖြစ်ရမည်ဟု အဓိပ္ပာယ်ဖွင့်ပါသည်။ Tailor-Made ဆိုသည်က ဤသဘောအားလုံးကို ညွှန်းသည်။

ပြောရလျှင် ဇာတ်၏အစမှာ ၂၀ ရာစုအဆုံးနှင့် ၂၁ ရာစုအစလောက်က ကျင်းပခဲ့သော လူငယ်ရေးရာ ကွန်ဖရင့်များဟု ဆိုရပါလိမ့်မည်။ အဆိုပါကွန်ဖရင့်များတွင် ပညာရှင်များစုဝေးပြီး ရာစုသစ်လူငယ်၏ သဘောသဘာဝများကို စစ်တမ်းထုတ်ခဲ့ရာ အယူအဆနှစ်ခု သိသိသာသာ ကွဲလာသည်။ ပထမအစုက လူငယ်ရေစီးကို ဘဝင်မကျ။ 'မိုဒယ်မရှိ၊ မစ်ရှင်ပျောက်၊ အတ္တကြီး' No Model, Lost Mission and Egocentric ဆိုသော အဓိကအချက်သုံးချက်ကို ထောက်ပြသည်။ ဒုတိယအစုက ဤဝေဖန်ချက်ကို ဘဝင်မကျပါ။ လူကြီးမျက်စိနှင့် လူငယ်တွေကို ကြည့်ခြင်းဖြစ်ရာ သဘာဝမကျဟု တုံ့ပြန်ဝေဖန်သည်။ တစ်ဆက်တည်းမှာပင် 'ယနေ့လူငယ်များ၏ တူရူချက်မှာ လူကြီးတွေ လိုက်မမီတော့လောက်အောင် သိပ်မြင့်သွားပြီ'ဟုလည်း အကဲဖြတ်ပါသည်။

'အိုက်ဒေါ(လ) နှင့် 'အိုက်ဒီး(လ)'

'မိုဒယ်မရှိ'ဆိုသော ပထမဝေဖန်ချက်နှင့်ပတ်သက်၍ လူငယ်များဘက်မှ ပြောစရာတွေရှိနိုင်သည်။ (ဤနေရာတွင် ကျွန်တော်တို့ဆီမှာ ခေတ်စားနေသော မိုဒယ်(လ)ကောင်မလေးတွေနှင့်မရောထွေးစေချင်ပါ။ အတုယူလောက်သည့် စံပြပုဂ္ဂိုလ်မျိုးကို

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုရင်းဖြစ်သည်) စင်စစ် 'မိုဒယ်(လ)'ဟု လွယ်လွယ်ပြောနေသော်လည်း၊ 'ဘယ်လိုမိုဒယ်(လ)မျိုးလဲ' ဆိုသည်ကို ဆန်းစစ်ဖို့လိုမည်ဟု ဆိုသည်။ မိုဒယ်(လ)တွင် 'အိုက်ဒေါ(လ)' Idol နှင့် 'အိုက်ဒီး(လ)Ideal ဆိုပြီး နှစ်မျိုးရှိရာ တစ်ခုနှင့်တစ်ခု မတူပါ။

'အိုက်ဒေါ(လ)'သဘောက စိတ်လှုပ်ရှားမှုနှင့် ပိုဆိုင်သည်။ 'နှလုံးသားခိုက်' Heart-Throb ဆိုသောစကားနှင့် ယှဉ်တွဲပြောကြသည်။ ဆယ်ကျော်သက်ရွယ်တွင်Boy Friend, Girl Friend ဖြစ်တတ်သည်။ နည်းနည်းအရွယ်ရလာတော့ နာမည်ကြီး အဆိုတော်၊ ရုပ်ရှင်စတား၊ အားကစားသမား စတာမျိုးတွေ ဖြစ်နိုင်သည်။ စိတ်ပညာရှင်များ၏ အလိုအရ မိမိ၏ ဘာမှမဆန်းပြားသော သာမန်ဘဝမှ ခေတ္တဖြစ်စေ ထွက်ပြေးလိုရာမှ ပေါ်ထွက်လာသော 'ဆလစ်ဘရစ်တီ မြတ်နိုးစိတ်' Celebrity Admiration ဟု အကဲဖြတ်ပါသည်။ ဤကိစ္စမှာ လူငယ်တိုင်း၏ စိတ်သဘာဝဖြစ်ရာ ယခင်ကရှိသလို ယခုလည်းရှိသည်။ ဘာမှမဆန်း၊ ဟိုတုန်းက 'ပရက်စလေ'၊ ယခု 'အမ်မိနန်'၊ အရင်က 'မွန်ရိုး'၊ ဒီနေ့ 'ဘရစ်နီစပီးယား' ဒါပဲကွာသည်။

'အိုက်ဒီး(လ)' က ဤသို့မဟုတ်။ ပို၍ လေးနက်သည်။ ကြည်ညိုအားကျခြင်းနှင့် ဆိုင်သည်။ ဆယ်ကျော်သက် အရွယ်တွင် မိဘများဖြစ်တတ်ပြီး အရွယ်ရလာသည်နှင့်အမျှ အမျိုးသားခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ဘာသာရေး ခေါင်းဆောင်များ စသည်ဖြင့် အပြန့်ကျယ်သွားနိုင်သည်။ သူတို့ဆီမှ တစ်ခုခု အတုယူစရာ ရှိလိမ့်မည်ဟု ယူဆရသော မိမိ၏လောကအမြင်ကို မြင့်မားတက်ကြွစေသော 'ဟီးရိုး'သဘောဖြစ်သည်။ စိတ်ပညာရှင်များအလိုအရ 'ကိုယ်ပိုင်အမှတ်အသား သရုပ်ပါသော အချက်ပြမီးတိုင်' Personalized Beacon of Change ဟု ဆိုပါသည်။ ယနေ့လူငယ်များတွင်မူ 'အိုက်ဒီး(လ)'မရှိသလိုဖြစ်နေရာ အဆိုပါ 'အချက်ပြမီးတိုင်' ပျောက်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါအပြောင်းအလဲအတွက် လူငယ်တွေကို အပြစ်တင်မည်ဆိုလျှင် မတရားပါ။ ပို၍တာဝန်ရှိသည်မှာ လူကြီးများကိုယ်တိုင်ဖြစ်ဖို့များသည်ဟု စောဒကတက်ကြသည်။

'အိုင်ဒီအိုလိုဂျီ' နှင့် 'အိုင်ဒီယာ'

'မစ်ရှင်ပျောက်'ဆိုသော ဒုတိယဝေဖန်ချက်နှင့် ပတ်သက်သော တုံ့ပြန်ဆွေးနွေးချက်များမှာလည်း စိတ်ဝင်စားစရာကောင်းသည်။ စင်စစ် လူငယ်များ၏ 'နိုင်ငံရေးနှင့်ဝေးလာသော တိမ်းညွတ်မှု' Apolitic Trend ကိုကြည့်ပြီး မစ်ရှင်ပျောက်ဆုံးပြီဟု သဘောထားကြဟန်ရှိသည်။ ၂၀၀၀ ပြည့်နှစ်က ထုတ်ပြန်ခဲ့သော ဂျာမနီအခြေစိုက် 'ရှဲလ်' သုတေသနစင်တာ၏ အစီရင်ခံစာတစ်ခုတွင် 'လူငယ်များ၏ နိုင်ငံရေးစိတ်ဝင်စားမှုမှာ သိသိသာသာ ကျလာသည်' ဟု အကဲဖြတ်ထားသည်။ ဤသည်မှာ တွေ့ရှိချက်နှစ်ရပ်အပေါ် အခြေခံ၍ ကောက်ချက်ချသည်ဟု မှန်းဆရပါသည်။ ရွေးကောက်ပွဲများတွင် လူငယ်မဲဆန္ဒရှင် အရေအတွက်နည်းလာခြင်းနှင့် နိုင်ငံရေးပါတီများတွင် လူငယ်ပါတီဝင်အချိုးကျလာသော အချက်များဖြစ်သည်။

စောဒကတက်သူများက လူငယ်များ နိုင်ငံရေးနှင့် ဝေးလာသည်ကို မငြင်း။ သို့နှင့်တိုင် လူ့လောက ကောင်းစားရေးကို ရှေးရှုသော နိုင်ငံရေးဆိုသည်ကို စိတ်ပျက်သွားသည်မဟုတ်။ မယုံကြည်တော့သည်မဟုတ်။ လက်တွေ့ဆောင်ရွက်နေသော နိုင်ငံရေးသမားများနှင့် နိုင်ငံရေးအဖွဲ့အစည်းများအပေါ် သံသယရှိလာခြင်း ဖြစ်သည်။ လက်တွေ့လုပ်ကိုင်နေသော လုပ်ထုံးလုပ်နည်းများအပေါ် ဘဝင်မကျတော့ခြင်း ဖြစ်သည်။ သူတို့အမြင်အရ ယနေ့နိုင်ငံရေးမှာ လူတွေစု၊ စကားတွေများပြီး ပက်ကျိသွားသွားသလို ဖြစ်နေသည်။ အင်ဖော်မေးရှင်းခေတ်၏ ဒိုင်းနမစ်

www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလဲများနှင့် ဘယ်လိုမှ စရွေးမကိုက်ဟု မြင်လာကြသည်။ အမေရိကန်လူငယ်များက စီလီကွန်ချိုင့်ဝှမ်း၏ စပိကိုကက်ပတော်(လ) တောင်ကုန်းက အမိမလိုက်နိုင်ဟု ဝေဖန်ကြသည်။ ဤအချက်များအရ Apolitic ဖြစ်ကောင်းဖြစ်မည်။ Anti Politic လုံးဝမဟုတ်ဟု ရပ်ခံတင်ပြကြသည်။

နိုင်ငံရေးဆိုသည်နှင့် အိုင်ဒီအိုလိုဂျီနှင့် တွဲစပ်ကြည့်ကြသည်များလည်းရှိသည်။ အိုင်ဒီအိုလိုဂျီကြီးများ ပြိုကျနေသောခေတ်တွင် လူဖြစ်ကြီးပြင်းရသူများအနေနှင့် မည်သည့် အိုင်ဒီအိုလိုဂျီကိုမှ အရမ်းအကန်း မယုံတော့သည်မှာ အလွန်သဘာဝကျပါသည်။ နောက်ဆုံးလက်ကျန်ဟု ဆိုနိုင်သော လစ်ဘရယ် ဒီမိုကရေစီကိုပင် အကြွင်းမဲ့စိတ်ချလက်ချ ပုံအပ်နိုင်ကြသည်မဟုတ်ပါ။ 'တန်ဖိုး' Value ကို ယုံကြည်သည့်တိုင် ငုပ်လျှိုးနေသော 'အကျိုးစီးပွားများ' Interests ကို သံသယနှင့် စောင့်ကြည့်ချင်ကြသည်။ သို့နှင့်တိုင် ဘေးထိုင်ဘုပြော သက်သက်တော့လည်း မဟုတ်ပြန်။ ပြိုကျနေသော 'အိုင်ဒီအိုလိုဂျီ'နေရာတွင် 'အိုင်ဒီယာ' များဖြင့် ကျားကန်ဖို့ အားသန်ကြဟန်ရှိသည်။

အဆိုပါအိုင်ဒီယာ၏ ရှေးရှုရာသည်ပင် သူတို့၏ 'မစ်ရှင်' ဖြစ်တန်ရာသည်။ တစ်ခုတော့ရှိသည်။ ယခင်ကလို 'ဆင်ခေါင်းခွေးမချီနိုင်' မစ်ရှင်မျိုးမဟုတ်။ တစ်နိုင်တစ်ပိုင် မစ်ရှင်ဟု ဆိုနိုင်သည်။ 'ကိုယ်ပိုင်မစ်ရှင်' Personal Mission ဟု ညွှန်းလေ့ရှိပါသည်။ ဤမစ်ရှင်က 'လောကကြီး ဘာဖြစ်နေလဲ'ကို အလေးမပေး။ 'ငါ ဘာလုပ်ပေးနိုင်လဲ' ကို အဓိကထား စဉ်းစားသည်။ အကောင်အထည်မဲ့လောကကြီးကို အပြစ်မတင်။ မိမိ၏ အစွမ်းအစကို အထက်မြက်ဆုံးဖြစ်အောင် တည်ဆောက်သည်။ စင်စစ် မစ်ရှင်ပျောက်ဆုံးသွားခြင်း မဟုတ်ပါ။ မစ်ရှင်နှင့်ပတ်သက်သော သဘောထားများ မတူတော့ခြင်း ဖြစ်သည်။ ချဉ်းကပ်ပုံများ ပြောင်းသွားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့လူငယ်၏ အတွင်းသရုပ်ကို အစဥ်အလာ 'ယုတ္တိနည်းကျ စဉ်းစားနည်း' Logical Thinking နှင့် မြင်နိုင်စရာမရှိ ပါ။ 'ဖောက်ထွက်စဉ်းစား' Break-Through Thinking နိုင်ခါမှ တန်ကာကျမည်ဟု ပြန်လည်ဝေဖန်ကြပါသည်။

'တယ်လီစကုပ်' နှင့် 'မိုက်ခရိုစကုပ်'

'အတ္တကြီး'ဆိုသော တတိယဝေဖန်ချက်ကိုလည်း အနုစိတ်သုံးသပ်လာကြသည်။ ဤဝေဖန်ချက်မျှာ ဈေးကွက် စီးပွားရေးစနစ် အောင်မြင်ခါစ နိုင်ငံများမှ လူငယ်များကိုကြည့်ပြီး ကောက်ချက်ချခြင်းဖြစ်ဟန်ရှိသည်။ အဆိုပါလူငယ်များ၏ 'ငွေ'မှလွဲပြီး ဘာကိုမှ စိတ်မဝင်စားသည့်အဖြစ်ကို ရည်ရွယ်၍ 'အသပြာမျိုးဆက်' Cash Generation ဟူ၍လည်းကောင်း၊ 'အတ္တမျိုးဆက်' Self Generation ဟူ၍လည်းကောင်း သတ်မှတ်ကြသည်များရှိသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး စာဒကတက်သူများက 'လူမှုရေးဖန်လုံအိမ်သက်ရောက်မှု' Social Glass House Effect ဆိုသော ဝေါဟာရနှင့် ချေပကြသည်။ လူငယ်တွေကို ဖန်လုံအိမ်ထဲထည့်၍ မွေးမြူကြည့်ရာမှ ပေါ်ထွက်လာသော ဘေးထွက်အကျိုးဟု ဆိုချင်ဟန်တူသည်။ တစ်ခွင်တစ်ပြင်လုံး ပြဿနာမဟုတ်ပါ။ တစ်စိတ်တစ်ပိုင်းကိစ္စဟု တုံ့ပြန်ကြသည်။ အထူးသဖြင့် ဖန်လုံအိမ်မှာမပျော်ပိုက်နိုင်သော လူငယ်အများစုနှင့် မပတ်သက်ဟု ဆိုပါသည်။

"ဒီနေ့ ကလေးတွေဟာ 'မြင်းမျက်မှန်' Blinker တပ်ထားသလိုပဲ။ ပြေးသာပြေးနေကြတာ၊ ပတ်ဝန်းကျင်ကို မြင်ပုံမရဘူး" ဆိုသောဝေဖန်ချက်လည်း ရှိသည်။ အချို့ကလည်း 'ဒီနေ့ လူငယ်တွေရဲ့ မှန်ပြောင်းက တိုလွန်းတယ်ဗျာ၊ ဝေးဝေး မမြင်ဘူး'ဟု အားမလိုအားမရ ပြောကြသည်။ ပြန်လည်ချေပသူများက လက်မခံပါ။ အင်တာနက်ခေတ်မှာ 'တယ်လီစကုပ်' မလို၊ 'မိုက်ခရို

www.burmeseclassic.com

www.burmeseclassic.com



စကုပ်’သာ လိုသည်ဟု စောဒကတက်ကြသည်။ လူငယ်တွေက အိုင်တီနှင့်ယဉ်ပါးပြီးဖြစ်ရာ ကမ္ဘာကြီးကို စားပွဲပေါ် တင်ကြည့်နိုင်ပြီဖြစ်သည်။ အဝေးကြည့် ‘တယ်လီစကုပ်’ မလိုလှတော့ပါ။ အတွင်းကျကျ အနုစိတ်လေ့လာနိုင်ဖို့ ‘မိုက်ခရိုစကုပ်’က ပို အရေးကြီးသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

ဤသဘောကိုပင် ‘မား(လ)သီးယပ်(စ)ဟောက်’ဆိုသော ဂျာမန် လူမှုဗေဒပညာရှင်က ‘အတ္တပေမ စိတ်အာရုံမြင်ကွင်း’ Narcissistic Projection ဆိုသည်နှင့် ရှင်းပြသည်။ လူငယ်ထု၏ ‘ပရိုဂျက်အရွေ့’ကို ခြေရာခံကြည့်ခြင်းဖြစ်ပါသည်။ ယခင်က ပရိုဂျက်မှာ ‘ပကတိဘာဝ’ Objective ကို အခြေခံသည်။ ဖြစ်ရပ်က လူကိုလမ်းညွှန်နေရာ၊ လူမှာ အပြုခံသက်သက် ဖြစ်နေသည်။ ယခု ‘အတ္တဘာဝ’ Subjective သဘော ရွေ့လာရာ၊ လူကဖြစ်ရပ်ကို စိတ်ကြိုက်ပုံသွင်းမည့်သဘော Individual ကို အသိအမှတ်ပြုပေးခြင်းဟု ဆိုပါသည်။

အလုပ်ရှုပ် သို့သော် ဒုက္ခမပေး

ဂျာမနီအခြေစိုက် သုတေသနစင်တာတစ်ခုမှ ‘ပါမောက္ခ ဇင်နက်ကာ’ကမူ လူငယ်သရုပ်ကိုဤသို့ဖော်ထုတ်သည်။ “အလုပ်တော့ရှုပ်နေတာပဲ၊ ဒါပေမဲ့ ဒုက္ခတော့မပေးပါဘူး” Busy But Not Causing Trouble ဟူ၏။ ‘ဘာတွေများ အလုပ်ရှုပ်နေပါလိမ့်’ ဟု ဆက်လက်စဉ်းစားကြရာမှ ဆောင်းပါးအစတွင် ဖော်ပြခဲ့သော ‘စိတ်ကြိုက် ကိုယ်ရေး အတ္ထုပ္ပတ္တိ’ သို့ ရောက်လာခြင်းဖြစ်သည်။

ဤသည်ကိုပင် ခံတွင်းမတွေ့နိုင်သူများက ‘ငါ့လှေငါထိုး၊ ပဲခူးရောက်ရောက်’၊ ‘ကိုယ့်မြင်းကိုယ်စိုင်း၊ စစ်ကိုင်းရောက်ရောက်’ ဟု အငေါ်တူးကြသည်။ ဟဒယတွေ့သူများကမူ ‘ကိုယ့်စာကိုယ်ရေး၊ ကိုယ့်တေးကိုယ်ဆို’ ဟု ချီးကျူးကြပြန်သည်။ မည်သို့ဆိုစေ

www.burmeseclassic.com

www.burmeseclassic.com



'ဒုက္ခမပေး'ဟုဆိုသည့်အတွက်တော့ စိတ်သက်သာဖွယ်ရာ ဖြစ်ပါသည်။ စစ်ကိုင်းရောက်မလား၊ တေးဆိုလေမလား ဆိုသည်ကို အန္တရာယ်ကင်းကင်း စောင့်ကြည့်နိုင်ပါလိမ့်မည်။

**စတိုင်သစ်၊ မေ ၂၀၀၃။**

စာညွှန်း-
1. Bearings 2.Vision 2003

■

www.burmeseclassic.com

# မျှော်စင်အပြို၊ DOT-COM အိပ်မက်နှင့် ပန်းနုရောင် မရင်တရင့်

ရွှေခေတ်

ဆယ်စုနှစ်များကို ထင်ရှားသည့် တူရူချက်များ၊ ဖြစ်ရပ် များ၊ လူပုဂ္ဂိုလ်များနှင့် ဆက်စပ်ပြီး အမည်ပေးလေ့ ရှိကြသည်။ သို့ဖြင့် ၁၉၆၀ အလွန်နှစ်များမှာ "လူငယ်၊ လူရွယ်များ နံရံကို လက်သီးနှင့်ထိုးသည့်ခေတ်" ဖြစ်လာသည်။ ၁၉၇၀ အလွန်နှစ်များမှာ "အင်ဒိုချိုင်းနားစစ်ပွဲခေတ်" ဖြစ်လာသလို၊ ၁၉၈၀ အလွန်နှစ်များမှာ "ရော်နယ်ရေဂင်"၊ "မာဂရက်သက်ချာ" တို့၏ ကွန်ဆာဗေးတစ်ခေတ် ဖြစ်လာသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အံ့မခန်း ရှေ့ရောက်လာသော ၁၉၉၀ အလွန်နှစ်များကိုမူ "ရွှေခေတ်" Golden Age ဟု ဝိဂြိုဟ်ပြုခဲ့ကြပါသည်။

ရွှေခေတ်၏ လူငယ်များကို ကြည့်လိုက်ပါ။ သူတို့အခန်းတိုင်းတွင် ကွန်ပျူတာရှိသည်။ သူတို့ 'နား'တိုင်းတွင် ဆဲလ်ဖုန်းရှိသည်။ သူတို့သွားလေရာ မာဆီးဒီးနှင့်ဖြစ်သည်။ သူတို့ စိတ်ဝင်စားကြသည်မှာလည်း ကလင်တန် ခြင်ထောင်သတင်း မဟုတ်။ ဒိုင်ယာနာချစ်ပုံပြင်မဟုတ်။ "ဘီး(လ်)ဂိတ်"လို တိုက်ကွန်(Ty-

www.burmeseclassic.com

www.burmeseclassic.com



coon)များ၏ စွန့်စားခန်းများဖြစ်သည်။ ပြောရလျှင် လက်ဝဲဝါဒီများသည်ပင် စီးပွားရေးနယ်ပယ်ထဲ အလုအယက် ဝင်လာကြပြီး "အရင်းကျမ်း"ကိုစွန့်ကာ "ရှေ့ဆက်ရမယ့်လမ်း" The Road Ahead လို စာအုပ်မျိုးကို တစိုက်မက်မက် ဖတ်နေသည့် အချိန် ဖြစ်သည်။ သို့ဖြင့်"စီးပွားရေးသာ အရာရာ"ဆိုသော ခေတ်တစ်ခေတ် ဖြစ်လာခဲ့ပါတော့သည်။

ခရစ်နှစ် ၂၀၀၀ အလွန် လက်ရှိ ဆယ်စုအတွင်းမှ လူငယ်များအနေနှင့် လွန်ခဲ့သောဆယ်နှစ်ကို ပြန်ကြည့်လိုက်သောအခါ ရွှေရောင်ဝင်းပနေသော်ငြား အားမကျချင်တော့ပါ။ DOT-COM အိပ်မက်ဝယ် မူးယစ်ရီဝေနေကြသည်နှင့် ဘဝ၏တကယ့်ပြဿနာများကို မေ့လျော့မျက်ကွယ်ပြုနေကြသူများအဖြစ် မြင်လာကြသည်။ ငွေနောက်လိုက်ဖို့သာ အာရုံရသော ဘဝင်သမားများထက် မိမိတို့ကမှ စိတ်ဓာတ်ရေးရာအရ မြင့်မားသေးသည်ဟု ယူဆလာကြသည်။ သို့ဖြင့် ခေတ်ပြိုင်လူငယ်များက အတိတ်ကို 'တဘ်တာ'ပြုလိုက်ပြီး ပစ္စုပ္ပန်၏ ဒဏ်ရာအနာတရများကို ရှာဖွေဖို့ အားသန်လာကြပါသည်။

ပြိုကျ

၉၀ အလွန် လူငယ်များ၏ DOT-COM အိပ်မက်မှာ လူတို့၏'သမူဟ သဘာဝ' Nature of Harmony ပေါ် အခြေခံခြင်း ဖြစ်သည်။ အခြေခံပဋိပက္ခတွေ ဘာမှမရှိဘဲ လူသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေနိုင်ကြလိမ့်မည်ဟု စိတ်ကူး မျှော်လင့်ခဲ့ကြသည်။ ဤအတွက် နိုင်ငံရေးမလို၊ စစ်အင်အားမလိုပါ။ နည်းပညာဖြင့် အရာရာ အကောင်းဆုံးဖြစ်လာရမည်ဟု ယုံကြည်ခဲ့ကြသည်။ နည်းပညာက ဆောင်ကြဉ်းပုံဖော်လိုက်သော ကမ္ဘာ့ကွန်ရက်စနစ်ကြီးထဲတွင် အသွင်အားလုံး မှုန်ဝါးသွားပြီး အသွင်တူမှုကြီး တစ်ခုက အဆုံးသတ် အဖြေဖြစ်လိမ့်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



တွက်ဆခဲ့ကြသည်။ ဤအကောက်အယူများဖြင့် 'နိုင်ငံခြားရေး ပေါ်လစီမလို၊ ကုန်သွယ်ရေးပေါ်လစီသာလိုသည်'ဟူ၍ပင် ရပ်ခံ တင်ပြလာကြသည်။

စက်တင်ဘာ ၁၁ ရက်၊ အကြမ်းဖက်တိုက်ခိုက်မှုသည် WTC မျှော်စင်ညီနောင်ကိုသာမက DOT-COM အိပ်မက်တစ်ခု လုံးကိုပါ ဖြိုချလိုက်သလို ဖြစ်သွားပါသည်။ 'အမျိုးသားအချုပ် အခြာအယူအဆ၏ ဆည်းဆာရောင်'ဆိုသော တစ်ခါက အယူ အဆမှာ ယခုအခါ ခေတ်မမီနိုင်တော့ပါ။ ကြွယ်ဝချမ်းသာမှုဖြင့် ပြဿနာ အားလုံးကို ကျော်လွှားနိုင်လိမ့်မည်ဆိုသော 'လောဂျစ်' မှာလည်း စိတ်မချရတော့ပါ။ တစ်ဦးချင်း အကျိုးစီးပွားဆိုသည် ထက် မိသားစုအသိုင်းအဝိုင်း၊ တိုင်းပြည်၊ လူမျိုး စသော တန်ဖိုး များကို ပိုအလေးထားကြဖို့ ဖြစ်လာသည်။ စီးပွားရေးစွမ်းဆောင် ရည် ဆိုသည်ထက် ရိုးသားမှု၊ စွန့်လွှတ်အနစ်နာခံမှု၊ တရားမျှတ မှုစသော အရည်အသွေးသစ်များကို ဦးတည်လာရသည်။

ပြောရလျှင် 'ကော်ပိုရိတ်'ဆိုသော အသံထက် 'လုံခြုံရေး' ဆိုသော အသံကား အိပ်မက်မှနိုးထကာစ လူငယ်များ၏ ဟဒယ ကို ပို၍ဆွဲဆောင်နိုင်ဟန် ရှိလာပါသည်။

အီလစ်အရွေ့

ခေတ်တိုင်းတွင် သူ့အကြောင်းနှင့်သူ 'ရွေ့တန်းရောက် အုပ်စုများ' Elites ရှိတတ်ပါသည်။ ၁၉၉၀ အလွန်နှစ်များ၏ 'အီလစ်များ'မှာ ဘောဂဗေဒပညာရှင်များဟု ဆိုကြပါသည်။ ဆိုဗီ ယက်ယူနီယံပြိုကွဲမှုကို 'ဘောဂဗေဒသမားများ'ထက် ဘယ်သူက မှပိုမရှင်းပြနိုင်။ မြေကြီးပေါ်မှ လောကနိဗ္ဗာန် ဖန်တီးရေးအတွက် လည်း ဘောဂဗေဒပညာရှင်များထက် ဘယ်သူကမှ ပိုမဖန်တီး နိုင်။ အနာဂတ်သည် ဘောဂဗေဒပညာရှင်များ၏ ခေတ်ဟူ၍ပင် ဆိုလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘောဂဗေဒသမားတို့နှင့်အပြိုင် ရှေ့ရောက်လာသော 'အီလစ်များ'မှာ 'ပညာသည်များ' Technician နှင့် 'စီးပွားရေးသမားများ' Business Tycoons ဖြစ်သည်။ 'ပညာသည်'များက 'နည်းပညာတော်လှန်ရေးဖြင့် လူ့သမိုင်းကို တော်လှန်ပြောင်းလဲပစ်မည်'ဟု ကြွေးကြော်သည်။ စီးပွားရေး 'တိုင်ကွန်'များက လည်း "ငါတို့ဟာ သမိုင်းရဲ့ အကျဉ်းသားမဟုတ်။ ငါတို့ တွေး နိုင်တယ်။ ဒါကြောင့် ငါတို့အောင်မြင်တယ်" ဟု ရင်ကော့ ပြောခဲ့ ကြသည်။ သို့နှင့်တိုင် စက်တင်ဘာ ၁၁ အလွန် လူငယ်များ အတွက် ဤစကားများမှာ ဆွဲဆောင်မှု သိပ်မရှိလှတော့ပါ။ အကြမ်းဖက်မှု၏ သားကောင်များနှင့် အကြမ်းဖက်မှု ဆန့်ကျင်ရေးတိုက်ပွဲမှ ပေါ်ထွက်လာသော သူရဲကောင်းများက 'အီလစ်'သစ်များ ဖြစ်လာသည်။ ထို့ထက် 'ဧကန်မဲ့မှု' Uncer-tainity နှင့် 'ကျိုးလွယ် ပဲ့လွယ်မှု' Fragility များကို ဒုတ်ဒုတ်ထိ ရင်ဆိုင်ခဲ့ရရာ သေချာခြင်းများအပေါ် မသေချာနိုင်တော့သလို ဖြစ်လာဟန်ရှိပါသည်။ ဆယ်စုနှစ်အလွန်က DOT-COM အိပ်မက်ကိုလည်း 'နည်းပညာဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းပြီးဝါဒ' Technolo-gical Determinism ဟု ဝေဖန်လာကြသည်။ သို့ဖြင့် 'တွေးခေါ်ပညာရှင်များ' Thinkers ၊ 'ဘာသာရေးဆရာများ' Theo-logians များမှာ နောက်ထပ် အီလစ်သစ်များ ဖြစ်လာကြပါသည်။

လမ်းကြောင်းသုံးခု

စက်တင်လာ ၁၁ အရေးအခင်းနောက်ပိုင်း လူငယ်များ၏ တုံ့ရှုချက်မှာ လမ်းကြောင်းသုံးခု ကွဲသွားဟန်ရှိသည်ဟု အကဲဖြတ်ကြသည်။ ပထမလမ်းကြောင်းက သွားစိုက်ဆရာဝန်ဆီသို့ ဦးတည်သွားသည်ဟု ဆိုပါသည်။ ဒေါသထွက်ပြီး အံကြိတ်ကြရမှာ သွားတွေကျိုးကုန်သောကြောင့်ဟု ဆိုသည်။ ဤလူငယ်များ

www.burmeseclassic.com

www.burmeseclassic.com



က မိမိတို့ အမျိုးသားအလံကိုဝှေ့ယမ်းပြီး စစ်မြေပြင်သို့ မျက်နှာမူနေကြပါသည်။

ဒုတိယလမ်းကြောင်းက ကျောင်းတော်နှင့် ပိဋကတ်တိုက်များသို့ ဦးတည်နေကြသည်ဟု ဆိုသည်။ ဘာသာတရား သို့မဟုတ် ဒဿနပညာတစ်ခုခုတွင် အမှန်တရားရှိလိမ့်မည်ဟု မျှော်လင့်ကြသောကြောင့်ဟု ဆိုပါသည်။ သူတို့က ဘာသာရေးနှင့် ယဉ်ကျေးမှုတို့၏ ဆက်ထုံးကို ဖြေကြည့်နိုင်ဖို့ ကြိုးစားကြသည်။ လူ့သဘာဝနှင့် နိုင်ငံရေးတို့၏ အဆက်အစပ်မှာလည်း သူတို့၏ စိတ်ဝင်စားစရာနယ်ပယ် ဖြစ်လာသည်။

တတိယလမ်းကြောင်းမှာ စိတ်ကုဆရာဝန်ဆီ ဦးတည်လာနေသည်ဟု ဆိုပါသည်။ ရုပ်ဝတ္ထုပစ္စည်း အလျှံပယ်ကြွယ်ဝရုံ နှင့် ဘဝ၏အနှစ်သာရကို မတွေ့နိုင်ကြရာမှ ရုပ်ကိုကျော်ကြည့်လာကြခြင်းဖြစ်သည်ဟု ယူဆရသည်။ လူငယ်များတွင် ရုပ်အစွဲ ကွာကျလာခြင်းဟု ကြည့်မြင်ကြသူများလည်း ရှိသည်။ လူငယ်ရေးရာကျွမ်းကျင်သော ပညာရှင်များ၏ အလိုအရ လောလောဆယ်တွင် လမ်းကြောင်းသုံးခု ကွဲနေသော်လည်း တစ်ချိန်တွင် တစ်ခုတည်းသော တိမ်းညွတ်မှုဆီသို့ ဦးတည်လာလိမ့်မည်ဟု ခန့်မှန်းကြပါသည်။

တူသည်၊ သို့သော် မတူ

မနုဿဗေဒ ပညာရှင်များက စစ်ပြီးခေတ်လူငယ်များကို မျိုးဆက်ခွဲပြီးကြည့်ကြသည်။ ၁၉၆၀ အလွန် လူငယ်များကို 'အနီရောင်မျိုးဆက်' Red Generation ဟု သတ်မှတ်သည်။ စစ်၊ တော်လှန်ရေးနှင့် စီးပွားရေးအကျပ်အတည်းများကို ဖြတ်သန်းခဲ့ရသူများဖြစ်သည်။ ၁၉၉၀ အလွန် လူငယ်များကိုမူ 'အဝါရောင်မျိုးဆက်' Yellow Generation ဟု ယူပါသည်။ တစ်စုံတစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်သောကာလကို ဖြတ်သန်းခဲ့ကြသည့် လူငယ်များ ဖြစ်သည်။

ဤမျိုးဆက်နှစ်ခုမှာ သဘာဝချင်း မတူကြပါ။ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည် ဟူ၍ပင် ဆိုနိုင်သည်။ အနီရောင်က လောကကြီးကို အဆိုးဘက်မှကြည့်သည်။ နိုင်ငံရေးအစွဲသန်သည်။ အိုင်ဒီအိုလိုဂျီဖြင့် အနာဂတ်ကို လမ်းဖောက်လိုကြသည်။ အဝါရောင်လူငယ်များကမူ ဘဝကို အကောင်းဘက်မှ ချဉ်းကပ်လေ့ရှိသည်။ နိုင်ငံရေးနှင့် ဝေးဝေးနေသည်။ နည်းပညာဖြင့် ကိုယ်ပိုင်အနာဂတ်ကို ထူထောင်လိုသည်။

ယခုလာမည့် 'ရာစုသစ်မျိုးဆက်' တွင်မူ နှစ်ခုလုံးနှင့် ထပ်တူမကျနိုင်ပါ။ သို့နှင့်တိုင် တူသောအချက်များလည်းရှိသလောက် ရှိနေကြလိမ့်မည်ဟု မှန်းဆကြသည်။ သို့ဖြင့် သူတို့ကို အရောင်နှင့် တင်စားကြမည်ဆိုလျှင် 'ပန်းနုရောင် မရင့်တရင့်' ဟု ဆိုနိုင်လိမ့်မည် ထင်ပါကြောင်း. . .။

**မြန်မာသစ်ဂျာနယ်၊**
**အတွဲ(၂)၊ အမှတ်(၁၀၀)၊ ဇန်နဝါရီ ၂၀၀၂။**

စာညွှန်း-

- Culture Shift By David Brooks

■

www.burmeseclassic.com

www.burmeseclassic.com

# သူ့ရဲ့ကောင်းလွန်ခေတ်

ဆလက်ဘရစ်တီ

အောင်မြင်နေသော မြန်မာမဂ္ဂဇင်းကြီးတစ်စောင်မှ စာရေးသူထံသို့ ဖိတ်စာတစ်စောင် ပို့ဖူးသည်။ ဖတ်ကြည့်လိုက်တော့ ထူးထူးဆန်းဆန်း. . .။ 'ဆလက်ဘရစ်တီ'များနှင့် တွေ့ဆုံရန်ဟု ဆို၏။ 'ဘယ်သူတွေဖြစ်မလဲ' စိတ်ဝင်စား၍ နီးစပ်သူများကို စုံစမ်းကြည့်တော့'ဩော်-သူတို့ကိုး. . .'ဟု သိလိုက်ရတော့သည်။ မိမိနှင့်မဆိုင်လှထင်၍ စာရေးသူ မသွားဖြစ်ပါ။ 'ဆလက်ဘရစ်တီ ဆိုသော စကားလုံးကိုကား မှတ်မှတ်သားသား ဖြစ်သွားသည်။ နိုင်ငံတကာ စာနယ်ဇင်းများတွင်လည်း ဤဝေါဟာရမှာ မတွေ့ချင်အဆုံး ဖြစ်နေသကိုး. . .။

'ဆလက်ဘရစ်တီ' Celebrity။ အဘိဓာန်ဖွင့်ဆိုချက်အရ 'အောင်မြင်ကျော်ကြားသူများ'ဟု အဓိပ္ပာယ်ရသည်။ များသောအားဖြင့်တော့ နာမည်ကျော် ရုပ်ရှင်မင်းသား၊ အဆိုတော်များ၊ မော်ဒယ်များကို ရည်ညွှန်းလေ့ရှိပါသည်။ ကျော်ကြားသော စီးပွားရေးသမားများ၊ အနုပညာရှင်များ၊ နိုင်ငံရေး ခေါင်းဆောင်များ

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ခါတစ်ခါ ဖြစ်တတ်သည်။ **နယူးဝိ(ခ်)** မဂ္ဂဇင်းတွင် ပါလေ့ရှိသော 'နယူးမိတ်ကာ' Newsmaker များနှင့် **တိုင်း(မ်) မဂ္ဂဇင်း** People ကဏ္ဍတွင် ဖော်ပြတတ်သော ပုဂ္ဂိုလ်များဟု ယေဘုယျ နားလည်ရသည်။

မည်သည့်နယ်ပယ်မှ မည်သည့်ပုဂ္ဂိုလ်ဖြစ်စေ 'ဆလက်ဘရစ်တီ'ဖြစ်ဖို့ဆိုလျှင် သူ့ရှေ့မှာ 'အောင်မြင်သော'ဆိုသည့် နာမဝိသေသနတော့ ပါဖို့လိုပါလိမ့်မည်။ ဘယ်လိုနည်းနှင့် အောင်မြင်သည်ဖြစ်စေ အောင်မြင်နေဖို့တော့လိုသည်။ မိုးပျံအောင်တော်စေ မအောင်မြင်လျှင် အသိအမှတ်မပြု။ 'ဆလက်ဘရစ်တီ' မဖြစ်နိုင်ပါ။ အမှန်အားဖြင့် အကောင်းအဆိုးကို အောင်မြင်မှုနှင့် တိုင်းတာကြဟန်ရှိသည်။ အောင်မြင်သူတိုင်း အမှန်နှင့် အကောင်းတို့ရှိနေလိမ့်မည်ဟု သဘောယူကြရာမှ အကြောင်းကြောင်းကြောင့် မအောင်မြင်သူများကို အမှားနှင့်အဆိုးတို့ကို ယှဉ်တွဲမြင်ကြရမလိုဖြစ်နေတော့သည်။ 'အောင်မြင်သူသာ တွင်ကျယ်နိုင်သောခေတ်' Winner Takes All Society ဆိုသော အပြောအဆိုများပင် ကြားရပါသည်။

ဟီးရိုး

ငယ်ငယ်ကတော့ 'ဟီးရိုး'တွေကို လက်ခုပ်တီးဖူးသည်။ စင်စစ် ဟီးရိုးတို့၏ ပုံသဏ္ဌာန်မှာ ခေတ်အလိုက်ပြောင်းသွားသော်လည်း၊ ကလေးတွေကမူ 'ဟီးရိုး'တွေကို အားကျလေ့ ရှိတတ်ပါသည်။ ကျွန်တော်တို့ကလေးဘဝက ဟီးရိုးတွေမှာ သေနတ်ပစ်လက်ဖြောင့်သော ကောင်းဘွိုင်တို့၊ ခွန်အားဗလကောင်းသော 'ဟာကျူလီ'တို့ဖြစ်သည်။ ခုခေတ်ကလေးတွေအတွက်တော့'ပါဝါရိန်းဂျား'။ ဟီးရိုးတွေမှာ အမြဲအနိုင်ရနေသူများ မဟုတ်။အကြီးအကျယ် ခံရတာတွေရှိသည်။ သို့သော်ကိစ္စမရှိ။ နောက်ဆုံးတော့ ဟီးရိုးကသာ အနိုင်ရစမြဲ။ ပြီးတော့ ဟီးရိုးများ၏ သဘာဝက

www.burmeseclassic.com

www.burmeseclassic.com



မကောင်းသူပယ်၊ ကောင်းသူကယ်တတ်သည်။ သို့ဖြင့် ကလေးများသာမက လူကြီးအချို့ပင် ဟီးရိုးမျှော်သူတွေ ဖြစ်နေတတ်သည်။

ကျွန်တော်တို့ အရွယ်ရောက်တော့ အဖတ်များသည့် စာအုပ်များတွင် 'ဟီးရိုး'တွေနှင့် တွေ့ရပြန်သည်။ 'လှေဖုန်း'တို့၊ 'အိုယန်ဟိုင်'တို့၊ 'ကျန်စီးတက်'တို့ဖြစ်သည်။ သူတို့ကတော့ တော်လွန်း၊ တတ်လွန်း၊ ဖြူစင်လွန်းနေသည်။ လူနှင့်ပင်မတူ၊ ဒဏ္ဍာရီထဲမှ နတ်သား၊ နတ်သမီးတွေလို ဖြစ်နေတော့သည်။ ထိုခေတ်မှာ စစ်အေးကာလလည်း ဖြစ်နေပြန်ရာ၊ ဝါဒဖြန့်ချိရေးယန္တရားမှ ဟီးရိုးပုံပြင်တွေလည်း မကြားချင်အဆုံး ဖြစ်နေတော့သည်။ အထူးသဖြင့် လက်ဝဲနိုင်ငံများက မိမိတို့ခေါင်းဆောင်ကို ဟီးရိုးလို ပုံဖော်လေ့ရှိတတ်ကြသည်။ တရုတ်ခေါင်းဆောင်ကြီး 'မော်စီတုန်း' က အိုမင်းတွင်းဆုံး အရွယ်ရောက်မှ ယန်စီမြစ်ကို လက်ပစ်ကူးပြသည်။ ရှုမေးနီးယားခေါင်းဆောင် 'ချောင်စက်စကူး'အမဲလိုက် ရင်းပစ်လိုက်သည့် ဝက်ဝံကြီးမှာ ဥရောပတွင် အကြီးဆုံးဖြစ်နေသည်ဟု ဆိုသည်။ အမေရိကန်သူလျှိုလေယာဉ်ကို ကာယကံမြောက် ပစ်ချလိုက်သူမှာ ကျူးဘားခေါင်းဆောင်ကြီး 'ကပ်စထရို' ကိုယ်တိုင်ဟုလည်း ကြားလိုက်ရသည်။

အနောက်အုပ်စု ခေါင်းဆောင်ကြီးများကမူ ဟီးရိုးသရုပ်ကို 'စတိုင်'ဖြင့် ဖော်ပြဖို့ အားသန်ကြဟန် တူသည်။ သမ္မတ 'ဂျင်မီကာတာ'က 'ဂျရယ်ဖို့(ဒ)'ကို အနိုင်ရလိုက်သည်မှာ သူဝတ်ထားသော မိုးပြာရောင်ဝတ်စုံလေးကြောင့်ဟု ပြောသံကြားဖူးသည်။ ပြင်သစ်ရွေးကောက်ပွဲတစ်ခုတွင် သမ္မတ 'ဖရန်စွာမီးတရောင်း' အနိုင်ရခဲ့သည်မှာ သူ၏ခေတ်ပုံဆရာ တော်သောကြောင့်ဟု ဆိုသည်။ ထိုစဉ်က လက်ရှိသမ္မတ 'ဂျီးစကပ်တက်စတိုင်း'၏ ငုငုငိုင်ငိုင်ခေတ်ပုံနှင့် 'မီတရောင်း'၏ တက်တက်ကြွကြွခေတ်ပုံကို ယှဉ်တွဲပြီး မဲဆွယ်ခဲ့ရာမှ ရွေးကောက်ပွဲအဖြေပေါ်လာသည်ဟု ပြောကြဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပညာရှင်များ၏ အလိုအရဆိုလျှင် 'ဟီးရိုးကိုးကွယ်စိတ်'မှာ 'လူလားမမြောက်မှု၏ သင်္ကေတ' Immature Behaviour ဟု ဆိုပါသည်။

ရိုးမော်ဒယ်

ဘာလင်တံတိုင်း ပြိုကျသွားသည်နှင့် 'ဟီးရိုး'ပုံပြင်တွေ သိပ်ခေတ်မစားလှတော့ပါ။ အိုင်ဒီအိုလိုဂျီ အစွဲများမှ 'လက်တွေ့အလုပ်ဖြစ်ရေး' Pragmatism သို့ ညွှတ်လာကြဟန်ရှိသည်။ နိုင်ငံရေး ငြင်းခုံရန်စောင်မှုများမှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဘက်သို့ သိသိသာသာလှည့်ပြောင်းလာသည်။ သို့နှင့်အမျှ ဟီးရိုးများနေရာတွင် 'ရိုးမော်ဒယ်'တွေ ရောက်လာသည်။ 'ရိုးမော်ဒယ်' အားလုံးမှာ စီးပွားရေးလောကမှ အောင်မြင်စန်းပွင့်သူများ ဖြစ်နေတော့သည်။ 'ဘီး(လ)ဂိတ်'တို့၊ 'ဂျက်ဝဲ(လ)'တို့၊ 'မိုရိတ'တို့မှာ 'ဆလက်ဘရစ်တီးများ'ဖြစ်လာသည်။ သူတို့၏ အတ္ထုပ္ပတ္တိများမှာလည်း အရောင်းသွက်စာအုပ်များ ဖြစ်လာခဲ့ပါသည်။

ဤကာလမှာ စတော့ စန်းပွင့်ချိန်နှင့်လည်း ချိန်ခါသင့် ဖြစ်နေပါသည်။ လူတိုင်းလိုလိုက စတော့ဈေးကွက်တွင် တစ်နိုင်တစ်ပိုင် ဝင်နွှဲနေကြချိန်ဖြစ်သည်။ သို့နှင့်တိုင် ရှုပ်ထွေးသည်နှင့်အမျှ အဆန်းတကြယ်ဖြစ်နေသော စတော့၏ပရိယာယ်များကို သာမန်လူထုက မကျွမ်းကြပါ။ သို့ဖြင့် ကုမ္ပဏီကြီးများ၏ ထိပ်ဆုံးတွင် ရပ်နေကြသော CEO များကိုကြည့်ပြီး ရွေးချယ်လာကြသည်။ သူတို့ဟာဒယကိုလာထိသော 'ရိုးမော်ဒယ်'ဦးဆောင်သည့် ကုမ္ပဏီကို ပုံအောပစ်လိုက်ကြသည်။ မြင်းကိုမကြည့်ဘဲ ဂျော်ကီကိုကြည့်၍ ရွေးချယ်လိုက်ခြင်းဟု ဆိုပါသည်။

CEO များကလည်း လူပုံက သားသားနားနား၊ အပြောကခပ်ကြွားကြွားတွေကများသည်။ 'အန်ရွန်' ကုမ္ပဏီမှ 'ကက်နက်လေး'နှင့် 'ဂျက်ဖရီစကင်းလင်း'တို့က 'တစ်ခါဖူးမျှ အိပ်မက်မမက်

www.burmeseclassic.com

www.burmeseclassic.com



ဖူးသော ချမ်းသာကြွယ်ဝရေးဆီသို့သွားရန် ကျွန်တော်တို့၏ အင်တာနက်ကစားပွဲကြီးထဲသို့ ဝင်ကြပါ’ ဟု ဆိုသောအခါ လူတွေက ‘အန်ရှန်’မှ ‘အန်ရှန်’ဖြစ်ကုန်တော့သည်။ မိမိတို့ကိုယ်ကို ‘ဆလက်ဘရစ်တီ’ ဖြစ်သထက်ဖြစ်ရန် မီဒီယာနှင့် ပင်းခုတ်ကြသည်များလည်းရှိသည်။ CEO တစ်ယောက်၏ မဂ္ဂဇင်းမျက်နှာဖုံးတွင် ဖော်ပြခံရသည့် အကြိမ်အရေအတွက်မှာ အဆိုပါမဂ္ဂဇင်းသို့ သူပေးရကမ်းရသည်နှင့် ဆက်စပ်နေတတ်သည်။ အချို့ကုမ္ပဏီများဆိုလျှင်‘ဆလက်ဘရစ်တီ ကုန်ကျစရိတ်’ Celebrity Cost ဟူ၍ ပင် တရားဝင်သတ်မှတ်ထားကြသည်များ ရှိသည်။

ဤသို့ဖြင့် ‘ရိုးမော်ဒယ်’များ၏ ခေတ်တစ်ခေတ် ဖြစ်ထွန်းလာခဲ့ပါတော့သည်။ ကျွန်တော်တို့နိုင်ငံမှာ လွန်ခဲ့သော ၁၀ နှစ်ကျော်ကျော်ခန့်ကနှင့် ယခု မတူနိုင်တော့ပါ။ ယခင်က ကလေးတစ်ယောက်ကို ‘သားကြီးရင် ဘာလုပ်မလဲ’ ဟု မေးလျှင် ‘ဆရာဝန်ကြီး’ဟု မဆိုင်းမတွ ဖြေပါလိမ့်မည်။ ယခုတော့ ‘ကုမ္ပဏီပိုင်ရှင်’ ဟု ခပ်တည်တည်ဖြေမည့် ကလေးတွေ ရှိနေပြီဖြစ်ပါသည်။

ရုပ်တုအပြို

သို့နှင့်တိုင် ‘ရိုးမော်ဒယ်’များ ရေပန်းစားလှသည့် ကော်ပိုရိတ် အမေရိကန်တွင် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အရေးအခင်း ဖြစ်လိုက်သောအခါ လူထု၏ စိတ်ဝင်စားမှု ရေစီးကြောင်းမှာ တစ်ဆစ်ချိုး ပြောင်းသွားပြန်သည်။ အကြမ်းဖက်သမားများကို ခုခံတိုက်ခိုက်ရင်း ကျဆုံးသွားသည့် သာမန်ခရီးသည်များ၊ ကုန်သွယ်ရေးအဆောက်အအုံ အပျက်အစီးများကြားတွင် အသက်ပေးသွားသော မီးသတ်သမားများ၏ အမည်ကို တသသပြောလာကြသည်။ သို့ဖြင့် ကာလရှည်ငုပ်လျှိုးနေခဲ့သော ဝေါဟာရတစ်ခုမှာ ရှေ့ ပြန်ရောက်လာခဲ့သည်။ ‘အာဇာနည်’ Martyr ဆိုသော စကားလုံးဖြစ်ပါသည်။ မိမိနိုင်ငံ သို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



မိမိလူမျိုး သို့မဟုတ် ယုံကြည်မှုတစ်ခုအတွက် အသက်ပေးလှူသွားကြသူများကို ရည်ညွှန်းသည့် အထွတ်အမြတ် စကားလုံးဖြစ်သည်။ အာဇာနည်များ၏ တစ်သက်တာမှာမူ အောင်မြင်မှုဆိုသည်ထက် စွန့်လွှတ်အနစ်နာခံရမှုများနှင့် ပေးဆပ်ရသည်က များပါသည်။

သို့နှင့်အမျှ'ဆလက်ဘရစ်တီ'နေရာကို ကာလကြာရှည်ချုပ်ကိုင်ထားနိုင်သော ရိုးမော်ဒယ်များမှာ အကျဘက်သို့ ရောက်လာသည်။ စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်လိုက်ရသောအခါ ဤအချင်းအရာမှာ ပို၍ပင်သိသာလာပါသည်။ ကမ္ဘာကျော် World Com: ကို ဖန်တီးခဲ့သည့် 'ဘာနီအယ်ဘာ'သည်လည်းကောင်း၊ နာမည်ကျော် ဂျင်နရယ် အီလက်ထရစ်ဥက္ကဋ္ဌ 'ဂျက်ဝဲ့(လ)'သည်လည်းကောင်း ထွက်တော်မူနန်းက ခွာလိုက်ရသည်။ ဤအပြောင်းအလဲမှာ အမေရိကန် တစ်နိုင်ငံတည်း ကွက်ဖြစ်သည် မဟုတ်။ ကမ္ဘာတစ်ဝန်းမှ 'ဘိဇနက်ရိုးမော်ဒယ်'အားလုံး စန်းကျကုန်တော့သည်။ လန်ဒန်ထုတ် **'အီကောနော့မစ် မဂ္ဂဇင်းကြီး'**၏ အလိုအရ အဆိုပါ စူပါစတားများ၏ ကျဆုံးခန်းမှာ စစ်အေးခေတ်ဟီးရိုးများ၏ လောကခံထက်ပင် မြန်သေးသည်ဟု ဆိုသည်။

ဤတွင် မြင်းကိုမကြည့်ဘဲ ဂျော်ကီကြည့်သည့် ရွေးချယ်မှုကို ပြန်လည်ဆန်းစစ်ကြဖို့ ဖြစ်လာတော့သည်။ 'အချက်အ လက်ကိန်းဂဏန်းများကိုကြည့်ကြ'ဟု ပြောင်းလဲကြွေးကြော်၍မှ မဆုံးသေးခင် 'အန်ရွန်'ပြိုကွဲမှုနှင့်အတူ ကျွဲကူးရေပါ ဖြစ်ပေါ်လာသော 'အသာအင်ဒါဆင်'စာရင်းစစ်ကုမ္ပဏီကြီး၏ အရှုပ်တော်ပုံ ပေါ်လာပြန်ရာ စာရင်းဇယားများကိုပင် မယုံရတော့သလိုဖြစ်လာသည်။ ဤနောက်ခံကားတွင် ၂၁ ရာစု CEO ၏ အရည်အချင်းများကို ဆန်းစစ်ကြရာ အပြောကောင်း၊ အဟောကောင်း၊ ဟန်ရေးပြကောင်းသူများကိုကျော်ပြီး နှိမ့်နှိမ့်ချချ ရိုးရိုးကုပ်ကုပ်

www.burmeseclassic.com

www.burmeseclassic.com



များကို အမှတ်ပေးလာကြသည်။ အောင်မြင်မှုထက် အရှုံး အတွေ့အကြုံကိုပါ တန်ဖိုးထား တွက်ဆလာကြသည်။ အပျံစား ဆိုသည်များထက် ရွက်ကြမ်းရေကျိုများကို အာရုံညွတ်လာကြ သည်။ 'ဆလက်ဘရစ်တီ' ဆိုသည်ထက် ပညာအခြေခံကို အလေးထားလာကြသည်။ နိုင်ငံတကာ စာနယ်ဇင်းများက 'ပြိုကျသွားသော ရုပ်တုများ' Fallen Idoles ဟု ရေးလာကြပါသည်။

ဝိဂြိုဟ်

စင်စစ် ဤအပြောင်းအလဲသည် ဘိဇနက်နယ်ပယ်မှစတင်ခဲ့သည်မှန်သော်လည်း ၂၁ ရာစုနှစ်၏ လူမှုဆက်ဆံရေး တစ်ခု လုံးအပေါ် ဂယက်ရိုက်လျက်ရှိနေပါသည်။ ပြဿနာ၏ လတ်တလော အကြောင်းအရင်းများမှာ စတော့ဈေးကွက်အကျနှင့် ရှိ မော်ဒယ်များ၏ ဝိသမလောဘများဖြစ်နေရာ 'ကော်ပိုရိတ် အရင်း ရှင်စနစ်' Corporate Capitalism တစ်ခုလုံးအပေါ် စိန်ခေါ် လိုက်သလို ဖြစ်နေတော့သည်။ အထူးသဖြင့် 'ကျင့်ဝတ်' Ethic ပိုင်းမှ မညာမတာ ဆန်းစစ်ရတော့မည့် အနေအထားဖြစ်သည်။

ပြောရလျှင် ပြဿနာသည် ဤအမျှနှင့်ပင် ရပ်တန့်မနေခဲ့ပါ။ လူသား၏ အဇ္ဈတ္တတွင် ရာစုနှစ်ပေါင်းများစွာ စွဲကပ်နေသော 'ပုဂ္ဂိုလ်ကိုးကွယ်မှု' Personal Cult ကိုပါ သုတေသန ဖန်ပြားပေါ် တင်ကြည့်လာကြသည်။ အပြောင်းအလဲများ တင်းကျမ်းပြည့်နေသည့် မျက်မှောက်ခေတ်မျိုးတွင် ရေရှည်ခံနိုင်သည့် စံပြပုဂ္ဂိုလ်မျိုး ရှိနိုင်၊ မရှိနိုင်ဆိုသည်ကို အဖြေရှာလာကြသည်။ 'အမှန်' Truth တို့၏သက်တမ်း တိုတောင်းလာနေချိန်တွင် 'နှုန်း စံ' Norm တစ်ခုကို မယိမ်းမယိုင် ကျောက်စာတိုင်လို သဘော ထားလို့ဖြစ်မဖြစ် ဆန်းစစ်လာကြသည်။ လူ့တန်ဖိုးနှင့် အောင်မြင် မှုတို့ တစ်ထပ်တည်း ကျ-မကျဆိုသည်မှာလည်း ပြန်လည်သုံး သပ်ကြရမည့် ပုစ္ဆာတစ်ပုဒ် ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွေပြားလာသည့် အရပ်ရပ်အခြေအနေတွင် စံပြပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ စွမ်းအားမှာ အားကိုးလောက်သည့် အမာခံဖြစ်ကောင်းမှ ဖြစ်ပါလိမ့်မည်။ ရှေ့လာမည့် အနာဂတ်တွင် 'စုပေါင်းစွမ်းအင်' Synergy နှင့်မှ ခရီးဆက်၍ရတော့မည်ဆိုသော အပြောအဆိုများလည်း ရှိလာပါသည်။ ပညာရှင်တစ်ဦးကမူ ၂၁ ရာစုနှစ်ကို 'သူရဲကောင်းလွန်ခေတ်' Post Heroic Era ဟု ဝိဂြိုဟ်ပြုလိုက်သည်။

**စတိုင်သစ်၊ ဇူလိုင်၊ ၂၀၀၂။**

စာညွှန်း

- ECONIMICS, TIME

■

www.burmeseclassic.com

www.burmeseclassic.com

## သိုးလျှောက်၊ အစ်ကိုကြီးမျက်လုံးနှင့် တန်ဖိုးများကျဆင်းခြင်း

စက်တင်ဘာတစ္ဆေ

"မနိုပ်ပါဘူးဗျာ၊ လေဆိပ်မှာ ဖိနပ်ချွတ်ရတယ်ဗျ. . ."

အမေရိကန်မှ ပြန်ရောက်ခါစ သူငယ်ချင်းတစ်ဦး၏ ညည်းချင်းဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုရှိ လေဆိပ်တိုင်းတွင် နိုင်ငံခြားသားများ ဖိနပ်ချွတ် အရှာအဖွေခံနေသည်ဆိုသော သတင်းကို ကြားနေရသည်မှာကြာပါပြီ။ ကိုယ်တွေ့မဟုတ်၍ဘာမှ ထူးထူးခြားခြား မခံစားမိပါ။ "သူတို့အတွက် လုံခြုံရေး အရေးကြီးနေတာကိုး"ဟူ၍ပင် သာသာထိုးထိုး တွေးမိခဲ့သည်။ ကိုယ်တွေ့ ကြုံခဲ့ရသော သူငယ်ချင်းကတော့ သိပ်ကျေလည်ဟန်မရှိ။

"ကျွန်တော်နဲ့အတူလာကြတဲ့ အရှေ့အလယ်ပိုင်းက လူတွေဆိုရင် ပိုတောင် ခံရသေးတယ်။ အပြတ် 'တလာစီ' ခံရတာပဲ"

'တလာစီ'ဆိုသော အကျဉ်းထောင် ဝေါဟာရကို တမင်ရွေးသုံးကတည်းက သူငယ်ချင်း၏ ခံစားမှုကို မှန်းဆနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျီ–အာ–တီ

'လုံခြုံရေး' နှင့် 'လွတ်လပ်မှု' အကျဉ်းအကျပ်တွင် နည်းပညာကို အဖြေအဖြစ် စဉ်းစားကြသည်များ ရှိသည်။ ခေတ်မီနည်းပညာများကို အသုံးပြုခြင်းဖြင့် ပုဂ္ဂလိက လွတ်လပ်ခွင့်ကို မထိပါးစေဘဲ လုံခြုံရေးကိစ္စများကို ဆောင်ရွက်နိုင်လိမ့်မည်ဆိုသောမှန်းဆချက်အပေါ် အခြေခံခြင်း ဖြစ်ပါသည်။ ဂျီ-အာ-တီမှာ ဤကဲ့သို့သော စိတ်ကူးမှ ထွက်ပေါ်လာသော နည်းပညာဖြစ်သည်။ Gait-Recognition Technology ဟု ခေါ်ပါသည်။ 'လမ်းလျှောက်ဟန် မှတ်တမ်းနည်းပညာ'ဟု တိုက်ရိုက် ဘာသာပြန်နိုင်ပါလိမ့်မည်။

လူတွင် မတူသော စရိုက်များရှိသလို အသွင်ကွဲ လမ်းလျှောက်ဟန်များ ရှိနိုင်သည်။ အချို့က မြူးမြူးကြွကြွ၊ အချို့က ဆင်မယဉ်သာ။ အချို့က ကားရားကားရား၊ အချို့က ထောင်ထောင်ထောင်ထောင် စသဖြင့်။ ဤသို့ မတူသော လမ်းလျှောက်ဟန်များကိုမှတ်တမ်းပြုခဲ့ပြီး ခွဲခြမ်းစိတ်ဖြာနိုင်လျှင် လူတစ်ယောက်၏ အတွင်းစိတ်ကို ခန့်မှန်းနိုင်စရာရှိသည်။ ထိုမှတစ်ဆင့် သူ၏အတွင်းကျိတ် အကြံအစည်များကို မှန်းဆနိုင်လိမ့်မည်။ သို့ဖြင့် အကြမ်းဖက်သမား ဖော်ထုတ်ရေးအတွက် လမ်းစတစ်ခုဖြစ်နိုင်သည်ဟု ဆိုပါသည်။

ဂျီ-အာ-တီ ကို ကမကထလုပ်ပြီး သုတေသနပြုနေသည်မှာ 'ဂျော်ဂျီယာနည်းပညာတက္ကသိုလ်' (G.I.T) ဖြစ်သည်။ ဤတက္ကသိုလ်မှ သုတေသနအင်ဂျင်နီယာ 'ဂျွန်-ဂျေ-ရှီးမား'၏ အလိုအရ အစိုးရအဆောက်အအုံများတစ်ဝိုက်တွင် မရိုးမသား အကြံအစည်နှင့် ခြေရှုပ်နေသော အကြမ်းဖက်သမားများကို ဤနည်းပညာဖြင့် ခြေရာခံနိုင်လိမ့်မည်ဟု ဆိုပါသည်။ "စက်တင်ဘာ ၁၁ နောက်ပိုင်း လေဆိပ်တွေမှာ ကျွန်တော်တို့ ဂျီ-အာ-တီကို စမ်းသုံးကြည့်တယ်။ မဆိုးဘူး၊ အကျိုးရှိတယ်ဗျ။"

www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် ဂျီ-အာ-တီ မှာ သုတေသနအဆင့်မှာပင် ရှိနေပါသေးသည်။ ယခုလောလောဆယ် အခြေအနေအရ လူပေါင်း ၁၀၀,၀၀၀ တွင် လူတစ်ယောက်ကိုပင် မှန်အောင် ဆွဲထုတ်မပြနိုင်သေးပါ။ လက်တွေ့အသုံးပြုနိုင်ရေးအတွက် အနည်းဆုံး ငါးနှစ်မျှ စောင့်ရလိမ့်ဦးမည်ဟု သိရသည်။ သို့နှင့်တိုင် ဂျီ-အာ-တီကို မကျေမနပ် ဝေဖန်မှုများမှာ ယခုကတည်းက စနေပြီဟု ဆိုပါသည်။

သိုးလျှောက်

"ဟေ့လူ-လမ်းလျှောက်ရင် သတိထား"

G.I.T တက္ကသိုလ်မှ ကျောင်းသားများ တစ်ယောက်နှင့်တစ်ယောက်တွေ့လျှင် နောက်ပြောင်နေကျ စကားဖြစ်ပါသည်။ 'လမ်းလျှောက်ပုံ အချိုးမကျလျှင် အကြမ်းဖက်သမား ဖြစ်သွားနိုင်သည်'ဟုလည်း အငေါ်တူးကြသည်။ ခက်သည်က အကြမ်းဖက်သမားဆိုသူတွေက ဘယ်ပုံလမ်းလျှောက်ကြသည်ကို ဘယ်သူမှ မသိ။ ဘာမှတ်စု၊ ဘာမှတ်တမ်းမှမရှိ။ သို့ဖြင့် လမ်းလျှောက်ရင်းမှပင် မလုံမလဲဖြစ်နေရသည်။ ခြေလှမ်းများတော့မလို၊ ခလုတ်တိုက်တော့မလို ဖြစ်လာသည်။ "အင်း-လမ်းလျှောက်တာအထိ လိုက်ကြည့်နေမယ်ဆိုရင်တော့... လွန်လွန်းတာပေ့ါနော်"တက္ကသိုလ်ကျောင်းသူတစ်ဦး၏ မှတ်ချက်ဖြစ်ပါသည်။

မော်ဒယ်လောကတွင် Cat Walk ဟူသော ဝေါဟာရရှိသည်။ အလှပြ သို့မဟုတ် ကိုယ်ဟန်ပြ လမ်းလျှောက်ဟု ဆိုရမည်လားမသိ။ သို့သော် 'ကြောင်လျှောက်' လျှောက်သူတိုင်းကတော့ ပြုံးပြုံးလေးပဲ များပါသည်။ ကျေနပ်သည်၊ ပီတိဖြာသည်၊ ပျော်သည်။ 'ဂျီ-အာ-တီ' ပေါ်လာသောအခါ 'ကြောင်လျှောက်' မဟုတ်တော့။ 'သိုးလျှောက်' (Sheep Walk) ဟု ပြောလာကြသည်။ ဒီတစ်ခါတော့ သိုးထီးလေးတွေလည်း မပျော်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သိုးမလေးတွေလည်း ပီတိမဖြာတော့ပါ။ ဘယ်သူမှ မပြုံးကြတော့ပါ။ အားလုံး ဒေါသဖြင့် မှုန်ကုပ်နေတော့သည်။

"ဘာ့ကြောင့် 'သိုးလျှောက်'လို့ ခေါ်တာလဲဗျ" စပ်စုကြည့်သောအခါ ကျောင်းသားတစ်ဦးက ဤသို့ဖြေသည်။ "သိုးဆိုတာ ယဇ်ကောင်လေဗျာ၊ ကျုပ်တို့လည်း ယဇ်ပလ္လင်ပေါ် ဆွဲတင်ခံရမယ့် သိုးကလေးတွေဖြစ်နေပြီ"။ မူကွဲတစ်ခုကမူ 'Separate the Sheep from the Goats' ဆိုသော ဗန်းစကားကို ရွတ်ပြ သည်။ လူတော်လူညံ့ ခွဲခြားခြင်းဆိုသော အဓိပ္ပာယ်ရသည်။ "ဆိတ်ဖြစ်ဖြစ်၊ သိုးဖြစ်ဖြစ်ဗျာ လူဆိုတာ အရွေးချယ်ခံသတ္တဝါ မဟုတ်ဘူးဗျ" မည်သို့ပင်ဆိုစေ 'သိုးလျှောက်'ဆိုသော ဝေါဟာရမှာ မီဒီယာပေါ်သို့ပင် ရောက်လာခဲ့ပြီဖြစ်ပါသည်။ 'စိုးတထိတ်ထိတ် လျှောက်လှမ်းခြင်း'ဟု အဓိပ္ပာယ်ဖွင့်ကြသည်။

ရေဒါနှင့် ကွန်ပျူတာ

ဂျီ-အာ-တီ စီမံကိန်းမှာ ပြည်ထောင်စုအစိုးရကိုယ်တိုင်က ငွေကြေးထောက်ပံ့ပေးထားသော သုတေသနလုပ်ငန်းဖြစ်သည်။ 'ပင်တဂွန်'ကလည်း အထူးစိတ်ဝင်စားလျက်ရှိသည်ဟု သိရ သည်။ 'အင်ဖော်မေးရှင်း တက္ကနိုလိုဂျီ'(အိုင်တီ)ကို အခြေခံသည့် နည်းပညာလည်း ဖြစ်ပါသည်။

ယခုလောလောဆယ်တွင် ဂျီ-အာ-တီ ကို လမ်းနှစ်သွယ်ဖြင့် သုတေသနလုပ်နေသည်ဟု ဆိုသည်။ ပထမနည်းလမ်းမှာ 'ရေဒါ'အကူအညီနှင့်ဖြစ်သည်။ ဤနည်းက 'လှုပ်ရှားခြေ ထူးခြားမှုများ' (Dynamic Property) ကို ဖိုးကပ်စ်လုပ်သည်။ လူ တစ်ယောက်လမ်းလျှောက်နေစဉ်အတွင်း သူ၏ ခန္ဓာကိုယ် အစိတ်အပိုင်းများ လှုပ်ရှားဟန်ကို ရေဒါဖြင့် ဖမ်းယူသည်။ မြန်နှုန်းပိုမောင်းသော မော်တော်ကားများကို ဖမ်းရာတွင် အသုံးပြုသော နည်းပညာတစ်မျိုးဖြစ်ပါသည်။ သို့အတွက် ဘဝင်မကျသူများက 'မော်

www.burmeseclassic.com

www.burmeseclassic.com



တော်ပီကယ် အယ်လ်ဂိုရီသမ်’ဟု ဝေဖန်ကြသည်။ ယာဉ်ထိန်းရဲ လုပ်နည်းစနစ်ဟု ဆိုလိုဟန်ရှိပါသည်။

ဒုတိယနည်းက ကွန်ပျူတာနှင့် ချိတ်ဆက်သည်။ တည်ငြိမ် ခြေထူးခြားမှု (Static Property) ကို အလေးကဲသည်။ လူတစ် ယောက်၏ ခြေဖဝါးအရှည်၊ အကျယ်၊ ခြေဆံ၊ လက်ဆံ စသည် တို့ကို တိုင်းတာမှတ်သားသည်။ မှုခင်းမှတ်တမ်းရုံးများမှ ရာဇဝင် လူဆိုးများကို မှတ်ပုံတင်သလိုမျိုး ဖြစ်သည်။ ဤနည်းလမ်းနှစ် သွယ်မှရသော ‘ဒေတာ’များကို ပေါင်းစပ်ပြီးမှ ‘ဂျီ-အာ-တီ’ကို လက်တွေ့အကောင်အထည်ဖော်မည်ဟု ဆိုပါသည်။ ပင်တဂွန် လက်အောက်ရှိ ကာကွယ်ရေးဆိုင်ရာ သုတေသန အဖွဲ့တစ်ခု ဖြစ်သော (DARPA) ၏အဆိုအရ ဤနည်းပညာဖြင့် ကမ္ဘာတစ် ဝန်းမှ အမေရိကန်တပ်များကို ထိထိရောက်ရောက် ကာကွယ်နိုင် လိမ့်မည်ဟု ဆိုသည်။

အစ်ကိုကြီးမျက်လုံး

ဂျီ-အာ-တီ နှင့် ပတ်သက်ပြီး ပြန်လည် ညွှန်းဆိုကြသော စာအုပ်တစ်အုပ်ရှိသည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်က ထုတ်ဝေခဲ့သည့် ‘ဂျော့အော့ဝဲလ်’၏ ‘တစ်ထောင့်ကိုးရာရှစ်ဆယ့် လေး’ (Nineteen Eighty Four) ဖြစ်ပါသည်။ ဤစာအုပ်ထဲမှ ‘အော့ဝဲလ်’၏ နာမည်ကျော်စကားလုံးတစ်ခုမှာ ပြန်လည်အသက် ဝင်လာသည်။ အစ်ကိုကြီးမျက်လုံး (Big Brother’s Eyes) ဆိုသော ဝေါဟာရ ဖြစ်သည်။ အစ်ကိုကြီးက ညီပုလေးများ၏ နှစ် ဆယ့်လေးနာရီ လှုပ်ရှားမှုကို တယ်လီပိတ်ကားကြီးထက်တွင် မှတ်တမ်းတင် စောင့်ကြည့်နေမည့် ရှုမြင်ကွင်းကို ဖော်ပြသည့် စကားလုံး ဖြစ်ပါသည်။ အိုင်တီ၏ အနာဂတ်နှင့် ပတ်သက်ပြီး စာရေးဆရာကြီး ‘အော့ဝဲလ်’က စိတ်မသက်မသာ မှန်းဆခဲ့ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်တီတော်လှန်ရေး လက်တွေ့ပေါ်ပေါက်လာသောအခါတွင်မူ 'အော့ဝဲလ်'စိုးရိမ်သလို ဖြစ်မလာခဲ့ပါ။ အိုင်တီမျက်လုံးရှေ့တွင် အရာအားလုံး ဆိတ်ကွယ်ရာမဲ့ပြီး အစ်ကိုကြီး၏ ဆားပုလင်းနှင်းမောင်အခန်း ပြိုကျသွားခဲ့ပါသည်။ သို့ဖြင့် အိုင်တီကို 'ညီပုလေးများ၏ မျက်လုံး' (Young Brother's Eyes) ဟု ပြောင်းခေါ်ခဲ့ကြသည်။ 'လွတ်လပ်မှုနည်းပညာ' (Technology of Freedom) ဟုလည်း အမှတ်ပေးခဲ့ကြပါသည်။ သို့နှင့်တိုင် စက်တင်ဘာ ၁၁ အရေးအခင်း နောက်ပိုင်းတွင်မူ ဤသဘောထားကိုပင် ပြန်လည်ဆန်းစစ်ရတော့မလို ရှိလာသည်။

အကြမ်းဖက်သမားများက အင်တာနက် ဝက်(ဘ်)ဆိုဒ်ကို ကျကျနန အသုံးချလာရာ 'အိုင်တီ'၏ အခြားမျက်နှာစာကို မေ့ထားလို့မရ ဖြစ်လာသည်။ 'လူဟော့လူသွမ်းမျက်လုံး' (Bad Guys' Eyes) မဖြစ်နိုင်ပေဘူးလားဟု မေးခွန်းထုတ်လာကြသည်။ ယခု ဂျီ-အာ-တီ ပေါ်လာသောအခါတွင်မူ အော့ဝဲလ်၏ နိမိတ်ဖတ်ချက် မှန်နေပြီလားဟု စိုးရိမ်မကင်း ဖြစ်လာရသည်။ အစ်ကိုကြီးမျက်လုံး ပြန်မလာပါစေနှင့်ဟု ဆုတောင်းရမလို ရှိနေပါတော့သည်။

ဤအခင်းအကျင်းတွင် ပညာရှင်တစ်ဦးက ဤသို့ စိတ်မသက်မသာ ပြောလိုက်သည်။ "ဝေါစထရိမှာ ရှယ်ယာတွေ တန်ဖိုးကျတာက ကိစ္စမရှိဘူးဗျ။ တစ်ချိန်မှာ ပြန်တက်နိုင်သေးတယ်။ ကျုပ်တို့ အထွတ်အမြတ်ထားတဲ့ တန်ဖိုးတွေမကျဖို့က ပိုအရေးကြီးတယ်။ ကျပြီးရင် ပြန်တက်ဖို့တော်တော်နဲ့ လွယ်မှာမဟုတ်ဘူး... "

**ရွှေကုန်သည်၊ ဖေဖော်ဝါရီ၊ ၂၀၀၃။**

စာညွှန်း

-Walking: A New Step For Security By Hope Critol

■

www.burmeseclassic.com

www.burmeseclassic.com

# ဒလ္လာရီ၊ အမှာစကားနှင့် ကျူးသွင်းပွဲ

အောက်မေ့ဖွယ် အခမ်းအနား

၂၀၀၂ ခုနှစ် အောက်တိုဘာ နောက်ဆုံးပတ်မှ တစ်ခု သော စနေနေ့...။ လေထန်သော နေ့တစ်နေ့ဖြစ်ရာ အမျိုးသား ဒီ-ဒေးပြတိုက် အဆောက်အအုံမှာ နှင်းငွေ့မြူငွေ့များကြားတွင် ခါတိုင်းထက် သုန်မှုန်နေဟန်ရှိသည်။ သို့နှင့်တိုင် နှင်းနှင့်မြူကို ဖြတ်၍ စုရုံးရောက်ရှိနေသော လူအုပ်မှာမူ သွက်လက်ဖျတ်လတ် နေသည်။ 'ဒီ-ဒေး'ကို မီခဲ့သူ စစ်ပြန်ရဲဘော်ဟောင်းကြီးများထက် စစ်ပြီးခေတ်မှ လူဖြစ်လာသူ လူရွယ်လူလတ်တွေက များသည်။ နယ်ပယ်အသီးသီးမှ ဆလက်ဘရစ်တီဟု ဆိုနိုင်သူများဖြစ်သည်။ ဟောလီဝုမှ 'တွမ်ဟမ့်'၊ 'စတီဖင်-စပီး(လ)ဘတ်'တို့ကို တွေ့ရသ

www.burmeseclassic.com

www.burmeseclassic.com



လို N.B.C News မှ တီဗွီဂျာနယ်လစ် 'တွမ်ဘရိုခေါ်'ကိုလည်း မြင်ရသည်။ သူတို့အားလုံးထက် ပရိသတ် စိတ်ဝင်စားခံရသူမှာ လက်ရှိသမ္မတ၏ဖခင် သမ္မတဟောင်း 'ဂျော့-ဘွတ်(ချ်)'...။

သူတို့အားလုံး စုဝေးနေကြရာ ယခင်အပတ်ကမှ ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားသော သမိုင်းဆရာ 'စတီဖင် အမ်ဘရို့(စ)'ကိုရည်စူးပြီး အောက်မေ့ဖွယ် အခမ်းအနား ကျင်းပနေကြခြင်းဖြစ်သည်။ 'အမ်ဘရို့(စ)'မှာ စာအုပ်ပေါင်း(၃၆)အုပ်ရေးသားခဲ့ သူ အကျော်ဒေးယျ စာရေးဆရာကြီးလည်း ဖြစ်သည်။ သူ့စာအများစုမှာ စစ်အတွင်း အမေရိကန်သားများ၏ အတွေ့အကြုံများကို အခြေခံရေးခဲ့ခြင်းဖြစ်ရာ သမိုင်းဝတ္ထု သို့မဟုတ် စစ်ဝတ္ထုရေးသူအဖြစ် ပို၍လူသိများသည်။ ၁၉၉၂ ခုနှစ်က ထွက်ခဲ့သော သူ၏ 'သွေးသောက်ညီအစ်ကိုများ' Band of Brothers ဆို လျှင် ရုပ်သံဇာတ်လမ်းတွဲ အဖြစ် ယနေ့ထိ ပြသနေရဆဲ...။ 'စပီး(လ)ဘတ်'၏ 'တပ်သား "ရန်"ကို ကယ်တင်ခြင်း' Saving Private Ryan မှာလည်း သူ၏ ၁၉၉၄ ခုနှစ်ထုတ် 'ဒီ-ဒေး' D-Day မှ အာရုံရခဲ့ခြင်းဟု ဆိုသည်။ သူ၏ 'ပြည်ချစ်စစ်သား' Citizen Soldiers ဆိုလျှင် ၁၉၉၄ ခုနှစ်၏ 'ဘက်ဆဲလား'ပင် ဖြစ်ခဲ့သည်။

တစ်ခုတော့ရှိသည်။ 'အမ်ဘရို့(စ)'ကိုယ်တိုင်မှာမူ စစ်နှင့်နီးစပ်ခဲ့သူမဟုတ်ပါ။ တစ်ခါမှလည်း စစ်မတိုက်ခဲ့ဖူးပါ။ သူ့အတွက် ကျင်းပနေသော အခမ်းအနားကမူ စစ်အခမ်းအနားတစ်ခုလို စနစ်ကျသပ်ရပ်နေသည်။ စစ်သူရဲကောင်းတစ်ဦးကို ဂုဏ်ပြုသလိုမျိုး ခမ်းနားဝင့်ထည်လှသည်။ သတ်မှတ်ချိန် ရောက်သည်နှင့် သဘာပတိတာဝန်ယူမည့် သမ္မတဟောင်းက စင်မြင့်ပေါ် တက်လိုက်သည်။ ခါတ်ခွက်မှထွက်လာသော ဂျော့ဘွတ်(ချ်)(အကြီး)၏အသံမှာ ပင်စင်စားသမ္မတလေထက် ဗိုလ်ချုပ်ကြီးတစ်ယောက်၏ စစ်ထွက်မိန့်ခွန်းလို ရဲစိတ်ရဲမာန်အပြည့် ဖြစ်နေသည်။ "ဒတီ

www.burmeseclassic.com

www.burmeseclassic.com



ဗင်အမ်ဘရို့(စ)ဟာ ငါတို့ရဲ့ အမေရိကန်စိတ်ဓာတ်ကို အကောင်းဆုံး ဖော်ထုတ်ပြသခဲ့တဲ့ အကြီးကျယ်ဆုံး သမိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်ပေတယ်”

ပုံပြောဆရာရဲ့ ဒဏ္ဍာရီ

ပညာအသိုင်းအဝိုင်းကမူ ‘အမ်ဘရို့(စ)’ကို သမိုင်းပညာရှင်အဖြစ် အသိအမှတ်ပြုကြသည်မဟုတ်ပါ။ အာဝဇ္ဇန်းကောင်းသော ပုံပြောဆရာထက်မပိုဟု ကောက်ချက်ချကြသည်။ သူ့စာများကိုလည်း ‘သမိုင်း’အဖြစ် လက်ခံကြသည် မဟုတ်ပါ။ ဒဏ္ဍာရီသဘောသာရှိသော သမိုင်းပုံပြင်များဟု သတ်မှတ်ကြပါသည်။ ‘အမ်ဘရို့(စ)’က ဒုတိယကမ္ဘာစစ်ကြီးကို စာတစ်ကြောင်းနှင့် ဤသို့သရုပ် ဖော်ပြသည်။ “အမေရိကန်ဘွိုင်းစကောက်များက နာဇီလူငယ်များကိုအပြတ်ဆော်လိုက်သည့်ပွဲ”ဟူ၏။ သူ၏စာများတွင် စတာလင်ဂရက် တိုက်ပွဲများအကြောင်း မပါသလို၊ အင်္ဂလိပ်တို့တိုက်ခဲ့ရသော ခဲရာခဲဆစ် တိုက်ပွဲများအကြောင်းကိုလည်း တစ်စွန်းတစ်စမျှ တွေ့ရလိမ့်မည်မဟုတ်ပါ။ အမေရိကန်၏ တစ်ကိုယ်တော် စွန့်စားခန်းများနှင့်သာ ပြည့်နှက်နေသည်။ စင်စစ် ‘အမ်ဘရို့(စ)’မှာ မျိုးချစ်စိတ်ဖြင့် သမိုင်းကိုပြုစုလိုသူ ဖြစ်ပုံရပါသည်။

သမ္မတဟောင်း ‘ဂျော့ဘွတ်(ချ)’က ‘အမ်ဘရို့(စ)’၏ စာများကိုကိုးကားပြီး သဘာပတိမိန့်ခွန်းကို ပြောသွားသည်။ သူ့မိန့်ခွန်းကိုချုပ်လိုက်လျှင် အချက်သုံးချက် ပီပီသသ ထွက်ပေါ်လာပါသည်။ ပထမအချက်မှာ ‘ဒီ-ဒေး’နှင့်ပတ်သက်သည်။ အမေရိကန်ပြည်ထောင်စုက ဥရောပမဟာမိတ်များကို ကယ်တင်လိုက်ခြင်းဟု အဓိပ္ပာယ်ဖွင့်သည်။ ‘နော်မန်ဒီ’ကို မမေ့ကြနဲ့ဟု နှိုးဆော်သည်။ ဒုတိယအချက်မှာ စစ်အတွင်း အမေရိကန်လူငယ်များ၏ စိတ်ဓာတ်အကြောင်းဖြစ်သည်။ မိမိတို့ အထွတ်အမြတ်ထားရာ တန်ဖိုးအတွက် အသက်စွန့်ရမှာ မကြောက်သော သူရဲကောင်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်ဟု ကမ္ပည်းတင်သည်။ ဤစိတ်ဓာတ်ကို အမွေခံကြဟု ဆော်ဩသည်။ တတိယအချက်မှာ အမေရိကန်၏ တူရှုချက်နှင့် ဆိုင်သည်။ ဒုတိယကမ္ဘာစစ်က ဖက်ဆစ်ဝါဒကို အနိုင်တိုက်၍ စစ်အေးတိုက်ပွဲက ကွန်မြူနစ်ဝါဒကို အနိုင်ယူခဲ့သည်ဟု မှတ်တမ်း တင်သည်။ 'ဘာလင်တံတိုင်းကို မမေ့ကြနဲ့'ဟု သတိပေးသည်။

လန်ဒန်ထုတ် PROSPECT မဂ္ဂဇင်းကြီးမှ ပင်တိုင် ဆောင်းပါးရှင် 'ဝီလျံဟတ်(ချ)ကော့'က အဆိုပါ သဘာပတိမိန့်ခွန်းကို ကွယ်လွန်သူအတွက် အောက်မေ့ဖွယ်စကားများ မဟုတ်။ လာတော့မည့်စစ်ပွဲအတွက် ဝါဒဖြန့်ချိရေးထိုးစစ်ဟု ဝေဖန်ပါသည်။

မဟာ့မဟာများ

အဆိုပါ အောက်မေ့ဖွယ် အခမ်းအနားနှင့် မရှေးမနှောင်းမှာပင် အီရတ် ဘာသာရေးခေါင်းဆောင်များ၏ အစည်းအဝေးမှ 'ဖာဒ်ဝါ' Fatwa တစ်ခု ပေါ်ထွက်လာသည်။ သာသနာတော်အတွက် မဟာဂျီဟတ်စစ်ပွဲ ဆင်နွှဲကြဟူ၏။ ကြေညာချက်မူရင်းတွင် 'မဟာဂျီဟတ်' Great Jihad ဆိုသော စကားလုံးကို အထူးနှင့်ရိုက်ထားသည်။ 'ဆဒမ်ဟူစိန်'ကိုယ်တိုင်ကလည်း မိမိကိုယ်ကို နောက်ဆုံး ကာလီဖိတ်တစ်ဦးပုံဖမ်းကာ အစိုးရတီဗွီမှ မိန့်ခွန်းခြွေလိုက်သည်။ "မြင့်မြတ်သောစစ်ပွဲတွင် အသက်စွန့်ရခြင်းမှာ ထာဝရအသက် ပိုင်ဆိုင်ရေးအတွက် မဟာအခွင့်အလမ်းကြီး The Great Opportunity ဖြစ်သည်"ဟုဆိုသည်။ ဤ နေရာတွင်လည်း 'မဟာအခွင့်အလမ်းကြီး'ဆိုသော နေရာအရောက် တွင် သိသိသာသာ အသံမြှင့်၍ ပြောလိုက်သည်။

ဤအချိန်တွင် အမေရိကန် မီဒီယာအသိုင်းအဝိုင်းမှလည်း

www.burmeseclassic.com

www.burmeseclassic.com



'မဟာ'ဆိုသော စကားလုံးကို အတော်အာရုံရနေကြဟန်ရှိသည်။ အထက်ဖော်ပြပါ အောက်မေ့ဖွယ် အခမ်းအနားမှ အထူးဧည့်သည်တော်တစ်ဦးဖြစ်သူ 'တွမ်ဘရိုခေါ'၏ ၁၉၉၈ ခုနှစ်က ထွက်ခဲ့သည့်စာအုပ် 'မဟာ့မဟာမျိုးဆက်' The Greatest Generation မှာ စောင်ရေသိန်းချီ၍ ဒုတိယအကြိမ် ပြန်ထွက်လာသည်။ 'တွမ်'က ဒုတိယကမ္ဘာစစ်ကို ဖြတ်သန်းခဲ့ကြသည့် လူငယ်များကို 'မဟာမျိုးဆက်'ဟု ဝိဂြိုဟ်ပြုခဲ့သည်။ ယနေ့ အမေရိကန်လူငယ်များမှာ အဆိုပါမျိုးဆက်ကို ဆက်ခံကြသူများဖြစ်ရာ 'မဟာ့မဟာမျိုးဆက်'ဖြစ်ရမည်ဟု လှုံ့ဆော်လိုက်ပါသည်။

ဤတွင် ၁၉၆၀ အလွန် ဗီယက်နမ်စစ် ဆန့်ကျင်ရေးကာလကိုဖြတ်သန်းခဲ့သော လူလတ်ပိုင်း ဂျာနယ်လစ်တစ်ဦးက ဤသို့ မှတ်ချက်ချလိုက်သည်။ "ကြီးကျယ်သော စကားလုံးကြီးများ၏ နောက်ကွယ်တွင် ကြီးကျယ်သောအကြံအစည်များ ရှိတတ်သည်" ဟူသတတ်။ နှစ်ဖက်လုံးမှ 'မဟာ'များကိုလည်း မျက်စိနောက်လာ၍လားမသိ...။ "မဟာကျုံးသွင်းမှုကြီး စနေပြီ...၊ သတိ"ဟု အငေါ်တူးလိုက်သေးသည်။ 'လော့(စ)အိန်ဂျယ်လိ(စ)တိုင်းမ်'မှ ကောက်ခံရရှိသော သဘောထားစစ်တမ်းအရ 'မဟာမျိုးဆက်'ဟု အဆိုရှိသော ဒုတိယကမ္ဘာစစ် သိမီလိုက်သူများ၏ ၃၅% ကသာ အီရတ်စစ်ပွဲကို ထောက်ခံကြသည်။ မဟာ့မဟာမျိုးဆက် ဖြစ်ရမည်ဆိုသော ယနေ့လူငယ်ထုကမူ နယူးယောက်မြို့တော်တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲလုပ်ရန် စိုင်းပြင်းနေကြသည်ဟု သတင်းများ ထွက်ပေါ်နေသည်။

## ယုံကြည်မှုဝင်ရိုး

အမေရိကန်အီလစ်များနှင့် သူတို့နှင့်နီးစပ်သော မီဒီယာများက လာတော့မည့်စစ်ပွဲအတွက် အာဘော်ဖန်တီးနေကြချိန်

www.burmeseclassic.com

www.burmeseclassic.com



ဝယ် ပညာရှင်အသိုင်းအဝိုင်းကမူ စက်တင်ဘာ ၁၁ နောက်ပိုင်း ရှေ့ရောက်လာသော မေးခွန်းတစ်ခု၏ အနှိပ်စက်ခံနေရဟန် ရှိသည်။ 'သူတို့ ဘာ့ကြောင့် အမေရိကန်ကိုမုန်း'ဆိုသော တုန်လှုပ်ချောက်ချားဖွယ် မေးခွန်းတစ်ခု ဖြစ်ပါသည်။ စင်စစ် ယနေ့အမေရိကန်အီလစ်များ နံပါတ်(၁)ရန်သူအဖြစ် ရွေးထားသူ 'ဆဒမ်ဟူစိန်' မှာ လူကြိုက်အနည်းဆုံး ခေါင်းဆောင်တစ်ဦးမျှသာ ဖြစ်ပါသည်။ သူ၏ 'ငါ့မင်း ငါ့ချင်း ဝါဒ'မှာလည်း ဘယ်လိုမှ လူကြိုက်များနိုင်စရာမရှိပါ။ ဤသို့သော ရန်သူမျိုးကို ဆန့်ကျင်ရာမှာပင် အပြည့်အဝ ထောက်ခံမှုမရနိုင် ဖြစ်နေကြရသည်ကိုကြည့်လျှင် အမေရိကန် ပြည်ထောင်စုအပေါ် ထားခဲ့သော 'ယုံကြည်မှုဝင်ရိုး' ပြိုကျနေပြီ ဆိုသည်မှာ ထင်ရှားနေတော့သည်။

ဤတွင်ယုံကြည်မှုဝင်ရိုး တည်မှီရာကို ပြန်လည် စိစစ်လာရတော့သည်။ ဟားဗတ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပါမောက္ခ 'ဂျိုးဇက်၊ အက်(စ)နိုင်း(အငယ်)'က ၂၀ ရာစုနှောင်းပိုင်း၏ ပါဝါအရွေ့ကို ခြေရာခံကြည့်သည်။ ကမ္ဘာ့လူထုတိမ်းညွတ်မှုမှာ 'ပါဝါအမာများ' Hard Power မှ 'ပါဝါအပျော့' Soft Power များသို့ ရွေ့လာနေသည်ဟု အကဲဖြတ်သည်။ ဤအကဲဖြတ်ချက်ပေါ်မှ အမေရိကန်ဥပမိရုပ်ကို သရုပ်ခွဲလိုက်ရာ 'ဒီ-ဒေး'ထက် 'ဘရီတန်ဝုဒ်'က အခရာကျလာသည်။ 'အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များ' (W.M.D)ထက် အစုလိုက်အပြုံလိုက် ဆွဲဆောင်နိုင်သော လက်နက်များ (W.M.A) က ပိုအရေးကြီးလာသည်။ 'ဘေရွတ်' ရှိ အမေရိကန်တက္ကသိုလ်မှ ပါမောက္ခ 'ဂျွန်ဝါတာဘာရီ'က လက်ရှိ အမေရိကန်အစိုးရ၏ အရှေ့အလယ်ပိုင်း ပေါ်လစီမှာ W.M.A ထက် W.M.D အပေါ် ပို၍အားကိုးနေဟန်ရှိသည်ဟု ဝေဖန်လိုက်သည်။ တစ်ဆက်တည်းမှာပင် အရှေ့အလယ်ပိုင်းလူထု၏ တုံ့ပြန်မှုကိုလည်း ဤသို့သုံးသပ်ဖော်ပြလိုက်သည်။ "ကျွန်တော် တို့ ပေါ်လစီကိုမကြိုက်ပေမယ့် ကျွန်တော်တို့ တက္ကသိုလ်တွေကို တော့ လိုလားကြပါတယ်" ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအခြေအနေမှာပင် အီရတ်နိုင်ငံတောင်ပိုင်း 'ဘာဆရာ' မြို့မှ ကလေးနှစ်ယောက်မိခင် မူလတန်းပြဆရာမလေး 'အဘယ် ဖာတု'၏ စကားတစ်ခွန်းမှာ ပညာရှင်စားပွဲပေါ်သို့ ရောက်လာသည်။ ဆရာမလေး၏ သားအငယ်မှာ လွန်ခဲ့သော လေးနှစ်ခန့်က အမေရိကန်ဒုံးကျည်သင့်ပြီး သေဆုံးသွားခဲ့သည်။ လက်ရှိကျန်ရှိသော သားအကြီးမှာလည်း ဗုံးဆံထိပြီး လက်ချောင်းလေးတွေ ပြတ်ကုန်သည်။ သားကြီး၏ ငုံးတိတိလက်ချောင်းများကို ဆုပ်ကိုင်ရင်း ဆရာမလေးက ရှိုက်သံတစ်ဝက်နှင့် ပြောလိုက်သည်။ "ကျွန်မသားတွေကို ပညာတတ်ကြီးတွေဖြစ်စေချင်တာ... ခုတော့..."။ စကားမဆုံးလိုက်ပါ။ သို့နှင့်တိုင် မဆုံးသောအတွေးများကို ဖန်တီးလိုက်ပါသည်။ ပညာရှင်များက ဆရာမငယ်၏ ဝေဒနာကို 'ပညာခေတ်'ဆိုသော နောက်ခံကားပေါ်တွင် တင်ကြည့်လျက် ရှိနေကြသည်။

ပရိဂျက်အရွေ့

လူမှုဗေဒပါမောက္ခ 'မားသီးယပ်(စ)ဟောက်' အမျိုးပြုသော ဂျာမန်ပညာရှင် အများစုကမူ ၂၁ ရာစု လူငယ်များ၏ ပရိဂျက်အရွေ့ကို သုတေသနဖန်ပြားပေါ် တင်ကြည့်လျက် ရှိနေကြသည်။

ယနေ့လူငယ်အများစုမှာ အတိတ်ကိုပြန်မလွမ်း။ သို့အ တွက် သမိုင်းဒဏ္ဍာရီများဖြင့် သူတို့ကို မဖမ်းစားနိုင်။ ယနေ့လူ ငယ်များနားလည်ယုံကြည်သော ဘာသာရေးဆိုသည်မှာ ဂေါ့(ဒ) နှင့် ပုဂ္ဂလိကလူသား၏ တိုက်ရိုက်ဆက်ဆံရေးဖြစ်သည်။ ကြားအင်အားစုမလို။ သို့အတွက် သူတို့ကို ဂေါ့(ဒ)အမှာစကားဆိုသည်နှင့် ဖြားယောင်း၍မရ။ ယနေ့လူငယ်များ မျှော်လင့်ထားသော အနာဂတ်မှာ ယဉ်ကျေးမှုပဋိပက္ခများမဟုတ်၊ စစ်ပွဲမဟုတ်။ သို့အတွက် ယဉ်ကျေးမှုစစ်ပွဲများဖြင့် သူတို့ကိုလှုံ့ဆော်နိုင်မည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့လူငယ်များ မျက်နှာမူကြရာ ကမ္ဘာ့ပုံစံမှာ အပြန်အလှန် အမှီသဟဲပြုကြရသော သမူဟကမ္ဘာ ဖြစ်သည်။ ဗိုလ်ကျလွှမ်းမိုးရေး မဟုတ်...။ သို့အတွက် မည်သည့်ပုံစံနှင့် အင်ပါယာခြေလှမ်းများကိုမဆို တူးတူးခါးခါး ဆန့်ကျင်ကြမည်သာ ဖြစ်သည်။

တစ်ခုတော့ရှိသည်။ အဆိုပါလူငယ်ပရိုဂျက် အရွေ့တွင် 'ဆုံပွိုင့်'တစ်ခုတော့ ရှိဖို့လိုသည်။ 'ဆုံပွိုင့်'မရှိလျှင် သို့မဟုတ် အားနည်းလျှင်... ကျုံးသွင်းပွဲများထဲသို့ လိမ့်ကျချင် ကျသွားနိုင်သည်။ ဤမျှအရေးကြီးသော ဆုံပွိုင့်မှာ အခြားအရာမဟုတ်။ 'ပညာ'ဟု ဆိုပါကြောင်း။

**စတိုင်သစ်၊ ဇွန်၊ ၂၀၀၃။**

စာညွှန်း

1. The Greatest Myth (William Hitchcook)
2. Hate Your Policies, Love Your Institution (John Waterbury)

■

www.burmeseclassic.com

# အလုပ်၏ အဓိပ္ပာယ်သစ်

ဆင်နဲ့ လှေး

စာကြည့်တိုက်ကြီးတစ်ခုတွင် ဟိုသည်လျှောက်ကြည့်ရင်းမှ ကြုံရာစာတစ်အုပ်ကို ဆွဲထုတ်လိုက်ရာ ထူးထူးဆန်းဆန်း အမည် တစ်ခုကို တွေ့လိုက်ရသည်။

'ဆင်နဲ့လှေး' The Elephant and The Flea ဟူ၏။ စာအုပ်အမည်ကိုစိတ်ဝင်စား၍ ဟိုလှန်သည်လှန်ကြည့်လိုက်တော့ မှ ခေတ်ပြိုင် ဘောဂဗေဒပညာရှင် 'ချား(လ)ဟင်ဒီ' Charles Handy ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိမှန်း သိလိုက်သည်။ ဟင်ဒီ ၏စာကို မဖတ်ဖူးသော်လည်း ဟားဗတ်ဘိဇနက်ကျောင်းနှင့်တွဲပြီး သူ့အမည်ကိုကြားဖူးနေ၍ စိတ်ဝင်စားသွားသည်။ သို့ဖြင့် ပြေးပြေး လွှားလွှား ဖတ်ဖြစ်လိုက်သည်။

'ဟင်ဒီ'က သူဖြတ်သန်းနေဆဲခေတ်အတွင်း စီးပွားရေး အခင်းအကျင်းများ ပြောင်းလဲလာပုံကို 'ဆင်' မှ 'လှေး'သို့ဟူ၍ တင်စားပြောသည်။ အကောင်ကြီး အထနှေး ဗျူရိုကရက်တစ်

www.burmeseclassic.com

www.burmeseclassic.com



'ဆင်'ကြီးများမှ လွတ်လပ်သွက်လက်သော ဒီမိုကရက်တစ် 'လှေး' များအဖြစ် အသွင်ပြောင်းလာသည်ဟု အဓိပ္ပာယ်ဖွင့်သည်။ ဤ တွင် ထူးထူးဆန်းဆန်း ဝေါဟာရတစ်ခုကို သတိပြုလိုက်မိသည်။ 'ဖလီးဒန်း'ဟူ၍။ 'ဖရီးဒန်း' Freedom မဟုတ်ပါ။ 'ဖလီးဒန်း' Fleadom ဖြစ်သည်။ Flea ကို ကျွန်တော်သိသည်က 'လှေး' သို့ မဟုတ် ခုန်ကူးပျံသန်းနိုင်သော 'သန်း'ဖြစ်ရာ လှေးဘဝ သို့မဟုတ် သန်းပျံဘဝဟု စိတ်ထဲက ဘာသာပြန်ရင်း ဘဝင်မကျ ဖြစ်နေမိ သည်။

ဆက်ဖတ်တော့မှ 'ဟင်ဒီ'၏ အဓိပ္ပာယ်ဖွင့်ပုံကို တွေ့ရပါ သည်။ အကောင်သေးသည်။ ဖွဲ့စည်းပုံ ကျစ်သည်။ သွက်လက် ပေါ့ပါးစွာ လှုပ်ရှားနိုင်သည်။ ရောက်လေရာတွင် အခြေချတတ်ပြီး မြန်မြန်ပွားစည်းနိုင်သည်။ တစ်ကောင်နှင့်တစ်ကောင်၊ တစ်အုပ် နှင့်တစ်အုပ် ကွန်ရက်ဖြန့် ဆက်သွယ်ထားသည်။ ဤ သဘာဝ အားလုံးကို စကားလုံးသုံးလုံးနှင့် ချုပ်လိုက်လျှင် 'ဖရီး၊ မိုဘိုင်း၊ နက် ဝပ်' Free, Mobile, Network ဟူ၍ ဖြစ်ပါသည်။ 'ဖလီးဒန်း' သည်ပင် အင်ဖော်မေးရှင်းနည်းပညာက ဆောင်ကြဉ်းပေးလိုက် သော အလုပ်၏ပတ်ဝန်းကျင်သစ်ဟု ဆိုသည်။ ဤပတ်ဝန်းကျင် သစ်၏ အဆိုပါ သဘာဝသုံးရပ်နှင့် သဟဇာတမဖြစ်လျှင် မည် သည့်စီးပွားရေးမှ အနာဂတ်မရှိနိုင်ဟုလည်း ဟောပါသည်။

### လွတ်မြောက်သွားသောအလုပ်

ဆက်လက်ပြီး 'ဖလီးဒန်း'ပေါ်တွင် 'အလုပ်၏အရွေ့'ကို ဆန်းစစ်လိုက်ရာ 'အလုပ်'မှာ တုပ်နှောင်မှုကြီး သုံးရပ်မှ လွတ် မြောက်ခဲ့ပြီဟု အကဲဖြတ်ပါသည်။ အချိန်၊ နေရာနှင့် ငွေကြေး (လုပ်ခ)တို့၏ တုပ်နှောင်မှုဟု ဆိုပါသည်။ ဤတွင် အစဉ်အလာ နားလည်ထားကြသော အလုပ်၏အဓိပ္ပာယ်ကို ပြန်လည်ဆန်းစစ် ကြဖို့ အကြောင်းဖန်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အစဉ်အလာနားလည်ချက်အရ တကယ့်အလုပ် (Work) ကို ဝင်ငွေရသောအလုပ် (Job) နှင့် တစ်ထပ်တည်းလို နားလည်နေကြသည်။ ဝင်ငွေမရလျှင် အလုပ်မမည်။ အပျော်တမ်းသဘောသာဖြစ်နေသည်။ ဤနားလည်ချက်ကို ဆွဲဆန့်လိုက်ရာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုသည် မည်မျှပင် အသုံးဝင် အသုံးကျနေစေကာမူ 'ရောင်းကုန်' Commodity စာရင်းမဝင်သမျှ 'ဖလှယ်တန်ဖိုး' Exchange Value မရှိသလို ဖြစ်နေတော့သည်။ အကျိုးဆက်က မကောင်းပါ။ လူဖြစ်တည်မှုတွင် စီးပွားရေးကိုသာ အဓိကလိုအပ်ချက်နေရာထားပြီး ကျန်အခြင်းအရာ အားလုံးကို ငြင်းပယ်ရာ သို့မဟုတ် ဒုတိယ၊ တတိယနေရာ ပို့လိုက်သလို ဖြစ်သွားတော့သည်။ ဤအတိုင်းသာ ဆက်သွားလျှင် 'လူ'သည် 'ငွေ'၏ အစေစားခံ ဘဝမှ ဘယ်တော့မှ မလွတ်မြောက်နိုင်ဟု သတိပေးပါသည်။

စင်စစ် အလုပ်သည် ဘဝ၏ကျောရိုး သို့မဟုတ် ဘဝ၏အခြေခံဖြစ်ရာ 'အလုပ်' သည် ဘဝကိုထင်ဟပ်နိုင်ရမည်ဟု ဆိုသည်။ အလုပ်၏အဓိပ္ပာယ်တွင် ဘဝ၏ လိုအပ်ချက်အားလုံး အကုန်အစင်မဟုတ်တောင် တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ထင်ဟပ်ပါဝင်သင့်သည်ဟု အဆိုပြုသည်။ ဤအမြင်ဖြင့်ပင် 'ဟင်ဒီ'က အလုပ်၏အဓိပ္ပာယ်သစ်ကို ဤသို့ ဖွင့်လိုက်သည်။ ဘဝ၏ ကျေနပ်မှုကို ဖန်တီးပေးနိုင်သော လက်ရှိအနေအထားထက် ပိုမိုကောင်းမွန်သည့် အရည်အသွေးများကို ဖြည့်ဆည်းပေးနိုင်သော အနိမ့်ဆုံး မိသားစု၊ အမြင့်ဆုံး လူသားတစ်ရပ်လုံး၏ သုခချမ်းသာကို ဖန်တီးပေးနိုင်သော ကြိုးပမ်းမှုဟု ဆိုပါသည်။

## အလုပ်၏ အိတ်များ

ယခင်က အလုပ်ဆိုလျှင် ငွေအိတ်ကြီးကြီးကိုသာ တန်းမြင်ကြဖို့ရှိသည်။ ဤအမြင်က သမားရိုးကျ အဓိပ္ပာယ်ဟောင်းမှ လာပါသည်။ အလုပ်ကို ငွေအိတ်ထဲထည့်လိုက်သည့် သဘောဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ စင်စစ် အလုပ်တွင် ငွေရသောအလုပ်အပြင် အခြားသော အိတ်များလည်း ရှိသေးသည်။ 'ဟင်ဒီ'၏အလိုအရ အနည်းဆုံး အလုပ်၏ အိတ်သုံးမျိုးရှိနိုင်သည်ဟု ဆိုသည်။ A New Work Portfolio ဟု ဆိုပါသည်။

၁။ အိမ်အလုပ် (Home Work)၊ ကျောင်းသားများ လုပ်ရသော အိမ်စာကို ဆိုလိုရင်း မဟုတ်ပါ။ အိမ်ရှင်မများနှင့်ဆိုင်သော အိမ်အလုပ် House Work ဖြစ်ပါသည်။ အိမ်ထောင် သို့မဟုတ် မိသားစု ပျော်ရွှင်ချမ်းမြေ့သော ဘဝအတွက် အရေးကြီးဆုံး အခြေခံစခန်းဖြစ်ရာ အိမ်ထောင်သာယာရေးမှာ အလွန်အရေးကြီးပါသည်။ တစ်ခုတော့ရှိသည်။ ဤအလုပ်ကို မိန်းမ၊ ယောကျ်ား ခွဲစရာမလို။ မိသားစုအဖွဲ့ဝင်တိုင်း တာဝန်ရှိသည်။

၂။ ပရဟိတအလုပ် (Gift Work) ဘာသာရေး၊ လူမှုရေး အလုပ်များ၊ လူမှုဝန်ထမ်းအလုပ်များ စသည်တို့ အကျုံးဝင်သည်။ ဤနေရာတွင် 'ဟင်ဒီ'က သူတို့ဆီမှ ကုသိုလ်ရေးအလုပ်တစ်ခုကို ဥပမာပြသည်။ သက်ကြီးရွယ်အိုများ၊ လူမမာများအတွက် ကားနှင့်လှည့်ပြီး ရိက္ခာဝေသည့်အလုပ်မျိုး ဖြစ်သည်။ (Meals on Wheels) ကျွန်တော်တို့ဆီမှ 'ဆွမ်းတော်ကြီးခံ'များကို မျက်စိထဲ ပြေးမြင်မိသည်။

၃။ လေ့လာရေးအလုပ် (Study Work)၊ ကျောင်းသားများ စာမေးပွဲအောင်ဖို့၊ အမှတ်ကောင်းဖို့ ကြိုးစားရသည်ကိုသာ ကန့်သတ်မထားပါ။ မည်သည့် အသက်အရွယ်မဆို ဘဝအရည်အသွေးမြင့်မားရေးအတွက် လေ့လာဆည်းပူးရသည့် အလုပ်အားလုံးကို ဆိုလိုပါသည်။

အလုပ်၏အိတ်များ ဤသို့ ထွေပြားလာရာ အလုပ်၏ သိက္ခာမှာလည်း ကွဲကူးရေပါဆိုသလို ပြောင်းလာသည်။ ယခင် က ငွေအိတ်ကိုမှ ဂုဏ်ရှိသည်၊ သိက္ခာရှိသည်ဟု ယူဆကြသည်။ အိမ်အလုပ်ကိုအထင်မကြီး၊ မှီခိုဟု သတ်မှတ်သည်။ ပရဟိတ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို အားမပေးချင်။ 'ဘကြီးနွား အခမဲ့ကျောင်း'ဟု အပြစ်တင်သည်။ လေ့လာဖတ်မှတ်သည့်အလုပ်ကို အလုပ်ဟုမထင်။ 'စာတိုရှူး'ဟု ကဲ့ရဲ့သည်။ ယခုအလုပ်၏ သိက္ခာကို ငွေနှင့်မတိုင်းဘဲ မိမိနှစ်သက်ရာနှင့် ဝိသေသပြုနိုင်ပြီဟု ဆိုပါသည်။ ဥပမာ ဆရာဝန် စာရေးဆရာတစ်ယောက်။ သူ့အလုပ်ကိုမေးလျှင် ဆရာဝန်ဟု မပြော၊ စာရေးဆရာဟု ဂုဏ်ယူပြောသလိုမျိုး ဖြစ်ပါလိမ့်မည်။

ဘောဂဗေဒ၏ ဆင်းရဲခြင်း

အဆိုပါအလုပ်၏ အဓိပ္ပာယ်သစ်နှင့် အစဉ်အလာ ဘောဂဗေဒကို ဆက်လက်ဆန်းစစ်လိုက်ရာ ပညာရှင်အသိုင်းအဝိုင်းကြားတွင် အတော်လှုပ်သွားလိမ့်မည်ဟု ထင်ရသည်။ အစဉ်အလာ ဘောဂဗေဒက အမျိုးသားဝင်ငွေကို စုစုပေါင်း တိုင်းပြည်ထုတ်ကုန်တန်ဖိုး G.D.P နှင့်တိုင်းသည်။ ဆိုလိုသည်မှာ ဝင်ငွေရသောအလုပ်ကိုသာ အလုပ်ဟု အသိအမှတ်ပြုသည့် သဘောဖြစ်ပါသည်။ အခြားသော အလုပ်၏အိတ်များကိုမူ အသိအမှတ်မပြုသည့် သဘော၊ ငြင်းပယ်သည့်သဘော ဖြစ်နေသည်။ သို့အတွက် ဘောဂဗေဒဆရာများ ပြောနေကြသော စီးပွားရေးတိုးတက်မှုဆိုသည် မှာ အခြေခံကပင် မှားနေပြီဟု စွဲချက်တင်ပါသည်။

ဆက်လက်ပြီး လက်ရှိကော်ပိုရေးရှင်းကြီးများ၏ ရည်ရွယ်ချက်နှင့် အလုပ်လုပ်ပုံကိုလည်း ဝေဖန်သည်။ ကော်ပိုရေးရှင်း အားလုံးလိုလိုမှာ အမြတ်တစ်ခုတည်းကိုသာ ဦးတည်ဖွဲ့စည်းခဲ့ခြင်းဖြစ်ရာ အလုပ်သမားထု၏ ကုန်ထုတ်သတ္တိကို အပြည့်အဝ မရနိုင်ဟု ဆိုသည်။ လက်ရှိ လုပ်ခစနစ်မှာလည်း အလုပ်၏ငွေအိတ်ကိုသာ တန်ဖိုးဖြတ်ခြင်းဖြစ်သည်။ အခြားသောအိတ်များ၏ တန်ဖိုးကိုမသိ။ ဤသို့ မသိသောကြောင့်လည်း ဤအိတ်များမှ ငုပ်နေသော အစွမ်းအစများကို ထုတ်မသုံးနိုင် ဖြစ်နေရသည်။ သို့အ

www.burmeseclassic.com

www.burmeseclassic.com



တွက် အနာဂတ် ကော်ပိုရိတ် ဖွဲ့စည်းပုံသည် အလုပ်၏ အိတ်အားလုံးကို လှုပ်နိုးနိုင်အောင် ရည်ရွယ်သင့်သည်ဟု အကြံပြုပါသည်။

အထူးသဖြင့် လေ့လာရေးအလုပ်သည် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ရာ အရေးကြီးဆုံး ဖြစ်ဖွယ်ရှိသည်ဟု ဆို သည်။ ဤအတွက် လေ့လာသင်ယူနိုင်သည့် ပတ်ဝန်းကျင်၊ လေ့လာသင်ယူလိုစိတ်ကို စေ့ဆော်ပေးနိုင်သည့် မက်လုံးနှင့် ပညာကို တန်ဖိုးထား လေးစားတတ်သည့် နှုန်းစံများ ဖန်တီးပေးရမည်ဟု အဆိုပြုသည်။ အစဉ်အလာ ဘောဂဗေဒပညာမှာ ဆိုခဲ့ပါ အရေးတကြီးတာဝန်များကို မျက်ကွယ်ပြုထားပြီး စီးပွားရေး အတက်အကျ သံသရာထဲတွင်သာ ပိတ်မိနေတော့သည်ဟု ကောက်ချက်ချသည်။ ငွေနောက်လိုက်နေသော ဤပညာရပ်ကြီးမှာ ယခုအခါ ချွတ်ခြုံကျသထက် ကျလာနေပြီဟု အကဲဖြတ်ပါသည်။

## ကွက်လပ်

အံ့သြဖို့ကောင်းသည်မှာ 'ဆင်'နှင့် 'လှေး'ကို အချိုကြီးချိ ပြီး အသယ်ကြီးသယ်လာခဲ့သော 'ဟင်ဒီ'သည် နောက်ဆုံးရောက်တော့မှ သံသယဖြင့် နိဂုံးချုပ်လိုက်သည့်အချက် ဖြစ်သည်။ 'ဖလီးဒန်း'အခြေအနေရောက်လာလျှင် လူတွေ ပိုလွတ်လပ်လာမည်။ မိသားစုအတွက် ပိုအချိန်ပေးနိုင်မည်။ ငွေနောက်လိုက်နေစရာ မလိုတော့၍ လူ့အဖွဲ့အစည်းနှင့် ပို၍နီးလာလိမ့်မည်ဟု ယူဆစရာ ရှိသည်။ သို့နှင့်တိုင် လက်တွေ့တွင် ဤသို့မဖြစ်။ ကော်ပိုရိတ် တုပ်နှောင်မှုများမရှိတော့၍ အိမ်မြဲလာသည်မှာ မှန်သည်။ သို့ သော် မိသားစုအတွက် အချိန်ပေးသည်တော့မဟုတ်။ ကွန်ပျူတာနှင့် မျက်နှာချင်းဆိုင်ချိန်တွေသာ ပိုရှည်လာသည်။ လူ့အဖွဲ့အစည်းမပြောနှင့် အိမ်ထဲမှအိမ်အပြင်ပင် မထွက်ဖြစ်။ အင်တာနက်ထဲဝင်ပြီး ကမ္ဘာပတ်နေသည်။ ကမ္ဘာကြီးနှင့် နီးလာသယောင်

www.burmeseclassic.com

www.burmeseclassic.com



ရှိသော်လည်း မိမိပတ်ဝန်းကျင်နှင့်မူ သေချာပေါက် ဝေးသွားသည် ဟု ဆိုပါသည်။

လူတွေ ချမ်းသာလာလျှင် ပိုတည်ငြိမ်လာမည်။ လေ့လာသင်ယူချိန် ပိုရလာမည်ဟု မျှော်လင့်ခဲ့ဖူးသည်။ လက်တွေ့တွင် ပြိုင်ဆိုင်မှုများ ပြင်းထန်သည်းသန်လာပြီး ပညာရယူရေးထက် အနိုင်ရရေးက ရှေ့ရောက်လာသည်။ 'ဟင်ဒီ'က သူ၏အထင်နှင့် အမြင်လွဲချက်ကို ဤသို့ပြောသည်။ "ကျွန်တော်တို့မိဘတွေလက်ထက်ကလူတစ်ယောက်ရဲ့တစ်သက်တာမှာ နာရီပေါင်း ၁၀၀,၀၀၀ လောက် အလုပ်လုပ်ခဲ့ရတယ်။ ကျွန်တော်တို့ သားသမီးတွေ လက်ထက်မှာတော့ ကုန်ထုတ်သတ္တိတိုးလာပြီမို့ သူတို့အဘိုးအဘွားတွေနဲ့စာရင် အလုပ်ချိန်တစ်ဝက်လောက် လျော့သွားလိမ့်မယ်လို့ ထင်ထားခဲ့တာ။ မဟုတ်ဘူးဗျို့။ ဒီချာတိတ်တွေကြည့်လိုက်ရင် အမြဲတလှုပ်လှုပ်နဲ့ ပုရွက်ဆိတ်တွေကျနေတာပဲ။ အင်း-နာရီ ၁၀၀,၀၀၀ ကျော်လေမလားပဲ"

အမှန်ပင်။ မျိုးဆက်သစ် လူငယ်များမှာ လွတ်လပ်မှု၊ မိ သားစု၊ လူ့အဖွဲ့အစည်း၊ ပညာ ဆိုသည်များထက် 'ငွေကြေး'ကို ပို၍ တန်ဖိုးထားနေကြဟန် ရှိသည်။ ဘာများနေသလဲ၊ ဘာလိုနေ သလဲ။ 'ဟင်ဒီ'က အဖြေမပေးပါ။ ကွက်လပ်ချန်ထားခဲ့ပါသည်။

**Beauty**၊ မတ်၊ ၂၀၀၃။

စာညွှန်း

- The Elephant and The Flea by Charles Handy

■

www.burmeseclassic.com

www.burmeseclassic.com

# တရုတ်လေးတွေရေးတဲ့
# ကလေးကဗျာ

စာသင်ခန်းမှအသံ

- “အလေးဆုံး လွယ်အိတ်ကြီးကို လွယ်ထားရတာ-
  ကျွန်တော်ပါ၊
  အများဆုံး အိမ်စာတွေလုပ်နေရတာ-ကျွန်တော်ပါ၊
  အစောဆုံးအိပ်ရာထပြီး၊ နောက်ဆုံးမှ အိပ်ရာဝင်ရတာ-
  ကျွန်တော်ပါပဲခင်ဗျား”

× × ×

- “လျှောက်စမ်း၊ လျှောက်စမ်း
  လည်စမ်း၊ လည်စမ်း
  စာသင်ဖို့ကိစ္စ၊ ဘာမှမပူနဲ့
  ဘာမှမသိတော့ကော၊ ဘာအရေးလဲ...”

× × ×

www.burmeseclassic.com

www.burmeseclassic.com



- “နေမင်းကြီးက၊ ကောင်းကင်မှာလင်းလို့
အရိုးစုကြီးက ငါ့ကိုပြုံးပြ
ငှက်ကလေးက အခုလိုမေး
‘ဟေး-ဒိုင်းနမိုက်ကြီး ကျောပေါ်တင်၊ နင်ဘာလုပ်မလို့လဲ’
. . . . . . . . . . . .
. . . . . . . . . . . .
‘ပြေးဟေ့’
‘ဟေး-ကျောင်းကြီးမရှိတော့ဘူး’

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြို့ကြီးများရှိ မူလတန်းနှင့် အလယ်တန်းကျောင်းများကို သွားကြည့်လိုက်ပါ။ စာအံသံထက် ဆိုခဲ့ပါကဗျာမျိုးတွေကို အားပါးတရ အော်ဟစ်နေကြသည်ကိုသာ ကြားရပါလိမ့်မည်။ ‘ကဗျာ’ဆိုသော်လည်း ‘ကဗျာ’ဟု ပီပီသသ တော့ ပြောလို့ရကောင်းမှ ရပါလိမ့်မည်။ တချို့က ဂန္ထဝင်လက်ာ သွားအလိုက်။ တချို့က မော်ဒန်ဟန်. .။ တချို့က ပေ့ါ(ပ်)ဂီတ သံစဉ်မျိုး. .။ ကဗျာဆရာ ဘယ်သူမှန်းမသိ။ ဘယ်သူက စလိုက် သည်လည်းမသိ။ ကလေးတွေကတော့ ခုံခုံမင်မင် နှစ်နှစ်ခြိုက်ခြိုက် ကို ရွတ်ဆိုနေကြပါသည်။

‘ကလေးသူငယ် လေ့လာရေး’ Children Study ဆိုသော မဂ္ဂဇင်းက အဆိုပါ ကလေးကဗျာများကို စုဆောင်းဖော်ပြခဲ့ရာ အတွဲ(၁)နှင့်(၂)ပေါင်းလျှင် ကဗျာပေါင်း (၃၀) ကျော်ရှိသည်။ မဂ္ဂဇင်း၏ ရည်ရွယ်ချက်ကို အယ်ဒီတာဖြစ်သူက ဤသို့ပြောပါ သည်။ “ကဗျာတွေကို ဝေဖန်ဖို့ ဒါမှမဟုတ် ချီးကျူးဖို့ဖော်ပြတာ မဟုတ်ပါဘူး။ ကဗျာစာသားတွေရဲ့နောက်က ကလေးတွေရဲ့စိတ် အခြေအနေကို လူကြီးတွေ သတိပြုဆင်ခြင်နိုင်ဖို့ ရည်ရွယ်ပါတယ်”

ဤသို့ဖြင့် ‘ကလေးစိတ်ပညာ’ မှာ မိဘများ၊ ဆရာများ၊ ပညာ ရှင်များကြားတွင် အထူးလှုပ်လှုပ်ရှားရှားဖြစ်လာသည့် ဘာသာရပ် ဖြစ်လာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



*,uf

"ခုလို ကြောက်စရာကဗျာတွေ ကြားနေရတော့ ဘယ်မှာ စာဖြောင့်ဖြောင့် သင်နိုင်တော့မှာလဲရှင်" မူလတန်းပြ ဆရာမလေး တစ်ဦး၏ ညည်းခြင်းဖြစ်ပါသည်။ ဤကဗျာများကြောင့် ဆရာတ ပည့်ဆက်ဆံရေးတွင် အဖုအထစ်များ ဖြစ်လာလေမည်လားဟု ကျောင်းတာဝန်ရှိသူများက စဉ်းစားလာကြရသည်။ ဒီအတိုင်းလွှတ် ထားမည်လော၊ တားဆီးပိတ်ပင်မည်လော...။

ကျောင်းသားမိဘတစ်ဦးဖြစ်သူ 'ဝမ်ဇီမင်း'ကလည်း ဤသို့ ပြောသည်။ "ဘာတွေလဲဗျာ. .၊ ချာတိတ်တွေ ရွတ်နေတာ က လေးအတွေးမဟုတ်ဘူးဗျ။ ကျောင်းကို ဗုံးခွဲမှာတို့၊ ကြိုးဆွဲချသေ တာတို့၊ မိုးမျှော်တိုက်ကြီးပေါ်က ခုန်ချတာတို့ ကြောက်စရာကြီး တွေဗျ။ သူတို့စိတ်ထဲမှာ ဘာတွေဖြစ်နေလဲ၊ ကျွန်တော်တော့ မပြောတတ်တော့ဘူးဗျို့။ ကျုပ်သားသမီးတွေ ပျက်စီးကုန်မှာပဲ စိုးရိမ်တယ်"

မူလတန်းကျောင်းအုပ်ဆရာကြီးတစ်ဦးဖြစ်သူ 'လျူယောင် ရှင်'၏ အမြင်မှာ တစ်မျိုးဖြစ်သည်။ "ဒီကိစ္စမှာ အကောင်းအဆိုး ဒွန်တွဲနေတယ်ဗျ။ ကလေးတွေ ကဗျာကိုချစ်တတ်တာ၊ ကဗျာကို ဖန်တီးချင်တာ ကောင်းပါတယ်။ သူတို့ရင်ထဲက အစာမကြေတာ တွေကို ကဗျာနဲ့ ရင်ဖွင့်တတ်တဲ့နည်းဟာလည်း အန္တရာယ်ကင်းပါ တယ်။ ဒါပေမဲ့ ဒီအရွယ်လေးတွေနဲ့ ဒီလောက်ခါးခါးသီးသီးဖြစ် နေတာ မကောင်းဘူး။ သူတို့ရင်ထဲမှာရှိနေတဲ့ အစိုင်အခဲတွေကို ချေဖျက်နိုင်ဖို့ ကျွန်တော်တို့က ဝိုင်းဝန်းကြိုးစားကြရမယ်"

ဆရာကြီး၏ အမြင်ကို တရုတ်စာရေးဆရာအသင်း၏ အ တွင်းရေးမှူးတစ်ဦးဖြစ်သူ ကဗျာဆရာ 'ဂိုဟောင်ဘို'က ထောက် ခံပါသည်။ "တကယ်တော့ လူ့ဘဝဆိုတာ မွေးကတည်းက ကဗျာ နဲ့ ရင်းနှီးခဲ့တာပါဗျာ။ ဒီတော့ ကလေးတွေ ကဗျာချစ်တတ်တာ မဆန်းပါဘူး။ တကယ်တာဝန်ရှိတာက ကျွန်တော်တို့ ကဗျာဆရာ

www.burmeseclassic.com

www.burmeseclassic.com



တွေဗျ။ ကလေးတွေရွတ်ဖို့ ကလေးကဗျာကောင်းကောင်းတွေ ကျွန်တော်တို့ မဖန်တီးနိုင်ခဲ့ကြဘူး။ ကလေးတွေရဲ့ ခံစားမှုတွေကို ကျွန်တော်တို့ နားမလည်ခဲ့ကြဘူး။ ပြဿနာက ဒါပဲ. . .”

စစ်တမ်း

ဤကိစ္စကို တာဝန်ရှိသူများက ကမကထလုပ်ပြီး သဘောထားစစ်တမ်းတစ်ခု ကောက်ခံကြည့်ပါသည်။ ကလေး အနည်းစုကသာ ဤကဗျာမျိုးကို စိတ်မဝင်စားဟု ဖြေသည်။ အများစုကြီးကမူ “ကြိုက်တယ်”ဟု ဖြေကြပါသည်။ ကလေးတစ်ဦးကဆိုလျှင် “သားဖြင့် ဒီကဗျာမျိုးတွေရွတ်ပြီး ပျော်လွန်းလို့ အိပ်ရာပေါ်မှာ လူးလှိမ့်နေရတာပဲ” ဟု ဖြေသည်။

တက္ကသိုလ်နှင့် ကောလိပ်ကျောင်းသားများ ကြားတွင် လည်း စစ်တမ်းကောက်ကြည့်ရာ အများစု၏အဖြေမှာ တစ်သဘောတည်းလိုပင် ဖြစ်သည်။ “ကျွန်တော်တို့ငယ်ငယ်ကလည်း ဒီလိုပေါက်ကရကဗျာတွေ အော်ခဲ့၊ ရွတ်ခဲ့တာပဲဗျာ။ ဘာရယ်မဟုတ်ပါဘူး၊ ပျော်စေပြက်စေပါ။ ကြီးတော့လည်း မေ့သွားတာပါပဲ။ ဘာမှလည်း သိသိသာသာ ဆိုးကျိုးရယ်လို့ မဖြစ်ပါဘူး”

အလယ်တန်းကျောင်းသားတစ်ဦးဖြစ်သူ ‘ချိဖန်’ကမူ ဤသို့ ပွင့်ပွင့်လင်းလင်း ဖြေပါသည်။ “ကျွန်တော် ကစားနေလို့ မိဘက ဆူရင်ပဲဖြစ်ဖြစ်၊ ဆရာက ငေါက်ရင်ပဲဖြစ်ဖြစ်၊ စာတွေ သိပ်ခက်ရင်ပဲဖြစ်ဖြစ်၊ စာကျက်ရတာ ပျင်းလာရင်ဖြစ်ဖြစ်၊ ကျွန်တော်တော့ ခုလိုကဗျာမျိုးတွေ ထအော်ပစ်လိုက်တာပဲ။ တစ်ခါတည်း ပေ့ါသွားတယ်ဗျ”

ပီကင်းတက္ကသိုလ် စိတ်ပညာမဟာဌာနမှ ပါမောက္ခ ‘ချင်ဟူချန်’ကလည်း အစိုးရိမ်မလွန်ကြဖို့ သတိပေးပါသည်။ “သူတို့ကဗျာလေးတွေကိုကြည့်ရင်ပဲ သူတို့စိတ်ဓာတ်ဟာ ပုံမှန်ဆိုတာ သိနိုင်ပါတယ်။ ဒီလောက် ထက်မြက်တဲ့ ကလေးမျိုးဟာ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို သတ်သေတာမျိုး ဘယ်တော့မှ မလုပ်ပါဘူးဗျာ၊ စိတ်ချပါ”

တစ်ဖက်မှ ဤသို့ ထိန်းထိန်းသိမ်းသိမ်းပြောသော်လည်း ပါမောက္ခ၏စကားတွင် အထူးသတိပြုဆင်ခြင်စရာများလည်း ပါနေသည်။ “တစ်ခုတော့ရှိတယ်ဗျာ။ ဒီနေ့ကလေးတွေရဲ့ ဘဝမှာဘာတွေလိုအပ်နေလဲ၊ ဘာတွေဖြစ်နေလဲဆိုတာကိုတော့ ကျွန်တော် တို့ ဝိုင်းဝန်းအဖြေရှာဖို့ လိုလိမ့်မယ်။ ကလေးဘဝဆိုတာ တစ် သက်လုံး ဘယ်တော့မှ ပြန်မရနိုင်တော့တဲ့ အဖိုးတန်အချိန်ပါ။ ဒီလိုဘဝမျိုးကို ကြည်ကြည်လင်လင်၊ သန့်သန့်စင်စင်နဲ့ ပျော်ပျော် ရွှင်ရွှင် ဖြတ်သန်းနိုင်ဖို့ သိပ်အရေးကြီးပါတယ်”

ပညာရေးဖိစီးမှု

ဤပြဿနာကို အလေးထားစဉ်းစားကြဖို့ ဆော်သြကြသူများထဲတွင် ကလေးသူငယ် ပညာသင်ကြားရေးဆိုင်ရာ ကျွမ်းကျင်သူ ‘ဆွန်ယန်ဇီ’မှာ ရှေ့တန်းမှ ပါဝင်သူဖြစ်သည်။ သူက ပညာရေး ပြုပြင်ပြောင်းလဲမှုကို ဦးတည်ပြောပါသည်။ “ဒီကလေးကဗျာတွေဟာ အဓိပ္ပာယ်မဲ့မဟုတ်ဘူးဗျ။ အဓိပ္ပာယ်ရှိတယ်။ သူတို့ရင်ထဲမှာ ဖိစီးနေတဲ့ ဝေဒနာတွေကို ဒီကဗျာတွေက ပြောပြနေတယ်”။ ကလေးဘဝ၏ အဓိကဖိစီးမှုမှာ ပညာရေးဟု ဆိုပါသည်။ “ကလေးတစ်ယောက်ဟာ လူမှန်းသိစကတည်းက စာတော်ဖို့ လိုတယ်၊ စာတတ်အောင်ကြိုးစားဆိုတဲ့ ဆုံးမစကားတွေနဲ့ ယဉ်ပါးလာခဲ့ရ တာ။ ကျောင်းနေချိန်ရောက်ပြီး ဆိုကတည်းက သူ့ဘဝမှာ စာက လွဲပြီး ဘာမှမရှိတော့သလိုဖြစ်လာတယ်။ ကုန်ကုန်ပြောရရင်ဗျာ၊ မိဘရင်ခွင်နဲ့ကို ဝေးလာရတော့တယ်။ ဒီလိုနဲ့ ကျောင်းသားဘဝ စတာနဲ့ ကလေးဘဝ ဆုံးသွားသလို ဖြစ်ကုန်တော့တယ်”

ပညာရေး သုတေသနဗျူရိုမှ ထုတ်ပြန်ကြေညာခဲ့သော ‘ခေတ်ပြိုင် တရုတ်ကလေးသူငယ်များ’ ဆိုသည့် အစီရင်ခံစာက

www.burmeseclassic.com

www.burmeseclassic.com



လည်း ဤအချက်ကို ထောက်ခံနေပါသည်။ "အလယ်တန်းနဲ့ မူလတန်းကျောင်းသားတွေရဲ့ (၆၀%)ကျော်ဟာ ကျောင်းမှာနဲ့ အိမ်စာအတွက်သာ အချိန်အများစု အသုံးပြုနေကြရတယ်။ ဒါဟာ နိုင်ငံတော်က တရားဝင်သတ်မှတ်ထားတာထက် အများကြီးပိုနေပြီ" အစီရင်ခံစာကိုဖတ်ပြရင်း 'ဆွန်ယန်ဇီ'က ရှင်းပြပါသည်။

ယနေ့ တရုတ်မိသားစုများတွင် လူဦးရေထိန်းချုပ်ရေးမူ အရ ကလေးတစ်ဦးသာ ယူခွင့်ရှိပါသည်။ ဤတွင် မိဘများမှာ တစ်ဦးတည်းသော ရင်သွေးလေးအပေါ်တွင် အချစ်တွေ ပုံထားလိုက်တော့သည်။ မိမိကလေးကို အများထက် ပိုတော်၊ ပိုတတ်စေချင်သည်မှာ အပြစ်ဟု မဆိုသာသော်လည်း ချစ်ရာမရောက်ဘဲ နှစ်ရာရောက်သည့် အဖြစ်များလည်း ရှိနေသည်။ သို့ဖြင့် မိဘရင်ခွင်နှင့် ဝေးလာသော ကလေးများအတွက် စာသင်ခန်းများမှာ စိတ်ပျက်ငြီးငွေ့စရာလို ဖြစ်လာသည်။ ထို့ထက် သွေးပျက်ချောက်ချားစရာဖြစ်လာလျှင် အခြေအနေမှာ ပို၍ပင်ဆိုးသွားနိုင်သည်။

"မိဘနဲ့ သားသမီးဆက်ဆံရေးရော၊ ဆရာတပည့် ဆက်ဆံရေးရော၊ သင်ကြားရေးစနစ်ရော အားလုံးပြုပြင်ပြောင်းလဲဖို့ လိုနေပါပြီ။ အမိန့်နာခံမှုဆိုတာထက် မေတ္တာနဲ့ယှဉ်တဲ့ ဆက်ဆံရေးမျိုးဖြစ်ဖို့ဟာ သော့ချက်နေရာက ရှိသင့်မယ် ထင်ပါတယ်။ စာသင်ခန်းဟာ တင်းကျပ်တဲ့ သင်တန်းမဖြစ်သင့်ပါဘူးဗျာ။ စိတ်လှုပ်ရှားပျော်ရွှင်စရာ ကစားကွင်းမျိုးသာ ဖြစ်သင့်ပါတယ်"

'ဆွန်ယန်ဇီ'၏အမြင်ကို ပညာရှင်အများစုက သဘောတူညီကြသည်ဟု သိရပါသည်။

## ပညာရေးကိုကျော်၍

ကလေးကဗျာများက ဖော်ပြနေသော ကလေးတို့၏ ဝေဒနာအများစုမှာ ပညာရေးမျက်နှာစာတွင် ဗဟိုပြုနေသော်လည်း အခြား

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာစာများနှင့် ဆက်စပ်နေသော ခံစားမှု အပိုင်းအစများကိုလည်း တွေ့နေရသည်။

"ငါ့အိပ်မက်တွေ ဘယ်ကလာ
အပြောင်းအလဲ ချင်ခြင်းက ပေါ်ထွက်လာ
မေးခွန်းတွေ ဘယ်ကဖြစ်
ငါ့အသက်က ဆယ့်ခြောက်နှစ်"

ဆယ့်ခြောက်နှစ်ရွယ် လူငယ်တစ်ဦး၏ အိပ်မက်သည် ဘာဖြစ်မည်နည်း။ သူစူးစမ်းနေသော မေးခွန်းများသည်ကော ဘာနှင့်ဆိုင်မည်နည်း။

"စားသောက်ဆိုင်များပေါ် နေရောင်ဖြာကျ
ဘဲကင်-ကြက်ကင်-ငါးကင်-ဆာတေး
ငေးရင်း အိတ်ထောင်စမ်း
ခေါင်းပဲ ယမ်းလိုက်ရရဲ့"

စီးပွားရေးတိုးတက်မှုနှင့်အတူ ကပ်ပါလာသော ဆင်းရဲချမ်းသာ ကွာဟမှုအပေါ် ကလေးတစ်ယောက်၏ တုံ့ပြန်မှု ဖြစ်ပါလိမ့်မည်။

အလယ်တန်းကျောင်းတစ်ကျောင်း၏ ကျောင်းအုပ်ဆရာကြီးတစ်ဦးဖြစ်သူ 'လီရှန်ဟိုင်း'က ဤသို့မှတ်ချက်ချပါသည်။ "ကလေးကဗျာ တွေးစရာ" ဟုဆိုပါကြောင်း။

**ကွန်ပျူတာသတင်းလွှာ၊ အောက်တိုဘာ၊ ၂၀၀၁။**

စာညွှန်း

- School Yard Rhymes evoke wide concern
  By . Xin Yan

■

www.burmeseclassic.com

www.burmeseclassic.com

# အသပြာမျိုးဆက်

ပျောက်ရာရှာခြင်း

အေးအေးဆေးဆေး လျှောက်လာရင်းမှ 'ပလာဇာ(၆၆)'ရှေ့ အရောက်တွင် ရုတ်တရက် ရပ်လိုက်သည်။ မရမ်းဖျော့ရောင် မျက်မှန်ပေါ်မှ ကျော်ကြည့်လိုက်တော့ ရန်ကုန်မြို့တော်၏ အခမ်းနား အထည်ဝါဆုံးသော 'ရွှေ့ပင်းစင်တာ'ကြီးက သူမကိုဖိတ်ခေါ်နေ ဟန် ပြုံးပြက်လျက်။ ဖျတ်ခနဲ ခေါင်းတစ်ချက်ခါပြီး လှစ်ခနဲ ဝင် လိုက်သည်။ ဤနေရာသည် သူမ၏အိုအေစစ်။

အပြင်လမ်းမပေါ်ဝယ် လူအများ တိုးဝှေ့သွားလာနေကြ သော်လည်း 'ပလာဇာ(၆၆)'မှာ ရှင်းလင်းသည်နှင့်အမျှ ငြိမ်ဆိတ် နေသည်။ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၏ တကြော်ကြော် အော်ဟစ်သံကို မကြားရပါ။ ပျံ့ကျဈေးလို ဆိုင်ရှင်အချင်းချင်း ရယ်မောသံ၊ ရန်ဖြစ်သံများလည်း မရှိပါ။ ဘတ်စ်ကားများ၏ တကျွီ ကျွီ ဘရိတ်နင်းသံများလည်း မှန်လုံခန်းထဲသို့ ထိုးဖောက်ဝင်မ လာနိုင်ပါ။ ရေမွှေးနံ့သင်းသော၊ လေအေးစက်လေထုတွင် ပျံ့

www.burmeseclassic.com

www.burmeseclassic.com



နေသည့် ခပ်ငြိမ့်ငြိမ့် ဂီတသံနောက်ခံဝယ် အရောင်းစာရေးမလေးများ၏ ချိုမြမြ ဈေးခေါ်သံဖွဖွကိုသာ တစ်ချက်တစ်ချက်ကြားနေရသည်။

နေကာမျက်မှန်ကို ချွတ်ရင်း အရောင်းကောင်တာကို မျက်စိတစ်ဝဲ ကြည့်လိုက်သည်။ Fendi လက်ဆွဲအိတ်ကလေးတွေ့တော့ ခဏလေးငေးလိုက်မိသည်။ 'ချစ်စရာလေး'။ Dior ဝတ်စုံတွေ မြင်တော့ ဈေးမမေးဘဲ မနေနိုင်။ 'ဘယ်လောက်လဲဟင်. . '။ ဒီဇိုင်းသစ်၊ တံဆိပ်သစ်တွေက စိတ်ကိုလာဆွနေသည်။ မဝယ်ဘဲ မနေနိုင်။ သည်လိုနဲ့ပဲ တစ်ပတ်ကို လေးငါးကြိမ်ထက်မနည်း 'ပလာဇာ (၆၆)'သို့ လာဖြစ်သည်။ လာတိုင်းလည်း ဝယ်စရာတွေက မရိုးနိုင်။ သို့ဖြင့် တစ်လတစ်လကို ဒေါ်လာ ၄၀၀၀ ဖိုးမျှ မှန်မှန်သုံးဖြစ်နေတော့သည်။ တရုတ်ပြည်၏ ပျမ်းမျှလစာနှင့် နှိုင်းယှဉ် လိုက်လျှင် အဆ ၁၃၀ ခန့် ရှိပါလိမ့်မည်။

ငွေကို လေလိုသုံးနေသော ဤကလေးမလေး၏ အမည်မှာ 'မဂ္ဂီကောင်း'ဖြစ်ပါသည်။ အသက်က ဆယ့်ခုနစ်နှစ်။ သွားအလှ ပြင်ပြီး အသားသေအောင် ကွပ်ထားသော သွားအစွပ်ကိုပင် မဖြုတ်ရသေး။ သွားလေရာ အကောင်းစားသားရေအိတ်ပြားကြီးကို လွယ်ထားတတ်သည်။ အထဲမှာ ဟောင်ကောင် ပေါ့(ပ်)အဆိုတော် အက်ဒီဆင်၏ဓာတ်ပုံက ပါမြဲ။ ဆံပင်ရှည်ရှည်ကို ဆံထုံးမြင့်မြင့် ပွပွထုံးဖွဲ့ထားသည့်တိုင် မျက်နှာနုနုလေးက ကလေးဟန် မပျောက်တတ်သေး။ လက်တစ်ဝါးစာ ပိုက်ဆံအိတ် သေးသေးလေးကို ဖွင့်ကြည့်လိုက်လျှင် 'ချိုလိမ်'လေးတစ်ခုကို တွေ့ရနိုင်သေးသည်။ အပျိုပေါက်နှင့် ချိုလိမ် ဘာဆိုင်သနည်း။ 'ကောင်း' အတွက်တော့ ဤချိုလိမ်လေးမှာ သွားလေရာ ဆောင်ထားရသည့် မရှိမဖြစ် ပစ္စည်း။ "ကျွန်မစိတ်တွေ သိပ်ညစ်လာရင် ချိုလိမ်လေးကို ပါးစပ် ထဲ ထည့်လိုက်တာပဲ။ တစ်ခါတည်း ကလေးလေးဖြစ်သွားရော. . ပျော်သွားရော. . "။

www.burmeseclassic.com

www.burmeseclassic.com



ဤလို ကလေးမလေးတွင် စိတ်ညစ်စရာရှိနေသည်ဆိုခြင်း မှာ နည်းနည်းတော့ ထူးဆန်းနေလိမ့်မည်။ 'ကောင်း'၏အဖေက ငွေရှာကောင်းသည့် သူဌေးပေါက်စ။ ကာလတိုအတွင်း မတရား ချမ်းသာလာတော့ ငယ်ပေါင်းဇနီးနှင့် ကွဲသွားသည်။ 'ကောင်း' အတွက်မူ ငါးနှစ်သမီးအရွယ်လောက်ကတည်းက အမေ့ရင်ခွင်နှင့် ဝေးသွားတော့သည်။ အဖေက 'ကောင်း'ကိုချစ်ပေမယ့် ကောင်းနား မှာ အမြဲမနေနိုင်။ အစေခံတွေနှင့် နေရသောဘဝကို ငြီးငွေ့လှပြီ။ သည်လိုနှင့် ပိုက်ဆံတွေထိုးသိပ်ထည့်ပြီး ဆိုင်တကာလှည့်သည်။ တွေ့ကရာ ဝယ်သည်။

'ကောင်း'တစ်ယောက် ၁၀ တန်းမအောင်ပါ။ ရှန်ဟိုင်းမြို့ ပေါ်မှ ကြေးအကြီးဆုံး ပုဂ္ဂလိက ကျောင်းများတွင် အဖေက အပ် ပေးသည်။ 'ကောင်း'မငြင်းပါ။ ဒါပေမဲ့ ကျောင်းတော့မတက်။ ကျောင်းလစ်ပြီး ရှော့ပင်ထွက်သည်။ သည်အတွက်တော့ 'ကောင်း' မှာ အဖြေရှိပါသည်။ "ကျွန်မကျောင်းလစ်တာ အလကားမဟုတ် ဘူး။ အဖေ့ငွေတွေကို ဖြုန်းချင်လို့. .။ အဖေနဲ့အမေ ကွဲနေလို့ ကျွန်မအဖော်မဲ့နေရတာ။ အဲဒါ အဖေ့ကြောင့်. .။ ဖြုန်းမှာပဲ၊ မကုန် ကုန်အောင်ကို ဖြုန်းပြမယ်. . "။ သည်လိုနှင့် 'ကောင်း'မှာ 'ပလာဇာ (၆၆)'၏ ပင်တိုင်ဖောက်သည် ဖြစ်လာတော့သည်။ သူမကိုယ်တိုင် ကလည်း ရှော့ပင်မထွက်ရ မနေနိုင်။ ရှော့ပင်ကို စွဲနေပြီ။

တစ်နေ့ကတော့ ထူးထူးခြားခြား အဖေက ညည်းပြသည်။ "သမီးရယ် ငွေကလည်းသုံးလိုက်တာ. . "။ချက်ချင်း နှုတ်ခမ်းစူပစ် လိုက်သည်။ "ဘာလဲ အဖေက မပေးချင်ဘူးလား"ပြောတော့ အဖေ့ပိုက်ဆံအိတ်ကြီးပွင့်သွားသည်။ "ရပါတယ်သမီးရယ်…ကဲ… ကဲ…ငါ့သမီးလေး ကြိုက်သလောက်ယူစေဗျား…"။ အဖေ့နဖူးကို အပြေးကလေးနမ်း၊ ပိုက်ဆံတွေကို မိမိရရဆွဲပြီး ပေါ်တီကိုအောက် မှာရပ်ထားသော ကားလေးဆီသို့ ဒရောသောပါး ပြေးထွက်ခဲ့ သည်။ ပါးစပ်ကလည်း တွေ့ကရာတွေ အော်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြုံးပြုံးပျော်ပျော်စျေးဝယ်ဖို့… ပလာဇာ(၆၆)ကိုသွားကြစို့ ‌. " လှည့်မကြည့်သည့်တိုင် အဖေပြုံးနေမည်ကို စိတ်ထဲက သိနေသည်။

စတိုင်သစ်

တရုတ်ပြည်၏ ဧကရာဇ်လေးများနှင့် ဧကရီလေးများမှာ ယခုအခါ အရွယ်ရောက်ကြီးပြင်းလာကြပြီဖြစ်ပါသည်။ ခေတ်သစ်တရုတ်သမိုင်းတွင် 'ဒုက္ခဆိုတာချိုနဲ့လား' ဟု မေးရလောက် အောင် အစစအဆင်ပြေနေသော မျိုးဆက်တစ်ခု ပထမဆုံးအကြိမ် ပေါ်ထွက်လာသည်။ လွတ်မြောက်ရေးစစ်ပွဲကို သူတို့မသိ။ ယဉ်ကျေးမှုတော်လှန်ရေးသည်ပင်လျှင် အိပ်ရာဝင်ပုံပြင်ထက် ဘာမှမပို။ သူတို့ အရွယ်ရောက်ကြီးပြင်းရာ အနှစ်နှစ်ဆယ်မှာ အရင်းရှင် တော်လှန်ရေးကာလဖြစ်သည်။ ဤကာလကြီး၏ သင်္ကေတမှာ 'မော်စီတုန်း'မဟုတ်။ 'အသပြာ'ဖြစ်သည်။ သူတို့ မျက်မှောက်ပြုနေရ သောလူမှုအပြောင်းအလဲများတွင် နိုင်ငံရေးမပါ။ အိုင်ဒီအိုလိုဂျီမရှိ။ စီးပွားရေးတံခါးဖွင့်ဝါဒနှင့် မိသားစုတစ်ခု ကလေးတစ်ယောက် ပေါ်လစီဖြစ်သည်။ စင်စစ် သူတို့အားလုံးမှာ ဤမူဝါဒနှစ်ရပ်မှ မွေးထုတ်လိုက်သည့် ပထမဆုံးသားသမီးများ ဖြစ်ပါသည်။

များသောအားဖြင့် သူတို့၏ မွေးရပ်ဇာတိမှာ ကမ်းရိုးတန်းဒေသရှိ အထူးစီးပွားရေးဇုန်များဖြစ်သည်။ တရုတ်ပြည်၏ စီးပွားရေးအဖွံ့ဖြိုးဆုံးဒေသများဖြစ်ပါသည်။ သူတို့မိဘများမှာလည်း ခေတ်သစ်နှင့်အတူ မွေးဖွားလာသော ဘိဇနက်လောကသားများဖြစ်သည်။ ထို့ထက် သူတို့အားလုံးမှာ ချမ်းသာသော မိသားစုများ၏ တစ်ဦးတည်းသော ရင်သွေးငယ်များလည်း ဖြစ်နေပါသည်။ သို့ဖြင့် သူတို့ဘဝမှာ တိမ်ညွန့်စား၊ လရထားစီးများ ဖြစ်နေတော့သည်။ ကျေးအကြီးဆုံးကျောင်းများတွင် အကောင်းဆုံးပညာများ သင်ခွင့်ရကြသည်။ တော်တော်များများဆိုလျှင် နိုင်ငံခြားသို့ပင် သွားရောက်ပညာရှာနိုင်ကြသည်။ သူတို့ကို ဖျတ်ခနဲကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှင် အနောက်တိုင်းမှ ကလေးတွေနှင့် ဘာမျှမခြား။ နောက်ဆုံးပေါ် ဖက်ရှင်ကို ခါးကမချသလို၊ နောက်ဆုံးပေါ် ဂီတကိုလည်း ပါးစပ်ကမချ။ တစ်ချိန်ကခေတ်စားခဲ့သော 'မော်ဝတ်စုံ'မီးခိုးမှိုင်းကို ယောင်လို့မှ ခါးပေါ်မတင်။ Arman သို့မဟုတ် Tommy Hilfiger တံဆိပ်မှ ဝတ်သည်။ တရုတ်ဂဏ္ဌဝင်ကို သူတို့စိတ်မဝင်စား။ 'ဘရစ်နီစပီးယား'နှင့် 'အမ်မီနန်'တို့သည်သာ သူတို့၏ နိစ္စဓူဝ သံစဉ်ဖြစ်သည်။ အသစ်အဆန်းဟူသမျှ အားလုံးစိတ်ဝင်စားကြသည့်တိုင် အိုင်ဒီယာသစ်ဖို့ ကိစ္စကိုမူ သူတို့တစ်ခါမှ မတွေးဖူးပါ။ သူတို့အရင်မျိုးဆက်၏ မအောင်မြင်သော အိုင်ဒီယာသစ် လှုပ်ရှားမှုကိုကြုံခဲ့ဖူးတော့ မိဘများကလည်း နိုင်ငံရေးနှင့် ဝေးဝေးနေစေချင်သည်။ စင်စစ် သူတို့ရှာဖွေနေသည်က စတိုင်သစ်ဖို့ဖြစ်သည်။

ကုန်းတွင်းပိုင်းဒေသနှင့် အစွန်အဖျားဒေသများမှ လူငယ်များမှာမူ သူတို့လို ကံမကောင်းကြရှာပါ။ ပြင်းထန်သော စီးပွားရေးစိန်ခေါ်မှုများအောက်တွင် လူငယ်ဘဝ ပျောက်ဆုံးသလို ဖြစ်နေသည်။ ပြောရလျှင် ရှန်ဟိုင်းလူငယ်များမှာ နက်သထက်နက်လာသော ဆင်းရဲချမ်းသာကွာဟမှု ချောက်ကမ်းပါးကြီးထိပ်တွင် ရပ်နေသူများဟု ဆိုနိုင်ပါလိမ့်မည်။ သို့နှင့်တိုင် သူတို့သည် ချောက်ကမ်းပါးကြီးကို ယောင်လို့မျှ ငုံ့မကြည့်တတ်။ မျိုးဆက်ဟောင်း၏ 'ရဲဘော်စိတ်'ဆိုသည်ကို သူတို့နားမလည်ကြသလို 'ကွန်ဖျူးရှပ်'၏ 'အိမ်နီးချင်းကို ကူညီပါ၊ ဆွေမျိုးသားချင်းကို စောင့်ရှောက်ပါ' ဆိုသည့် လောကသာရကိုလည်း စိတ်မဝင်စား။ သူတို့၏ အတွေးထဲတွင် ရဲဘော်မရှိ၊ ဆွေမျိုးမရှိ၊ တရုတ်ပြည်ပင်မရှိ၊ ကိုယ်ကျိုးစီးပွားမှလွဲ၍ ဘာမှမရှိ။ ဤကိုယ်ကျိုးစီးပွားကို အမြဲမိုးပေါ်ဝဲပျံနေစေရေးအတွက် အရေးကြီးတာ နှစ်ခုပဲရှိသည်ဟု ခံယူသည်။ 'ငွေကြေး'နှင့် 'အဆက်အသွယ်' ဖြစ်သည်။ ဤအတွက်လည်း ဘာမှ ပူပင်စရာ မရှိပါ။ သူတို့မိဘများတွင် နှစ်ခုလုံး ရှိပြီး ဖြစ်သည်။ သူတို့တစ်တွေမှာ မိဘများ၏ တစ်ဦးတည်းသော အမွေခံများဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရာ သူတို့အနာဂတ်မှာ သေချာရေရာနေတော့သည်။ မသေချာ၊ မရေရာသည်က ဤလူငယ်လေးများနှင့် တည်ဆောက်ကြရမည့် တရုတ်ပြည်ကြီး၏ အနာဂတ်ဖြစ်ပါသည်။

ကျောင်းပြေး

'မာဘိုရို'ကို ပြာခွက်ထဲသို့ ထိုးချေလိုက်သည်။ ဝေ့ဝဲသွား သော စီးကရက်မီးခိုးများကို လေနှင့်မှုတ်လိုက်ရင်း၊ ဆိုဖာနောက်မှီ ပေါ်သို့ ပျင်းရိပျင်းတွဲ ပစ်လှဲလိုက်သည်။ လိမ်ယှက် ကခုန်ဆဲမီး ခိုးငွေ့များကြားမှ ရိပ်ကနဲဖြတ်သွားသော စကပ်တိုတိုကလေးမ ကို မြင်လိုက်တော့ စိတ်ထဲကျေနပ်သွားသည်။ ရုတ်တရက်ရလိုက် သောအကြံကို လက်တွေ့အကောင်အထည်ဖော်ဖြစ်လိုက်သည့် အတွက်လည်း မိမိကိုယ်ကို ပီတိဖြစ်နေသည်။ ဒီအကြံအတွက် လေယာဉ်ခ ဒေါ်လာ ၅၀၀ ကို သုံးဖြုန်းလိုက်ရသည်။ ဘိုင်ပြတ် နေချိန်မို့ နှမြောသလိုလိုတော့ ရှိမိသား။ ဒါပေမဲ့ တန်ပါတယ်။ ခုဆို သူ ရှန်ဟိုင်းရောက်နေပြီ။ ရှန်ဟိုင်းမြို့တော်၏ အသားနားဆုံး ဟိုတယ်တွင် တည်းခိုပြီး၊ ရှန်ဟိုင်းသူ အသွက်မလေးများကို မျက်စိ စားပွဲ ထိုင်နိုင်ပြီ။ ပြီးတော့ 'နိုက်ကလပ်'. . ၊ ရင်ခုန်စရာ ကပွဲ. . ။ အတွေးနှင့်ပင် သွေးလည်ပတ်နှုန်း မြန်လာသလား ထင်ရသည်။

တကယ်တော့ 'ပီတာချို'မှာ ရှန်ဟိုင်းသားစစ်စစ် တစ် ယောက်ဖြစ်ပါသည်။ သူ့အဖေက Ningbo ဆောက်လုပ်ရေးမှ အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး။ မွေးကတည်းက ငွေဇွန်းကိုက်၍ မွေးလာသူဟု ဆိုနိုင်သည်။ အကောင်းဆုံးတိုက် မှာနေ၊ အရသာအရှိဆုံး အာဟာရကိုစားပြီး အနိပ်ဆုံးအဝတ်အ စားကို ဝတ်ခဲ့ရုံမျှမက အကောင်းဆုံးကျောင်းမှာလည်း တက်ခဲ့ပါ သည်။ သို့နှင့်တိုင် သူ ကိုးတန်းမအောင်ပါ။ အဖေက နည်းနည်း မျက်နှာပျက်ချင်သည့်တိုင် သူ့စိတ်ထဲက ဘာမှမခံစားရ။ ကိုးတန်း ကျသည့်နှစ်ကပဲ ပါတီပွဲကို ပထမဆုံးတက်ဖူးခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုအကသင်ပေးခဲ့သော မမကို ယနေ့တိုင်မမေ့။ မမက ပွဲတက် ဆောင်ကကွက်သာမက ဘဝဇာတ်ခုံပေါ်တွင် အသုံးတည့်မည့် ကကွက်မျိုးစုံ သင်ပေးခဲ့သည်။ သည်လိုနှင့် သူအသက်ကြီးသွား သည်။ ခုဆို နှစ်ဆယ့်သုံးနှစ်ပင်ရှိပြီ။ သူကတော့ ပျော်ပျော်. . .။

မနှစ်က သူ့ကို ဩစတြေးလျ ပို့လိုက်သည်။ အဲဒီက အ ကောင်းဆုံးကျောင်းတွေမှာ သွားနေဖို့ဖြစ်သည်။ သူအလွယ်တကူ ခေါင်းညိတ်လိုက်ပါသည်။ အဖေကမ်းလှမ်းသည့် ကမ်းလှမ်းချက် ကလည်း မက်စရာ။ တစ်နှစ်ကို ဒေါ်လာ ၅၀,၀၀၀ ပို့ပေးမည်ဆိုပဲ။ ဩစတြေးလျမှာလည်း သူ့အတွက်ပျော်စရာပင်။ သူ့လို လူကုံထံ တရုတ်လေးတွေနှင့် အတူနေသည်။ ဥရောပသူလေးတွေနှင့် ‘ဒိတ်’လုပ်သည်။ သူ့စီးတော်ယာဉ် မီးခိုးရောင် BMW 325 လေး ဖြင့် လေပွေမွှေ့နေလိုက်သည်။ ကြာတော့လည်း သူ ငြီးငွေ့ချင် လာသည်။ ‘ရှန်ဟိုင်း’၏ မီးရောင်မှိန်ဖျော့ညများကို လွမ်းလာသည်။ “မဖြစ်သေးပါဘူး၊ တစ်ပတ်လောက် ပြန်ကဲပစ်လိုက်ဦးမှ”။ ကြာ ကြာမစဉ်းစားပါ။ လေယာဉ်လက်မှတ်ချက်ချင်းဝယ်ပြီး လစ်လာခဲ့ သည်။ ဟော-ခုတော့ ရှန်ဟိုင်းမြေပေါ် ခြေချမိပြီ။ ဒီည ၁၀ နာရီ ဆိုရင် အိုကေ. . .။

တစ်ခုပဲ ခက်နေသည်။ သူ့မှာ ငွေအားနည်းနေပြီ။ မဖြစ် . . ၊ ငွေမရှိလို့က ဘယ်လိုမှမဖြစ်။ အပျော်ဆိုတာ ငွေမို့လား. . ။ ငွေမရှိရင် ဝေါင်သွားမည်၊ ကျန်ရစ်မည်။ ငွေ. . ၊ ငွေ. . ၊ ငွေ. . ဘယ်လိုရှာရမလဲ။ ‘မာဘိုရို’တစ်လိပ်ကိုမီးညှိပြီး အဆုပ်ထဲရောက် အောင်ရှိုက်လိုက်မှ ဉာဏ်အလင်းပွင့်သွားသည်။ ဟုတ်ပြီ။ အဖေ့ ဆီဖုန်းဆက်မယ်။ သူ့အဖေတွင် မာမီလေးတွေ၊ မာမီလတ်တွေ အများကြီးရှိနေသည်ကို သူသိထားသည်။ လစဉ် မယားစရိတ် ထောက်ပံ့တိုင်း သူ့ကို နှုတ်ပိတ်ခပေးနေကျ။ ခုလည်း သူတောင်း လျှင် သူ့အဖေ ငြင်းမည်မဟုတ်။ ငြင်းရဲငြင်းကြည့်လေ။ အမေ့ကို တိုင်လိုက်မည်။ ပိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ဖုန်းကို နှိပ်လိုက်သည်။ ကံကောင်းချင်တော့ အဖေနှင့် တန်းတိုးသည်။ "ဒယ်ဒီလား"။ "ဟေ့၊ မင်းဘယ်က ဆက်နေတာလဲ. ."။ "ရှန်ဟိုင်းကဒယ်ဒီ. . ဟိုတယ် အီကွိတီက"။ "ဟာ . . . ဒီကောင် ကျောင်းလစ်ပြန်ပြီထင်တယ်"။ "ဒယ်ဒီကလည်း 'ပတ်(၉၇)'မှာ ကပွဲရှိတယ်ဗျ။ သိပ်အရေးကြီးတဲ့ပွဲ. ."။ "အဲဒီမှာ မင်း က ကဲတော့မှာပေါ့. ."။ "အဲဒါတွေ ဒယ်ဒီတို့ ခက်တာပေါ့။ ဒယ် ဒီပဲ ပြောပါရောလား၊ ကော်နက်ရှင်က အရေးကြီးဆို. ."။ "ဘာ ဆိုင်လဲကွ"။ "သိပ်ဆိုင်တာပေါ့ ဒယ်ဒီ. .၊ ကော်နက်ရှင်က စာ သင်ခန်းထဲမှာ မရှိဘူးလေ. .၊ ကပွဲမှာမှ ရှိတာဗျ။ ဒီပွဲမှာ ဂေါ်ဇီလာရော၊ ကင်းကောင်ရော စုံကြမှာ. .၊ ဒါတွေ ဒယ်ဒီသိပါတယ်. ."။ "ကိုင်း. . ကိုင်း ထားပါတော့၊ ခု ဘာကိစ္စ. ."။ "ဖြည်းဖြည်းပေါ့ ဒယ်ဒီရာ၊ ဒါနဲ့ မာမီလေးတို့၊ မာမီလတ်တို့ နေကောင်းလား"။ "အဲဒါ မင်းနဲ့ဘာဆိုင်လဲ. ."။ "ကျွန်တော်က သတိရလို့ပါ ဒယ်ဒီရဲ့. ."။ "လုပ်မနေနဲ့ကွာ၊ ငွေဘယ်လောက်ပို့ရမလဲပြော. ."။ "ဒယ်ဒီ စေတနာရှိသလောက်သာ ပေးပါ. . အဲ. . ဒေါ်လာ တစ်ထောင်ထက်တော့ မလျော့စေနဲ့ပေါ့. ."။ "ခွေးကောင်"။

လက်ကိုင်ဖုန်းကိုပိတ်လိုက်တော့ သူ့တစ်ကိုယ်လုံး ငှက်မွေးလေးလို ပေါ့သွားသည်။ သူ့အနားဖြတ်သွားသော ဟိုတယ်မယ်လေးကို မျက်စိတစ်ဖက်မှိတ်ပြရင်း နှုတ်ခမ်းပေါ် လက်နှစ်ချောင်း ဝဲပြလိုက်သည်။

ပြုံတော့မယ့်မိုး

'ပီတာချို'လို ကလေးများမှာ သူတို့မိဘများနှင့် နှိုင်းယှဉ်လိုက်လျှင် ခေတ်ကောင်းမီလိုက်သူများဟု ဆိုနိုင်စရာ ရှိပါသည်။ သူတို့အားလုံးမှာ မိဘများ၏ ချစ်ခြင်းအားလုံးနှင့် ငွေကြေး အထောက်အပံ့ကို အလျှံပယ်ရရှိနေသူများ ဖြစ်ကြသည်။ တစ်ပြည်လုံး အတိုင်းအတာအရ ၅၀,၀၀၀ မျှသာရှိသော ပုဂ္ဂလိကကျောင်း

www.burmeseclassic.com

www.burmeseclassic.com



များတွင် ပညာသင်ခွင့်ရသည်။ အကောင်းဆုံးဆိုသည့် သင်တန်းများတွင် တက်ရောက်သင်ကြားနိုင်သည်။ သာမန်လူများအတွက် စိတ်ကူးပင်မထည့်နိုင်သော ဒေါ်လာ ၁၃,၀၀၀ မျှ ငွေကြေးကို ပညာရေးအတွက် နှစ်စဉ်အသုံးပြုခွင့်ရနေပါသည်။ ထိုမျှမကနိုင်ငံခြားသို့ပင် သွားရောက်ပညာသင်ခွင့် ရနေပါသည်။ သူတို့မိဘများမှာ ပညာရေးကို ဘဝအာမခံချက်တစ်ရပ်အနေနှင့် ခံယူထားကြရာ ဘယ်လောက်ကုန်ကုန်ဆိုသော သဘောထိရှိနေသည်။ သို့နှင့်တိုင် ကလေးများထဲမှ ပညာရေးထွန်းထွန်းပေါက်ပေါက် ဖြစ်လာသူဆို၍ အတော်ရှားပါသည်။ ပို၍ ဘဝင်မကျစရာကောင်းသည့် အချက်မှာ ပစ္စုပ္ပန်တွင်သာ ပျော်သလိုနေကြပြီး အနာဂတ်ပျောက်နေသည့်ကိစ္စဖြစ်သည်။ သူတို့တွင် ရည်ရွယ်ချက်မရှိ တာဝန်ယူ စိတ်မရှိ။ ဘဝကို လွယ်လွယ်တွေး၍ ပေ့ါပေ့ါလေး ရင်ဆိုင်နေ ကြသည်။ သို့ဖြင့် လူကြီးမိဘများ၏ အမြင်တွင် သူတို့လေးတွေမှာ အလိုလိုက်အမိုက်စော်ကားဆိုသလိုမျိုး ဖြစ်နေတော့သည်။

ဤအတွက် ကလေးတွေကို တစ်ဖက်သတ် အပြစ်ဖို့နေရုံနှင့်မပြီးပါ။ ဤအနေအထားကြီးသို့ တွန်းပို့လိုက်သည့် အရပ်ရပ်အခြေအနေများကို ပြန်လည်ဆန်းစစ်ကြသည်များ ရှိလာသည်။ ပညာရေး သုတေသီအချို့ကား လူငယ်မျိုးဆက်များကြားတွင် ဖြစ်ပေါ်နေသော အိုင်ဒီယာကွက်လပ်ကြီးကို အလေးထားထောက်ပြကြသည်။ သိကြပြီးဖြစ်သည့်အတိုင်း နိုင်ငံတော်၏ ဦးဆောင်မဟာအိုင်ဒီယာကြီးတစ်ခု၊ လက်သီးဆုပ်ပြေသွားရာမှ ဤကွက်လပ်ကြီးက စတင်ခဲ့ခြင်းဖြစ်သည်။ ဤနေရာတွင် အနောက်မှအိုင်ဒီယာများ ပျံ့နှံ့လာရာမှ စိတ်မချမ်းမြေ့ဖွယ်ရာ အကျိုးဆက်များနှင့် ကြုံခဲ့ရပြန်ရာ နိုင်ငံတော်ကရော မိဘများကပါ 'နိုင်ငံရေးနှင့်ဝေးသည့်လမ်းကြောင်း' Apolitic Trend ကို မနည်းတည့်ပေးခဲ့ရသည်။ ဤတွင် အတ္တအကျိုးစီးပွားနှင့် ပေါ်ပင်ဖက်ရှင်များအတွက် ရေခံမြေခံကောင်းတစ်ခုလို ဖြစ်ခဲ့ရပြန်သည်။ တရုတ်

www.burmeseclassic.com

www.burmeseclassic.com



တို့၏ အစဉ်အလာယဉ်ကျေးမှုဖြစ်သော ကွန်ဖျူးရှပ်၏ 'စည်းကမ်း၊ ပညာရေးနှင့် ကျင့်ဝတ်' စသော နှုန်းစံများနှင့် လူငယ်ထုကို ပြန်လည်ပုံသွင်းဖို့ ကြိုးစားခဲ့သည့်တိုင် ထင်သလောက် အောင်မြင်မှု မရခဲ့ပါ။

စိတ်ပညာရှင်အချို့ကမူ ပုံပန်းပျက်လာသော မိသားစုတန်ဖိုးများနှင့် မိဘ သားသမီးဆက်ဆံရေးများကို ထောက်ပြကြသည်။ သိကြပြီးဖြစ်သည့်အတိုင်း စီးပွားရေးတိုးတက်မှုနှင့်အတူ ချမ်းသာသော အလွှာတစ်ခု ဖြစ်တည်လာခဲ့သည်။ သို့နှင့်အမျှ အစဉ်အလာယဉ်ကျေးမှုဟုဆိုနိုင်သော မယားငယ်၊ မယားပြိုင် ပြဿနာများလည်း ပြန်ပေါ်လာသည်။ သို့နှင့်တိုင် ခေတ်သစ် တရုတ်အမျိုးသမီးထုမှာ ယခင်ကလို အိမ်တွင်းကျွန်ဘဝဖြင့် ကျေနပ်နေသူများ မဟုတ်တော့ရာ အိမ်ထောင်ရေးဘဝတွင် အလှုပ်အယမ်းများ များလာသည်။ တရုတ်ပြည်၏ အိမ်ထောင်ပြိုကွဲမှုနှုန်းမှာ အနောက်နိုင်ငံများ၏ စံချိန်နှင့်ယှဉ်လိုက်လျှင် မပြောပလောက်သေးသော်လည်း လွန်ခဲ့သော ဆယ်နှစ်အတွင်း သိသိသာသာ တက်လာခဲ့သည်။ ထုံးစံအတိုင်း မိဘများ၏ အိမ်ထောင်ရေးပြဿနာများ တွင် သားသမီးများ မြေစာပင်ဖြစ်ကြရတော့သည်။ အထူးသဖြင့် မိဘနှင့် သားသမီးဆက်ဆံရေးတွင် ယုံကြည်မှုများ ပြိုကျလာရာ မှ ဆိုဆုံးမရခက်သော ကလေးတွေ များသထက်များလာသည်။

ဤအခင်းအကျင်းသစ်တွင် ပီကင်းအခြေစိုက် လူမှုဗေဒ ပညာရှင်တစ်ဦး၏ အနာဂတ်ညည်းချင်းမှာ စာနာနားလည်နိုင်စ ရာ ရှိလိမ့်မည် ထင်သည်။ "ဒီနေ့ကလေးတွေကို ကြည့်ရင်း ဘယ် အချိန် မိုးပြိုမလဲလို့ မထိတ်သာမလန့်သာ ဖြစ်နေရပြီဗျာ" ဟူ၏။

ရှန်ဟိုင်းဒေင်

'ပတ်(၉၇)'တွင် ငွေတွေ ရေလိုစီးနေသည်။ လွန်ခဲ့သော ငါးနှစ် အဆင့်မြင့်ကလပ်ကို စတင်ဖွင့်လှစ်စဉ်ကတော့ နိုင်ငံခြား

www.burmeseclassic.com

www.burmeseclassic.com



သားများအတွက်သာ ရည်ရွယ်ခြင်းဖြစ်သည်။ အသက် ၃၀ အရွယ် ခပ်ငြိမ်ငြိမ်လူလတ်ပိုင်းများသာ အလာများသည်။ ယခု တော့ အသက် ၂၀ ဝန်းကျင် လူငယ်များ၏ ဘူမိနက်သန် ဖြစ်နေ ပါပြီ။ ကလပ်အဖွဲ့ဝင်အားလုံး၏ သုံးပုံတစ်ပုံကျော်မှာ တရုတ်လူမျိုးများ ဖြစ်သည်။ ကလပ်ထဲရောက်သည်နှင့် မျက်စိကို တစ်ချက်ဝေ့ကြည့် လိုက်ပါ။ ဒေါ်လာကို အတောင်တပ်ထားသော ဆောင့်ကြွားကြွား ချာတိတ်တွေကို မမြင်ချင်အဆုံး။ သူတို့လက်၊ သူတို့ခြေ၊ သူ တို့ဟန်၊ သူတို့သဏ္ဍာန်က အရာရာတိုင်းတွင် နေရာယူနေတော့ သည်။

ဘားကောင်တာရှေ့မှ မှောင်ရိပ်ကျကျ စားပွဲတွင် ဆယ် ကျော်သက် ကလေးမလေးတစ်ယောက် ထိုင်နေသည်။ တစ်ခွက် ငါးဒေါ်လာကျသော တော်နစ်ရောထားသည့် 'ဂျင်'ဖန်ခွက်ကို ရွရွ လေးကိုင်ရင်း သူမ၏ယောက်ျားလေးမိတ်ဆွေကို စောင့်နေခြင်း ဖြစ်သည်။ သူမ ဖခင်က အလှကုန်များ နိုင်ငံခြားသို့ တင်ပို့နေ သူ။ ခပ်လှမ်းလှမ်းစားပွဲတွင် ဘောင်းဘီတိုကပ်ကပ်နှင့် ချာတိတ် နှစ်ယောက်က ဂေါက်သီးကစားနည်းအကြောင်း အော်ကျယ်အော် ကျယ်ပြောနေကြသည်။ သူတို့ရှေ့တွင် ဈေးကြီးလှသည်ဟု နာ မည်ကြီးသော အီတာလျံဝိုင်ပုလင်း။ ထိုအခိုက်တွင် ဆိုင်ကယ်သံ ဝူးကနဲကြားလိုက်ရပြီး ပီတာချိုတစ်ယောက် ကလပ်ထဲဝင်လာ သည်။ သူက ဗီ-အိုင်-ပီ အခန်းထဲတန်းသွားသည်။ ခဏနေမှ Veuve Clicquot ပုလင်းဆွဲပြီး ထွက်လာသည်။ ဖွာလက်စ 'မာ ဘိုရို'ကို လက်ညှိုးနှင့်တောက်လိုက်ပြီး မှောင်ရိပ်ထဲမှ ကလေးမ ဆီ လျှောက်သွားသည်။ "ဟဲလို့ . . ဆွီတီ"။ "ဟိုင်း . . ဒါလင်"

ပြောရလျှင် 'ပတ်(၉၇)'မှာ လူ့မလိုင်ခဲလေးများ၏ ဆုံဆည်း ရာဖြစ်ပါသည်။ အကောင်းစားကားတွေ၊ ဆိုင်ကယ်တွေနှင့် ညဥ့်၏ ဒုတိယယံတွင် ရောက်လာကြသည်။ နောက် ရောင်နီလာချိန်ထိ ပျော်ကြသည်။ ကဲကြသည်။ တချို့ ရန်ဖြစ်၊ တချို့မှောင်ရိပ်ခို . .၊

www.burmeseclassic.com

www.burmeseclassic.com



မူးယစ်ဆေးဝါးနှင့် ဒုစရိုက်မှုမျိုးစုံမှာ မှိန်ပြပြမီးရောင်နှင့် တိုးညင်းညင်း ဂီတအောက်တွင် ပျောက်နေတော့သည်။ သို့နှင့်တိုင် ရုံးရောက် ဂတ်ရောက်တော့ ဘာမှုကြီးကြီးကျယ်ကျယ် မဖြစ်ပါ။ ဆယ်ရေးတစ်ရေးဖြစ်ခဲ့လျှင်လည်း မိဘတွေက တိုးတိုးတိတ်တိတ် ရှင်းပေးတတ်ပါသည်။ ကလပ်မြက်ခင်းအနှံ့ပျံ့လွင့်နေသော တေးသံက လူငယ်လုံမငယ်တို့၏ တစ်ညတာဆက်ဆံရေးကို ပြောပြနေသယောင်ရှိသည်။ "ခွင့်ပေးရင် ချစ်ချင်ပါတယ်. .၊ချစ်ပြီးရင် သွားမှာနော်ကွယ်. .၊ အို. . မင်းသဘောအတိုင်းပဲ. . "ဆိုလားပင်။

ကလပ်သို့ လာနေကျ အသက် နှစ်ဆယ့်သုံးနှစ်ရွယ် 'ဇန်ဝေ' ဆိုသော မိန်းကလေးက ဤသို့ပြောပါသည်။ "ဘာရယ်မဟုတ်ပါဘူးရှင်၊ စိတ်အပြောင်းအလဲပေ့ါနော်. . "။ သူမက တစ်လအတွင်း ဆံပင်ရှစ်ခါ အရောင်ပြောင်းဆိုးတတ်သူဖြစ်သည်။ ဒီနှစ်အစောပိုင်းကပင် 'ဆော့(ဖ)ဝဲ' ကုမ္ပဏီထူထောင်ဖို့ဆိုပြီး သူမဖခင်ထံမှ အရင်းအနှီးတောင်းခဲ့သေးသည်။ ယခုတော့ ဒီအလုပ်ကို ဝါသနာမပါပြန်။ ဂျပန်စာသင်မည်ဟု ပြောနေသည်။ လောလောဆယ်တော့ သင်တန်း ငါးခုကို တစ်ပြိုင်တည်းတက်နေသည်ဟု သိရသည်။ "ကျွန်မအသည်းနှလုံးက တစ်ခုခုကို ကြာကြာလက်မခံတတ်ဘူးရှင့်"။ ပြောရင်းက စည်းချက်ပြင်းပြင်း ဂီတတွင် လွန့်လွန့်လူးလူး ဖြစ်နေတော့သည်။

လှုပ်နေသော အမှတ်အသားသရုပ်

ဟောင်ကောင်တက္ကသိုလ်မှ စိတ်ပညာပါမောက္ခ 'ရှူ၊ ရှိုဒေါင်'မှာ ပြည်မကြီးမှလူငယ်များ၏ သဘာဝကို အထူးပြုလေ့လာနေသူဖြစ်ပါသည်။ သူ့အနေနှင့် အဆိုပါလူငယ်များ၏ 'အမှတ်အသားသရုပ်' Identity ကို ယခုတိုင် မဖမ်းဆုပ်နိုင်သေးဟု ဆိုသည်။ သူတို့ကို အပေါ်ယံကြည့်လိုက်လျှင် တကယ့် အမေရိကန်

www.burmeseclassic.com

www.burmeseclassic.com



ပုံတူဖြစ်နေသည်။ အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်သည်။ အနောက်တိုင်းဝတ်စုံကို စမတ်ကျကျ ဝတ်တတ် သည်။ ပေါ့(ပ်)ဂီတကို ခံတွင်းတွေ့သူများဖြစ်သလို 'ဂလိုဘယ် နေထိုင်မှု' Global Life Style နှင့် အသားကျသူများလည်း ဖြစ်ပါသည်။ 'ပတ်(၉၇)'ပိုင်ရှင်ဖြစ်သူ 'တိုနီချန်း'က သူတို့နှင့်ပတ် သက်ပြီး ဤသို့မှတ်ချက်ချသည်။ "သူတို့ကိုကြည့်ရတာ ကမ္ဘာကြီး နဲ့တော့ ပိုနီးလာသလိုပဲဗျ။ ဒါပေမဲ့ တရုတ်ပြည် တခြားဒေသက ကလေးတွေနဲ့တော့ ဝေးဝေးလာတယ်"

ဤသို့ဆိုသည်နှင့် ဤလူငယ်များကို မျိုးချစ်စိတ်ဓာတ် ကင်းမဲ့နေသူများဟူ၍တော့ သတ်မှတ်နိုင်မည်မဟုတ်ပါ။ အသွင် သဏ္ဌာန်အရ အမေရိကန်ဆန်နေသော်လည်း အမေရိကန် အပါ အဝင် အနောက်ကို အားကျနေသူများမဟုတ်ပါ။ သူတို့မိဘများ၏ စီးပွားရေးလုပ်နည်းလုပ်ဟန်များအပေါ် ဘဝင်ကျချင်မှကျ မည်။ သို့သော် အစိုးရ၏ စီးပွားရေးပေါ်လစီကိုမူ သံသယမရှိ လက်ခံနိုင်သူများဖြစ်သည်။ သူတို့ခေါင်းဆောင်များ၏ လမ်းညွှန် မှုကိုလည်း ကြည်ကြည်ဖြူဖြူခံယူနိုင်သူများဖြစ်သည်။ အထင်ကြီး လေးစားသည်မျိုး မရှိလျှင်သော်မှ ထော်လော်ကန့်လန့်လုပ်ချင် သည့် သဘာဝမျိုးမရှိပါ။ လိုအပ်လျှင် အမေရိကန်ဆန့်ကျင်ရေး ကို လွယ်လွယ်ကူကူလုပ်နိုင်မည့်သူများ ဖြစ်ပါသည်။ တိုင်းပြည် အနာဂတ်ကို လက်ရှိခေါင်းဆောင်မှုအောက်တွင် ယုံကြည်ပုံအပ် ထားသူများဖြစ်သည်။

သူတို့အများစုက မော်စီတုန်းဆိုသူကို ကျောင်းသုံးစာအုပ် ထဲတွင်သာ သိကြပါတော့သည်။ 'လွေဖုန်း'၊ 'ကျန်းစီးတက်'၊ 'အိုယန်ဟိုင်' စသော တစ်ခေတ်က ပြည်သူ့တပ်မတော် သူရဲကောင်း များဆိုလျှင် ဒဏ္ဍာရီပုံပြင်လာ ဟီးရိုးများသာ ဖြစ်နေပါသည်။ သူတို့ မမီလိုက်သော ယဉ်ကျေးမှုတော်လှန်ရေးကိုလည်း သူတို့ စိတ် မဝင်စားပါ။ သူတို့ရှေ့က မျိုးဆက်ကိုမူ သူတို့အထိုက်အလျောက်

www.burmeseclassic.com

www.burmeseclassic.com



မီလိုက်သည်။ သူတို့ အစ်ကိုအစ်မများ၏ ဘဝများကိုကြည့်ပြီး သင်ခန်းစာကြီးကြီး ရလိုက်သည်။ မိုးကို ဒူးနဲ့တိုက်ဖို့ မစဉ်းစား။ ဝါသနာမပါ။ သူတို့သည် အတိတ်ကို လွမ်းနေသူများမဟုတ်သလို အနာဂတ်အတွက်လည်း ပူပင်ကြောင့်ကြနေသူများ မဟုတ်ပါ။ သူတို့တွင် ငွေရှိသည်။ သူတို့မိဘများတွင် အဆက်အသွယ် ရှိသည်။ ဒါဆိုလုံလောက်ပြီ။ သူတို့အနာဂတ် သေချာပြီဟု ခံယူထားကြဟန် ရှိသည်။

သေချာသည့်အချက်ကို ပြောရလျှင် သူတို့တစ်တွေမှာ အဆက်ပြတ်သွားသော မျိုးဆက်သစ်တစ်ခုဖြစ်ပါသည်။ သူတို့တွင် အတိတ်မရှိ၍ သူတို့၏ အမှတ်အသားသရုပ်ကို သမိုင်းနှင့်ပုံဖော်၍ မဖြစ်နိုင်ပါ။ သူတို့တွင် အနာဂတ်စိတ်ကူးမရှိ၍ 'လားရာအမြင်' Vision နှင့် သရုပ်ဖော်နိုင်မည်လည်း မဟုတ်ပါ။ လုပ်နေသော အမှတ်အသားသရုပ်ပိုင်ရှင်များဟူ၍သာ ဆိုနိုင်ပါလိမ့်မည်။

**စတိုင်သစ်၊ ဒီဇင်ဘာ၊ ၂၀၀၂။**

စာညွှန်း

- The Kids Are Not Allright
  (By Brook Larmer), Newsweek.

■

www.burmeseclassic.com

www.burmeseclassic.com

# တဲ့ဘူး၊ တက်ကျမ်းနှင့် ဒိန်ခဲ

*(တရုတ်ပြည်စာအုပ်စျေးခင်း)*

ဦးနှောက်ဆေးခြင်း

"တစ်ခုခု သွားသောက်ရအောင်ကွာ"

မော့ကြည့်လိုက်တော့ မျက်နှာညှိုးညှိုးကို တွေ့လိုက်ရ သည်။ ဒီသူငယ်ချင်းမှာ မကြာသေးခင်ကမှ အလုပ်ပြုတ်သွားသူ။ စိတ်ပြေလက်ပျောက်သဘော သူ့ကိုလာခေါ်ခြင်း ဖြစ်လိမ့်မည်။ သူ့အတွက် အဖော်လုပ်သင့်သည်ကို သိသော်လည်း သူငယ်ချင်း ခေါ်ရာသို့လိုက်လို့မဖြစ်ပါ။ ရုံးချိန်မှာအပြင်ထွက်လျှင် 'ဘော့(စ)' က ကြိုက်မှာမဟုတ်။

သူငယ်ချင်းပြန်သွားပြီး သိပ်မကြာမီမှာပင် သတင်းဆိုး ကြီးက သူ့ဆီရောက်လာသည်။ သူ့ဆီမှအပြန်တွင် ကားတိုက်ခံ ရ၍ သူငယ်ချင်းဆုံးသွားပြီတဲ့။ 'ငါသာ သူခေါ်ရာ လိုက်ခဲ့ရင် ခုလို ဖြစ်ချင်မှဖြစ်မှာ...' တွေးမိတော့ မိမိကိုယ့်ကို မကျေနပ်။ လိပ်ပြာ မသန့်သလို ဖြစ်ရသည်။ 'ငါ တစ်ကိုယ်ကောင်းဆန်တယ်...။ မိတ်ဆွေစစ် မပီသဘူး...။ ငါ့ကြောင့် သူသေရတာ...'။ ဖိစီးစိတ်ဖြင့် အိပ်ပျက်ညတွေ များလာသည်။ သို့ဖြင့် စိတ်ကုဆရာဝန်ဆီ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရတော့သည်။ ဆရာဝန်ညွှန်ကြားချက်နှင့် Dazhao Institute Center သို့ သူရောက်သွားသည်။ ဒီအဖွဲ့က လူ တစ်ဦး ချင်းစီ၏ ပုဂ္ဂိုလ်ရေးကိစ္စများကို ကူညီဖြေရှင်းပေးသည့် အတိုင် ပင်ခံအဖွဲ့...။

"ကျွန်မ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ ထုတ်မပြောခဲ့ပါ ဘူး။ အခု မိတ်ဆွေတွေရှေ့မှာ အမှန်အတိုင်းပြောပါမယ်...။" လူ ပေါင်း ၁၀၀ ကျော်ရှေ့တွင် သူရင်ဖွင့်လိုက်သည်။ အားလုံးက သူ့ ပွင့်လင်းမှုကို ကောင်းချီးပေးကြသည်။ ဘာပဲပြောပြော ရင်ထဲက တအုံ့နွေးနွေးဝေဒနာတွေ သက်သာသွားသည်။ မိတ်ဆွေများနှင့် ပွင့်ပွင့်လင်းလင်း စကားစမြည်ပြောရုံနှင့် စိတ်ဖိစီးမှုများကို ကျော် လွှားနိုင်လိမ့်မည်ဆိုသည်ကို သူဘယ်တုန်းကမှ မယုံ။ ခုတော့ ကိုယ် တွေ့မို့ ယုံပြီ။ ကျေးဇူးလည်း တင်မိသည်။

ဤသို့ဖြင့် ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သူ အသက် ၂၉ နှစ် အရွယ်ရှိ 'တိန့်ယင်'ဆိုသော မိန်းကလေးမှာ Dazhao Institute ၏ ဖောက်သည်တစ်ဦးဖြစ်လာခဲ့သည်။ ဤအဖွဲ့ကြီးက တစ်ဦး ချင်း ပြဿနာများကို ကူညီဖြေရှင်းပေးသည်။ မိမိကိုယ်ကို ယုံ ကြည်မှုရလာစေရန် လေ့ကျင့်ပေးသည်။ သူတို့ အဓိကအသုံးပြု သောနည်းက အဖွဲ့ဝင်အချင်းချင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေး ညှိ နှိုင်းကြခြင်းဖြစ်ပါသည်။ ဤအပြုအမူမျိုးမှာ အစဉ်အလာ ကွန်ဖျူး ရှပ်ယဉ်ကျေးမှုနှင့်တော့ ဆန့်ကျင်ဘက်လိုဖြစ်နေသည်။ 'ကွန်ဖျူး ရှပ်'၏အလိုအရ တစ်ဦးချင်းပြဿနာအားလုံးမှာ မိသားစုအရေး၏ လက်အောက်ခံမျှသာဖြစ်သည်။ အကယ်၍ ပြဿနာရှိလာလျှင် မိသားစုအတွင်းသာဖြေရှင်း၍ မိသားစုဆုံးဖြတ်ချက်ကိုသာ နာခံ ရမည့်ထုံးစံရှိသည်။ ယခုကဲ့သို့ သူစိမ်းတစ်ရံဆံများနှင့် ပွင့်လင်း လိုက်ခြင်းမှာ အတွင်းထရံ၊ အပြင်ကာသည့်သဘော ဖြစ်နေသည်။ မယဉ်ကျေးရာရောက်ရုံမျှမက မိသားစုဂုဏ်သိက္ခာကို နင်းချေရာ လည်း ရောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှု တော်လှန်ရေးကာလကဆိုလျှင် အခြေအနေ ပို၍ဆိုးသေးသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်း ကြုံတွေ့ရသော စိတ်ဝေဒနာများမှာ ဖောက်ပြန်သော နိုင်ငံရေးအယူအဆများ၏ ဖော်ပြချက်ဟု သဘောထားလေ့ရှိကြသည်။ ဤအတွက် ကုထုံးမှာ ဥက္ကဋ္ဌမော်၏ ဩဝါဒစာအုပ်နီလေးများဖတ်ခိုင်းခြင်း၊ အလုပ်ကြမ်း လုပ်ခိုင်းခြင်းနှင့် မိမိကိုယ်ကို ပြန်လည်စိစစ်ရခြင်းတို့ ဖြစ်သည်။ အနောက်အုပ်စု မီဒီယာများက 'ဦးနှောက်ဆေးခြင်း' (Brain Wash)ဟု ခေါ်ကြသော စိတ်ကုစခန်းများ ဖြစ်ပါသည်။

စင်စစ် ယနေ့ တရုတ်လူငယ်များမှာလည်း သူ့နည်း သူ့ဟန်နှင့် ဦးနှောက်ဆေးနေကြခြင်း ဖြစ်ပါလိမ့်မည်။ စာအုပ်ဆိုင်များသို့ တစ်ချက်လောက် သွားကြည့်လိုက်ပါ။ စုံထောက်ဝတ္ထုများ၊ ဟယ်ရီပေါ့တာစာအုပ်နှင့် ဟောလိဝုဒ်ရုပ်ရှင်ဂျာနယ်များကို ထင်းခနဲ မြင်ရပါလိမ့်မည်။ ဤစာအုပ်များကြားတွင် စိတ်ပညာစာအုပ်များကိုလည်း မနည်းမနော တွေ့နိုင်ပါသည်။ စိတ်ကုဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာ 'ချိုနင်ပန်'၏ အဆိုအရ ယနေ့ လူငယ်များမှာ မိမိတို့၏ တစ်ဦးချင်းဘဝကို ပို၍ စိတ်ဝင်စားလာကြသည်။ ပိုမိုပျော်ရွှင်သော အနာဂတ်ကို တည်ဆောက်လိုကြသည်။ မနှစ်က တစ်နှစ်တည်းမှာပင် စိတ်ကုဆရာဝန်နှင့် လာရောက်ဆွေးနွေးကြသူပေါင်း ၄၀၀,၀၀၀ ခန့်ရှိသည်ဟု သိရသည်။ "ဒါဟာ ပိုပညာတတ်လာပြီး ပိုအမြင်ကျယ်လာတဲ့ သဘောပေါ့ဗျာ။ ချမ်းသာခြင်းရဲ့ အကျိုးဆက်လို့လည်း ဆိုနိုင်တာပေါ့..."။ ဒေါက်တာချို၏ မှတ်ချက်ဖြစ်ပါသည်။

တဲ့ဘူး

မစ္စတာ'ချန်'မှာ နာမည်ကြီး အရက်သမားတစ်ယောက် ဖြစ်သည်။ သူဘယ်လောက် သောက်လုံးကြီးခဲ့သည်ကို 'ချန်'က

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ သရုပ်ဖော်လေ့ရှိသည်။ "အနှစ်သုံးဆယ်လုံးလုံး ပုလင်းထဲ ဝင်နေခဲ့တဲ့ကောင်ပေါ့ဗျာ"။ အရက်က သူ့ကို တစ်စက်မျှ ကောင်း ကျိုးမပေးပါ။ သူ့မိန်းမက သူ့ကိုပစ်ပြီး နောက်အိမ်ထောင်ပြုသွား သည်။ နှစ်ဆယ့်လေးနာရီ မူးနေတတ်သောသူ့ကို ကုမ္ပဏီကလည်း အလုပ်ဖြုတ်ပစ်လိုက်သည်။ သို့ဖြင့် မကျေလည်သောအချစ်နှင့် မပြေလည်သော ဘဝကို မေ့နိုင်ရန် ပိုသောက်ဖြစ်တော့သည်။ သည်လိုနှင့် သူ့ အသက်ငါးဆယ်ပြည့်လာသည်။ ဤနှုန်းအတိုင်း ဆက်သွားလျှင် လူ့ဘဝတွင် ကြာကြာနေရမည်မဟုတ်ဟု ဆရာဝန် က ပြတ်ပြတ်ပြောသည်။ 'ချန်' ဘာလုပ်မည်နည်း။

ပုံစံဟောင်း အရက်ဖြတ်နည်းကိုတော့ သူလန့်သည်။ ဆေးရုံ တက်၊ အခန်းတစ်ခန်းထဲပိတ်လှောင်ပြီး အစိမ်းဖြတ်ခိုင်းသည်။ သူ့ ကျန်းမာရေးနှင့် ဤဒဏ်ကိုခံနိုင်မည်မဟုတ်။ မိတ်ဆွေတစ်ဦး၏ အကြံပေးမှုကြောင့် 'အရက်ဖြတ်ဝန်ဆောင်မှုအဖွဲ့' တစ်ခုနှင့် ဆက် သွယ်မိသည်။ ဤအဖွဲ့နာမည်က ခပ်ဆန်းဆန်း။ 'အေ-အေ ပရို ဂရမ်'ဟု ခေါ်သည်။ Alcoholic Anonymous Program ဟု အင်္ဂလိပ်စကားလုံးဖြင့် အမည်ပေးထားရာ 'အမည်မဖော်လိုသော ယမကာလုလင်'ဟု ဆိုရမည်ထင်သည်။ သူ့နည်းက တရုတ်ပုံစံ မဟုတ်ပါ။ တရုတ်ယဉ်ကျေးမှုတွင် မရှိပါ။ အမေရိကန်ပုံစံကို တိုက်ရိုက်ယူထားခြင်း ဖြစ်သည်။ အဆင့် ဆယ့်နှစ်ဆင့်ပါသော ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးပွဲ များဖြစ်ပါသည်။ ပထမတော့ 'ချန်'အတွက် အတော်မလွယ်။ "ခင်ဗျားဘဝမှာ ဘာကိုအလိုမကျ ဆုံးလဲ"ဟုမေးသောအခါ "ကျုပ်မိန်းမ" ဟု စိတ်ချဉ်ချဉ်နှင့် ပြော လိုက်သည်။ "ဘာကြောင့် လဲ" ဆိုသောမေးခွန်းကိုမူ သူမဖြေတတ် တော့ပါ။ ဖြေရမှာ ရှက်နေတာဖြစ်ပါသည်။ "လိင်ကိစ္စအလိုမကျမှု များသည်လည်း အရက်သမားဖြစ်စေသည့် အကြောင်းရင်း တစ် ခု"ဟု နားလည်လိုက်သောအခါ သူ့စိတ်ထဲတွင် ဘဝင်ကျသွား သည်။ သိပ်လည်း မရှက်မိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မစ္စတာချန်တစ်ယောက် အရက်ပြတ်သွားပါပြီ။ အလုပ်တစ်ခုလည်းရပြီဖြစ်ရာ မကြာခင် အိမ်ထောင်သစ်ထူတော့မည် ဖြစ်သည်။ ဤအတွက် 'အေ-အေ'ကို ကျေးဇူးတင်ပါသည်။ သူ့ကျေးဇူးရှင် 'အေ-အေ'အဖွဲ့ကြီးကိုယ်တိုင်မှာလည်း သိသိသာ သာ အောင်မြင်မှုရလာသည်။ တရုတ်ပြည် မြို့ကြီးလေးမြို့တွင် အဖွဲ့ခွဲများ ထူထောင်နိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်အစိုးရကပင် အသိအမှတ်ပြု အားပေးနေသော အဖွဲ့ကြီးဖြစ်လာသည်။

ယဉ်ကျေးမှုတိုင်းတွင် 'တဲ့ဘူး' (Taboo)ဆိုသော စကားလုံးရှိပါသည်။ ရိုးရာယဉ်ကျေးမှုအရ တားမြစ်ထားသည့် အရာများဖြစ်သည်။ တရုတ်တို့အတွက် လိင်ပညာပေးကိစ္စမှာ တဲ့ဘူးတစ်ခုဖြစ်သည်။ ရိုးရာယဉ်ကျေးမှုက လက်မခံသလို ကွန်မြူနစ် ကွန်ဆာဗေးတစ်များကလည်း 'ဖောက်ပြန်သည့် အရင်းရှင် ယဉ်ကျေးမှု' အဖြစ် ရှုတ်ချသည်။ သို့ဖြင့် လိင်နှင့် ဆက်စပ်နေသော ရုပ်ပိုင်း စိတ်ပိုင်း ဝေဒနာများမှာ လူသိမခံရဲသော ရောဂါများလို ဖြစ်နေတော့သည်။ ယခုတော့ အစွဲအလမ်းကြီးသူ အချို့မှလွဲ၍ အများစုက ဤသဘောကို ကျော်ခိုင်းခဲ့ပြီဖြစ်ပါသည်။ တရုတ် မြို့တော်များ၏ လေဆိပ်စာအုပ်ဆိုင်များတွင် လိင်ပညာပေးစာအုပ်များကို တရားဝင်ရောင်းချလျက်ရှိသည်။ ဗြိတိသျှ စာရေးဆရာမ 'ဆူဆန်'၏ ပွင့်ပွင့်လင်းလင်းအရေးအသားနှင့် ရုပ်ပုံများပါ ဝေဝေဆာဆာ ဖော်ပြထားသော စာအုပ်ဆိုလျှင် အရောင်းသွက်စာရင်းတွင် ထိပ်ဆုံးမှရှိနေသည်။ ပီကင်းဆရာဝန်တစ်ဦး ဘာသာပြန်သော'မာစတာနှင့် ဂျွန်ဆင်'တို့ပြုစုသည့် စာအုပ်မှာလည်း ရိုက်မလောက်၊ ရောင်း မလောက် ဖြစ်နေသည်။

အစိုးရတာဝန်ယူထားသော ပီကင်းရေဒီယိုကပင် လိင်ပညာပေးပို့ချချက်များကို အခါအားလျော်စွာ ထုတ်လွှင့်ပေးလျက်ရှိသည်။ အင်တာနက် ဆွေးနွေးခန်းများတွင်လည်း ဤကိစ္စကို ရင်ဖွင့်ဆွေးနွေးလို့ရသည်။ ဤဆွေးနွေးခန်းများကို တာဝန်ယူ

www.burmeseclassic.com

www.burmeseclassic.com



ထားသောနက်ဝပ်မှ 'မစ္စယန်'ဆိုလျှင် တစ်နေ့ရှစ်နာရီမျှ အချိန်ပေးပြီး အနယ်နယ်မှ မေးခွန်းများကို ဖြေကြားလျက်ရှိသည်။ "တကယ်တော့ ရိုးသားဖို့က အဓိကပါရှင်။ ဒီကိစ္စဟာ လူ့သဘာဝတစ်ခု မဟုတ်လား။ လူတိုင်း သိသင့်တာပေါ့နော်..."။ မစ္စယန်၏ မှတ်ချက်ဖြစ်ပါသည်။

တက်ကျမ်း

ပီကင်းမြို့တော်၏ ကြယ်ငါးပွင့်ဟိုတယ်ကြီးတစ်ခုမှာ ဖြစ်သည်။ ကွန်ဖရင့်ခန်းမကြီးတစ်ခုလုံး ဖိတ်ထားသောဧည့်သည်များဖြင့် လျှံကျနေသည်။ စင်မြင့်ထက်တွင် နေရာယူထားသူမှာ စက်ဘ်ပူနွယ်ဖွား ဒေးဗစ်ချို။ 'ချို'ဝတ်ထားသည်က ဥရောပ ဝတ်စုံ။ သူပြောနေသည်က အင်္ဂလိပ်ဘာသာစကား။ သို့သော် သူ့အပြုံး ကတရုတ်အပြုံးစစ်စစ်။ အားရပါးရရှိသလို ဂုဏ်ယူဝင့်ကြွားဟန် လည်းရှိနေသည်။ သူက ပရိသတ်ထဲမှ တစ်ယောက်ကို လှမ်းမေးလိုက်သည်။ "ကိုင်း-ဒေါက်တာဝူရေ၊ ဒီသင်တန်းက ခင်ဗျား ဘာတွေရလိုက်သလဲ၊ လုပ်စမ်းပါဦး"။ ဒေါက်တာဝူက မဆိုင်းမတွရပ်လိုက်သည်။ စိတ်ပါလက်ပါဖြေသည်။ "လုပ်ငန်းခွင်မှာ ပိုအဆင်ပြေလာတယ်ဗျ။ အရင်က ကျွန်တော် ရောင်းလှည့်ရင် နာ့(စ) တွေက လန့်နေကြတာ။ ကျွန်တော်က သူများအပြစ်ပဲ မြင်တတ်၊ ပြောတတ်တာကိုး။ ကောင်းကွက်ကို ရှာကြံမချီးကျူးတတ်ဘူးလေ။ ခုတော့ ကျွန်တော်သိပြီ။ ချီးကျူးစကားလေးတစ်ခွန်းဟာ လူတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို ဘယ်လောက်မြင့်မားစေသလဲဆိုတာ ကျွန်တော်သဘောပေါက်သွားပြီ။ ကျေးဇူးတင်တယ် ကာနယ်ဂီ..."

'ကာနယ်ဂီ'မှာ 'ဒေးဗစ်ချို'တို့၏ အဖွဲ့အစည်းနာမည်ဖြစ်ပါသည်။ ဤအဖွဲ့ကြီးက 'ဒေးကာနယ်ဂီ'၏ စာပေများကို ဖြန့်ဖြူးပေးနေသည်။ 'ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ရေး' သင်တန်း

www.burmeseclassic.com

www.burmeseclassic.com



များကိုလည်း ပေးသည်။ သင်တန်းကာလမှာ ၁၂ ပတ်ဖြစ်ပြီး သင်တန်းကြေး ဒေါ်လာ ၉၀၀ ယူသည်။ သင်တန်းအမှတ်စဉ် တစ်ခုတွင် သင်တန်းသား ၁၀၀၀ ခန့် လက်ခံသင်ကြားပေးပါ သည်။ ဤသို့ဖြင့် 'ကာနယ်ဂျီအင်စတီကျူ'မှာ အကျိုးအမြတ်များ သော စီးပွားရေးလုပ်ငန်းကြီးတစ်ခု ဖြစ်လာခဲ့သည်။ အထက်တွင် ဖော်ပြခဲ့သည်မှာ ကာနယ်ဂျီ၏ သင်တန်းဆင်းအခမ်းအနား မြင်ကွင်း ဖြစ်ပါသည်။

တရုတ်တို့၏ အစဉ်အလာ ကွန်ဖျူးရှပ်သင်ကြားချက်များ က ကျင့်ဝတ်ပိုင်းကို ဖောင်းပေးသည်။ မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ် စသည်တို့ဖြစ်သည်။ တစ်ဦးချင်း ကိုယ် ရည်ကိုယ်သွေး မြှင့်တင်ရေးမှာ တရုတ်တို့အတွက် ဘယ်တုန်းကမှ ယဉ်ပါးခြင်းမရှိသော ဘာသာရပ်အသစ် ဖြစ်နေသည်။ ယဉ်ကျေး မှုတော်လှန်ရေးကာလကလည်း ဤဘာသာရပ်ကို တက်ကျမ်း စာရင်းသွင်းကာ အတ္တအကျိုးပြုစာပေအဖြစ်သာ သဘောထားခဲ့ သည်။ ပြောရလျှင် စာပေဘောင် မဝင်ခဲ့ပါ။ ယခုတော့ တက်ကျမ်း များမှာ အရောင်းသွက်စာရင်းဝင်ဖြစ်နေပါပြီ။ 'စပင်ဆာဂျွန်ဆင်'၏ 'ငါ့ဒိန်ခဲကို ဘယ်သူရွှေ့သလဲ' ဘာသာပြန်စာအုပ်ဆိုလျှင် ၂၀၀၁ ခုနှစ်၏ ရောင်းအကောင်းဆုံး စာရင်းတွင် နံပါတ်တစ်စွဲသည်။ အုပ် ရေ နှစ်သောင်းကျော်ကုန်သည်ဟု သိရပါသည်။ ဤစာအုပ် ပေါက် သွားသောအခါ ဆင်တူယိုးမှား အမည်နှင့် အလားတူစာအုပ်များ အလျှိုလျှိုထွက်လာကြသည်။ "ငါ့ဒိန်ခဲကို ဘယ်သူရွှေ့ရဲသလဲ"၊ "ဘယ်သူ့ဒိန်ခဲကို ငါရွှေ့သင့်သလဲ" စသည်ဖြင့်။ နောက်ဆုံး 'ဒိန်ခဲ' ၏ တရုတ်ဝေါဟာရ 'Nailao'သည်ပင် 'အပြောင်းအလဲ' ဟု အဓိပ္ပာယ်ရသော လူငယ်သုံး ဗန်းစကား ဖြစ်လာတော့သည်။

တရုတ်လူထုအနေနှင့် ဤသို့တက်ကျမ်း ဆာလောင်လာ ခြင်းမှာ အသစ်ဖြစ်ထွန်းလာသော ဈေးကွက်စီးပွားရေးစနစ်နှင့် တိုက်ရိုက် သက်ဆိုင်နိုင်ပါသည်။ ဈေးကွက်တွင်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ လုပ်ငန်းခွင်တွင်သော်လည်းကောင်း၊ စာသင်ခန်းတွင်သော်လည်းကောင်း ပြိုင်ဆိုင်မှုများ သည်းသန်ပြင်းထန်လာရာ တစ်ဦးချင်းကိုယ်ရည်ကိုယ်သွေးက စကားပြောလာသည်။ စွမ်းဆောင်ရည်မရှိလျှင် ဘဝအာမခံချက်မဲ့သလို ဖြစ်လာရသည်။ သို့ဖြင့် 'တက်ကျမ်းစာပေခေတ်' တစ်ခေတ် ဖြစ်ထွန်းလာစေရန် ရေခံမြေခံ ဖြစ်လာရတော့သည်။ တရုတ်ပြည် မြို့ကြီးများ၏ စာအုပ်ဆိုင်များတွင် ယနေ့ နေရာယူထားသည်မှာ ကွန်ဖြူးရှပ်စာပေမဟုတ်ပါ။ မာက့်စ်၊ လီနင်၊ စတာလင်၊ မော်စီတုန်းတို့၏ ကျမ်းကြီးကျမ်းငယ်တို့မဟုတ်ပါ။ တိန့်ရှောင်ပင်း လက်ရွေးစင်ကျမ်းများပင် စျေးကွက်မဝင်လှပါ။ ထိပ်ဆုံးမှ နေရာယူထားသည်မှာ 'တက်ကျမ်း'များသာ ဖြစ်ပါသည်။ 'ကွန်ဖြူးရှပ်က ကျွန်တော်တို့ကို ကျေနပ်မှာပါဗျာ။ နှစ်တွေကြာလာတာနဲ့အမျှ အခြေအနေကလည်း ဘာမှ မတူတော့ဘူးလေ။ ဒါကို သူနားလည်ပေးရမှာပေါ့…"။ 'ငါ့ဒိန်ခဲ'စာအုပ်ကို ထုတ်ဝေသူ 'ချာလီချန်း'၏ မှတ်ချက်ဖြစ်ပါသည်။

စာညွှန်း

Me Generation by Matthew Forney

■

www.burmeseclassic.com

www.burmeseclassic.com

# စိန်ခေါ်ကြသူများ

ဘဝလှေကား

လူ့တစ်သက်တာတွင် အရေးကြီးသည်နှင့်အမျှ မရေရာ မသေချာလှသောအရွယ်တစ်ခုရှိပါသည်။ ဆယ်ကျော်သက်၊ အပျိုသင်စ၊ မြီးကောင်ပေါက် စသဖြင့် အမျိုးမျိုးခေါ်ကြသော (Adole Scence)အရွယ် ဖြစ်သည်။ ကလေးမဟုတ်တော့သလို လူကြီးလည်း မဖြစ်တတ်သေးသည့်အရွယ်ဖြစ်ရာ သောင်မတင် ရေမကျ စကောစကဟု ဆိုနိုင်သည်။ သစ်ရွက်လှုပ်လျှင် ရယ်ချင်ချင်ဟုဆိုကြသော နှလုံးသား လှုပ်ခတ်စ အရွယ်လည်းဖြစ်ပြန်ရာ တစ်ချက်ကလေးမှ အမှားမခံသော အချိန်လည်းဖြစ်နေသည်။ လူတစ်ယောက်အနေနှင့်သော်လည်းကောင်း၊ မိသားစုတစ်ခုအတွက်သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းတစ်ခုလုံးအနေနှင့်သော်လည်းကောင်း အထူး သတိထားစောင့်ကြပ်ရမည့် ကာလအပိုင်းအခြားဟု သဘောယူကြပါသည်။ ယေဘုယျအားဖြင့် အသက် ၁၂ နှစ်မှ ၁၈ နှစ်ကြားအရွယ်ဟု သတ်မှတ်ကြသည်။ ယခု ဤသတ်မှတ်ချက်မှာ သိပ် ခေတ်မမီချင်တော့ပါ။

နိုင်ငံတကာ ပညာရှင်များ၏ ပူးပေါင်းသုတေသနအဖွဲ့ ဟု ဆိုနိုင်သော The Study Group of Adole Scence အဖွဲ့အစည်း၏ အလိုအရ အဆိုပါ သောင်မတင် ရေမကျအရွယ်မှာ ပို၍ရှည်လျားလာသည်ဟုဆိုသည်။ ဤသို့ဖြစ်ရသည်မှာ အစ်က

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းနှစ်ခုကြောင့်ဟူ၍လည်း ထောက်ပြပါသည်။ ပထမ အကြောင်းမှာ ကလေးသူငယ်ဘဝ တိုတောင်းလာ ခြင်း သို့မဟုတ် ပျောက်ဆုံးသွားခြင်းဖြစ်သည်။ 'မတ်တတ်ပြေးအရွယ်' Toddler သာသာလောက်ကပင် မူကြိုကျောင်းများသို့ရောက်သွားရာ မိခင် ရင်ခွင်နှင့် စောစောစီးစီး ဝေးခဲ့ရသည်။ ဤအရွယ်နောက်ပိုင်းတွင် လည်း ကွန်ပျူတာဖန်သားပြင်နှင့် မျက်နှာချင်းဆိုင်ချိန်က ပိုများ နေရာ အပေါင်းအသင်းမဲ့၊ ကစားကွင်းပျောက်ကလေးတွေ ဖြစ်နေ တော့သည်။ သို့ဖြင့် ဘဝ၏ အချိုမြိန်ဆုံးဟု ဆိုနိုင်သော ကလေး သူငယ်ဘဝမှာ ပျောက်ဆုံးသွားသလို ဖြစ်လာရသည်။

ဒုတိယအကြောင်းမှာ 'အပီအပြင် လူရွယ်ဘဝ' Adulthood သို့တက်လှမ်းရသောလှေကားမှာ ပိုရှည်လာသည်နှင့်အမျှပို၍ မတ်စောက်လာနေခြင်းဖြစ်သည်။ ဤသို့ဖြစ်ရသည်မှာ ပြိုင်ဆိုင် မှုများသည်းထန်၊ ပြင်းထန်လှသည့်အင်ဖော်မေးရှင်း လူ့အဖွဲ့အ စည်းတွင် စွမ်းအင်ပြည့်လှုပ်ရှားနိုင်မည့် အဖွဲ့ဝင်များဖြစ်လာရန် လို အပ်ချက်များမှာ ပိုများလာသည်နှင့်အမျှ ပိုမြင့်လာသောကြောင့်ဟု ဆိုပါသည်။ မိသားစုအတွင်း အပြောင်းအလဲများ၊ လုပ်ငန်းခွင် မတည်ငြိမ်မှုများနှင့် ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ်ကိုယ်တိုင် သည်ပင်၊ အခြေခံစေ့ဆော်မှုများ ဖြစ်ဖွယ်ရှိသည်ဟု ကောက်ချက် ချကြပါသည်။ သို့ဖြင့် အဆိုပါရှည်လျားမတ်စောက်သော ဘဝ လှေခါးကို 'စပီ'နှင့်တက်နိုင်ရေးသည်ပင် ဆယ်ကျော်သက်များအ တွက် အရေးအကြီးဆုံး စိန်ခေါ်ချက် ဖြစ်လာရပါတော့သည်။

ပညာအတောင်

မျက်မှောက်ကာလကို 'ပညာခေတ်'ဟု ဝိဂြိုဟ်ပြုကြသည် မှာ အကြောင်းမဲ့မဟုတ်တန်ရာ။ ဘဝ၏ ထောင့်တိုင်းနေရာတိုင်း တွင် ပညာ၏အရေးပါမှုက အထူးစကားပြောလာပါသည်။ လုပ်ခ လစာအရ တိုင်းတာလျှင် အနိမ့်ဆုံးဟုဆိုနိုင်သော သာမန် လုပ်တ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှာပင် အရေး၊ အဖတ်အ တွက် ကျွမ်းရုံမျှနှင့် မလုံလောက်တော့ပါ။ အခြေခံ ကွန်ပျူတာ စွမ်းရည် အထိုက်အသင့် ရှိမှ ဖြစ်ပါလိမ့်မည်။ အမေရိကန်ပြည် ထောင်စုတွင်ဆိုလျှင် အထက်တန်းပညာအဆင့်မျှသာ တတ် သော လူငယ်များ၏လစာမှာ ၁၉၇၀ အလွန် နှစ်များလောက်မှ စ၍ ၂၀ % မှန်မှန်ကျဆင်းလျက်ရှိသည်။ ဤအချိန်တွင် အဆင့် မြင့်ပညာ (တက္ကသိုလ်နှင့် ဘွဲ့လွန်အဆင့်) တတ်များ၏ လစာမှာ ၃၀ % ခန့် မှန်မှန်တိုးလျက်ရှိသည်။ ပညာနည်းလျှင် လှေကား၏ အောက်ပိုင်းတွင်ကျန်ရစ်ပြီး ပညာမြင့်မှ လှေကားမြင့်မြင့်ကို တက် နိုင်တော့မည့်သဘော ဖြစ်ပါသည်။

ဤနေရာတွင် စာသင်ခန်းထဲမှ ပေးလိုက်နိုင်သော အ သက်မွေးဝမ်းကျောင်းပညာသက်သက်မျှဖြင့် လုံလောက်ပြီဟု ဆို နိုင်စရာမရှိပါ။ မျက်မှောက်ကာလသည် 'ရောယှက်ထွေပြားသော ခေတ်' Age of Complexity and Diversity ဖြစ်ရာ ခေတ်နှင့် လိုက်လျောညီထွေဖြစ်စေမည့်ပညာရပ်များလည်း အထူး လိုအပ် နိုင်ပါသည်။ မိသားစုတစ်စု၊ အိမ်ထောင်တစ်ခုအတွင်းမှာပင် မိဘ နှစ်ပါးမှာ လူမျိုးတစ်မျိုး၊ ယဉ်ကျေးမှုတစ်ခုတည်း ဖြစ်ချင်မှ ဖြစ်ပါ လိမ့်မည်။ လုပ်ငန်းခွင်ဆိုလျှင် အိမ်ထက်ပင် ပို၍ထွေပြားနိုင်သေး သည်။ ဂလိုဘယ် စီးပွားရေးခေတ်တွင် လုပ်ငန်းတစ်ခုကို တိုင်းပြည် တစ်ပြည်၊ လူမျိုးတစ်မျိုး၊ ယဉ်ကျေးမှုတစ်ခုတည်းနှင့် ကန့်သတ် ထား၍မရတော့ပါ။ လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ နေရာအနှံ့ သဘော ဖြစ်လာပါသည်။ ဤအခင်းအကျင်းသစ်တွင် 'ယဉ်ကျေး မှု အထာကျရေး' Cultural Acclimatization ၊ 'စေ့စပ်ညှိနှိုင်း လုပ်ကိုင်တတ်မှု' Negotiating Skill နှင့် 'ဘာသာစကားစွမ်း ရည်'တို့မှာ လိုအပ်ချက်အသစ်များ ဖြစ်လာသည်။ ဤအရာများက မိမိ၏ အသက်မွေးဝမ်းကျောင်း ပညာကို ထက်မြက်ရှင်သန်စေမည့် တွဲဘက်ပညာရပ်များ ဖြစ်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ရှိသည်။ ပညာရေးမှာ စိန်ခေါ် ချက်တစ်ခုဖြစ်လာသော်ငြား ကျကျနနအသုံးချနိုင်လျှင် အခွင့်အလမ်းတစ်ခုလည်းဖြစ်နိုင်သည့် အချက်ဖြစ်ပါသည်။ ယနေ့ကာလမှာ ဦးနှောက်ပါဝါက ကာယလုပ်အားကိုသော်လည်းကောင်း၊ငွေအင်အားကိုသော်လည်းကောင်း ဖြစ်တောက်နေသောခေတ်ဖြစ်ရာ ဦးနှောက်ပါဝါကို စွမ်းအင်ပြည့်အသုံးချနိုင်လျှင် မဟာအခွင့် အရေးကြီးတစ်ခု ဖြစ်လာနိုင်သည်။ သို့နှင့်တိုင် ဦးနှောက်ပါဝါမှာ 'အတည်စွမ်းအင်' Potential Energy သဘောဖြစ်ရာ 'ပညာ'နှင့် ဆွနိုင်မှသာ 'လှုပ်ရှားတက်ကြွသောစွမ်းအင်' Kinetic Energy ဖြစ်လာနိုင်ပါသည်။ ပြောလိုသည်မှာ ပညာအတောင် တပ်နိုင်သည်နှင့်အမျှ လှေကား၏ထိပ်ဆုံးသို့ ဖြတ်ကျော်ပျံတက်နိုင်မည့် အားသာချက် ဖြစ်ပါသည်။

ချောက်ကမ်းပါး

စင်စစ်ပညာအတောင်တပ်နိုင်ဖို့ဆိုသည်မှာလည်း လွယ်ကူလှသည်တော့မဟုတ်ပါ။အထူးသဖြင့် ဆင်းရဲချမ်းသာကွာဟမှုချောက်ကမ်းပါးကြီး၏ အနက်ရှိုင်းဆုံးနေရာမှ လူငယ်များအတွက် ပညာသင်ရေးသည်ပင် ရခဲလှသောဒုလ္လဘတစ်ခုလို ဖြစ်နေသည်။ အမေရိကန်ပြည်ထောင်စုလို ကမ္ဘာ့ထိပ်သီးနိုင်ငံမျိုးမှာပင် ကျောင်းသားတစ်ယောက်အတွက် တက္ကသိုလ်အဆင့်ပညာသင်စရိတ်မှာ တစ်နှစ်လျှင်ဒေါ်လာ ၁၆,၀၀၀ မှ ၃၆,၀၀၀အတွင်းရှိနေသည်။ ဤငွေကြေးပမာဏမှာ လူလတ်တန်းစားမိသားစု တစ်ခု၏ ဝင်ငွေဖြစ်နေရာ ပညာသင်စရိတ်၊ ပညာသင်ဆုများ ရသည့်တိုင် အတော်မလွယ်လှအောင်ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံမှ လူငယ်အများစုအတွက်ဆိုလျှင် ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်များတွင် ပညာသင်ကြားခွင့်ရရေးမှာ လက်လှမ်းမမီသော အခွင့်အရေးတစ်ခုလိုပင် ဖြစ်နေတော့သည်။

တက္ကသိုလ်လို အဆင့်မြင့်ပညာအသာထား အခြေခံ ပညာအဆင့်မှာပင် မလွယ်လှအောင်ဖြစ်နေရသော လူမှုအင်အားများ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသေးသည်။ အာဖရိကလို၊ တောင်အာရှလို ဖွံ့ဖြိုးမှု နောက်ကျသော နိုင်ငံအချို့မှ မိန်းကလေးငယ်များ ဖြစ်ပါသည်။ စီးပွားရေး စိန်ခေါ်ချက်များနှင့် ယဉ်ကျေးမှုရေချိန် နိမ့်ကျမှုများ အောက်တွင် အဆိုပါကလေးမများမှာ အခြေခံပညာအဆင့်မှာပင် စာသင်ခန်းနှင့် ဝေးသွားခဲ့ရသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်သည်ဘဝ ရောက်ပြီး ဖိုးဖိုချောင်ထဲတွင်သာ ဘဝဆုံးရသလို ဖြစ်နေသည်။ လူဦးရေ၏တစ်ဝက်မျှရှိသော အမျိုးသမီးထု၏လုပ်အားကို အသုံးမပြုနိုင်ခြင်းသည်ပင် အဆိုပါနိုင်ငံများ ဖွံ့ဖြိုးမှု နောက်ကျခြင်း၏ အကြောင်းရင်းခံဖြစ်နိုင်သည်။

စီးပွားရေးအခက်အခဲများကိုကျော်လွှားပြီးပညာရေးနယ်ပယ်ထဲသို့ရောက်ရှိနေပြီဖြစ်သော လူငယ်များအတွက်ပင် အစစအဆင်ပြေသေချာနေပြီဟုမဆိုနိုင်သေးပါ။ 'အလုပ်အကိုင်ဈေးကွက်' Job Market အလှုပ်အယမ်းများလှသည့် မျက်မှောက်ကာလမျိုးတွင် မိမိရွေးချယ်ထားရာ ပညာနှင့် အာမခံချက်တို့ ချိန်ညှိနိုင်ရေးမှာ အတော်မလွယ်ကူလှသောကိစ္စ ဖြစ်နေသည်။ မိမိ လေ့လာသင်ယူနေသည့်ပညာနှင့်ဆိုင်သော အလုပ်အကိုင်ဈေးကွက်မှာ ကျောင်းသားဘဝ မကုန်ဆုံးသေးမီမှာပင် ကဏ္ဍတစ်ခုလုံး ပျောက်ဆုံးသွားသည်များပင် ရှိတတ်သည်။ လက်ရှိပညာရေးစနစ်နှင့် သင်ရိုးညွှန်းတမ်းများမှာလည်း အဆိုပါ မရေရာအလားအလာအတွက် ဘာတစ်ခုမှ ခုသာခံသာအောင် ဖန်တီးမပေးနိုင်ဟု ဆိုရပါလိမ့်မည်။ အဆင်မြင့်လှပြီဆိုသော အမေရိကန်သင်ရိုးညွှန်းတမ်းများသည်ပင် အလုပ်အကိုင်ဈေးကွက် လိုအပ်ချက်နှင့် အဟပ်ကွာနေသည်ဟု ဝေဖန်ကြသည်များရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများတွင်ဆိုလျှင် ကိုလိုနီခေတ်ကနှင့် ဘာမှမကွာလှသည်ဖြစ်ရာ အခြေအနေမှာ ပို၍ပင်ဆိုးနိုင်ပါသည်။ ဤအခြေအနေတွင် 'စဉ်ဆက်မပြတ် ပညာသင်ကြားရေး' Continual Learning နှင့် 'ပြန်လည်လေ့ကျင့်သင်ကြားမှု' Re-training တို့မှာ နောက်ထပ်စိန်ခေါ်ချက်များဖြစ်လာရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဆင်းနှင့်အတက်

မတ်စောက်ရှည်လျားလာသော လှေကားနှင့်အတူ ကမ္ဘာအရပ်ရပ်မှ လူငယ်များအတွက် ကြီးမားကျယ်ပြန့်သော စိတ်ဖိစီးမှုကြီးတစ်ခုနှင့်လည်း ရင်ဆိုင်ရစရာရှိပါသည်။ အမေရိကန်တက္ကသိုလ်အသီးသီးမှ မောင်မယ်သစ်လွင်များကို တွေ့ဆုံမေးမြန်းကြည့်ရာ စိတ်ဖိစီးမှုဒဏ်ခံနေရသော လူငယ်များမှာ ၁၉၈၅ ခုနှစ်က ၁၆ % သာ ရှိရာမှ ၁၉၉၉ ခုနှစ်တွင် ၃၀ % ထိတိုးလာသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ တက္ကသိုလ်ပညာရေးနှင့် ဝေးနေရသောလူငယ်များကိုသာ စနစ်တကျသုတေသနပြုနိုင်လျှင် မည်သို့ရှိမည်ကို ခန့်မှန်းကြဖို့ ဖြစ်ပါသည်။ အဆိုပါ စိတ်ဖိစီးမှုကြီးကို ရင်ဆိုင်ကျော်လွှားရာမှ ဆယ်ကျော်သက်လူငယ်များကြားတွင် ရေစီးကြောင်းနှစ်ခု သိသိသာသာ ကွဲထွက်သွားနိုင်သည်ဟု ဆိုသည်။

ပထမရေစီးကြောင်း၏ တူရူချက်မှာ အဆင်းခရီးဖြစ်သည်။ လှေကားပေါ်မှ လန်ကျသူများဟု ဆိုနိုင်သည်။ မရေရာ အနာဂတ်ကို စိတ်ပျက်အားလျှော့ခဲ့ရာမှ လတ်တလောဆွဲဆောင်မှုများကြားတွင် လမ်းပျောက်သွားသူများ ဖြစ်ပါသည်။ ဤရေစီးကြောင်းမှနေ၍ လူငယ်အုပ်စုနှစ်ခု ဖြစ်ထွန်းလာစရာရှိသည်ဟု အကဲဖြတ်ကြပါသည်။ ပထမအုပ်စုမှာ 'ပျော်သလိုနေအုပ်စု'။ ၁၉၆၀ အလွန်နှစ်များက ဟစ်ပီယဉ်ကျေးမှုလို နှုန်းစံတန်ဖိုးအားလုံးကို ချိုးဖောက်ဖို့ဝန်မလေးသောအုပ်စုဖြစ်သည်။ မူးယစ်ဆေးဝါး၏ သားကောင်နှင့် အထွေထွေပျက်စီးမှုများ၏ တည်ရာဖြစ်ပါသည်။ ဒုတိယအုပ်စုမှာ 'သူပုန်အုပ်စု'ဟုဆိုနိုင်သည်။ မိမိတို့လက်လှမ်းမမီဖြစ်နေသည့် ရုပ်ဝတ္ထုယဉ်ကျေးမှုများကို ဆန့်ကျင်ရာမှ အစွန်းရောက်ဘာသာရေး၏ ကျော့ကွင်းထဲသို့ ရောက်သွားသူများဖြစ်ပါသည်။ သူတို့၏ တုံ့ပြန်မှုမှာ ပိုမိုရန်လိုသည့်သဘောရှိရာ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ဝါဒ၏ တပ်သားရေသောက် မြစ်များပင် ဖြစ်လာနိုင်စရာ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်တိုင် အနာဂတ်သည် အဆိုးချည်းတော့မဟုတ်ပါ။ အတောမသတ်သော စိတ်ဖိစီးမှုများကို အနိုင်တိုက်ရင်း အားကောင်းမောင်းသန် ထွက်ပေါ်လာနိုင်သော ဒုတိယရေစီးကြောင်းလည်း ရှိနိုင်ပါသည်။ ဘဝလှေကားကို အရှိန်အဟုန်နှင့် ဆက်တက်မည့်သူများဖြစ်သည်။ သူတို့သည် ပညာဖြင့်အတောင် တပ်ထားသူများ ဖြစ်သလို၊ အရေးကြုံတိုင်း သက်လုံကောင်းစေမည့် စိတ်ဝိညာဉ်ပိုင်ဆိုင်ထားသူများလည်း ဖြစ်ကြသည်။ သူတို့သည် အကောင်းရော အဆိုးပါ ကြုံဖူးကြသူများဖြစ်ရာ ယုံကြည်မှုအပိုင်းတွင် အညှာမလွယ်တတ်သလို အစွဲအလမ်းကြီးသူများလည်း မဟုတ်ကြပါ။ သို့နှင့်အမျှ ဘဝ၏အဓိပ္ပာယ်သစ်များကို အဆက်မပြတ် ရှာဖွေနိုင်စွမ်းသော 'မိမိကိုယ်ကို ပြုသနိုင်သူများ' Self Renewal Persons များ ဖြစ်ပါသည်။ ထို့ထက် တရားမျှတလိုသည့်စိတ်၊ စာနာစိတ်၊ အနစ်နာခံစိတ် စသော လူ့တန်ဖိုးများကိုလည်း လွတ်လပ်မှုနှင့်အပြိုင်အလေးထားသူများဖြစ်ကြသည်။ လတ်တလော အခြေအနေများအရ ပြောရလျှင်မူ ဤရေစီးကြောင်းမှာ ပထမရေစီးကြောင်းလောက် အားကောင်းလှသည်တော့ မဟုတ်ပါ။ သန္ဓေတည်စအဆင့်ဟုူ၍သာ ဆိုရမလို ရှိနေပါသည်။

အမေးပုစ္ဆာ

ဤတွင် ရာစုသစ်နှင့် ပတ်သက်သော အမေးပုစ္ဆာတစ် ပုဒ် ထွက်လာရတော့သည်။ ၂၁ ရာစုလူငယ်သည် မည်သို့သော အမျိုးအစားလူငယ်ဖြစ်မည်နည်း။ လှေကားပေါ်မှ လန်ကျမည့်သူများလော။ လှေကားကို အတောင်တပ်၍ တက်ကြမည့်သူများလော . . အဖြေပေါ်မူတည်ပြီး ၂၁ ရာစု၏ လူမှုရှုခင်းမှာ ပုံပေါ်လာမည့်သဘော ရှိပါသည်။

'ယူနက်စကို'အဖွဲ့ကြီး (UNESCO) မှ ကောက်ခံ ရရှိသော စစ်တမ်းများအရဆိုလျှင် အနာဂတ် မျှော်လင့်ချက်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အားတက်စရာများ ရှိနေပါသည်။ ၁၉၇၀ မှ ၁၉၉၉ အတွင်း အသက် ၁၅ နှစ်အောက်လူငယ်များ၏ စာတတ်မြောက်မှုနှုန်းမှာ ၂၀ % တက်လာပါသည်။ အထက်တန်းအဆင့်ပညာ အထိ သင်ကြားခွင့်ရလာသော မိန်းကလေးအရေအတွက်မှာ ၃၀% မြင့်လာသည်။ တက္ကသိုလ်အဆင့်ထိ ပညာသင်ကြားနိုင်သော လူငယ်အရေအတွက်မှာမူ အထိုက်အသင့် တက်လာသည့်တိုင် ဂဏန်းတစ်လုံးထက် မပိုလှသေးပါ။ လူငယ်များ၏ 'ပျမ်းမျှ ဉာဏ်စွမ်းရည်' Average IQ Scores မှာ ၁၉၄၀ ခုနှစ်ထက် ၂၀ ပွိုင့် တိုးလာသည်ဟု သိရပါသည်။

ပညာရေးဘက်တွင် ဤသို့သော တိုးတက်မှုများ တွေ့ရသည့်တိုင် အခြားသော မျက်နှာစာများတွင်မူ အားတက်ဖွယ်ရာမရှိလှပါ။ နိုင်ငံတစ်ခုချင်းအတွင်းမှာသော်လည်းကောင်း၊ နိုင်ငံများကြားတွင်သော်လည်းကောင်း ဆင်းရဲချမ်းသာ ကွာဟမှုမှာ ကြီးမားကျယ်ပြန့်ဆဲ။ လူငယ်များအတွက် ကောင်းမွေဟုမဆိုနိုင်သော အင်အားသုံး ပြဿနာဖြေရှင်းနည်းများက တွင်ကျယ်လွှမ်းမိုးဆဲ...။ စေ့စပ်ညှိနှိုင်းရေး ယဉ်ကျေးမှုသစ်မှာ စစ်ပွဲသစ်များကြားတွင် လမ်းလျှောက်ဆဲ...။ စစ်ပွဲများနှင့်မကင်းတတ်သေးသည့် ကမ္ဘာ့နိုင်ငံရေးတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ ခက်ခဲစွာရုန်းကန်နေရဆဲဟု ဆိုရမလို ရှိနေပါတော့သည်။

ဤသို့သော အရပ်ရပ်အခင်းအကျင်း အခြေအနေများ ကိုတွက်ဆလိုက်ရာ ပညာရေးပြုပြင်ပြောင်းလဲမှု တစ်ခုတည်းနှင့် လုံလောက်/မလုံလောက်ဆိုသည့်မေးခွန်းမှာ လတ်တလော အဖြေပေးရမည့်ပုစ္ဆာ ဖြစ်လာပါသည်။ လူငယ်ရေးရာကို စိတ်ဝင်စားကြသူများ ဝိုင်းဝန်းဆင်ခြင်ကြပါကုန်. . ။

**စတိုင်သစ်၊ ဇန်နဝါရီ ၂၀၀၃။**

စာညွှန်း -The Future of Adolescence by Reed Larson

■

www.burmeseclassic.com

# ပဉ္စက

www.burmeseclassic.com

www.burmeseclassic.com

# ပညာသည် အရာရာလော

ရီဗျူး

ဗြိတိသျှဝန်ကြီးချုပ် 'တိုနီဘလဲ'၏ ပေါ်လစီမိန့်ခွန်းတစ်ခုတွင် ဤသို့ပြောခဲ့ဖူးသည်။ "ကျွန်တော်တို့မှာ ထိပ်တန်းဦးစားပေး လုပ်ငန်း သုံးခု ရှိပါတယ်။ ဒါတွေကတော့ ပထမ ပညာရေး၊ ဒုတိယ ပညာရေး၊ တတိယ ပညာရေးပါပဲ". . . . ဟူ၏။ သူ့မိန့်ခွန်းမှာ ဗြိတိသျှလူထု၏ ဟဒယနှင့် သွားတွေ့သလို၊ ပညာရှင်အသိုင်းအဝိုင်း၏ ကောင်းချီးပေးမှုလည်း ရခဲ့ပါသည်။ 'ပညာခေတ်'၏ စံပြဝန်ကြီးချုပ်ဆိုသော အပြောအဆိုမျိုးနှင့်ပင် ချီးကျူးဂုဏ်ပြုကြသည်များ ရှိသည်။

သို့နှင့်တိုင် 'တိုနီဘလဲ'ကိုသာမက၊ 'ပညာခေတ်'တစ်ခုလုံးကိုပင် စိန်ခေါ်လိုက်ဟန်ရှိသည့် စာအုပ်တစ်အုပ်၊ မကြာခင်က ထွက်လာရာ၊ ပေါ်လစီမိတ်ကာများကြားတွင် အတော်ကလေး လှုပ်သွားသည်ဟု သိရသည်။ စာရေးသူမှာ လန်ဒန်တက္ကသိုလ်မှ ဩဇာတိက္ကမကြီးသော ပညာရေးပါမောက္ခ 'အယ်လစ်ဆန်ဝုဖ(ဖ)' ALISON WOLF ဖြစ်နေပြန်ရာ ပညာလောကအတွက်လည်း

www.burmeseclassic.com

www.burmeseclassic.com



အလေးထားစဉ်းစားစရာ ဖြစ်နေသည်။ ပါမောက္ခ အယ်လစ်ဆန်က ပညာနှင့် စီးပွားရေးကို ချိတ်ဆက်စဉ်းစားကြရာမှ ထွက်ပေါ်လာသော ပြဿနာအချို့ကို သုတေသနမှန်ပြားပေါ် တင်လိုက်ခြင်း ဖြစ်သည်။ သူ၏ စာအုပ်အမည်ကပင် မေးခွန်းတစ်ခု ဖြစ်နေသည်။ DOES EDUCATION MATTER? ဟူ၏။

သို့ဖြင့် 'ပညာခေတ်၏ ပညာရေး' EDUCATION IN THE AGE OF KNOWLEDGE တစ်ခုလုံးကိုပင် ပြန်လည်ရီဗျူးလုပ်ကြဖို့ အကြောင်းဖန်လာပါတော့သည်။

## ပညာဘိနေက်(Knowledge Business)

ပြောရလျှင် '၂၁ ရာစုမှာ ပညာခေတ် ဖြစ်လိမ့်မည်'ဆိုသောလားရာအမြင်မှာ ၂၀ ရာစု ဒုတိယနှစ်ဝက်လောက်ကပင် တွင်ကျယ်ခဲ့ပြီး ဖြစ်ပါသည်။ စက်မှုအရင်းရှင်စနစ် အကျပ်အတည်း၊ စီမံကိန်းစီးပွားရေးအပြိုနှင့်၊ သတင်းနည်းပညာ တော်လှန်ရေးအရှိန်ရလာခြင်းတို့နှင့်အတူ ပညာခေတ်၏ အခြင်းအရာများလည်း တဖြည်းဖြည်း ပုံပေါ်လာခဲ့သည်။ စီးပွားရေးဘဝတွင်၊ 'အသိပညာလုပ်ငန်းများ' KNOWLEDGE INDUSTRIES ရှေ့တန်းရောက်လာသည်နှင့်အမျှ စီးပွားရေးတစ်ခုလုံးသည်ပင်၊ ပညာစီးပွားရေး' KNOWLEDGE ECONOMY သို့ အသွင်ပြောင်းလာပြီဟု ကောက်ချက်ချလာကြသည်။ နောက်ဆုံး ဘောဂဗေဒပညာရှင်များကိုယ်တိုင်က 'ပညာ' KNOWLEDGE ကို အဓိကအကျဆုံး 'ထုတ်လုပ်ရေးအရင်းအမြစ်' PRODUCTIVE RE-SOURCES အဖြစ်၊ သတ်မှတ်လာကြရာ၊ 'ပညာရေး'သည်ပင် စီးပွားရေး၊ နိုင်ငံရေး ပေါ်လစီအရပ်ရပ်အတွက်၊ အဓိကနိုင်ဖဲတစ်ခုလို ဖြစ်လာခဲ့ပါသည်။

သို့နှင့်အမျှ 'ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ'မှာလည်း မျှော်လင့်ချက် အကောင်းဆုံး၊ စီးပွားရေးလုပ်ငန်းများဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာတော့သည်။ အမေရိကန်နိုင်ငံမှ 'အပိုလိုအုပ်စု' APOLO GROUP ဆိုလျှင် 'ဖစ်နစ်တက္ကသိုလ်' UNIVERSITY OF PHOENIX လို အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်မျိုး ထူထောင်နိုင်သည့်အထိ ခြေလှမ်းသွက်လာခဲ့သည်။ ဤလုပ်ငန်းမှ နှစ်စဉ်ဒေါ်လာ ၁၀၈ သန်းမျှပင် အမြတ်ရသည်ဟုလည်း သိရသည်။ သို့ဖြင့် 'ပညာဘိဇနက်' KNOWLEDGE BUSINESS မှာ စီးပွားရေးသမားတို့ မျက်စိကျစရာ ဖြစ်လာတော့သည်။

ပညာ၏ 'စန်း'မှာ ဤမျှနှင့် ရပ်တန့်နေသည် မဟုတ်ပါ။ 'ပညာရေးတွင် များများရင်းနှီးမြှုပ်နှံနိုင်လေ၊ စီးပွားရေး၊ နိုင်ငံရေးတွင် ပို၍ အောင်မြင်မှုရလေ'ဆိုသော လောဂျစ်မှာ ပေါ်လစီမိတ်ကာများကြားတွင်အထူးရေပန်းစားလာသည်။ လူ့အဖွဲ့အစည်း၏ အရပ်ရပ်ပြဿနာအားလုံးကို ပညာဖြင့် ဖြေရှင်းသွားနိုင်လိမ့်မည်ဟူသော မျှော်လင့်စိတ်ကူးများဖြင့် 'ပညာ'ကို မဟာဗျူဟာ အသုံးခံပစ္စည်းလို သဘောထားလာကြသည်။ သို့ဖြင့် 'ပညာသည် ပါဝါ' KNOWLEDGE IS POWER ဆိုသော အဆိုအမိန့်မှာ ပြန်လည်တစ်ခေတ်ဆန်းလာပြီး 'ပညာ ပိုလိုက်တစ်' KNOWLEDGE POLITIC ဆိုသော ဝေါဟာရပင် ဖြစ်တည်လာခဲ့ပါသည်။

သို့သော် ပညာရေးကို ဈေးကွက်ဘောင်သွင်းခြင်းနှင့် နိုင်ငံရေး ဇာတ်သွင်းခြင်းအပေါ် သံသယဖြင့် စောင့်ကြည့်နေကြသည့် ပညာရှင်များလည်း ရှိနေပါသည်။ အထူးသဖြင့် ၂၁ ရာစုနှစ်ဦး၊ 'ဒေါ့ကွမ်ဈေးကွက်' DOT-COM MARKET အပြိုနှင့်၊ စက်တင်ဘာ(၁၁) အရေးအခင်းနောက်ပိုင်းတွင် ဤအသံများမှာ ပိုစိတ်လာသည်နှင့်အမျှ ပိုစူးလာခဲ့ပါသည်။

ငယ်ရပ်လူကြီး

ပညာရေးသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် အရေးကြီးသော အရင်းအမြစ်တစ်ခု ဖြစ်လာသည်နှင့်အမျှ လူတို့ဦး

www.burmeseclassic.com

www.burmeseclassic.com



ချင်းစီ၏ ဘဝအောမခံချက်အတွက်လည်း မရှိမဖြစ် အခြေခံဖြစ်လာသည်။ ကျောင်း ကောင်းကောင်းမှာ၊ ဘာသာရပ် ကောင်းကောင်းတွင် အမှတ်ကောင်းကောင်းဖြင့် စာမေးပွဲအောင်ရေးသည်သာ ကျောင်းသားများအတွက် တစ်ခုတည်းသော ရည်မှန်းချက်လို ဖြစ်လာရသည်။ ဤနေရာတွင် ကျောင်းကောင်းဆိုသည်မှာ ငွေကုန်ကြေးကျ အများဆုံး၊ နာမည်အကြီးဆုံး ကျောင်းမျိုးကိုဆိုလိုပြီး၊ ဘာသာရပ် ကောင်းကောင်းဆိုသည်မှာလည်း လတ်တလော ဈေးကွက်တွင် ငွေအဖြစ် အလွယ်ဆုံးဘာသာရပ်ကို ဆိုလိုခြင်း ဖြစ်သည်။ သို့ဖြင့် ပညာရေးသည်ပင် အနာဂတ်အဆင့်နေရာတွင် အာမခံချက်တစ်ခုလို ဖြစ်လာရသည်။ POSITIONAL GOOD ဟု ဆိုပါသည်။ ဤအတွက် နောင်ရေးကို ပူပင်တတ်သော မိဘတိုင်းက မိမိသားသမီးများကို မူကြို့မှစ၍ တက္ကသိုလ်ထိတိုင်၊ တရစပ် မောင်းရတော့သည်။

ဖြစ်လာသော အကျိုးဆက်များမှာ အကောင်းချည်းဟုဆိုရန် ခက်ပါလိမ့်မည်။ ပထမဆုံး သတိပြုလိုက်မိသည့် ရလဒ်မှာ ကလေးများအတွက် ငယ်ဘဝများပျောက်ဆုံးသွားခြင်းဟု ဆိုပါသည်။ 'ဆယ်ကျော်သက်မတိုင်မီ အရွယ်များ' PRETEEN ဆိုလျှင် အပေါင်းအသင်းမဲ့ မိခင်ရင်ခွင်ပျောက် ဖြစ်လာပြီး၊ ကွန်ပျူတာနှင့်သာ နှစ်ပါးသွားနေရတော့သည်။ ကွန်ပျူတာ၏ ဘေးထွက် အကျိုးများကို စောင့်ကြည့်လေ့လာနေကြသူ ပညာရှင်များ၏အဆိုအရ ဆိုခဲ့ပါ ကလေးငယ်များတွင် အရွယ်မတိုင်မီ မျက်စိမှုန်ခြင်း၊ အဝလွန်ခြင်းစသော ရုပ်ပိုင်းဆိုးကျိုးများ ရှိနိုင်သလို၊ အထီးကျန်ဆန်ခြင်း၊ သာမန်ကလေးတစ်ယောက်၏ ကိုယ်ရည်ကိုယ်သွေးများ ချို့တဲ့ခြင်းစသော စိတ်ပိုင်းဆိုင်ရာ မလိုလားဖွယ်ရာများ ရှိနိုင်သည်ဟု ဆိုပါသည်။ သို့ဖြင့် 'ပညာခေတ်၏ အနာဂတ်ဖန်တီးရှင်များမှာ 'တစ်ကိုယ်တော်၊ မှန်ကြောင်၊ ဖက်တီးလေးများ' ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကျော်သက်ရွယ် ရောက်ပြန်တော့လည်း၊ လူငယ်ဘဝ၏ ကြည်နူးရင်ခုန်စရာများတွင် မွေ့လျော်ပျော်ပါးချိန်ဟူ၍ မရှိတော့ပါ။ ကြီးမားသော ယှဉ်ပြိုင်စိန်ခေါ်မှုများအောက်တွင်အရွယ်ကို စတေးပစ်လိုက်ရပါသည်။ မိမိပတ်ဝန်းကျင်ကိုပင် မိတ်ဆွေအပေါင်းအသင်း၊ သူငယ်ချင်းအဖြစ် မကြည့်မြင်နိုင်ဘဲ၊ ပြိုင်ဘက်အဖြစ်သာ သဘောထားလာကြသည်။ အကျိုးဆက်မှာ 'အတ္တဗဟိုပြုလူငယ်များ' SELF CENTERED YOUTH မွေးထုတ်သလိုဖြစ်နေသည်ဟု ဆိုပါသည်။ ဤသို့သော လူငယ်များဖြင့် လူ့အဖွဲ့အစည်းအတွက်လိုအပ်သော 'စုပေါင်းစွမ်းအင်' SYNERGY ကိုဖန်တီးနိုင်ပါမည်လော။ မေးခွန်းထုတ်ချင်စရာ ဖြစ်လာပါသည်။

စက်ယန္တရားတက္ကသိုလ်

ပညာရေးကို စီးပွားရေးမျှော်ကိုးချက်များဖြင့် ချိတ်ဆက်ဖန်တီးကြခြင်းသည် ပညာရေး၏ မူလရည်မှန်းချက်များကို ကျဉ်းကျုံ့သွားစေသည်ဆိုသော အကောက်အယူများလည်း ရှိပါ သည်။ ပညာရှင်အချို့ဆိုလျှင် ကျဉ်းကျုံ့ရုံမျှမက ပုံပျက်၍ပင်သွားနိုင်သည်ဟူ၍ပင် စိုးရိမ်မကင်း ဖြစ်နေကြသည်။ သိကြပြီးဖြစ်သည့်အတိုင်း စီးပွားရေးတွင် ကိန်းဂဏာန်း ညွှန်းကိန်းများကိုအားပြုလေ့ရှိကြရာ ပညာရေးလောကတွင်ပါ ဤအစဉ်အလာကအရိပ်ထိုးလာသည်။ တိုင်းပြည်စီးပွားရေးအတွက် 'ပညာအလုပ်သမား' KNOWLEDGE WORKER မည်၍မည်မျှ လိုမည်ဆိုသော လျာထားချက်ကို ချိန်ရွယ်ပြီး တက္ကသိုလ်တစ်ခုက တစ်နှစ်လျှင် မည်မျှ မွေးထုတ်နိုင်ရမည်ဆိုသော စီမံကိန်းမျိုးတွေ ရှိလာသည်။ စင်စစ် အရေအတွက်ကို တိုးချဲ့လိုက်သည်နှင့် အရည်အသွေးပိုင်းတွင် ကျဆင်းလာနိုင်သည့် တူရူချက်များ ရှိနိုင်ပါသည်။ လန်ဒန်တက္ကသိုလ်မှ ကမကထလုပ်သော ဆာဗေးတစ်ခုအရ ဗြိတိသျှတက္ကသိုလ်များမှမွေးထုတ်လိုက်သော ဘွဲ့ရများ၏ ပညာ

www.burmeseclassic.com

www.burmeseclassic.com



ရည်မှာ လွန်ခဲ့သည့်ဆယ်နှစ်တာကာလအတွင်း သိသိသာသာ ကျဆင်းသွားသည်ဟု ဆိုပါသည်။

အရေအတွက် များများ မွေးထုတ်နိုင်ရေးနှင့်အတူ ကွဲကူးရေပါ ဖြစ်လာသည့် အခြားပြဿနာများလည်း ရှိသေးသည်။ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲများ ပို၍ တင်းကျပ်လာခြင်း၊ ပညာသင် စရိတ်များ ကြီးမြင့်လာခြင်း၊ တက္ကသိုလ်များကိုယ်တိုင် ဘတ်ဂျက် အခက်အခဲနှင့် ရင်ဆိုင်လာရခြင်း စသည်တို့ ဖြစ်ပါသည်။ ပို၍အရေးကြီးသည်မှာ တက္ကသိုလ်များ၏ မူလကိုယ်ရည်ကိုယ်သွေးများ မှုန်ဝါးလာသည့်ကိစ္စဟု ဆိုကြသည်။ ပြောရလျှင် တက္ကသိုလ်ပညာရေးမှာ အသေမဟုတ်ပါ။ အရှင်ဖြစ်ပါသည်။ အတိတ်မှ သင်ခန်းစာထုတ်ယူရေး သက်သက်မျှ မဟုတ်ပါ။ အနာဂတ်အတွက် ပြင်ဆင်တည်ဆောက်ရေး ဖြစ်ပါသည်။ ငါးပွက်ရာ ငါးစာချသလို ပေါ်ပြူလာပညာရပ်များနှင့် ကျေနပ်နေ၍ မဖြစ်ပါ။ တီထွင်ဖန်တီးမှုကို စေ့ဆော်သော သုတေသနပညာရေး ဖြစ်ပါသည်။ ဤအနေအထားများနှင့်တစ်စစဝေးလာခြင်းမှာ တက္ကသိုလ်တစ်ခုအတွက် 'အရင်းအမြစ်များ ခန်းခြောက်လာခြင်း' DRAINING OF RESOURCES ဟု ဝေဖန်ကြပါသည်။

ဤနေရာတွင် အထက်က ညွှန်းဆိုခဲ့သော ပါမောက္ခ 'အယ်လစ်ဆန်'၏စကားတစ်ခွန်းကို ပြန်လည်ရည်ညွှန်းလိုသည်။ "ကျွန်တော်တို့ရဲ့ ဘိုးဘွားတွေဟာ ကျွန်တော်တို့လောက် မချောင်လည်တဲ့ အခြေအနေမှာတောင် ပညာရေးကို ယဉ်ကျေးမှုဆိုင်ရာ၊ ကျင့်ဝတ်ဆိုင်ရာ၊ အတတ်ပညာဆိုင်ရာဆိုတဲ့ မျက်နှာစာပေါင်းစုံက စနစ်တကျ ဖန်တီးခဲ့ကြပါတယ်။ ဒီနေ့ ကျွန်တော်တို့ဟာ ဒီ အစဉ်အလာကို လျစ်လျူရှုပြီး၊ ပညာရေးမှ ပညာရေးသက်သက် လုပ်နေရင် တာဝန်ကျေနိုင်ပါ့မလား" သူ စိန်ခေါ်လိုက်သော မေးခွန်းကို အဖြေပေးနိုင်ဖို့ ကြိုးစားကြရာမှ 'ပညာ'ဆိုသည်နှင့် ပတ်သက်၍ပင်၊ ပြန်လည်ဆန်းစစ်ကြဖို့ ဖြစ်လာရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာအစစ်သို့

'ပညာခေတ်'၊ 'ပညာစီးပွားရေး'၊ 'ပညာအလုပ်သမား'. . .။ မျက်မှောက်ခေတ်တွင် 'ပညာ'ဆိုသော ရှေ့ဆက်စကားမှာ အကျယ်လောင်ဆုံး မြည်ဟီးလျက် ရှိနေပါသည်။ ယခုတော့ ဤပညာသည်ပင် ပညာအစစ် ဟုတ်၊ မဟုတ် ပြန်လည်စိစစ်လာကြရသည်။

ယနေ့ အပြောများနေကြသော 'ပညာ' KNOWLEDGE ဆိုသည်မှာ ရလာသော အင်ဖော်မေးရှင်းများကို အသုံးတည့်ရေးရှုထောင့်မှ အသွင်ပြောင်း ပုံဖော်ယူလိုက်သည့် အသိပညာ၊ သို့မဟုတ် အတတ်ပညာမျှသာ ဖြစ်ပါသည်။ လက်တွေ့အသုံးပြုရေး မျက်နှာစာ တစ်ခုတည်းမှ ချဉ်းကပ်ထားခြင်းဖြစ်ရာ လူ့အဖွဲ့အစည်းရှိ ပြဿနာအားလုံးကို ဖြေရှင်းနိုင်သည့် ဇဗ်ပါးဆေးအဖြစ် မမျှော်လင့်အပ်ဟု ဆိုသည်။ လတ်တလော အသုံးတည့်နိုင်သော်လည်း ရေရှည် အားကိုးအားထားပြုခြင်မှ ပြုနိုင်ပါလိမ့်မည်။ သူ့တွင် 'အဆုံးစွန်တန်ဖိုး' ABSOLUTE VALUE မရှိ။ 'နှိုင်းရတန်ဖိုး' RELATIVE VALUE တန်ဖိုးသာ ရှိသည်။ ထို့ကြောင့် ပညာဆိုသည်ထက် 'သညာ'ဟုသာ ဆိုသင့်သည်ဟု ထောက်ပြကြပါသည်။

ဤသို့ဆိုလျှင် 'တကယ့်ပညာအစစ်' WISDOM မှာ ဘာဖြစ်မည်နည်း။ ဤပညာအစစ်သည် တစ်ပွဲထိုးကုထုံး မဖြစ်စေရ။ လောကလုံးသဘော ဆောင်နိုင်ရမည်။ (UNIVERSAL CONCEPT)။ ရေရှည်ခံသည့် တန်ဖိုးရှိရမည်။ (SUSTAINABLE VALUE)။ ကျင့်ဝတ်ပိုင်းအရ အစစ်ဆေးခံနိုင်စွမ်း ရှိရမည် (MORALLY JUSTIFIED)။ ဘက်ပေါင်းစုံမှ ချဉ်းကပ်နိုင်ရမည် (ALL ROUND DIMENSIONS) စသဖြင့် ညွှန်းဆိုလာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဖွင့်ဆိုချက်များနှင့်အတူ လက်ရှိ 'ပညာရေး' EDUCATION ကိုလည်းဝေဖန်သုံးသပ်လာကြသည်။ လက်ရှိပညာရေးမှာ ပညာအစစ်ကို မဖန်တီးနိုင်၊ သညာအဆင့်မျှနှင့် တန့်နေသည်ဟု ဆိုပါသည်။ တကယ့်ပညာခေတ်စစ်စစ်ကို ဦးတည်နိုင်ဖို့ဆိုလျှင် ယနေ့ပညာရေးကိုပင် ပြန်လည်အဓိပ္ပာယ် ဖွင့်ရတော့မည်ဟု ဆိုပါကြောင်း။

**စတိုင်သစ်၊ ဩဂုတ်လ၊ ၂၀၀၂။**

စာညွှန်း- THE EDUCATION SHIBBOLETH.

■

www.burmeseclassic.com

www.burmeseclassic.com

# ပင့္ပညာေရး

အရူးစကား

ခဏေလးသည္းခံၿပီး ဒါေတြကိုဖတ္ၾကည့္လိုက္ပါ။

၁။ "က်ဳပ္တို႔ကမ႓ာႀကီးဟာ စၾကာ၀ဠာရဲ႕ ဗဟိုခ်က္မဗ်"

၂။ "ေလယာဥ္ပ်ံဆိုတာ စိတ္၀င္စားဖို႔ေကာင္းပါရဲ႕။ ဒါေပမဲ့ စစ္ေရးအတြက္ေတာ့ အသုံးမ၀င္လွပါဘူး"

၃။ "႐ုပ္ျမင္သံၾကားကို ေစ်းကြက္တင္ဖို႔ ႀကိဳးစားေနတာဟာ ႐ူးမိုက္ရာေရာက္ပါတယ္။ ဘယ့္ႏွယ့္ဗ်ာ။ ညတိုင္းဒီေသတၱာေလးကိုၾကည့္ေနရရင္ မၾကာခင္ၿငီးေငြ႕သြားမွာေပါ့။မဟုတ္ဘူးလား"

၄။ "ဘီတဲ(လ္)ေတြလား။ အလကားဆူညံသံေတြပါဗ်ာ။ ပရိသတ္အာ႐ုံကို ဘယ္လိုလုပ္ ဆြဲေဆာင္ႏိုင္မွာလဲ။ မၾကာခင္ သူ႔ဟာသူ ေပ်ာက္သြားမွာပါ။ စိတ္ခ်"

၅။ "လေပၚေရာက္ဖို႔ဆိုတာ ဘယ္ေတာ့မွမျဖစ္ႏိုင္"

၆။ "ေဆးရြက္ႀကီးဟာ လူနဲ႔တည့္တယ္။ သုံးစြဲရင္ အက်ိဳးမ်ားမယ္"

www.burmeseclassic.com

www.burmeseclassic.com



၇။ "ကွန်ပျူတာမရှိလည်းဖြစ်ပါတယ်။ မရှိမဖြစ်ပစ္စည်း မဟုတ်ပါဘူး။"

ဒီစကားတွေ ဖတ်လိုက်ရတော့ ခင်ဗျားဘယ်လိုမြင်သလဲ။ အလကားအရှုးစကားတွေပါလို့ ထင်မှာသေချာပါတယ်။ ဒီလိုပြောတဲ့သူတွေကိုလည်း အတော်ညံ့တဲ့မောင်တွေလို့အထင်သေးမိမှာပဲ။ ဒါပေမဲ့ ရှေ့ဆက်ဖတ်လိုက်ပါဦး။

နံပါတ်(၁) စကားကိုပြောခဲ့သူဟာ နာမည်ကျော် အီဂျစ်နက္ခတ္တဗေဒပညာရှင်ကြီး တိုလေမီဖြစ်ပါတယ်။ သူ ဒီစကားကိုပြောခဲ့တဲ့အချိန်က ၂ ရာစုဆိုတာကိုတော့ သတိပြု။

နံပါတ်(၂)စကားကို ပြောခဲ့သူက ပြင်သစ်ပါရဂူ 'မာရှယ်ဖာဒီနန်ဖို့(ချ်)'ဖြစ်ပါတယ်။ ပထမကမ္ဘာစစ်မှာ မဟာမိတ်တပ်မှူးကြီးတစ်ယောက်ပေါ့။ သူဒီစကားကိုပြောခဲ့တာက ၁၉၁၁ ခုနှစ်။

နံပါတ်(၃)စကားကတော့ '၂၀ ရာစုမြေခွေး' ကုမ္ပဏီကိုထူထောင်ခဲ့တဲ့ ထိပ်တန်းပရိုဂျူဆာကြီး 'ဒရိုင်အက်(ဖ)ဇနောက်' ရဲ့အပြော ဖြစ်ပါတယ်။ ပြောခဲ့တဲ့ခုနှစ်က ၁၉၄၆။

နံပါတ်(၄)စကားကို ကြည့်လိုက်ပါဦး။ တေးဂီတ စီးပွားရေးလောကမှာ ထိပ်ဆုံးကရှိခဲ့တဲ့ 'ဒက်ကာ' တေးသံသွင်း ကော်ပိုရေးရှင်းကြီးရဲ့ မှတ်ချက်ဖြစ်ပါတယ်။ ၁၉၆၂ က ထင်မြင်ချက်ပါ။

နံပါတ်(၅)စကားကို ပြောခဲ့သူဟာလည်း စာမတတ်၊ ပေမတတ် ရှေးအဘိုးကြီး မထင်လိုက်နဲ့။ တီထွင်မှုပါရဂူ သိပ္ပံပညာရှင်ကြီး 'ဒေါက်တာ လီဒီဖောရက်' ဖြစ်ပါတယ်။ ရေဒီယိုရဲ့ ဖခင်ကြီးလို့ အဆိုရှိသူပေါ့။ ဒီစကားကို သူပြောချိန်က ၁၉၆၇ ခုနှစ်ပါ။

နံပါတ်(၆)စကားကို ပြောတဲ့သူဟာလည်း ဆေးပညာနကန်းတစ်လုံးမှမသိတဲ့ ဆေးလိပ်စွဲနေသူတစ်ယောက်လို့ ထင် ရင် တက်တက်စင် မှားပါလိမ့်မယ်။ အမေရိကန်ပြည်ထောင်စုလော့အိန်ဂျယ်လိစ်က အအောင်မြင်ဆုံး ခွဲစိတ်ဆရာဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ 'အီရန်မက်ဒေါနယ်'ရဲ့စကားပါ။ ဒီဆရာဝန်ကြီးက ဆေးလိပ်မသောက်တတ်ပါဘူး။ ၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့က နယူးဝိခ်မဂ္ဂဇင်းနဲ့ တွေ့ဆုံခန်းမှာ တရားဝင်ပြောခဲ့တာဖြစ်ပါတယ်။

နံပါတ်(၇) စကားကို ပြောခဲ့သူဟာလည်း ဒစ်ဂျစ်တယ် ကော်ပိုရေးရှင်းကြီးတစ်ခုရဲ့ တည်ထောင်သူနဲ့ နာယကပါ။ 'ကက်နက်အော်(လ)ဆင်'တဲ့။ ၁၉၇၇ ခုနှစ်က ပြောခဲ့တဲ့စကားပေါ့။

ကိုင်း-စာဖတ်သူမိတ်ဆွေ၊ ခင်ဗျား ဘယ်လိုသဘောရပါသလဲ။

## သေချာခြင်းအန္တရာယ်

အထက်မှာ ဖော်ပြခဲ့တဲ့ ပုဂ္ဂိုလ်ကြီး ခုနစ်ယောက်ဟာ သူ့ခေတ်နဲ့သူ၊ သူ့နယ်ပယ်နဲ့သူမှာတော့ လူတော်၊ လူစွာတွေလို့ ဆိုနိုင်လောက်ပါတယ်။ တစ်ယောက်မှ မညံ့တာ သေချာတယ်။ ဒါပေမဲ့ ဒီနေ့ခေတ်အမြင်နဲ့ကြည့်လိုက်တော့ သူတို့စကားတွေဟာ အရယ်ရဆုံးဟာသတွေ ဖြစ်နေတာလည်း အမှန်ပဲ။ ဘာကြောင့် ဒီလိုဖြစ်တာလဲ။

ဒီနေရာမှာ 'ဘာထရမ်ရပ်ဆဲ(လ)' ရဲ့ စာတစ်ပုဒ်ကို ဖျတ်ခနဲ အမှတ်ရလိုက်တယ်။ သိကြပြီးဖြစ်တဲ့အတိုင်း 'ဘာထရမ်ရပ်ဆဲ(လ)'ဆိုတာ ၂၀ ရာစုရဲ့ အကျော်ကြားဆုံး ဒဿနဆရာကြီးတွေထဲက တစ်ယောက်ပါ။ သူ့ရဲ့စကားလေးတစ်ခွန်းဟာ သေချာစဉ်းစားလေအဓိပ္ပာယ်ရှိလေပဲ။ 'သေချာခြင်းရဲ့အန္တရာယ်' ဆိုတဲ့စကားပါ။ ဒီစကားလေးရဲ့ ဗျူပ္ပတ်ကို နည်းနည်းပြန်အစဖော်မှ ဇာတ်ရည်လည်လိမ့်မယ်ထင်ပါရဲ့။

၂၀ ရာစုသမိုင်းမှာ အရေးကြီးဆုံး အဖြစ်အပျက်ကြီးတစ်ခုဖြစ်တဲ့ 'အောက်တိုဘာတော်လှန်ရေး' အောင်ပွဲခံပြီးခါစမှာ 'ဘာထရမ်ရပ်ဆဲ(လ)'ဟာ ဆိုဗီယက်ယူနီယံကိုရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီမှာ ခေါင်းဆောင်တွေရော သာမန်လူထုနဲ့ပါ စကား ပြောခွင့်ရခဲ့ပါတယ်။ ထူးခြားတာက ရုရှားမှာ သူတွေ့သမျှလူတိုင်း လိုလိုဟာ သိပ်သေချာနေကြတယ်ဆိုပဲ။ 'မုချ-အောင်ရမည်' ဆို တဲ့စကားကို ယုံယုံကြည်ကြည် ပြောနေကြတယ်။ ဒီစကားတွေ ကို အကြားရများလာတော့ 'ရပ်ဆဲ(လ)' ကိုယ်တိုင်ရဲ့ ယုံကြည် မှုဟာတောင် သိပ်မခိုင်ချင်သလို ဖြစ်လာခဲ့တယ်လို့ ဆိုပါတယ်။ နောက်ဆုံး အိပ်ရာပေါ်လဲနေတဲ့ စာရေးဆရာကြီး ဂေါ်ကီနဲ့တွေ့ တော့မှ 'ရပ်ဆဲ(လ)'တစ်ယောက် ဉာဏ်အလင်း ရသွားခဲ့ပါတယ်။ ဂေါ်ကီက သူများတွေနဲ့မတူဘူး။ "ကျုပ်တို့ ရုရှားပြည်ကြီး ဘာ တွေဖြစ်နိုင်လဲ. . ။ ခင်ဗျားထင်မြင်ချက်ကို ပြောပါ" လို့ တဖွဖွ မေးနေတယ်။ သူ့အသံက သေချာမှုနဲ့ မာမနေဘူး။ မရေရာမှုနဲ့ တုန်နေတယ်။ ဒီစာရေးဆရာကြီးရဲ့ ချည့်ချည့်နဲ့နဲ့အသံမှာ 'သေ ချာခြင်းရဲ့အန္တရာယ်' ဆိုတာကို သဘောပေါက်ခဲ့ရပါတယ်တဲ့။

နောင် ဆယ်နှစ်အကြာ စတာလင်ခေတ်ကို ရောက်တော့ 'သေချာခြင်းရဲ့အန္တရာယ်'ကို ရုရှားလူထုကိုယ်တိုင် နာနာကြည်း ကြည်း သိလိုက်ရပါပြီ။ နောင်နှစ်ပေါင်း(၇၀)ကြာတော့ ဆိုဗီယက် ယူနီယံဆိုတာ မရှိတော့ဘူး။ တစ်ချိန်က 'မုချအောင်ရမည်'ဆိုတဲ့ မြေကြီးပေါ်က လောကနိဗ္ဗာန်ဟာ ပြိုကျသွားတဲ့ ဗိမာန်တော် ဖြစ်ခဲ့ရပြီ။ ဘဝဆိုတာ သိပ်သေချာတဲ့ မာတိကာတစ်ခုလား။ သမိုင်းဆိုတာကကော သတ်မှတ်ပြဋ္ဌာန်းပြီးသား လမ်းကြောင်း တစ်ခုလား။ အမှန်တရားဆိုတာကကော နှစ်ပေါင်း ထောင် သောင်းတိုင် မယိမ်းယိုင်တဲ့ ကျောက်စာတိုင်ကြီးလား။

စောစောကပြောခဲ့တဲ့ လူကျော်၊ လူမော်ကြီး ခုနစ်ယောက် ဟာ ဒီမေးခွန်းမျိုးတွေ မေးခဲ့ကြဟန်မရှိဘူး။ ကိုယ့်အမြင်၊ ကိုယ့် အတွေး၊ ကိုယ့်အယူအဆကို ခိုင်ခိုင်မာမာကြီး ပြောခဲ့ကြတာ ကလား။ ရာစုတစ်ခုတောင် မရှိတတ်တဲ့ကာလယ်တစ်ခုမှာပဲ သူ တို့ရဲ့ သေချာခိုင်မာမှုတွေဟာ ၂၁ ရာစု ချာတိတ်တွေအတွက်

www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာ၊ ဟားစရာ ဖြစ်နေရပြီ။ 'သေချာခြင်းရဲ့ အန္တရာယ်'ကို ဒီကျော်စွာ ခုနစ်ယောက် ရင်ဆိုင်လိုက်ရတာ ဖြစ်ပါလိမ့်မယ်။

'ကန့်'ရဲ့မျက်မှန်

စိတ်ပညာရှင်တွေရဲ့ အလိုအရ သိမှုဖြစ်စဉ်ရဲ့ အစဟာ 'အာရုံသိ' Perception လို့ ဆိုပါတယ်။ အရာဝတ္ထုတွေအပေါ် လူတွေရဲ့မြင်ပုံ၊ ယူပုံပေါ့။ ဒီပထမဆုံးအဆင့် မြင်ပုံ၊ ယူပုံမှာကိုပဲ လူတစ်ယောက်နဲ့တစ်ယောက် မတူတတ်ကြပါဘူး။ ဒီလိုဖြစ်ရတာဟာ လူတစ်ဦးချင်းစီမှာ ရှိနေနှင့်တဲ့ အခုအခံ၊ အစွဲအလမ်းတွေကြောင့်လို့ဆိုပါတယ်။ ဒီသဘောကို ဒဿနပညာရှင်ကြီး 'အီမာနျူရယ်-ကန့်'ရဲ့အမည်နဲ့တွဲပြီး 'ကန့်ရဲ့မျက်မှန်'လို့ ခေါ်ပါတယ်။ မျက်မှန်စိမ်းတပ်ထားရင် စိမ်းနေမယ်။ မျက်မှန်နီဆိုရင် နီနေမယ် ဆိုတဲ့ သဘောပါ။

ဒီတော့ကိုယ့်မျက်မှန်ထဲကမြင်ရတဲ့ပုံရိပ်ကိုသာ တကယ့်အမှန်လို့ အစွဲကြီးနေလို့ မဖြစ်ချေတော့ဘူး။ တခြားမျက်မှန်ထဲက မြင်ရတဲ့ပုံရိပ်ဟာလည်း အမှန်ဖြစ်နိုင်တာကလား။ မျက်မှန်အပြောင်းအလဲလုပ်ကြည့်ဖို့ လိုပါလိမ့်မယ်။ ဒါမှလည်း အမှန်တရားရဲ့ ဒိုင်မင်းရှင်းအားလုံးဟာ ကွဲလာနိုင်မှာ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ရေတွင်းထဲက ဖားသူငယ်လိုမဖြစ်ဖို့ပါပဲ။ ရေတွင်းနှုတ်ခမ်းက ကန့်သတ်ထားတဲ့ စက်ဝိုင်းငယ်ကိုသာ ကောင်းကင်ကြီးလို့မြင်ပြီး ကျေနပ်မနေကြဖို့ပါ။ ရေတွင်းထဲက ခုန်ထွက်နိုင်ဖို့ သိပ်အရေးကြီးပါတယ်။

လူတစ်ဦးချင်းစီရဲ့ မြင်ပုံယူပုံတွေ စုပေါင်းလိုက်တဲ့အခါ ခေတ်တစ်ခေတ်ရဲ့ မြင်ပုံယူပုံ ရလာပါတယ်။ PARADIGM လို့ ဆိုပါတယ်။ 'ပါရာဒိုင်း'ဆိုတာ ခေတ်တစ်ခေတ်ရဲ့ ရှုထောင့်၊ ဒါမှမဟုတ်ညွှန်းဘောင်၊ ဒါမှမဟုတ် အတွေးပုံစံဆိုပါတော့။ (များသောအားဖြင့်တော့ ခေတ်တစ်ခေတ်မှာ လွှမ်းမိုးနေတဲ့လူစုကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ မြင်ပုံယူပုံ ဖြစ်တတ်ပါတယ်။)သတိပြုဖို့က ဒီ'ပါရာဒိုင်း' ဆိုတာဟာလည်း ခေတ်တိုင်းအတွက် မဖောက်မပြန် မှန်နေမယ့် ပရမတ္ထသစ္စာမဟုတ်ဘူးဆိုတာပါ။ 'ပါရာဒိုင်းအရွေ့' Paradigm Shift ဆိုတာ ရှိပါရောလား။ ဒီနေ့လို အပြောင်းအလဲများတဲ့ ကာလမျိုးမှာ ပါရာဒိုင်းအရွေ့ဟာ ဒိုင်းကနဲ ဒိုင်းကနဲ သိပ်မြန်၊ သိပ်သွက်ဆိုပဲ။ ဒီအချက် ကိုကြည့်ရင် ပါရာဒိုင်းဆိုတာ သမုတိ သစ္စာလို့ သိအပ်တယ်။ ဘာကြောင့် ပါရာဒိုင်းရွေ့ရတာတဲ့လဲ။ လူတွေရဲ့အသိမျက်မှန်မှာ 'ဆုံတာ' Focal Length ချင်း မတူလို့ ဖြစ်နိုင်တယ်။ အသိပညာ မြင့်မားလာတာနဲ့အမျှ ပိုဝေးဝေးနဲ့ ပိုကြည်ကြည်မြင်နိုင်တာကိုး။ 'အိုင်ဆက်နယူတန်'က ခုလို ပြော ခဲ့ဖူးပါတယ်။ "မျိုးဆက် တစ်ခုဟာ သူ့အရင်မျိုးဆက်ရဲ့ပခုံးပေါ် ကျကျနနတက်ကြည့်နိုင် တော့ ပိုဝေးဝေးမြင်ရတာပေ့ါ"တဲ့။

ဒီတော့ ကျွန်တော်တို့ကို ပခုံးနဲ့ထမ်းတင်ထားကြတဲ့ သွား လေသူ မျိုးဆက်တွေကို 'ငတုံးကြီးတွေပါ'ဆိုပြီး အထင်မသေး သင့်သလို 'ဘယ်တော့မှ မမှားနိုင်တဲ့ ပုရောဟိတ်ကြီးတွေ'လို အကြွင်းမဲ့နာခံဆည်းကပ်နေတာမျိုးလည်း မဖြစ်သင့်ဘူး ထင်ပါ တယ်။ ကျွန်တော်တို့ဟာ ရှေးဆရာကြီးတွေရဲ့ အရိပ်အာဝါသမှာ ခိုလှုံပြီး သူတို့ရဲ့ ဘုန်းတော်ဘွဲ့တွေကို ရွတ်ဖတ်နေရုံနဲ့ တာဝန် မကျေပါဘူး။ သူတို့ပခုံးပေါ်တက်ပြီး သူတို့ထက် ပိုဝေးဝေးကြည့် နိုင်မှသာ လူ့ဘဝ တိုးတက်ရာတိုးတက်ကြောင်းအတွက် ဝတ္တရား ကျေတဲ့ လူငယ်မျိုးဆက်တွေ ဖြစ်နိုင်ပါလိမ့်မယ်။

## ပညာရဲ့အဆင့်များ

ဒီနေ့ခေတ်ဟာ 'ပညာခေတ်'ဆိုတာကိုတော့ အများစု လက်ခံလာကြပါပြီ။ ဒါပေမဲ့ 'ပညာ'နဲ့ပတ်သက်တဲ့ အကောက် အယူတွေမှာတော့ အစဥ်အလာထဲက မထွက်တတ်သေးဘူး။ မကြာသေးခင်က ဖတ်လိုက်ရတဲ့ 'အီကောနော့မစ်မဂ္ဂဇင်း'မှာ

www.burmeseclassic.com

www.burmeseclassic.com



ပညာရဲ့အဆင့်တွေကို ခုလိုခွဲခြားပြပါတယ်။ စဉ်းစားစရာဖြစ်မယ်ထင်လို့ တစ်ဆင့်ဖောက်သည်ချပါရစေ။

ပညာရေးဟာ စဉ်ဆက်မပြတ်သွားနေရတဲ့ ဖြစ်စဉ်ပါ တဲ့။ Continual Education ပေါ့။ (ဒီအထိ သိပ်မထူးလှသေးပါဘူး။) ဘယ်လိုစဉ်ဆက်မပြတ်သွားရမှာလဲ။ ဟောဒီလိုပါ။ 'ပညာရေး' Education၊ ပြီးတော့ 'ပဋိပညာရေး' Uneducation.. ။ ပြီးတော့မှ 'ပြန်လည်ပညာရေး' Re-education လို့ဆိုပါတယ်။ (ထူးခြားသွားပြီ။) အထူးသဖြင့် 'ပဋိပညာရေး' ဆိုတဲ့ကြားအဆင့်ဟာ အတော် အရေးကြီးမယ်ထင်တယ်။ သိပြီးသားပညာတွေကို ဆန်ခါချအနှစ်ထုတ်ဖို့ ဖြစ်မယ်ထင်ပါတယ်။ မိမိရဲ့ အခုအခံ၊ အစွဲအလမ်းတွေကို ချေဖျက်ကျော်လွှားနိုင်ဖို့ပါ။ ဒီအဆင့်ကို မကျော်လွှားဘဲ Re-education လုပ်နိုင်စရာရှိမယ်မထင်ဘူး။ ပညာကိုအမြင်သစ်နဲ့ ချဉ်းကပ်ဖို့ဖြစ်မယ်လို့ နားလည်ရပါတယ်။

**ပိတောက်မြေ၊ ဖေဖော်ဝါရီ၊ ၂၀၀၃။**

စာညွှန်း-

(1) ECONOMICS

(2) PARADIGMS AND PRINCIPLES

■

www.burmeseclassic.com

www.burmeseclassic.com

# နှစ်ဆယ့်တစ်ရာစုတက္ကသိုလ်

ယူနီဗာစတီမှ ယူနီဗာ့(စ)

အဆင့်မြင့်ပညာရေး (HIGHER EDUCATION) နှင့် ပတ်သက်လျှင် ယနေ့တိုင် ကိုးကားညွှန်းဆိုနေကြရသော စာအုပ်တစ်အုပ်ရှိပါသည်။ ၁၉၃၀ အလွန်နှစ်များက ထွက်ခဲ့သော 'အေဘရာဟမ်ဖလက်(ခ)နာ' (ABRAHAM FLEXNER) ၏ *အမေရိကန်၊ အင်္ဂလန်နှင့် ဂျာမန်တက္ကသိုလ်များ (UNIVERSITIES;AMERICA, ENGLISH, GERMAN)* ဆိုသော စာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် ဖလက်(ခ)နာက ဤသို့ ရေးခဲ့ဖူးသည်။ "ခေတ်သစ်တက္ကသိုလ်တစ်ခုသည် သက်ဆိုင်ရာခေတ်၏ ယေဘုယျလူမှုအဆောက်အအုံ၏ ပြင်ပတွင်ရှိသည်မဟုတ်၊ အတွင်းမှာပင်ရှိသည်။ သူ့ခေတ်၏အကြောင်းကို ထပ်ဟပ်ဖော်ပြနိုင်ရုံမျှမက ပစ္စုပ္ပန်နှင့် အနာဂတ်အပေါ်တွင်ပါ သြဇာသက်ရောက်မှုရှိသော အဖွဲ့အစည်းမျိုးဖြစ်ရမည်"ဟူ၍ဖြစ်ပါသည်။

သူဖွင့်သောအဓိပ္ပာယ်နှင့် စိစစ်ကြည့်လိုက်လျှင် သူ့ စာအုပ်အမည်သည်ပင် ခေတ်မမီလှတော့ပါ။ ယနေ့ တက္ကသိုလ်တစ်ခုခုကို အမေရိကန်၊ အင်္ဂလန်၊ ဂျာမနီ စသည်ဖြင့် အမျိုးသားနိုင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု၏ အမှတ်အသားနှင့် ယှဉ်တွဲဖော်ပြလိုက်လျှင်ပင် ခေတ်သစ်တက္ကသိုလ်မဖြစ်နိုင်တော့ပါ။ ခေတ်ပြောင်းသွားသောကြောင့်ဖြစ်ပါသည်။ ခေတ်ပြိုင်စီမံခန့်ခွဲမှုပညာရှင် 'ပီတာဒရပ်ကာ' (PETER DRUCKER) ၏အလိုအရ မျက်မှောက်ခေတ်မှာ 'အဆက်ပြတ်သွားသောခေတ်'(AGE OF DISCONTI-NUITY) ဖြစ်သည်။ သိပ်မကြာလှသေးသော 'အတိတ်'နှင့်ပင်ဘာမှမဆိုင်တော့လောက်အောင် အစစ ပြောင်းလဲသွားခဲ့ပြီဖြစ်ပါသည်။

ယခင်က အမျိုးသားနိုင်ငံများမှာ နိုင်ငံတကာဆက်ဆံရေး၏အဓိကအဆုံးအဖြတ်နေရာတွင် ရှိနေခဲ့သည်။ ယခုအခါ အမျိုးသားနိုင်ငံများ၏ လုပ်နိုင်စွမ်းရည်၊ လုပ်ပိုင်ခွင့်တို့ထက် ကျော်လွန်နေသော အသစ်ဖြစ်ထွန်းမှုများပေါ်ပေါက်လာသည်။ ယခင်က ပထဝီကိုအခြေခံစဉ်းစားသော 'ဒေသသဘော'(LOCAL) မှ ယခုအခါ ပထဝီကိုကျော်ကြည့်သော 'ဂလိုဘယ်သဘော' (GLOBAL)သို့ ရောက်လာသည်။ ယခင်က 'အမျိုးသား အမှတ်အသားသရုပ်' (NATIONAL IDENTITY) ကိုယ်စီဖြင့် သီးခြားလှုပ်ရှားကြရာမှ ယခု 'အပြန်အလှန်အမှီသဟဲပြုရမှုများ' INTERDEPENDENCE)ရှောင်မရဖြစ်လာသည်။ ၁၉၉၆ ခုနှစ်က'ယူနီဆက်' (UNICEF) အဖွဲ့ကြီးမှကျင်းပသော ပညာရေးဖိုရမ်တစ်ခုတွင် မျက်မှောက်ခေတ် ထူးခြားထင်ရှားလာသော အခြင်းအရာကြီး သုံးရပ်ကို ဤသို့ဖော်ပြခဲ့သည်။ 'ဧကန်မဲ့မှု' UNCERTAINITY၊ 'အကဲဆတ်မှု'(FRAGILITY) နှင့် 'လောကလုံးသဘောဆောင်လာမှု' (UNIVERSALIZA-TION)တို့ ဖြစ်ပါသည်။

အဆိုပါ အပြောင်းအလဲအောက်တွင် မျက်မှောက်ခေတ်တက္ကသိုလ်များ၏ အဓိပ္ပာယ်ကို ခေတ်မီမီဖွင့်တော့မည်ဆိုလျှင် ဆိုခဲ့ပါ ထူးခြားချက်များကို ထင်ဟပ်ဖို့ လိုလာပါလိမ့်မည်။ 'အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သား’ (NATIONAL) ဆိုသော ရှေ့ဆက်စကားဖြင့် ညွှန်းဆိုရုံမျှဖြင့်ဘယ်လိုမှ မလုံလောက်နိုင်တော့ပါ။ ‘နိုင်ငံတကာ’ (INTER-NATIONAL) ဆိုသော စကားလုံးနှင့်ပင် ပြည့်စုံနိုင်ဦးမည် မဟုတ်ပါ။ ဤစကားလုံးအရ နိုင်ငံအစိုးရများ ပူးပေါင်း ဆောင်ရွက်ရမည့်သဘောအထိသာ ရောက်ရာ မျက်မှောက်တက္ကသိုလ်များလှုပ်ရှားရမည့်‘ခွင်’ကို မကာမိနိုင်ပါ။ နေရာဒေသမရွေး၊ လူမျိုးဘာသာမရွေး၊ ယဉ်ကျေးမှုနှင့် အိုင်ဒီအိုလိုဂျီမရွေး တက္ကသိုလ်အချင်းချင်း လွတ်လွတ်လပ်လပ် လက်တွဲဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များရှိလာရာ ပိုမိုအပြန့်ကျယ်မည့် ရှေ့ဆက်စကားကိုတောင်းဆိုလာကြသည်။ သို့ဖြင့် ယူနီဗာဆယ်(UNIVERSAL) သို့မဟုတ် (GLOBAL) ဆိုသော စကားလုံးများဖြင့် ချိတ်ဆက်စဉ်းစားလာကြသည်။ သို့နှင့်အမျှ အစဉ်အလာ တက္ကသိုလ်ကိုညွှန်းသော ‘ယူနီဗာစီတီ’ (UNIVERSITY) ဆိုသော ဝေါဟာရသည်ပင် ‘ယူနီဗာ့(စ)’ (UNIVERSE) ဆိုသော စကားလုံးဆီသို့ ဦးတည်ရွေ့လာရတော့သည်။

ဤတွင် ခေတ်မီတက္ကသိုလ်တစ်ခုအတွက် မဟာဗျူဟာရည်မှန်းချက်များ၊ နည်းဗျူဟာ အခင်းအကျင်းများနှင့် ‘မဖြစ်မနေဆောင်ရွက်ရမည့်တာဝန်များ’ (IMPERATIVE) ကိုလည်း ပြန်လည်ဆန်းစစ်ကြဖို့ အကြောင်းဖန်လာပါတော့သည်။

ဗျူဟာသစ်

ပထမဆုံး ပညာရေး၏ မဟာဗျူဟာရည်မှန်းချက်များ ကိုဖော်ထုတ်လာကြသည်။ လူသည် လွတ်လပ်စွာမွေးဖွားလာသည်ဆိုသော်ငြား လူမှန်းသိတတ်သည်နှင့် အမှီခိုမကင်းနိုင်တော့ပါ။ မိဘ၊ ဆရာ၊ အသိုင်းအဝိုင်းနှင့် သူဖြတ်သန်းနေသော ခေတ်၏ဩဇာများကို အနည်းနှင့်အများဆိုသလို ခံယူကြရသည်။ ပြောရလျှင် အခုအခံ၊ အစွဲအလမ်း၊ ဥပါဒါန်များဖြစ်ပါသည်။ သို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပညာရေး၏ ပထမရည်မှန်းချက်မှာ 'အမှီခိုမကင်းရာမှ အမှီခိုကင်းရေးသို့'(DEPENDENCE TO INDEPENDENCE) ဖြစ်လာသည်။ အခုအခံ အစွဲအလမ်းများကို ဖောက်ထွက်နိုင်ဖို့ ဖြစ်သည်။ ဥပါဒါန်ကို ခွာကြည့်နိုင်ဖို့ဖြစ်သည်။

သို့နှင့်တိုင် အမှီကင်းရုံမျှဖြင့် ပညာရေးရည်မှန်းချက် ပြီးပြည့်စုံပြီဟု မဆိုနိုင်သေးပါ။ ယနေ့ခေတ်မှာ ပညာရပ် အသီးသီးကြား၊ ခြားထားကန့်ထားသော အပိုင်းအခြားများ မှုန်ဝါးလာပြီး ထွေးရောယှက်တင် ဖြစ်လာသော ပညာပေါင်းစုံစုစည်းလာချိန်ဖြစ်သည်။ အလားတူ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ နိုင်ငံများကြား ပတ်သက်ဆက်စပ်မှုများ ထွေပြားလာသည့်ခေတ်လည်း ဖြစ်သည်။ သို့ဖြင့် ပညာရေး၏ ဒုတိယရည်မှန်းချက်မှာ 'တစ်ဦးချင်းအမှီအခိုကင်းရာမှ အပြန်အလှန်အမှီသဟဲပြုရေး' (INDEPENDENCE TO INTERDENPENDENCE) ဖြစ်လာသည်။ ဤတွင် ၂၀ရာစု ပညာရေး၏ မဟာဗျူဟာရည်မှန်းချက်တစ်စုံရလာသည်။ 'အမှီခိုမကင်းရာမှ လွတ်လပ်သူ ဖြစ်လာရေး၊ ထိုမှ အပြန်အလှန် အမှီသဟဲပြုရေး' (DEPENDENCE TO INDEPENDENCE AND THEN FINALLY TO INTERDEPENDENCE) ဖြစ်ပါသည်။

ဤရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် 'ပညာရှာခြင်း' (LEARNING) ၏ လုပ်ငန်းစဉ်တွင်လည်း ပြန်လည်စိစစ်ရသည်များ ရှိလာသည်။ ယခင်ကလို သင်ကြားပေးသမျှကို ခံယူနိုင်ရုံမျှဖြင့် 'ပညာရှာခြင်း' မမည်တော့ပါ။ မိမိ၏ ဦးနှောက်နှင့် အသည်းနှလုံးတွင် ကိန်းဝပ်နေသော အစွဲအလမ်းများကို ချေဖျက်ကျော်သွားနိုင်ဖို့ အရေးကြီးလာပါသည်။ ပညာရှာခြင်းကို ပြန်လည်စိစစ်ဝေဖန်သုံးသပ်မှုဖြင့် ဆက်စပ်ကျင့်သုံးဖို့ ဖြစ်ပါသည်။ သို့မှသာ အတွေးသစ်၊ အမြင်သစ်၊ အိုင်ဒီယာသစ်များအတွက် လမ်းဖွင့်နိုင်လိမ့်မည်ဟု ဆိုပါသည်။ (LEAR-

www.burmeseclassic.com

www.burmeseclassic.com



NING THROUGH UNLEARNING AND TOWARD RELEARNING) ဟု ရေးသည်။ 'ပညာ၊ ပဋိပညာမှ အသစ်ပညာသို့' ဟု နားလည်ရသည်။ ဤတွင် UNLEARNING ဆိုသောဆက်ထုံးမှာ အခရာအကျဆုံး ဖြစ်ဖွယ်ရှိသည်။ မိမိ၏ ဥပါဒါန်ကို ချေဖျက်ရသည့်အလုပ်ဖြစ်ရာ အခက်ခဲဆုံးအပိုင်းလည်းဖြစ်ပါသည်။ သို့နှင့်တိုင် ဤပဋိပညာအဆင့်ကို မကျော်လွှားနိုင်သရွေ့ 'အသစ်ပညာ' (RELEARNING) ကို မည်သို့မျှ ဦးမတည်နိုင်ဟု အလေးထားဆန်းစစ်ကြသည်။

ဆက်လက်၍ ပညာရေး၏နည်းဗျူဟာပိုင်းကိုလည်း ဝေဖန်အကြံပြုကြသည်များ ရှိသည်။ ယခင်က ပညာရေးသည် 'မှတ်တမ်း' (RECORD) နှင့် ဆက်စပ်နေပါသည်။ အတိတ်သင်ခန်းစာများကို မှတ်သား၍ အနာဂတ်အတွက် ပြင်ဆင်ရခြင်းဖြစ်သည်။ သို့ဖြင့် 'ဦးနှောက်ထဲ ဖိသိပ်သွင်းခြင်း' MEMORIZATION) မှာ အဓိကနည်းဗျူဟာ ဖြစ်နေခဲ့သည်။ ယခု ဤပုံစံအတိုင်းသွား၍ မဖြစ်တော့ပါ။ ပဋိပညာအဆင့်ကို ကျော်ဖြတ်နိုင်ရေးအတွက် 'ဦးနှောက်ကိုဆွပေး' (PROVOKING) ဖို့လိုလာပါသည်။ သို့ဖြင့် 'ခွဲခြမ်းစိတ်ဖြာမှု' (ANALYSIS) နှင့် 'ဝေဖန်ဆန်းစစ်သည့်စိတ်' (CRITICAL MIND) တို့က 'အခရာ' ဖြစ်လာသည်။ ယခင်ပညာရေးတွင် အကြောင်းအကျိုး ချိတ်ဆက်ချဉ်းကပ်သော 'အဖြောင့်စဉ်းစားနည်း' (LINEAR THINKING) ကို အားပြုခဲ့ကြသည်။ ယခု မလုံလောက်တော့ပါ။ ဖြစ်ရပ်များ၏ အဆက်အစပ်သည် ပြတ်တောင်းသဘော၊ ခုန်ကူးသဘောများလည်း ရှိနိုင်ရာ 'အဖြောင့်မဟုတ်သော စဉ်းစားနည်း' (NON-LINEAR THINKING) သို့ အာရုံညွှတ်လာသည်။ ယခင်က ပညာရေးကျင့်ဝတ်ကို 'ဆိုဆုံးမရန်လွယ်ကူမှု' (OBEDIENCE) ဖြင့် ချိတ်ဆက်ထားခဲ့ကြသည်။ ယခု 'တီထွင်မှု' (INVENT)၊ 'ဖန်တီးမှု' (CREATE) တို့ အထူးလိုအပ်နေ

www.burmeseclassic.com

www.burmeseclassic.com



သော အခြေအနေတွင် 'ဖောက်ထွက်တွေးခြင်း' BREAK THROUGH THINKING)၊ 'လွတ်လွတ်လပ်လပ်စဉ်းစားခြင်း'(FREE THINKING)တို့မှာ နှုန်းစံသစ်များ ဖြစ်လာသည်။

ဤသို့သော မဟာဗျူဟာနှင့် နည်းဗျူဟာ အခင်းအကျင်းသစ်ပေါ်တွင် ၂၁ ရာစုတက္ကသိုလ်၏ မရှိမဖြစ်လိုအပ်ချက်များကို ဆက်လက်ဆန်းစစ်လာကြပါသည်။

ခေတ်မီရေးအဓိပ္ပာယ်

အစဉ်အလာအရပင် တက္ကသိုလ်ပညာရေးမှာ သုတေသနလုပ်ငန်းနှင့် ဆက်စပ်ထားရပါသည်။ ၂၁ ရာစု တက္ကသိုလ်တွင်လည်း ဤအတိုင်းပင်ဖြစ်ပါသည်။ မတူတော့သည်က အလေးပေးပုံချင်း ဖြစ်သည်။ ယခင်က'သင်ကြားရေး'(LEARNING) မှာ မဏ္ဍိုင်ဖြစ်ပြီး 'သုတေသန' (RESEARCH) က အထောက်အကူဖြစ်သည်။ ပညာသစ်များကို အဆက်မပြတ် ရှာဖွေဖော်ထုတ်ရမည့်တာဝန်ရှိလာသော ခေတ်မီတက္ကသိုလ်များအတွက် ဤအတိုင်းမဖြစ်တော့ပါ။ သင်ကြားရေးနှင့် သုတေသနမှာ ခွဲမရနိုင်လောက်အောင်ရောယှက်နေပြီး သုတေသနသည်သာ'အဓိကတွန်းအား' (PRIMARY MOTIVE) ဖြစ်ရပါလိမ့်မည်။

အစဉ်အလာအရ တက္ကသိုလ်တစ်ခု၏ တာဝန်မှာ မိခင်နိုင်ငံ၏ လူမှုစီးပွားရေးကို တိုက်ရိုက်အကျိုးပြုဖို့ ဖြစ်ပါသည်။ ပြည်တွင်းဈေးကွက်၏ လိုအပ်ချက်ကို တက္ကသိုလ်ကဖြည့်ပေးဖို့ဖြစ်သည်။ ဈေးကွက်က ဦးဆောင်သည့်သဘောဟု ယူနိုင်ပါလိမ့်မည်။ ၂၁ ရာစုတက္ကသိုလ်၏ တာဝန်မှာ ကမ္ဘာကြီးတစ်ခုလုံး၏ လူမှုစီးပွားရေးလိုအပ်ချက်ကို အကျိုးပြုရေးထိ အပြန့်ကျယ်လာသည်။ ကမ္ဘာလုံးဈေးကွက်နှင့် တက္ကသိုလ်ကို ချိတ်ဆက်ဖို့ ဖြစ်သည်။ သို့သော် ယခင်ကလို ဈေးကွက်က ရှေ့ဆောင်သည် မဟုတ်။ တက္ကသိုလ်က ဦးဆောင်ဖော်ထုတ်လိုက်သော နည်း

www.burmeseclassic.com

www.burmeseclassic.com



ပညာအရွေ့နောက်သို့ ဈေးကွက်က လိုက်ပါလှည့်ပြောင်းရမည့် သဘော ဖြစ်သည်။ ပညာခေတ်တွင် 'ပညာ'ကိုထုတ်လုပ်သော တက္ကသိုလ်ကသာလျှင် ဗဟိုဌာနဖြစ်လာသည့်သဘောမျိုးဟု ဆိုနိုင်ပါလိမ့်မည်။

ယခင်က တက္ကသိုလ်တစ်ခု၏ သင်ရိုးညွှန်းတမ်း၊ စာမေးပွဲစနစ်၊ ပညာရည်အဆင့်သတ်မှတ်ချက်များကို သက်ဆိုင်ရာ တက္ကသိုလ်အာဏာပိုင်အဖွဲ့ကသာ လွတ်လွတ်လပ်လပ်တာဝန်ယူလေ့ရှိပါသည်။ များသောအားဖြင့် 'အမျိုးသားအကျိုးစီးပွား' (National Interest)နှင့်ယှဉ်၍ ဤကိစ္စများကို ရွေးချယ်ပြဋ္ဌာန်းလေ့ရှိပါသည်။ ယခု အပြန်အလှန်အမှီသဟဲပြုရေးထိ ချိန်ရွယ်လာသော ခေတ်မီတက္ကသိုလ်များအတွက် ဤမျှဖြင့် မလုံလောက်တော့ပါ။ သင်ရိုးညွှန်းတမ်းအစ စာမေးပွဲစနစ်အလယ် ပညာရည်အဆင့် သတ်မှတ်ချက်များတွင်ပါ ကမ္ဘာအဆင့်နှင့် တစ်ပြေးညီဖြစ်ရေးသို့ ဦးတည်ချက်ထားလာရပါသည်။ 'ဂလိုဘယ် အကျိုးစီးပွား' (GLOBAL INTEREST)နှင့်ယှဉ်သော တက္ကသိုလ်ဟု ဆိုပါသည်။

အဆိုပါလိုအပ်ချက်များအတွက် တက္ကသိုလ်များအနေ နှင့် စိတ်ပိုင်းရော၊ ရုပ်ပိုင်းတွင်ပါ ပြင်ဆင်ကြဖို့ လိုပါလိမ့်မည်။ စိတ်ပိုင်းဆိုရာတွင် 'ယဉ်ကျေးမှုပေါင်းစုံ' (MULTICULTURES) အယူအဆနှင့် 'ကော်စမိုပိုလီတန်' ယဉ်ကျေးမှုထွန်းကားရေးမှာ အဓိကဖြစ်ဖွယ်ရှိသည်။ ရုပ်ပိုင်းဆိုရာတွင် အင်တာနက်ဝက်(ဘ) ဆိုဒ်နှင့် ချိတ်ဆက်နိုင်ရေးမှာ မရှိမဖြစ်လိုအပ်ချက် ဖြစ်လာပါတော့သည်။ တက္ကသိုလ်စာသင်ခန်းမှာ ကမ္ဘာကြီးတစ်ခုဖြစ်လာသလို တက္ကသိုလ်ရင်ပြင်ဆိုသည်မှာလည်း 'ကမ္ဘာပတ်ပင့်ကူအိမ်ကြီး' (WORLD WIDE WEB) ဖြစ်လာရပါသည်။ 'ဝက်(ဘ)ဆိုက်ဒ်နှင့်ချိတ်ဆက်ထားသော တက္ကသိုလ်' (WEBCENTRIC UNIVERSITY) ဟုဆိုပါသည်။ အဆိုပါ 'ဝက်စင်းထရစ်

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်' သည်ပင် ယူနီဗာစီတီနှင့် ယူနီဗာ့(စ)ကြားရှိ အဆင့် တစ်ခုဖြစ်သည်။ ဤအဆင့်မှစ၍ 'အက်ကျူကေးရှင်း' (EDUCATION) ဆိုသော ဝေါဟာရနေရာတွင် 'ဝက်ဗျူကေးရှင်း' (WEBUCATION) ဆိုသောစကားလုံးက တစ်စစ နေရာယူလာလိမ့်မည်ဟု ဆိုပါသည်။

သေချာသည့်အချက်ကိုပြောရလျှင် ၂၁ ရာစုတွင် တက္ကသိုလ် တစ်ခုအနေနှင့် အင်တာနက်နှင့် ချိတ်ဆက်နိုင်ပြီး ကော်စမိုပိုလီ တန်ယဉ်ကျေးမှုနှင့် ယဉ်ပါးနိုင်မှသာ 'ခေတ်မီ' (MODERN) ဆိုသော ရှေ့ဆက်နှင့် ထိုက်တန်လိမ့်မည်ဟု ပြောနိုင်ပါလိမ့်မည်။

ပညာဖလှယ်ရေးအစီအစဉ်

'နိုင်ငံတကာ ပညာရေး ဖလှယ်မှုအစီအစဉ်' INTERNATIONAL EDUCATIONAL EXCHANGE PROGRAMME မှာ ဒုတိယကမ္ဘာစစ်အပြီး ပထမဆယ်စုကပင် စတင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ မူလစတင်စဉ်က ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများအပြင် နိုင်ငံခြားဘာသာစကား၊ သမိုင်းနှင့် ယဉ်ကျေးမှုများကို ဖြည့်စွက်သင်ကြားရုံမျှသာ ရှိခဲ့သည်။ ၁၉၅၀ အလွန်နှစ်များသို့ ရောက်တော့မှ ကျောင်းသားများနှင့် တက္ကသိုလ် ဆရာ၊ ဆရာမများ အပြန်အလှန်ဖလှယ်ကြသည့် အစီအစဉ်များ စတင်နိုင်ခဲ့သည်။ စင်စစ် ဤအစီအစဉ်မှာ စစ်ဒဏ်ခံခဲ့ရသောကမ္ဘာကြီးအတွက် ပြန်လည်တည်ဆောက်ရေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်ခဲ့ပါသည်။ ဤသို့ တက္ကသိုလ်များကြား ပညာရေးဖလှယ်မှု အစီအစဉ်ကြောင့် တိုင်းပြည်များကြား အပြန်အလှန် နားလည်မှုများ ပိုရလာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ခဲ့ကြသည်။ ပြောရလျှင် သက်ဆိုင်ရာအစိုးရများက ကမကထလုပ်သော အစီအစဉ် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအစီအစဉ်သည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ အတွင်း ဖြည်းဖြည်းမှန်မှန် တိုးတက်လာခဲ့ရာမှ ၂၀ ရာစု၏နောက်ပိုင်း ဆယ်စုများသို့ ရောက်သောအခါ ပိုမိုအပြန့်ကျယ်လာသည်နှင့် အမျှ ပို၍လည်း အရှိန်အဟုန် ရလာသည်။ အစိုးရ ဦးဆောင်သော အစီအစဉ်များသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တက္ကသိုလ်အချင်းချင်း တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်လာကြသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေနှင့် နိုင်ငံခြားတက္ကသိုလ်များဖြင့် တိုက်ရိုက်ဆက်သွယ်မှုများပင် ရှိလာခဲ့သည်။ လူပုဂ္ဂိုလ်များ အပြန်အလှန်ဖလှယ်ကြရုံမျှမက အင်ဖော်မေးရှင်းများ၊ အိုင်ဒီယာများနှင့် ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးထိ ရောက်လာသည်။ အချို့သော သုတေသနလုပ်ငန်းများဆိုလျှင် နိုင်ငံပေါင်းစုံမှ တက္ကသိုလ်များ ပူးပေါင်းတာဝန်ယူလာကြသည်။ သို့ဖြင့်အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ ဘဏ္ဍာရေးတို့နှင့်အပြိုင် နိုင်ငံတကာ ပညာရေးပူးပေါင်း ဆောင်ရွက်ရေး ခေတ်တစ်ခေတ်သို့ ရောက်လာခဲ့တော့သည်။ 'ပညာရေးဆိုင်ရာ ဂလိုဘယ်လိုက်ဇေးရှင်း'ဟု ဆိုပါသည်။

ဟားဗတ်၊ အမ်အိုင်တီ စသော အမေရိကန် တက္ကသိုလ်ကြီးများသည်လည်းကောင်း၊ အောက်စဖို့(ဒ)၊ ဆိုဘုန်း စသော ဥရောပတက္ကသိုလ်ကြီးများသည်လည်းကောင်း နိုင်ငံတကာမှ ကျောင်းသားများကို အပြိုင်အဆိုင် လက်ခံလာကြသည်။ နိုင်ငံခြား ကျောင်းသားအရေအတွက် များများလက်ခံသင်ကြားပေးနိုင်ခြင်းသည်ပင် တက္ကသိုလ်ကြီးများ၏ ဂုဏ်သိက္ခာလိုဖြစ်လာခဲ့သည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အဆိုပါ ဥရောပနှင့် အမေရိကန်တက္ကသိုလ်ကြီးများသို့ အများဆုံးလာရောက်ပညာရှာကြသည့် ကျောင်းသားများမှာ အာရှနိုင်ငံများမှဟု သိရသည်။ အထူးသဖြင့် အမေရိကန်တက္ကသိုလ်များဆိုလျှင် တရုတ်ကျောင်းသားများက အများဆုံးဟု သိရပါသည်။ ဤသို့သော နိုင်ငံတကာ

www.burmeseclassic.com

www.burmeseclassic.com



မှ လာရောက်ပညာဆည်းပူးကြသူ ကျောင်းသားများအတွက် ဘွဲ့ကြို ဘွဲ့လွန်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများသာမက ပညာသင်ဆုများ၊ ပညာသင် ထောက်ပံ့ကြေးများကိုပါ ရက်ရက်ရောရော ပေးလာကြသည်။ ရည်ရွယ်ချက်မှာ မိမိတို့တက္ကသိုလ်ကို ကမ္ဘာလုံးဆိုင်ရာ ပညာရေးဗဟိုအဖြစ် အဆင့်မြှင့်နိုင်ရေးဖြစ်ပါသည်။

ဂျပန် တက္ကသိုလ်များကလည်း ခရစ်နှစ် ၂၀၀၀ ခုနှစ်အတွင်း နိုင်ငံခြားကျောင်းသားပေါင်း ၁၀၀,၀၀၀ မျှ လက်ခံသင်ကြားပေးလျက်ရှိသည်။ ၎င်းအထဲမှ ၉၀ % မှာ အာရှနိုင်ငံများမှ ဖြစ်ပါသည်။ ကျန်အာရှနိုင်ငံများသည်လည်း မိမိတို့အချင်းချင်း ပညာရေးဖလှယ်မှုအစီအစဉ်များကို ရည်မှန်းချက်ရှိရှိ လုပ်လာကြသည်။ ဥပမာ-အာဆီယံနိုင်ငံများဆိုလျှင် အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို အဖွဲ့ဝင်နိုင်ငံများတွင် အကောင်အထည်ဖော်နေပြီ ဖြစ်ပါသည်။ အထူးသဖြင့် စင်္ကာပူ၊ တောင်ကိုရီးယားနှင့် မလေးရှားနိုင်ငံတို့က မိမိတို့ တက္ကသိုလ်များကို ဒေသဆိုင်ရာပညာရေးဗဟိုအဖြစ် အသွင်ပြောင်းနိုင်ရန် ဦးတည် ကြိုးပမ်းနေကြသည်။

၎င်းသို့ဖြင့် နိုင်ငံတကာ တက္ကသိုလ်များကြား ပညာရေးဖလှယ်ရေးအစီအစဉ်များကို အပြိုင်အဆိုင်ကြိုးပမ်းလာကြရာ 'ဦးနှောက်စစ်ပွဲများ' (BRAIN WARS) ဟူ၍ပင် တင်စားခေါ်ရသည်အထိ ဖြစ်လာသည်။ စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းတွင် ပါဝင်ရုံမျှဖြင့် 'ရေရှည်အာမခံချက်ရှိသော ဖွံ့ဖြိုးတိုးတက်မှု' SUSTAINABLE GROWTH) ကိုမရနိုင်၊ ပညာရေး ဂလိုဘယ်လိုက်ဇေးရှင်းတွင် ပါဝင်နိုင်ရေးက ပို၍သော့ချက်ကျသည်ဆိုသော အပြောအဆိုများပင် ရှိလာပါသည်။ သို့ဖြင့် ဂလိုဘယ်အဆင့်ထိ ခြေဆန့်နိုင်မှသာ ၂၁ ရာစု တက္ကသိုလ်အဖြစ် ပီပြင်နိုင်တော့မည့်သဘောထိ ရောက်လာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်အသားသရုပ်နှင့် လောကလုံးသဘော

နိုင်ငံတကာပညာရေးဖလှယ်မှုအစီအစဉ်များမှာ ဒုတိယကမ္ဘာစစ်ပြီးခါစက စတင်ခဲ့သည်ဆိုသော အချက်ကို ဖော်ပြပြီးဖြစ်ပါသည်။ ဤအချိန်မှာပင် တစ်ချိန်က ကိုလိုနီလွှမ်းမိုးမှုအောက်တွင် ကျရောက်နေခဲ့သော နိုင်ငံအများစုမှာ လွတ်လပ်သောအမျိုးသားနိုင်ငံသစ်များအဖြစ် ပေါ်ထွက်လာနေကြသည်။ အဆိုပါ လွတ်လပ်စနိုင်ငံများအနေနှင့် မိမိတို့၏ဘာသာစကား၊ သမိုင်းအစဉ်အလာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ကာ 'အမျိုးသားအမှတ်အသားသရုပ်' (NATIONAL INDENTITY)များကို တည်ဆောက်လာကြသည်။ သို့ဖြင့် အမျိုးသားအမှတ်အသားသရုပ်သည်ပင်အမျိုးသားလွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ၏ သင်္ကေတဖြစ်လာခဲ့ပါသည်။

ပညာ၏သဘောတွင်မူ အမှတ်အသားသရုပ်မရှိဟု ဆိုနိုင်သည်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ တိုင်းပြည်မရွေး၊ နိုင်ငံရေးအသွေးအရောင်မရွေး၊ လူသားအားလုံးအတွက် ပညာတွင် တူညီသောတန်ဖိုး ရှိနေပါသည်။ ပြောရလျှင် ပညာမှာ လောကသုံးသဘောဆောင်သည်ဟု ဆိုရပါလိမ့်မည်။ ဤတွင်နိုင်ငံများ၏အမှတ်အသားသရုပ်နှင့် ပညာ၏ လောကလုံးသဘောဆောင်မှုမှာ တိုးတိုက်မိစရာအကြောင်းများ ရှိလာနိုင်ပါသည်။

အထူးသဖြင့် အင်ဖော်မေးရှင်းနည်းပညာတော်လှန်ရေးနှင့်အတူ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြီးရောက်လာရာ ယဉ်ကျေးမှုများတိုးတိုက်မိစရာ အချက်အလက်များ ဖန်တီးလိုက်သလို ရှိလာပါသည်။ 'ကမ္ဘာလုံးဆိုင်ရာ နေထိုင်မှုစတိုင်' (GLOBAL LIFE STYLE)၊ 'ပေါ်ပြူလာယဉ်ကျေးမှု' (POP CULTURE)စသော လှိုင်းလုံးများအောက်တွင် အမျိုးသားအမှတ်အသားသရုပ်များ မှုန်ဝါးလာနိုင်သည့်အရေးမှာ သဘာဝကျစွာပင် စိုးရိမ်စရာရှိလာသည်။ ပညာရှင်များ၏အလိုအရ ဤ

www.burmeseclassic.com

www.burmeseclassic.com



အခြင်းအရာမှ အစွန်းနှစ်ခုဖြစ်ထွန်းလာနိုင်စရာရှိသည်ဟု ဆိုပါသည်။ 'အလွန်အကျွံ အမျိုးသားရေးဝါဒ' (CHAUVINISM) နှင့် အမှတ်အသားသရုပ်များကို နင်းချေပစ်လိုက်သော 'အနှစ်မဲ့မှုများ' (EMPTINESS) တို့ဖြစ်ပါသည်။ အလွန်အကျွံ အမျိုးသားရေးဝါဒက 'တံခါးပိတ်အထီးကျန်ဝါဒ' (ISOLATIONISM) ကိုဦးတည်စေပြီး 'အနှစ်မဲ့မှု'များက ယဉ်ကျေးမှုတစ်ခုခု၏လွှမ်းမိုးမှုကို လမ်းဖွင့်ပေးသလို ဖြစ်နိုင်ပါသည်။ နှစ်ခုလုံးမဖြစ်သင့်ပါ။

စင်စစ် အမှတ်အသားသရုပ်နှင့် လောကလုံး သဘောဆောင်မှုမှာ ဒင်္ဂါးပြားတစ်ခု၏ ခေါင်းနှင့်ပန်းသာဖြစ်ပါသည်။ ဆွဲထုတ်စဉ်းစား၍မရသလို အပြန်အလှန်အသိအမှတ်ပြုဖို့လည်း အထူးလိုပါသည်။ ပညာရေးပူးပေါင်းဆောင်ရွက်မှု၏ ရည်မှန်းချက်မှာ အတားအဆီး အကန့်အသတ်များ၊ အာဃာတများ၊ အထီးကျန်ဘဝများကို ကျော်လွှားနိုင်ရန်ဖြစ်သည်။ ဤရည်ရွယ်ချက်အောင်မြင်ဖို့ဆိုလျှင် မတူခြားနားမှုများကို အသိအမှတ်ပြုဖို့လိုသလို အပြန်အလှန်နားလည်မှုရှိဖို့လည်း လိုပါသည်။ သို့ဖြင့် အမှတ်အသားသရုပ်များကို မွေးမြူထိန်းသိမ်းယဉ်ပါးစေခြင်းသည်ပင် ၂၁ ရာစုတက္ကသိုလ်၏ အရေးတကြီးတာဝန် ဖြစ်လာရတော့သည်။ ဤသည်ပင် တက္ကသိုလ်များ၏ ဆောင်တာဖြစ်သလို ပညာရေးကျင့်ဝတ်ဟုလည်း ဆိုကြပါသည်။

ခေတ်မီရေးအဓိပ္ပာယ်၊ ပညာရေးဖလှယ်မှုနှင့် အမှတ်အသားသရုပ်ယဉ်ပါးစေခြင်းတို့မှာ ၂၁ ရာစု တက္ကသိုလ်များ၏ 'မရှိမဖြစ်လိုအပ်ချက်များ'(IMPERATIVES)ဟုဆိုပါကြောင်း. . .။

**စံပယ်ဖြူ မတ်လ၊ ၂၀၀၃။**

စာညွှန်း-

Educational Imperatives for a New Era, by Charles J. Ping.

■

www.burmeseclassic.com

*2025 txufwef;ynma&;*

ဒိုင်းနမစ်လေးရပ်

ပညာခေတ်ဆိုသည်ကိုမူ မငြင်းကြတော့ပါ။ ပညာရေးနှင့် ပတ်သက်လျှင်မူ ပြောစရာဆိုစရာတွေ ရှိနေသေးသည်။ အမေရိကန်ပြည်ထောင်စုလို ရှေ့တန်းရောက် နိုင်ငံကြီးမျိုးမှာပင် ပညာရေးနှင့် ပတ်သက်ဆက်စပ်သူ အားလုံးမှာ စိတ်မသက်မသာ ဖြစ်နေရသည်။ မကြုံဖူးလောက်အောင် ခုန်ပျံတိုးပွားနေသော ကျောင်းသားဦးရေအောက်တွင် အရေအတွက်အရရော၊ အရည်အချင်းအရပါ တစ်ရံမလပ် အားဖြည့်နေသည့်ကြားမှ ဆရာ၊ ဆရာမများမှာ အမောတကော အမီလိုက်နေရသည်။ မရှိမဖြစ် ပညာနှင့် မသုံးမဖြစ်ငွေကြေးကြားတွင် မောပန်းတကြီး ပြေးလွှားနေရင်းမှ မိဘများမှာ သောကဖိစီးနေရသည်။ အကြီးအကျယ် ပြိုင်ဆိုင်နေရသော ကာလကြီးတွင် လူငယ်ဘဝ၏ ချိုမြိန်ချိန်ကို ပေးဆက်နေရင်းမှ ကျောင်းသားများမှာ ရိုဘော့စက်ရုပ်များနှင့် တဖြည်းဖြည်းတူလာနေသည်။ ဤအချိန်တွင် ပညာရေးပေါ်

www.burmeseclassic.com

www.burmeseclassic.com



လစီ ချမှတ်သူများမှာ မသိးမပွင့်နိုင်သေးသော စီမံကိန်းများကို ချမှတ်နေရင်းမှ အနာဂတ်ကို မျှော်ကြည့်နေရသည်။ လက်ရှိပညာရေးက ပညာခေတ်၏လိုအပ်ချက်များကို အပြည့်အဝ မဖြည့်ဆည်းနိုင်သေးသော သာဓကများဖြစ်ပါသည်။

သို့နှင့်တိုင် စိတ်ပျက်ပြီး ညည်းညူနေကြဖို့ မဟုတ်ပါ။ ပညာရေးတွင် ရေရာသေချာသော အနာဂတ်ရှိပါသည်။ ယခုတွေ့ကြုံခံစားနေရသည်တို့မှာ အပြောင်းအလဲကာလ၏ ရှောင်လွှဲမရသော ယာယီအခက်အခဲများ ဖြစ်ဖို့များသည်။ သေချာရေရာသည့်အနာဂတ်ကို အာမခံချက်အပြည့်အဝပေးနိုင်မည့် ဒိုင်းနမစ်တွန်းအားလေးရပ် ယခုပင်ဖြစ်ထွန်းနေပြီဟု ဆိုပါသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ရဲလာခြင်း၊ အရည်အချင်း သတ်မှတ်ချက်များ ပြောင်းလဲလာခြင်း၊ ပေါ်လစီချမှတ်သည့်အပိုင်း အပြန့်ကျယ်လာခြင်းနှင့် ပညာရှာသည့် 'ခွင်'တစ်ခုလုံး ပြန်လည်ဖွဲ့စည်းလာခြင်း ဆိုသော ဒိုင်းနမစ်များဖြစ်ပါသည်။ အဆိုပါ ဒိုင်းနမစ်တွန်းအားများက ပညာရေး၏ အခြေခံအဆင့်နှင့် အထက်တန်းဆင့်ကို အရှိန်အဟုန်နှင့် အဆင့်မြင့်ပညာရေးကို ဆက်လက် ပြောင်းလဲစေလိမ့်မည်ဟု ဆိုသည်။

ဤတွင် ပညာရေးသုတေသီများအနေနှင့် ဖော်ပြပါ ဒိုင်းနမစ်လေးရပ်ကို အခြေခံပြီး လာမည့်နှစ်ပေါင်းအစိတ်ကို ခန့်ကျော်ကြည့်ဖို့ ကြိုးပမ်းလာကြသည်။ သို့ဖြင့် ခရစ်နှစ် ၂၀၂၅ အထက်တန်းပညာရေးရှုခင်းတစ်ခု ပုံပေါ်စပြုလာခဲ့သည်။စိတ်ဝင်စားသူများ မှန်းဆဆင်ခြင်နိုင်ကြရန် မိတ်ဆက်ဖော်ပြလိုက်ပါသည်။

ဗဟိုပျောက်ပညာရေး

အစဉ်အလာအရ နိုင်ငံအများစု၏ အထက်တန်းပညာရေးကို နိုင်ငံတော်အစိုးရများက ဦးဆောင်သည်ဟု ဆိုနိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အထက်တန်းကျောင်းအများစုသည်လည်း အစိုးရပညာရေးဌာန၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိသည်ကများသည်။ ယခု ဤအနေအထားမှ ရွေ့လာတော့မည့် တူရူချက်များ ရှိလာပါသည်။ ပညာရေး မီနူးထက်တွင် ရွေးချယ်စရာကျောင်းများ ပိုများလာသောကြောင့် ဖြစ်ပါသည်။

အစဉ်အလာအရ ရွေးချယ်စရာ ကျောင်းသုံးမျိုးသာ ရှိသည်။ 'အစိုးရကျောင်းများ' Public Schools ၊ 'ပုဂ္ဂလိက ကျောင်းများ' Private Schools နှင့် 'သာသနာပြုကျောင်းများ' Parochial Schools တို့ဖြစ်သည်။ အစိုးရကျောင်းများက ပျံ့နှံ့ရေးကိုအခြေခံပြီး ကျန်နှစ်မျိုးက မြင့်တင်ရေးကို ဇောင်းပေး သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူများစု ပညာသင်ကြားနိုင်ရေး အတွက် အစိုးရကျောင်းများကသာ အဓိကတာဝန်ယူထားရပါ သည်။ ခရစ်နှစ် ၂၀၀၅ အရောက်တွင် အဆိုပါကျောင်းသုံးမျိုး အပြင် နောက်ထပ်ကျောင်းနှစ်မျိုးပေါ်လာနိုင်စရာ ရှိသည်ဟုဆို သည်။ 'ချာတာကျောင်း' Charter Schools နှင့် 'အိမ်ကျောင်း' Home Schools တို့ဖြစ်သည်။

ချာတာကျောင်းများမှာ တာဝန်ရှိသူများက တရားဝင် လုပ်ပိုင်ခွင့်ချပေးထားသောကျောင်းများဖြစ်သည်။ များသောအားဖြင့် ပြင်ပစီးပွားရေးကော်ပိုရေးရှင်းကြီးများက ဖွင့်လှစ်ပေးသော ကျောင်းများဖြစ်သည်။ အစိုးရကျောင်းများတာဝန်ယူထားသော 'ပျံ့နှံ့ရေး'ကို အားဖြည့်ဆောင်ရွက်ဖို့ဖြစ်ပါသည်။ ခရစ်နှစ် ၂၀၀၁ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုတွင် ချာတာကျောင်းသို့ စာရင်းသွင်းသော ကျောင်းသားပေါင်း ၅၈၀,၀၀၀ ခန့်ရှိသည်ဟု သိရသည်။ 'အိမ်ကျောင်း'များကို 'အီး-ကျောင်း' E-Schoolsဟုလည်း ခေါ်နိုင်သည်။ 'အီလက်ထရောနစ်ပညာရေး' Electronic Education ကိုသာ အပြည့်အဝ အခြေခံမည့်ကျောင်းအမျိုးအစားဖြစ်သည်။ အွန်လိုင်းမှတစ်ဆင့်ပို့ချကာ အွန်လိုင်းပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



သာ စာမေးပွဲစစ်မည်ဖြစ်၍ 'အိုးမကွာအိမ်မကွာ' သင်ကြားနိုင်သောကျောင်းများဖြစ်သည်။ အလုပ်ခွင်ရောက် ကျောင်းသား များ၊ အသက်ကြီးမှ ပြန်လည်သင်ကြားသူများ၊ လူကြိုက်နည်းသည့်ဘာသာရပ်များကို အထူးပြုသင်ကြားလိုသူများအတွက် ရည်ရွယ်ရင်းဖြစ်သည်။ ပျံ့နှံ့ရေးသာမက မြှင့်တင်ရေးရည်ရွယ်ချက် ပါရှိသည်။ အမေရိကန်ပြည်ထောင်စုတွင် ဤအမျိုးအစားကျောင်းများသို့ စာရင်းပေးသွင်းသူပေါင်းမှာ ၁၉၉၉ တစ်နှစ်အတွင်းမှာပင် ၈၅၀,၀၀၀ မျှရှိသည်ဟု သိရပါသည်။

ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ပညာရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ပူးတွဲဖွင့်လှစ်သော 'ဖက်စပ်ကျောင်း' Joint Schools လည်းရှိနိုင်သည်။ အစိုးရကရော ပုဂ္ဂလိကပါ နိုင်ငံခြားနှင့်တွဲပြီး 'ဖက်စပ်ကျောင်း'များ ထူထောင်လာနိုင်သည်။ ဖော်ပြပါ ကျောင်းအမျိုးအစားအားလုံးသည် အုပ်ချုပ်ရေးအပိုင်းရော၊ ပညာရေးအပိုင်းတွင်ပါ မိမိတို့ဘာသာ လွတ်လွတ်လပ်လပ်စီမံခန့်ခွဲကြမည်ဖြစ်ပါသည်။ ကျောင်းအလိုက် မတူသောသင်ရိုးညွှန်းတမ်းများ၊ သင်ကြားပုံစနစ်များဖြင့် အကောင်းဆုံး အသီးအပွင့်များ ဖန်တီးနိုင်ရန် အပြိုင်အဆိုင်ကြိုးစားကြမည်ဟု ဆိုသည်။ ချုပ်လိုက်လျှင် အထက်တန်းပညာရေးအဆင့်မှာပင် ဗဟိုချုပ်ကိုင်မှုများ သိသိသာသာလျှော့ကျသွားပြီး လွတ်လပ်စွာပြိုင်ဆိုင်ကြမည့်သဘော ရှိပါသည်။

ပညာရေးပြဒါးတိုင်

အစဉ်အလာအရ ဆရာတစ်ယောက်၏အရည်အချင်း ကို သင်ကြားရေးပုံစံ၊ ကျောင်းသားများ၏ စိတ်ပါဝင်စားမှု၊ စာသင်ခန်းဆွေးနွေးပွဲများတွင် ဦးဆောင်နိုင်စွမ်း စသောအချက်များဖြင့် တိုင်းတာလေ့ရှိပါသည်။ ယခု မလုံလောက်တော့ပါ။ အရည်အချင်းမီကျောင်းသားများ မွေးထုတ်နိုင်စွမ်းနှင့် တိုင်းတာ

www.burmeseclassic.com

www.burmeseclassic.com



တော့မည်ဖြစ်သည်။ ကျောင်းသား၏အရည်အသွေးကို တိုင်းတာရာတွင်လည်း ယခင်ကလို အတန်းတင်စာမေးပွဲတစ်ခုတည်းကိုသာ ဗဟိုပြုတော့မည်မဟုတ်ပါ။ တီထွင်ဖန်တီးနိုင်စွမ်း၊ ဝေဖန်ဆန်းစစ်နိုင်စွမ်းနှင့် ပြဿနာဖြေရှင်းရေးစွမ်းရည်များကိုပါ စစ်ဆေးပြီး ဒေတာမှတ်တမ်းများနှင့် ချိန်ထိုးစဉ်းစားမည်ဖြစ်သည်။ သို့နှင့်တိုင် စာမေးပွဲစနစ်ကိုတော့ ဖျက်သိမ်းလိမ့်မည်မဟုတ်ပါ။ အဆုံးအဖြတ်မဟုတ်သည့်တိုင် အရေးကြီးသည့် ပြဒါးတိုင်တစ်ခု ဖြစ်မြဲဖြစ်နေပါလိမ့်မည်။

အထက်တန်းကျောင်းတစ်ကျောင်း၏ အောင်မြင်မှုကို တိုင်းတာသော အဓိကပြဒါးတိုင်မှာ လုပ်ငန်းခွင် သို့မဟုတ် တက္ကသိုလ်၊ ကောလိပ်များ၏ လက်ခံနိုင်စွမ်းဟု ဆိုပါသည်။ အထက်တန်းအောင်ပြီးကျောင်းသားတစ်ယောက်အတွက် အောက်လက်မှတ်တွင်ဖော်ပြထားသော အချက်အလက်များမှာ အပြည့်အဝအာမခံချက်ပေးနိုင်သော ထောက်ခံချက်များမဟုတ်ပါ။ ထည့်သွင်းစဉ်းစားနိုင်ရန်သာရည်ရွယ်သော အင်ဖော်မေးရှင်းများသာဖြစ်သည်။ အလုပ်ခွင်ဝင်မည့်ကျောင်းသားအတွက် သက်ဆိုင်ရာလုပ်ငန်းကုမ္ပဏီက သူ့နည်းသူ့ဟန်နှင့် စစ်ဆေးပါလိမ့်ဦးမည်။ ပညာဆက်သင်မည့်ကျောင်းသားကိုလည်း သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များက အရည်အသွေး မီ၊ မမီ စစ်ဆေးကြပါလိမ့်မည်။ နောက်ဆုံးရွေးချယ်ခံရမှသာ အထက်တန်းပညာအဆင့် အရည်အသွေး ပြည့်ပြီဟု ဆိုနိုင်ပါလိမ့်မည်။ ဤသို့အရွေးချယ်ခံရသော ကျောင်းသားဦးရေ အနည်းအများသည် ပင်မွေးထုတ်လိုက်သော အထက်တန်းကျောင်း၏ အောင်မြင်မှုဒီဂရီဖြစ်ပါသည်။

ကျောင်းသားမိဘများနှင့် ကျောင်းသားများကိုယ်တိုင်ကလည်း အထက်တန်းကျောင်းများ၏ အောင်မြင်မှုအတိုင်းအတာကိုကြည့်၍ ရွေးချယ်ကြမည်ဖြစ်သည်။ အကယ်၍ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သားတစ်ယောက်အနေနှင့် အရည်အသွေးမမီနိုင်ဟုယူဆလျှင် အခြားကျောင်းများသို့ ပြောင်းရွှေ့ပညာသင်နိုင်ရန် မူလကျောင်းက တာဝန်ယူစီစဉ်ပေးရသည့် စနစ်လည်း ရှိသည်။ ဒုတိယကျောင်းအတွက် ပညာရေးစရိတ်ကိုပင် ပထမကျောင်းက တာဝန်ယူပေးရသည်။ Financial Voucher System စနစ်ဟု ခေါ်ပါသည်။ ဤစနစ်နှင့်ကျောင်းပြောင်းပြီး အောင်မြင်မှုရသွားသောကျောင်းသားများလည်း ရှိနိုင်သည်ဟု ယူဆသောကြောင့်ဖြစ်ပါသည်။ နာမည်ကြီးကျောင်းများတွင်သာ ကျောင်းသားတွေ စုပြုံတိုးမည့်ပြဿနာကိုလည်း ဤနည်းနှင့် ဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

တြိဂံအုပ်ချုပ်ရေး

အမေရိကန် အလုပ်သမားဝန်ကြီးဌာန၏ ခန့်မှန်းချက် အရ ခရစ်နှစ် ၂၀၀၅ အရောက်တွင် အထက်တန်းကျောင်းနှင့် ကောလိပ်ကျောင်း ကျောင်းအုပ်ကြီးနေရာအတွက် ဝန်ထမ်းရှားပါးမှုနှင့် ကြုံတွေ့နိုင်သည်ဟု ဆိုပါသည်။ အစဉ်အလာအရ ကျောင်းအုပ်ကြီးများမှာ လုပ်သက်ရင့်ကျောင်းဆရာများမှ လာခြင်းကများသည်။ ပညာရေးမှာ စီးပွားရေးသဘော ဆောင်လာသည်နှင့်အမျှ အဆိုပါကျောင်းအုပ်ကြီးများအတွက် စီမံခန့်ခွဲမှုလုပ်ငန်းများမှာ မနိုင်ဝန်လိုဖြစ်လာသည်။ ထို့ထက် ကျောင်းအုပ်လခနှင့် ကျောင်းဆရာလခမှာ ပြောလောက်အောင် မကွာလှရာ ကျောင်းအုပ်ကြီးတာဝန် ထမ်းဆောင်လိုသူမရှိသလောက် နည်းလာလိမ့်မည်ဟု ခန့်မှန်းရသည်။ ဤဟာကွက်ကိုဖြည့်နိုင်ရန် အချို့သောကျောင်းများက ယခုပင်စမ်းသပ်ကြိုးပမ်းကြည့်နေကြသည်။

နယူးယော့မြို့တော် အထက်တန်းကျောင်းများတွင်ဆို လျှင် ကျောင်းအုပ်ကြီး တာဝန်အတွက် MA ဘွဲ့ရထက် MBA

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရများကို ဦးစားပေးခန့်ထားကြသည်။ ကျောင်းအုပ်ချုပ်ရေးကိုလည်း ကော်ပိုရေးရှင်းသဏ္ဍာန်ဖွဲ့စည်းပြီး ကျောင်းအုပ်ကြီးမှာ CEO သဘောမျိုးဖြစ်လာသည်။ လော့အိန်ဂျယ်လိစ်မှ အထက်တန်းကျောင်းဆိုလျှင် ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းတစ်ဦးကိုပင် ကျောင်းအုပ်ကြီးနေရာခန့်ထားရန် ကမ်းလှမ်းဖူးသည်။ သို့နှင့်တိုင် ဤစမ်းသပ်ချက်မှာ အောင်မြင်သည်ဟု မဆိုနိုင်ပါ။ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုပိုင်းတွင် ပို၍အဆင်ပြေသော်လည်း သင်ကြားရေးနှင့် ပညာရေးပိုင်းအတွက်မူ စရွေး မကိုက်လှဟု သိရသည်။

ယခုအချိန်ထိတော့ ပညာရှင်အများ သဘောတွေ့နေကြသည်မှာ ဟားဗတ်တက္ကသိုလ်မှ ပညာရေးပါမောက္ခ ရစ်ချယ်အယ်(လ)မိုး’၏ အဆိုပြုချက်ဖြစ်ပါသည်။ ‘ပါမောက္ခ အယ်(လ)မိုး’က သူ၏အဆိုပြုချက်ကို ‘မျှဝေခေါင်းဆောင်မှု’ Distributed Leadership ဟု ခေါ်ပါသည်။ မိဘ၊ ဆရာ၊ ကျောင်းသားဆိုသော တြိဂံအုပ်ချုပ်ရေးသဏ္ဍာန် ဖြစ်ပါသည်။ ဤစနစ်အရ မိဘမှာ ကျောင်းရန်ပုံငွေထောက်ပံ့ရေးအတွက်သာ တာဝန်ယူရုံနှင့် မလုံလောက်တော့။ ကျောင်းအုပ်ချုပ်ရေးတွင် ပေါ်လစီချမှတ်သူနှင့် စီမံခန့်ခွဲသူပါ ဖြစ်လာရသည်။ အကယ်၍ အလုပ်များလှသဖြင့် တာဝန်မယူနိုင်လျှင် အငှားကိုယ်စားလှယ် ထည့်ရမည့်သဘောပင် ရှိသည်။ ဆရာမှာလည်း သင်ကြားရေးတွင်သာ တာဝန်ရှိသည်မဟုတ်တော့။ ပညာရေးပေါ်လစီ ချမှတ်သူနှင့် လက်တွေ့အကောင်အထည်ဖော်သူ ဖြစ်လာရသည်။ ကျောင်းသားမှာလည်း ပညာသင်ရုံ၊ စည်းကမ်းလိုက်နာရုံမျှဖြင့် တာဝန်မကျေတော့။ ပေါ်လစီပိုင်းတွင်ပါ မိမိတို့သဘောထားကို တင်ပြစီရင်ခွင့်ရှိသူ ဖြစ်လာသည်။

‘မျှဝေခေါင်းဆောင်မှု’မှာ အစဉ်အလာအုပ်ချုပ်ရေးလို ထက်အောက်ဖွဲ့စည်းပုံမျိုးမဟုတ်ပါ။ ကွန်ယက်ဖွဲ့စည်းပုံသဘော

www.burmeseclassic.com

www.burmeseclassic.com



ဆောင်သည်။ အဖွဲ့တွင်း ဆက်ဆံရေးမှာလည်း ယခင်လို ဒေါင်လိုက်မဟုတ်၊ အလျားလိုက်သဘောဖြစ်သည်။ CEO သဘောတာဝန်ယူထားသော ထိပ်ဆုံးမှ ကျောင်းအုပ်ကြီးနေရာမျိုးပင် လိုအပ်တော့မည်မဟုတ်ပါ။ စဉ်ဆက်မပြတ်ပညာသင်ကြားရေးအောက်တွင် လူတစ်ယောက်တည်းကပင် ကျောင်းသားရော၊ ဆရာရော၊ မိဘရောဖြစ်နိုင်ရာ အပြန်အလှန်နားလည်မှုများ ပိုအားကောင်းလာမည်ဖြစ်၍ ဤနည်းနှင့် အလုပ်ဖြစ်နိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

ပညာစက်ဝန်း

လာမည့် ၂၅ နှစ်အတွင်း ကျောင်းသားဦးရေမှာ မည်ရွေ့မည်မျှဟု အတိအကျမပြောနိုင်သည့်တိုင် အကြီးအကျယ်တိုးလာမည်မှာသေချာသည်။ လက်ရှိ လူဦးရေတိုးနှုန်းအရ အကြမ်းဖျင်းခန့်မှန်းရလျှင် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၅ ဆမှ ၁၀ ဆတိုးလာနိုင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဆ ၅၀ ထိ တိုးနိုင်သည်ဟု ဆိုသည်။ သို့နှင့်အမျှ ဆရာမလုံလောက်မှု၊ စာသင်ခန်းမလုံလောက်မှု စသောပြဿနာများ ရှိလာနိုင်သည်။ ဤအတွက် အထိရောက်ဆုံး ဖြေရှင်းနည်းမှာ အင်ဖော်မေးရှင်းနည်းပညာ ကိုကျယ်ကျယ်ပြန့်ပြန့်အသုံးပြုဖို့ဖြစ်ပါသည်။ ကျောင်းသား တစ်ဦးကိုလက်(ပ)တော့ကွန်ပျူတာတစ်လုံးစီသာ ပေးထားနိုင် လျှင် တစ်ယောက်တည်းသည်ပင် စာသင်ခန်းတစ်ခုဖြစ်နိုင်ပြီး တစ်နေ့တာ၏ ၂၄ နာရီလုံးသည်လည်း စာသင်ချိန်ဖြစ်လာနိုင်ပါသည်။ သို့ဖြင့် အင်ဖော်မေးရှင်းနည်းပညာအသုံးပြုရေးသည်ပင် အဓိကရည်မှန်းချက်ဖြစ်လာသည်။

အဆင့်မြင့်ပညာ၏ ရည်မှန်းချက်မှာ ဂလိုဘယ်အဆင့်ထိဖြစ်ရာ အထက်တန်းပညာအဆင့်သည် အနည်းဆုံး ဒေသအဆင့်အထိ ချိန်ရွယ်ထားရပါလိမ့်မည်။ ဤအတွက်လည်း နည်း

www.burmeseclassic.com

www.burmeseclassic.com



ပညာသည်သာ ဆုံးချက်နေရာတွင် ရှိနေပါသည်။ အင်ဖော်မေး ရှင်းနည်းပညာအကူအညီဖြင့် ပညာစက်ဝန်းကို အမြင့်မား၊ အကျယ်ပြန့်ဆုံး ချဲ့ထွင်ကြဖို့ဖြစ်ပါသည်။ အစဉ်အလာအကန့်အသတ်များဖြစ်သော 'ကာလနှင့် အာကာသ' Time and Space တို့၏ ချုပ်နှောင်မှုမှ လွတ်လပ်စေရန် ဖြစ်သည်။ သို့ဖြင့် ခရစ်နှစ် ၂၀၂၅ အရောက်တွင် 'အီး-ပညာရေး'မှာ အထက်တန်းကျောင်းအများစု၏ အဓိကပညာသင်ကြားရေးစနစ် ဖြစ်လာလိမ့်မည်ဟု ခန့်မှန်းရပါသည်။

ထို့ထက် ပညာစက်ဝန်းသည် လွတ်လပ်နယ်မြေဖြစ်ဖို့လည်း လိုပါသည်။ နိုင်ငံရေးအပြောင်းအလဲများ၊ စီးပွားရေးအတက်အကျ သံသရာများ၏ ဂယက်များ မထိပါးနိုင်သော သီးသန့်နယ်မြေဖြစ်ဖို့လိုသည်။ ဤရည်ရွယ်ချက်ဖြင့် 'ပညာမြို့တော်များ' School-Cities ထူထောင်ရေးကို အချို့သောနိုင်ငံများ တွင် ယခုပင် စတင်လုံးပန်းနေကြပြီဖြစ်သည်။ အဆိုပါ 'ပညာမြို့တော်များ'သည်ပင် ၂၀၂၅ ပညာရှုခင်း၏ အဓိကအခြင်းအရာများ ဖြစ်ဖွယ်ရှိပါသည်။

**စတိုင်သစ်၊ မတ်လ၊ ၂၀၀၃။**

စာညွှန်း-

Education, The Next 25 Years
(By. Irving H.Buchen)

■

www.burmeseclassic.com

www.burmeseclassic.com

# ပညာရှင်နှင့် ပညာသည်

ဗျိုင်းအုပ်အပြို

အာရှစီးပွားရေးအကြောင်း ပြောတော့မည်ဆိုလျှင် အာရှဗျိုင်းအုပ်အကြောင်း မပါလျှင်မပြီးပါ။ အထူးသဖြင့် ဗျိုင်းအုပ်၏ရှေ့ဆုံးမှ ဦးဆောင်ပျံသန်းနေသော ဂျပန်ကို 'တည်'၍ ပြောကြရသည်က များပါသည်။ ဂျပန်စီးပွားရေးရပ်တန့်မှုနှင့် အာရှစီးပွားရေးအကျပ်အတည်း နောက်ပိုင်းတွင်ကား ဗျိုင်းအုပ်အကြောင်း ထည့်မပြောကြတော့ပါ။ ဗျိုင်းအုပ် ပုံပျက်လာရာမှယခုတော့ ပြိုသွားပြီဟူ၍ပင် ဆိုကြပါသည်။ သို့နှင့်တိုင် 'ဂျပန်' အကြောင်းကိုကား 'တည်'ပြောနေရဆဲရှိသည်။

တစ်ခုတော့ရှိပါသည်။ ယခင်ကပြောကြသည်က ဂျပန်၏အောင်မြင်မှုများဖြစ်သည်။ ယခုပြောလာကြသည်က ဂျပန်၏မအောင်မြင်မှုများဖြစ်သည်။ ယခင်က ဂျပန်ကို ဆောင်ရန်စံနမူနာအဖြစ် ကြည့်ကြသည်။ ယခု ရှောင်ရန်သင်ခန်းစာအဖြစ်ကြည့်ကြသည်။ သို့ဖြင့် ဂျပန်မှာ အာရှသားတို့၏ လေ့လာစရာကွင်းကြီးတစ်ခုဖြစ်မြဲဖြစ်နေသေးဟန်တူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်က ဖတ်လိုက်ရသော စာစောင်တစ်ခုတွင် ထူးထူးဆန်းဆန်းတစ်ခု တွေ့လိုက်ရသည်။ ၂၀၀၀ ခုနှစ် ဓာတုဗေဒ နိုဗယ်ဆုရှင် ဂျပန်လူမျိုး 'ရှီရာကာဝါ ဟီဒေကီ'၏ စာတစ်ပုဒ် ဖြစ်ပါသည်။ သူပြောသည်က ဂျပန်အကြောင်းဖြစ်သည်။ အတိအကျဆိုရလျှင် ဂျပန်ပညာရေးအကြောင်းဖြစ်သည်။ ***"ဂျပန်မှာ နည်းပညာရှေ့တန်းရောက်နိုင်ငံတစ်ခုဖြစ်သော်လည်း သုတေသနပညာရှင်များအတွက်မူ ပညာပတ်ဝန်းကျင် အားနည်းလှသည်"*** ဟု ဆိုပါသည်။

ဤတွင် စဉ်းစားစရာ အစတစ်ခုရလာသည်။ 'ပညာရှင်' (Academic)နှင့် 'ပညာသည်'(Technician) ဘာကွာသနည်း။ ဘယ်လိုကွာသနည်း။

ယူကလစ်ရဲ့အဖြေ

တစ်ခါက သင်္ချာပညာရှင်ကြီး 'ယူကလစ်'ကို သူ့တပည့်တစ်ဦးက ဤသို့မေးသည်ဆိုသတတ်။

*"ဆရာကြီးခင်ဗျာ။ သင်္ချာတတ်တော့ ဘာလုပ်ရမှာလဲ၊ သင်္ချာမတတ်တော့ကော ဘာဖြစ်သွားမှာလဲ"*

'ယူကလစ်' က ထိုတပည့်ကို ဘာမှမပြောပါ။ လက်စွဲတော်တစ်ယောက်ကိုသာခေါ်ပြီး ဤသို့အမိန့်ပေးလိုက်သည်။

"ဒီတပည့်ကို ငွေအကြွေနည်းနည်းပေးလိုက်ပါကွယ်"

ဆရာကြီး 'ယူကလစ်'ကို 'ပညာရှင်'အဖြစ် အများက သဘောညီကြပါသည်။ သူ့တပည့်ကိုမူ လွန်ရောကျွံရော 'ပညာသည်'အဖြစ်သာ ယူဆနိုင်ပါလိမ့်မည်။

ပညာရှင်၏ထက်သန်မှုက အကျိုးစီးပွားနှင့်မယှဉ်။ ပညာကို ချစ်၍ဖြစ်သည်။ ပညာကို ကစားကွင်းဟု မှတ်ယူကြသည်။ ပညာသည်၏ ရည်မှန်းချက်က အကျိုးစီးပွားတစ်ခုခုနှင့် ဆက်စပ်နေတတ်သည်။ ပညာကိုလှေကားဟု သဘောထားသည်။ 'ပညာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်’က လက်တွေ့အသုံးချရေးကို ခေါင်းထဲမထား။ လျှို့ဝှက်ချက်များကို ရှာဖွေဖော်ထုတ်ရသည့်အလုပ်တွင် ကြည်မွေ့သည်။ သူ့အလုပ်က ဉာဏ်ပညာ Wisdom နှင့်သက်ဆိုင်သည်။ ‘ပညာသည်’တွင်မူ ‘ဘာဖြစ်ရမည်’၊ ‘ညာဖြစ်ရမည်’ ဆိုသော ပြဌာန်းချက်တွေရှိနိုင်သည်။ သူ့အလုပ်က ‘အသိပညာ’တစ်ခုခုကို ဆုပ်ကိုင်နိုင်ဖို့ဖြစ်သည်။ ပညာရှင်က “ပညာသည် ပညာအတွက်” Learning For The Sake of Learning ဟု သဘောယူသည်။ ပညာသည်က “ပညာသည် တစ်စုံတစ်ခုအတွက်” Learning For The Sake of Something ဖြစ်ဖို့များ သည်။ သူ့အတွက်၊ သူ့မိသားစုအတွက်၊ သူ့တိုင်းပြည်အတွက်၊ သူ့ကမ္ဘာကြီးအတွက် စသည်မျိုး တစ်ခုခု ဖြစ်လိမ့်မည်။

ဤသို့ဆိုလျှင် ‘ပညာရှင်’နှင့် ‘ပညာသည်’ ဘာကပိုအရေးကြီးသနည်း။ ဘာကို အဓိကထား မွေးမြူကြမည်နည်း။

## သိခြင်းနှင့် မသိခြင်း

ဖန်ခွက်တစ်ခွက်တွင် ‘သိခြင်း’ဆိုသော အရည်တစ်ခုခု ဖြင့်တစ်ဝက်ရောက်အောင်ဖြည့်လိုက်ပါ။ ကျန်တစ်ဝက်တွင် ‘မသိခြင်း’ဆိုသော လေဟာနယ်က နေရာယူထားလိမ့်မည်။ ဤ ဖန်ခွက်ကို ‘ပညာရှင်’ နှင့် ‘ပညာသည်’ ကြားချပြလိုက်ပါ။ မတူ သောတုံ့ပြန်မှုများကို တွေ့လိမ့်မည်ဟုဆိုပါသည်။

‘ပညာရှင်’၏ ဟဒယတွင် ကိန်းဝပ်နေသော ‘ပညာအ ဟုန်’ Academic Momentum က ‘သိခြင်း’တွင် ကျောက်ချ မနေ၊ ‘မသိခြင်း’နယ်မြေထဲသို့ အားရှိအားကုန် ရွက်လွှင့်တော့မည်ဖြစ်သည်။ လက်ရှိ ‘မသိခြင်း’ကို သူသိသွားသည်နှင့် နောက်ထပ် ‘မသိခြင်း’ နယ်မြေသစ်ထဲသို့ မမောမပန်း ပြေးနေဦးမည်ဖြစ်သည်။ ဤသို့ဖြင့် သူ့ဘဝတစ်ခုလုံး ကုန်ဆုံးသွားပစေ ကိစ္စမရှိ။

www.burmeseclassic.com

www.burmeseclassic.com



'ရှာဖွေဖော်ထုတ်ခြင်း' Discovery သည်ပင် သူ့အလုပ်ဖြစ် သည်။ သူ့ဘဝမှာ မှတ်တမ်းတင်ဂုဏ်ပြုခံရသော သူရဲကောင်း ဖြစ်ချင်မှဖြစ်မည်။ ကိစ္စမရှိ။ သုတေသီများ၊ သိပ္ပံပညာရှင်များနှင့် အနုပညာရှင်များတွင် 'ပညာအဟုန်'ရှိသည်ဟု ဆိုကြပါသည်။

'ပညာသည်'၏ဦးနှောက်တွင် ကိန်းဝပ်နေသော 'အသုံး ချအဟုန်' Apply Mometum က 'မသိခြင်း'ကို အာရုံမညွှတ် တတ်ပါ။ 'သိခြင်း'ကို လက်တွေ့အသုံးချဖို့သာ အားသန်တတ် ပါသည်။ ဆရာဝန်များဆိုလျှင် 'အက်စပရင်'ဆေးများအကြောင်း ကို ဂဃနဏမသိခင်ကပင် ကျကျနနအသုံးချနေပြီဖြစ်သည်။ မသိသေးသည့် 'ဘေးထွက်အကျိုးများ' Side Effects တွင် အာရုံနောက်မခံ။ နောင်ခါလာနောင်ချေး သဘောထားတတ် သည်။ သို့ဖြင့် သူ့ဘဝတွင်အောင်မြင်မှုများ ရဖို့များတတ်ပါသည်။ ခေတ်တစ်ခေတ်၏ဂုဏ်ပြုခံသူရဲကောင်းပင် ဖြစ်ကောင်းဖြစ်နိုင် သည်။ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ နိုင်ငံရေးသမားများတွင် 'အသုံးချအဟုန်'ရှိသည်ဟု ဆိုကြပါသည်။

ဤသို့ဆိုလျှင် 'ပညာအဟုန်'နှင့် 'အသုံးချအဟုန်' ဘယ် သင်းက ပိုအရေးကြီးမည်နည်း။ ဘာကို ဦးစားပေးဖန်တီးကြ မည်နည်း။

## ဆင်စွယ်နန်းတော်နှင့် အဆင့်အထပ်

လက်တွေ့အသုံးချရေးကိုသာ အားသန်ကြသည့် လူ့အဖွဲ့ အစည်းများတွင် 'ပညာရှင်'များ နေရာပျောက်နေတတ်ပါသည်။ သူတို့ပျော်ပိုက်ကျင်လည်လိုသည့် ပတ်ဝန်းကျင်မျိုးကိုလည်း 'ဆင် စွယ်နန်း'နှင့် တင်စားပြောကြသည်များရှိသည်။ လူ့ အဖွဲ့အစည်း ၏ သာရေးနာရေးများကို ဘာမှမသိတတ်သော၊ လူတွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကင်းကွာနေသော ခပ်ကြောင်ကြောင် ပုရောဟိတ်များအနေနှင့် သရော်လှောင်ပြောင်ချင်ကြဟန် ရှိပါသည်။

တကယ်လည်း 'ပညာရှင်'ဆိုသူများမှာ 'ဆင်စွယ်နန်း' ထက်တွင် တသီးတသန့်နေလိုသူများဖြစ်သည်။ ထမင်းရည် လျှက်နေသူများအကြောင်း စိတ်မဝင်စားသလို အဆီယစ်နေသူ များကိုလည်း အားကျတတ်သူများမဟုတ်ပါ။ ရာဇပလ္လင်များကို စိတ်မဝင်စားသလို လမ်းပေါ်ဆန္ဒပြပွဲများကို ငဲ့စောင်းကြည့်ချင် သူများလည်းမဟုတ်ပါ။ သို့ဖြင့် ပြင်ပလူ့အဖွဲ့အစည်း၏ ထက် အောက်ဖွဲ့စည်းပုံများတွင် သူ့အတွက်နေရာမရှိနိုင်ပါ။ ထို့ကြောင့် လည်း Academocrat ဆိုသောဝေါဟာရမရှိခြင်းဖြစ်မည်ထင် သည်။

ပညာသည်များကတော့ အထိုက်အသင့် သဟဇာတ မှု အောင် အားထုတ်တတ်ပါသည်။ သို့ကြောင့်လည်း ထက်အောက် ဖွဲ့စည်းပုံများတွင် သူတို့အတွက် တစ်ဆင့်တစ်နေရာ ရတတ်သည်များ ရှိပါသည်။ Technocrat ဆိုသော ဝေါဟာရ ပေါ်ထွက်လာခြင်းမှာ ဤသဘောနှင့် ဆက်စပ်မည်ထင်ပါသည်။

ပြောရလျှင် 'ပညာသည်'၏ အခန်းကို အသိအမှတ်ပြု လာကြသော်လည်း 'ပညာရှင်'၏အခန်းမှာမူ မှုန်ဝါးနေဆဲဟု သဘောရပါသည်။ ဆင်စွယ်နန်းပေါ်မှကျလာသော ပညာများ၏ အသုံးဝင်မှုကို တန်ဖိုးထားတတ်လျှင်မူ ဆင်စွယ်နန်းကို ဖြိုစရာ မလိုပဟု သဘောရပါသည်။ ဤသဘောကို အကျပ်အတည်းလွန် အာရှ၏ ပေါ်လစီစစ်ဆေးမှုများတွင် တွေ့လာရပါသည်။ ယခင် က 'ဗျူရိုကရက်' ထက် 'တက်ကနိုခရက်'က အရေးကြီးသည်ဟု ပြောကြသည်။ ယခု 'တက်ကနိုခရက်'မျှနှင့် မလုံလောက်တော့ ဟုဆိုလာကြသည်။ 'အကယ်ဒမိုခရက်'ဆိုသောအသံကိုပင် ခပ် သဲ့သဲ့ကြားလာရသည်။ ဆောင်းပါးအစတွင်ဖော်ပြခဲ့သော ဂျပန် ပညာရှင်၏စကားနှင့် ဆက်စပ်စဉ်းစားကြဖို့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်

လွန်ခဲ့သည့် အနှစ် ၂၀ ဝန်းကျင်က ကျောင်းနေစ ကလေး တစ်ယောက်ကို 'သားကြီးရင်ဘာလုပ်မလဲ'ဟု မေးကြည့်ပါ။ 'ဆရာဝန်' သို့မဟုတ် 'အင်ဂျင်နီယာ'ဟု မဆိုင်းမတွ ဖြေပါလိမ့်မည်။ ယခုကလေးတွေကို မေးကြည့်ပါ။ 'ကုမ္ပဏီပိုင်ရှင်'သို့မဟုတ် 'ကွန်ပျူတာပရိုဂရမ်မာ' ဟု ဖြေလိမ့်မည်ထင်သည်။ ကောင်းပါသည်။ အနာဂတ်အတွက် စိတ်ကျေနပ်ဖွယ်ဟု ဆိုလိုက ဆိုနိုင်ပါသည်။

တစ်ခုပဲရှိသည်။ ကလေးတွေပေးသော အဖြေများမှာ သူတို့စိတ်ထဲမှ တကယ်လာတာလား၊ မိဘတွေသင်ပေးထားတာလား စဉ်းစားဖို့ဖြစ်သည်။ စိတ်ပညာရှင်များ၏ အလိုအရမူ အသက် ၁၄ နှစ်ဝန်းကျင်ရောက်မှ တကယ့်ဝါသနာအစစ်ကို ဖိုးကပ်(စ)လုပ်နိုင်သည်ဟု ကြားဖူးပါသည်။

ကျွန်တော့်သားအငယ်ကောင်ကို 'မင်းကြီးရင် ဘာဖြစ်အောင်ကြိုးစား'ဟု ကျွန်တော်မပြောပါ။ သူ့ခေါင်းထဲတွင်ကော ကျွန်တော့်ခေါင်းထဲတွင်ပါ ဘာ 'အဟုန်'ရှိနေမှန်း မသေချာ၍ ဖြစ်ပါသည်။ 'ပညာအဟုန်'လော၊ 'အသုံးချအဟုန်'လော။

**မြန်မာသစ်၊ အတွဲ(၂)၊ အမှတ်(၉၈)၊ ဒီဇင်ဘာ၊ ၂၀၀၁**

စာညွှန်း

- Word Power/EDWARD DEBONO.

■

www.burmeseclassic.com

www.burmeseclassic.com

# ပါဝါအရွေ့နှင့် ပညာအရင်း

ပါဝါမှ စူပါပါဝါသို့

ဘာသာပြန်စကားလုံးဖလှယ်မှုနှင့် ပတ်သက်ပြီး ပထမဆုံးပြောလိုသည်။ ထွေပြားလာသော အဓိပ္ပာယ်များကို မငုံမိမည်စိုး၍ Power ကို ဘာသာမပြန်တော့ပါ။ 'ပါဝါ'ဟူ၍ပင် အသံဖလှယ်သုံးပါမည်။ ထားတော့။

ဘာလဲ'ပါဝါ'။ ဒါကိုတော့ ရှင်းမှသင့်မည်ထင်သည်။ နိုင်ငံရေးသိပ္ပံပညာရှင် 'ရောဘတ်ဒေး(လ်)' ROBERT DAHL ၏အလိုအရ 'သူတစ်ပါးကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းသည် အရည်အချင်း'ဟု အဓိပ္ပာယ်ဖွင့်ပါသည်။ မလုံလောက်သေးပါ။ နောက်ထပ်မေးခွန်းတစ်ခု တက်လာပြန်သည်။ 'ပါဝါဘယ်ကလာသလဲ'။ တန်ခိုးတော်ရှင်တစ်ပါးပါးက ပေးသနားလိုက်သည် မဟုတ်ပါ။ ခေတ်အဆက်ဆက် ပါဝါကို ထုတ်လုပ်နိုင်စွမ်းသည့် အရင်းအမြစ်များစွာရှိသည်။ လူဦးရေ၊ နယ်မြေပိုက်နက်၊ သယံဇာတ၊ စီးပွားရေးအင်အား၊ စစ်အင်အား စသည်တို့ဖြစ်ပါသည်။ သို့ဖြင့် ပညာရှင်အများစုက 'ပါဝါ'ကို အရင်းအမြစ်ပိုင်ဆိုင်မှုနှင့် တိုင်းတာလေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၈ ရာစု ဒဿနပညာရှင် 'ဒေးဗစ်ဟုမ်း'က ကမ္ဘာ့နိုင်ငံရေးသမိုင်းကို 'ပါဝါခွဲဝေရေး' Distribution of Power နှင့် 'ပါဝါထိန်းညှိရေး' Balance of Power တို့၏ ဖြစ်စဉ်ကြီးအဖြစ် ရှုမြင်ပါသည်။ နိုင်ငံတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးမှုအတိုင်းအတာခြင်း မတူကြလေ၍ ပါဝါခွဲဝေရေးမှာ လက်တွေ့တွင် ညီမျှခြေအနေအထားသို့ ရောက်ဖို့ မလွယ်လှပါ။ သို့အတွက်ကြောင့် 'ပါဝါထိန်းညှိရေး'မှာ နိုင်ငံတကာဆက်ဆံရေး ဖြစ်လာပါသည်။ သို့နှင့်တိုင် နိုင်ငံတစ်ခုခုက ချွန်ထွက်သွားသည့် အနေအထားမျိုး ရောက်လာတတ်ပါသည်။ ဤကဲ့သို့သော နိုင်ငံမျိုးကို 'အင်ပါယာ' Empire ဟူ၍လည်းကောင်း၊ 'ဗိုလ်ကျစိုးမိုးမှု' Hegemony ဟူ၍လည်းကောင်း ခေတ်အလိုက် စကားလုံးအသီးသီးဖြင့် ပုံဖော်ခဲ့ကြသည်။ စစ်အေးခေတ်တွင်ကား စူပါ ပါဝါဟု ပြောင်းလဲသုံးစွဲလာကြသည်။

နှစ်တစ်ရာစက်ဝိုင်း 'အင်ပါယာ' ခေါ်ခေါ်၊ 'ဗိုလ်ကျမှု' ပြောပြော၊ 'စူပါပါဝါ'သုံးသုံး နိုင်ငံတစ်ခုတည်းက သမိုင်းကို လက်ဝါးကြီးအုပ်နိုင်သည်တော့မဟုတ်ပါ။ ဤသဘောကို မျက်မှောက်ခေတ်နိုင်ငံရေးသိပ္ပံပညာရှင် 'ဂျော့မိုဒယ်(လ်)စကီး' George Modelski က သူ၏ 'နှစ်တစ်ရာစက်ဝိုင်း' Every Hundred Year Circle သဘောတရားဖြင့် ရှင်းပြပါသည်။

'မိုဒယ်(လ်)စကီး'၏အလိုအရ ၁၇ ရာစုမှာ ဒတ်(ချ်) ရာစုဟုဆိုပါသည်။ 'ဒတ်(ချ်)'တို့၏ ပါဝါအရင်းအမြစ်မှာ ကုန်သွယ်ရေးနှင့်ရေတပ်ဟု ဆိုသည်။ ၁၈ ရာစုမှာ ပြင်သစ်ရာစု၊ ပါဝါအရင်းအမြစ်မှာ လူဦးရေနှင့် ကျေးလက်စီးပွားရေး။ ၁၉ ရာစုမှာ ဗြိတိသျှရာစု၊ ပါဝါအရင်းအမြစ်မှာ စက်မှုစီးပွားရေးနှင့် ကိုလိုနီပိုင်ဆိုင်မှု။ ၂၀ ရာစုမှာ အမေရိကန်ရာစု၊ ပါဝါအရင်းအမြစ်မှာ အဏုမြူလက်နက်။ ၂၀ ရာစု၏ ဒုတိယတစ်ဝက်အရှေ့က်

www.burmeseclassic.com

www.burmeseclassic.com



တွင်မူ ဆိုဗီယက်ယူနီယံသည်လည်း အဏုမြူလက်နက်ပိုင်ရှင် ဖြစ်လာရာ စူပါ ပါဝါနှစ်ခုဖြစ်လာသည်။

တစ်ဆက်တည်းမှာပင် 'မိုဒယ်(လ်)စကီး'က ၂၁ ရာစုမှာ စူပါပါဝါလှည့်ပြောင်းချိန်ရောက်နေပြီဟု တွက်ချက်ပြသည်။ ပြီး မေးခွန်းထုတ်သည်။ လာမည့်နှစ်တစ်ရာသည် ဘယ်သူ့ရာစု ဖြစ်မည်နည်း။

အမာမှအပျော့သို့

'မိုဒယ်(လ်)စကီး'ဖော်ပြခဲ့သော ပါဝါအရင်းအမြစ်ကို ဆန်းစစ်လိုက်လျှင် စစ်ရေးနှင့် စီးပွားရေးအပေါ် ဗဟိုပြုထားသည်ကို တွေ့ရပါလိမ့်မည်။ ထင်သာမြင်သာသောပါဝါ သို့မဟုတ် 'ပါဝါအမာများ' Hard Power ဖြစ်ပါသည်။ 'ပါဝါ'တွင် ဤကဲ့သို့သော အမာပိုင်းသာမက 'ပါဝါအပျော့များ' Soft Power များလည်း ရှိနိုင်ပါသည်။ 'ပညာအရင်းအမြစ်' Knowledge Resources နှင့် ဆက်စပ်နေသော'ပါဝါ'ကို ဆိုလိုရင်းဖြစ်သည်။ 'ပညာ ပါဝါ' Intellectual Power ဟုလည်း ရေးကြသည်။

ဟားဗတ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပါမောက္ခ 'ဂျိုးဇက် အက်(စ)နိုင်း(အငယ်)' Joseph.S.Nye, Jr က 'သတင်းနည်းပညာတော်လှန်ရေး'နောက်ပိုင်းတွင် 'ပါဝါ'၏သဘောမှာ အမာမှအပျော့သို့ ရွေ့လာနေသည်ဟု သုံးသပ်ပြပါသည်။ သို့ဖြင့် ပါဝါအပျော့၏ထူးခြားချက်များကို ဖော်ပေးလေ့လာ လာကြသည်။

ပါဝါအမာချင်း ယှဉ်ပြိုင်ရခြင်းမှာ 'သုညဆက်ဆံရေး' Zero-Sum Game ဖြစ်သည်။ တစ်ဖက်သူကို ရှုံးအောင်တိုက်နိုင်မှ မိမိက နိုင်မည်ဖြစ်သည်။ သူသေကိုယ်ရှင်ဆက်ဆံရေး ဖြစ်ပါသည်။ ပါဝါအပျော့ချင်းယှဉ်ရခြင်းမှာ ဤသို့မဟုတ်။ 'သုညမဟုတ်သည့် ဆက်ဆံရေး' Non Zero-Sum game ဖြစ်သည်။ နှစ်ဦးနှစ်ဖက်အကျိုးများစေသည့် သူမနာကိုယ်မနာဆက်ဆံရေး

www.burmeseclassic.com

www.burmeseclassic.com



မျိုးဖြစ်ပါသည်။ ဤသို့ဖြင့် 'ပါဝါ'၏သဘောမှာလည်း အမိန့်ပေးသည့်လုပ်ဟန်မှ ပူးပေါင်းဆောင်ရွက်ရေးလုပ်ဟန်သို့ ရွေ့လာပါသည်။ (From Command To Co-Optiue) ဟု ရေးသည်။

ပညာအရင်း

ဆိုခဲ့ပါအတိုင်း ရွေ့ရောက်လာသော 'ပါဝါအပျော့'ကို တိုင်းပြည်တိုင်းက စိတ်ဝင်စားလာရာမှ မေးခွန်းတစ်ခု ထွက်ပေါ်လာပြန်ပါသည်။ 'ပညာပါဝါ'ကို ဘယ်လိုရှာမည်နည်း။ ဘယ်လိုစုဆောင်းမည်နည်း။ အဖြေမှာအဆင်သင့်။ 'ပညာအရင်း'ဖြင့် ရှာရမည်ဟု ဆိုပါ၏။

သမားရိုးကျ ဘောဂဗေဒပညာတွင် 'ပုံသေအရင်း' Fixed Capital နှင့် 'လည်ပတ်နေသောအရင်း' Current Capital အကြောင်းသာ ဇောင်းပေးပြောသည်။ လူမှုသိပ္ပံပညာတွင်လည်း 'လူမှုအရင်း' Social Capital အကြောင်းကိုသာ အပြောများသည်။ ယခု 'ပညာအရင်း' Intellectual Capital က ဖော်ပြပါ အရင်းအားလုံးထက် ပို၍ပင် အရေးကြီးဟန်ရှိလာပါသည်။

လူမှုသိပ္ပံပညာရှင် 'ဝီလျံဟတ်ဆန်' William Hudson က 'ပညာအရင်း'ကို အချက်လေးချက် ပေါင်းစပ်ထားသည့် သင်္ကေတတစ်ခုဟု အဓိပ္ပာယ်ဖွင့်ပါသည်။ 'ပညာမျိုးဆက်' Genetic Inheritance၊ 'ပညာရေးစနစ်' Educational System၊ ကမ္ဘာလုံးအမြင် Global Vision နှင့် 'ဘဝအဓိပ္ပာယ်သဘော' Attitude To Life ဆိုသော အချက်လေးချက်ဖြစ်သည်။ ဤလေးချက်ကို အကောင်အထည်ဖော်ခြင်းသည်ပင် ပညာအရင်းစုဆောင်းမှုဟု ခေါ်နိုင်ပါသည်။ ဤလေးချက် အားကောင်းလျှင် ပညာအရင်းကြွယ်ဝမည်။ ခေတ်မီပညာတတ်များ မွေးထုတ်နိုင်မည်။ ပညာပါဝါ သန်စွမ်းမည်ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ရာစုလဲ

အထက်တစ်နေရာတွင် ဖော်ပြခဲ့သော 'မိုဒယ်(လ)စကီး'၏ မေးခွန်းကို ပြန်ကောက်ပါမည်။ '၂၁ ရာစုသည် ဘယ်သူ့ရာစု ဖြစ်မည်နည်း'. . .

အမေရိကန်ရာစုဟု မဆိုနိုင်သလို အင်္ဂလန်ရာစု၊ ဂျာမန်ရာစု၊ ဥရောပရာစုဟုလည်း မဆိုနိုင်ပါ။ အလားတူ ဂျပန်ရာစု၊ တရုတ်ရာစု၊ အာရှရာစုဟူ၍လည်း ပြောမရပါ။ ပညာပေါက်ကွဲမှုသည် ကမ္ဘာမြေအနှံ့ ပျံ့နေပြီဖြစ်သည်။ ဆက်လက်၍လည်း ပျံ့နှံ့စရာရှိနေသည်။

ကမ္ဘာလုံးစီးပွားရေးခေတ်တွင် အမျိုးသားနိုင်ငံအသီးသီးမှ အုပ်ချုပ်ရေးယန္တရားများ၏ လုပ်နိုင်စွမ်းရည်များကိုလည်း တွက်ဆကြည့်ကြသည်။ ပို၍ လက်တံရှည်သည်နှင့်အမျှ လက်ပွားတွေ ပိုများသော 'နိုင်ငံစုံကျော် အဖွဲ့အစည်းကြီးများ' Super National Bodies ကြီး၏ အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြုလာကြသည်။ ဤနောက်ခံကားတွင် စူပါ-ပါဝါ သင်္ကေတကို နိုင်ငံတစ်ခု၏ အမည်နာမနှင့် တွဲနိုင်မတွဲနိုင် ချိန်ဆနေကြသည်။

သေချာသည့် အချက်ကို ပြောရလျှင်မူ အနာဂတ်ကို 'အဆင့်မြင့်ပညာရှင်'များက ပိုင်ပေလိမ့်မည်။ Future Belongs To Eggheads ဟု ဆိုပါကြောင်း။

**ခေတ်ဆန်းဂျာနယ်၊ ၂၀၀၁။**

စာညွှန်း

- THE CHANGING NATURE OF WORLD POWER BY. JOSEPH.S.NYE. JR.

■

www.burmeseclassic.com

www.burmeseclassic.com

# ကာလသုံးပါးပညာရေး

အတိတ်လှည့်ပညာရေး

တက္ကသီလာနှင့် ဒိသာပါမောက္ခဆရာကြီးများကို ဇာတ်ပွဲများမှတစ်ဆင့် ယဉ်ပါးပြီးဖြစ်ပါလိမ့်မည်။ ရှေးဟောင်း အိန္ဒိယ၏ အဌာရသဿပညာရပ်များ သင်ကြားပေးရာ ဗဟိုဌာနဟု မှတ်သားရပါသည်။ ဘုန်းကြီးကျောင်းပညာရေးကိုမူ ကျွန်တော်တို့မိဘများကိုယ်တိုင်ပင် လက်တွေ့ဖြတ်သန်းခဲ့ဖူးသည်။ ယနေ့အထိလည်း ကျေးလက်ဒေသအချို့တွင် နေရာယူထားဆဲဟု သိရပါသည်။ ကလေးတစ်ယောက် အရွယ်ရောက်လာသည်နှင့် ဘုန်းကြီးကျောင်းပို့လိုက်မည်။ ဘုန်းကြီးက ပရိတ်ကြီး၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း စသော လောကုတ္တရာဘက်နွယ်သည့်စာများ သင်ပေးမည်။ လောကနီတိလို လောကီစာများလည်း သင်မည်။ သေစာ၊ ရှင်စာလည်းတတ်၊ လောကီ၊ လောကုတ် ဗဟုသုတလည်းရ သူဟာနှင့်သူတော့ ဟန်ကျနေသည်။ မြို့များတွင်ဆိုလျှင်တော့ နီးစပ်ရာ ဝပ်ရှော့၊ တွင်ခုံ စသည့်တို့

www.burmeseclassic.com

www.burmeseclassic.com



တွင်အပ်မည်။ ဆရာက တောက်တိုမယ်ရခိုင်းရင်း သင်ပေးမည်။ ဤသို့ဖြင့် ထမင်းစားကျွန်ခံဘဝကို နှစ်အချို့ဖြတ်ရင်း အသက်မွေးဝမ်းကျောင်းပညာ ရသွားမည်။ ဤသည်မှာ ကျွန်တော်တို့ ဖြတ်သန်းနေရဆဲလည်းဖြစ်သော ပညာရေးပုံစံဖြစ်ပါသည်။

ပညာရေးသမိုင်းကို လေ့လာသူများက ဆိုခဲ့ပါ ပုံစံကို 'အလယ်ခေတ်ပညာရေး'ဟု ဆိုပါသည်။ အလယ်ခေတ် အနောက်နိုင်ငံများတွင် တွင်ကျယ်ခဲ့သော ပုံသဏ္ဌာန်ဖြစ်ပါသည်။ သာမန်အရပ်သားများအတွက်တော့ ကျွန်တော်တို့နှင့် သိပ်မခြားနားလှပါ။ ငွေကြေးချမ်းသာသော သူကောင်းမျိုး မြေရှင်များဆိုလျှင်တော့ သူတို့သားသမီးများပညာသင်ရန် ဆရာကို အိမ်တော်သို့ ခေါ်ထားတတ်သည်။ 'အကြီးတော်'ဟု ခေါ်ကြပါသည်။ ယခုခေတ် 'ဟုမ်းကျူရှင်'ဆရာများနှင့် ခပ်ဆင်ဆင်တူမည်ထင်ပါသည်။

သို့ဖြင့် အလယ်ခေတ်ပညာရေးတွင် သင်ကြားရေး ဗဟိုဌာန သတ်သတ်မှတ်မှတ် မရှိနိုင်ဟု ဆိုနိုင်ပါလိမ့်မည်။ ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် မိသားစုဘဝအတွင်းတွင်သာ ပညာရှာခဲ့ရသည်။ 'ရှေးဟောင်းနှင့်ဆိုင်သမျှ ဉာဏ်ပညာ'ဆိုသော သမ္မာကျမ်းစာအယူအဆမှာ ထိုခေတ်၏ ပညာရေးနီတိ ဖြစ်ပါသည်။ အတွေ့အကြုံဗဟုသုတများလေ ပညာရှိလေဟု ခံယူခဲ့ကြရာ အတွေ့အကြုံလက်ဆင့်ကမ်းရေးသည်ပင် ပညာရေးရည်မှန်းချက်ဖြစ်ခဲ့ပါသည်။ ပြောရလျှင် အတိတ်ကိုဦးလှည့်ထားသောပညာရေးဟု ဆိုရမည်ထင်ပါသည်။

### ပစ္စုပ္ပန်ဗဟိုပြုပညာရေး

၁၈ ရာစု စက်မှုတော်လှန်ရေးနှင့်အတူ အလယ်ခေတ်ပညာရေးမှာ တစ်စတစ်စပုံပျက်သွားခဲ့ပါသည်။ လူမှုဆက်ဆံရေးဘဝမှာလည်း အလယ်ခေတ်နှင့် ဘာမှ မဆိုင်တော့လောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် ကျယ်ပြန့်ရှုပ်ထွေးလာပါသည်။ စက်ယန္တရားများနှင့်အတူ မီးခိုးခေါင်းတိုင်ဥဩဆွဲသံ၊ လူအုပ်စသော မြင်ကွင်းများရှေ့ရောက်လာသည်။ မိသားစုတန်ဖိုးများ အစဉ်အလာနီတိများနေရာတွင် အလုပ်ခွင်စည်းကမ်းနှင့် ဥပဒေများကနေရာယူလာသည်။ နေနှင့်လကိုကြည့်ပြီး အချိန်ကိုသတ်မှတ်ခဲ့ရာမှ စက်နာရီခေတ်ရောက်လာသည်။ သို့နှင့်အမျှ လူသည် နာရီနှင့်အပြိုင် ပြေးလွှားလှုပ်ရှားလာရသည်။ အတိတ်ကို လွမ်းမနေအားသလို အနာဂတ်ကို လည်းမျှော်ချိန်မရ။ 'စုပတ်လမ်း' Essembly Line ထဲတွင် နိစ္စဓူဝလှည့်နေရသော ဘဝဖြစ်လာသည်။

ဤနောက်ခံကားတွင် ဘဝအတွက်လိုအပ်သည့် ပညာရပ်များကို အကြီးတော်နှင့် ဘုန်းတော်ကြီးများက ပို့ချမပေးနိုင်တော့ပါ။ ပညာသင်ကြားရေးဆိုင်ရာ ဗဟိုဌာနတစ်ခုကို စုစည်းဖို့လိုလာပါသည်။ သို့ဖြင့် ပြင်ပလူ့အဖွဲ့အစည်း၏ ပုံစံငယ်တစ်ခုဖြစ်သော 'ကျောင်း'ဆိုသည့်နေရာဌာနများ ပေါ်ပါက်လာခဲ့ပါသည်။ စက်ရုံတွင် ကုန်ကြမ်းများစုရသလို ကျောင်းများတွင် ကျောင်းသားများ စုလာရသည်။ ကုန်ကြမ်းကို ကုန်ချောအသွင်ပြောင်းရသည့် အလုပ်သမားများ ရှိဖို့လိုသလို ကျောင်းသားများကို ပညာတတ်ဖြစ်အောင် သင်ကြားပေးရသည့်ဆရာများ လိုလာသည်။ စက်မှုလူ့အဖွဲ့အစည်းတွင် ဗျူရိုကရေစီဖွဲ့စည်းပုံ လိုအပ်လာသလို ပညာရေးတွင်လည်း ထက်အောက်ဖွဲ့စည်းပုံများ ရှိလာရသည်။ ပညာရေးနီတိတွင်လည်း သမ္မာကျမ်းစာကို အားမကိုးတော့။ 'အဖ သို့မဟုတ် အမိတိုင်းပြည်ကိုအကျိုးပြုရန်'ဖြစ်လာသည်။ ကုန်ထုတ်လုပ်ရေးနှင့် အုပ်ချုပ်ရေးကို တိုက်ရိုက်အကျိုးပြုနိုင်ရန် ရည်မှန်းချက်ထားလာကြသည်။ သို့ဖြင့် အတိတ်လှည့်ပညာရေးမှ ပစ္စုပ္ပန်ဗဟိုပြုရေးဖြစ်လာသည်။

ပညာရေးသုတေသီများက ဆိုခဲ့ပါပုံစံကို 'စက်မှုပညာရေး'ဟု အမည်ပေးပါသည်။ 'ခေတ်သစ်ပညာရေး'ဟုလည်း

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြပါသည်။ ကျွန်တော်များနိုင်ငံတွင် ကိုလိုနီစနစ်နှင့်အတူ ဌာပညာရေး ပါလာပါသည်။ ဘုန်းတော်ကြီးကျောင်းများနေရာတွင် လောကဓာတ်ကျောင်းများ ဝင်လာသည်။ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ သင်ကြားပို့ချလာသည်။ လောကုတ္တရာမှ လောကီသို့ လုံးလုံးလျားလျားကူးလာသည်ဟု ဆိုနိုင်ပါသည်။ 'လောကီစာ တွေ ဒီလောက်သင်မှတော့ အပါယ်နဲ့နီးတော့မှာပဲ'ဆိုကာ ရှေးလူကြီးအချို့က ဆန့်ကျင်ကြသည်။ အနာဂတ်ကို ယုံကြည်မျှော်လင့်သူများကလည်း ဌာပညာရေးကို ဘဝင်ကျလှသည်မဟုတ် ပါ။ အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုနှင့်အတူ အမျိုးသားပညာရေးလှုပ်ရှားမှုများ ပေါ်ပေါက်လာခဲ့ပါသည်။

## အနာဂတ်မျှော်ပညာရေး

သတင်းနည်းပညာ တော်လှန်ရေးနှင့်အတူ စက်မှုခေတ်ပညာရေးမှာလည်း မှုန်ဝါးပျက်ပြယ်စ ပြုလာပါသည်။ သတင်းအင်ဖော်မေးရှင်းနည်းပညာများ တစ်ဟုန်ထိုးတိုးတက်လာခြင်းနှင့်အတူ လူသားအပေါ်တစ်လျှောက်လုံး ချုပ်ကိုင်လွှမ်းမိုးထားခဲ့သည်။ 'အချိန်'နှင့် 'နေရာ'ဆိုသော တရားများ တန်ခိုးသြဇာကျလာသည်။ အချိန်နှင့်ပတ်သက်လျှင် 'အစစ်အမှန်အချိန်' Real Time ဆိုသောစကား ရှေ့ရောက်လာသည်။ အဖြစ်အပျက်တစ်ရပ်ပေါ်ပေါက်သည်နှင့် ချက်ချင်းပြန့်သွားသော လျှပ်စီးတစ်လက်အချိန်ကို ဆိုခြင်းဖြစ်သည်။ 'နေရာ'မှာလည်း ယခင်ကလို ဖြတ်သန်းရခက်သော အဟန့်အတားမဟုတ်တော့။ လူများ၊ ကုန်စည်များ၊ အရင်းများ၊ သတင်းများ၊ အိုင်ဒီယာများ စုန်ချည်ဆန်ချည်ကူးနေသည်။ 'စီးမျောအာကာသ' Floating Space ဖြစ်လာသည်။ ချုပ်လိုက်လျှင် အချိန်နှင့်နေရာတို့ သေးကျုံ့လာသည့်သဘော ရှိလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် လူနှင့်စက်များ၏ အနေအထားမှာလည်း အပြောင်းအလဲရှိလာသည်။ ယခင်ကလို လူနှင့်စက် အပြိုင်ပြေးနေစရာမလိုတော့။ လူသည် စက်၏အမောင်းခံဘဝမှ လွတ်မြောက်သွားသည်ဟုဆိုကြသည်။ လူသည် အင်ဖော်မေးရှင်းစားသုံးသူဖြစ်လာပြီး အင်ဖော်မေးရှင်းကို ပညာအဖြစ် အသွင်ပြောင်းမည့်သူဖြစ်လာသည်။ ကွန်ပျူတာနည်းပညာများ တွင်ကျယ်လာရာ မှ လူသည် မှတ်တမ်းတင်သူဘဝမှကျွတ်ပြီး တီထွင်ဖန်တီးသူအစစ်ဖြစ်လာသည်။ လူ၏ ကာယလုပ်အားမှ ပညာလုပ်အား သို့ ရွေ့လာသည့်သဘောဖြစ်ပါသည်။ စက်၏စွမ်းရည်များ မြင့်လာရာမှ ကာယလုပ်အားနေရာတွင် အစားဝင်လာသည်။ သို့ဖြင့် လူက စက်ကိုပြန်မောင်းတော့မည့်သဘောသို့ ရွေ့လာပါသည်။ ဤအခင်းအကျင်းသစ်များတွင် စက်မှုခေတ်၏ 'စုပတ်လမ်း'မှာလည်း ကျိုးပေါက်သွားတော့သည်။ လူ၏အလုပ်ခွင်မှာ နိုင်ငံဆိုသော နယ်နိမိတ်များကိုပင်ကျော်ပြီး ကမ္ဘာမြေအနှံ့ ခြေဆန့်သွားပါတော့သည်။

ဆိုခဲ့ပါ နောက်ခံကားနှင့် ဆက်စပ်ပြီး စက်မှုခေတ်ပညာရေးပုံစံကို ဝေဖန်သုံးသပ်လာကြသည်။ အထူးသဖြင့် တင်းကျပ်သော ထက်အောက်ဖွဲ့စည်းပုံနှင့် ဖန်တီးမှု ရေခံမြေခံအားနည်းသည့်အဖြစ်ကို ထောက်ပြလာကြသည်။ ပစ္စုပ္ပန်တွင် ကျောက်ချထားသည့်အနေအထားကိုလည်း ဆန်းစစ်လာကြသည်။ ပညာရေးနီတိကိုလည်း ကမ္ဘာလုံးအတိုင်းအတာအထိ ချဲ့ယူရန်စဉ်းစားလာကြသည်။ နောက်ဆုံး 'စာသင်ခန်း'ဆိုသည့် သတ်မှတ်ချက်ကိုပင် ဘောင်ကျဉ်းလွန်းသည်ဟု ဆင်ခြင်လာကြသည်။ ကမ္ဘာလုံးကြီးသည်ပင် စာသင်ခန်းဟု သဘောထားလာကြသည်။ ပညာသင်ကြားရေးသည် လူ့အဖွဲ့အစည်းနှင့် တစ်သားတည်းလိုက်ပါပြောင်းလဲနေရမည့်ဖြစ်စဉ်ဟု သဘောယူလာကြသည်။ အင်တာနက်ပေါ်ပေါက်လာသောအခါ အဆိုပါစဉ်းစားချက်များ

www.burmeseclassic.com

www.burmeseclassic.com



မှာ လက်တွေ့သဘောဆောင်စ ပြုလာပါသည်။

ဤတွင် ပညာရေး၏ မျက်နှာမူရာမှာလည်း ပြောင်းလဲလာရပါတော့သည်။ အတိတ်တွင်ကျက်စားနေရုံမျှဖြင့် မပြည့်စုံ။ ပစ္စုပ္ပန်တွင် ဝဲလည်လှည့်နေရုံနှင့်လည်း မလုံလောက်။ အနာဂတ်သို့ မျက်နှာမူရလိမ့်မည်ဟု ဆိုပါကြောင်း. . .။

**မြန်မာသစ်ဂျာနယ်၊ ၂၀၀၁။**

စာညွှန်း

- Future Shock/Alvin Toffler.

■

www.burmeseclassic.com

www.burmeseclassic.com

# မိလိန္ဒပဉှာမှ ပညာ၏အဓိပ္ပာယ်

**အဝိဇ္ဇာမှာ ဝိဇ္ဇာသို့**

"အရှင်ဘုရား၊ ပညာသည် အဘယ်လက္ခဏာ ရှိပါသ နည်း"

"မင်းမြတ်၊ ပညာသည် ပိုင်းဖြတ်ခြင်းလက္ခဏာရှိ၏။ ထွန်းလင်းတောက်ပခြင်းလက္ခဏာလည်း ရှိပေ၏"

"အရှင်ဘုရား၊ အဘယ်သို့ ပိုင်းဖြတ်ခြင်းလက္ခဏာ ရှိပါသနည်း"

"မင်းမြတ်၊ အဝိဇ္ဇာအမှောင်ကို မှုတ်လွှင့်ဖျက်ဆီးနိုင်၍ ပိုင်းဖြတ်ခြင်းလက္ခဏာဟုဆိုပါသည်"

"အရှင်ဘုရား၊ အဘယ်သို့ ထွန်းလင်း တောက်ပခြင်း လက္ခဏာရှိပါသနည်း"

www.burmeseclassic.com

www.burmeseclassic.com



"မင်းမြတ် ဝိဇ္ဇာအလင်းကို ဖြစ်ပေါ်စေ၍ ထွန်းလင်းတောက်ပခြင်းလက္ခဏာဟုဆိုပါသည်"

"အရှင်ဘုရား၊ လျော်ကန်သင့်မြတ်လှပါပေ၏"

**(မိလိန္ဒပဉ္စာကျမ်း၊ မဟာဝဂ်မှကောက်နုတ်ချက်)**

ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနှင့် စဉ်းစားကြည့်လျှင် လူသည် သံသရာခရီးသည် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာနှင့် ကြုံဆုံခွင့်ရသူတစ်ဦးအတွက်မူ သံသရာမှာ ထွက်ပေါက်မရှိသော အပိတ်ခရီးမဟုတ်ပါ။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့် 'လားရာအမြင်' Vision ရှိသော အပွင့်ခရီးဖြစ်ပါသည်။ သို့နှင့်တိုင် သံသရာဆိုသည်မှာ အဝိဇ္ဇာလွှမ်းနေသော အမှောင်ခရီးသာဖြစ်သည်။ ဝိဇ္ဇာဆီမီးထွန်းညှိနိုင်မှသာ လမ်းရှာနိုင်မည်ဖြစ်ပါသည်။ ဤအဓိပ္ပာယ်အရဆိုလျှင် လူသည် မသိရာ(အဝိဇ္ဇာ)မှ သိရာ(ဝိဇ္ဇာ)သို့ ဦးတည်သွားနေရသည့် ခရီးသည်ဟု ဆိုနိုင်ပါလိမ့်မည်။ ဤသို့ ရှာဖွေဖော်ထုတ်ရခြင်းသည်ပင် 'ပညာရှာခြင်း' Learning ဟုယူသော် ရမည်ထင်ပါသည်။

စာရေးသူအနေနှင့် 'မိလိန္ဒပဉ္စာ'ကိုဖတ်ရင်း မကြာခဏဆိုသလို ဆန့်တွေးမိတတ်ပါသည်။ ဤသို့ ဆန့်တွေးရင်းကပင် မျက်မှောက်ခေတ် ပညာရှင်များ၏ 'ပညာ'နှင့်ပတ်သက်သော အကောက်အယူများကိုလည်း ဆက်စပ်တွေးမိတတ်ပါသည်။ ထိုအခါ စိတ်ဝင်စားစရာကောင်းလှသော ဆက်စပ်မှုများကို တွေ့လိုက်သလိုရှိလာပါသည်။

## ၂၁ ရာစု ပညာရေး

၁၉၉၆ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ရွှေရတုကာလတွင် 'ယူနက်စကို' UNESCO အဖွဲ့ကြီးမှ ကြီးမှူး၍ပညာရေး ဖိုရမ်တစ်ခု ကျင်းပခဲ့ပါသည်။ ရည်ရွယ်ချက်မှာ အသိပညာလူ့အဖွဲ့အစည်း Knowledge ၏ စိန်ခေါ်ချက်များကို ထုံပြန်

www.burmeseclassic.com

www.burmeseclassic.com



အဖြေပေးနိုင်ရန် ပညာရေးဆိုင်ရာအခင်းအကျင်းတစ်ရပ်ကို ပုံဖော်ကြည့်နိုင်ဖို့ဟု ဆိုပါသည်။ ပြောရလျှင် ၂၁ ရာစုပညာရေးကို မှန်းဆကြည့်ခြင်းဟု နားလည်ရပါသည်။

ဆွေးနွေးပွဲ၏ ပထမအဆင့်တွင် 'အသိပညာ လူ့အဖွဲ့အစည်း'၏ အခြင်းအရာများကို ခွဲခြမ်းစိတ်ဖြာကြည့်ကြပါသည်။ ဤတွင် ထူးခြားချက်သုံးရပ်ကို ပညာရှင်အများစုက သဘောညီခဲ့ကြသည်။ ပထမထူးခြားချက်မှာ 'ဧကန်မဲ့မှုအခြေအနေ' Uncertainity ဟုဆိုလိုပါသည်။ အထူးသဖြင့် အမှန် Truth တို့၏ သက်တမ်းများ တိုတောင်းလာသည့်အချက်ကို ဖောင်းပေးပြောကြသည်။ ဒုတိယအချက်မှာ 'ကျိုးလွယ်ပဲ့လွယ်မှု' Fragility ဟုဆိုသည်။ အစစအဆင်ပြေချောမွေ့နေမည်မဟုတ်။ အလွန်အကဲဆတ်မည့်အနေအထားဟု အကဲဖြတ်ကြသည်။ တတိယအချက်မှာ 'လောကလုံးသဘောဆောင်လာခြင်း' Universal-zation ဟု ယူဆကြသည်။ စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ဆက်စပ်အဖြေထုတ်ခဲ့သောအချက် ဖြစ်သည်။ လိုကယ် (Local)နှင့် ဂလိုဘယ် (Global)ကြားမှ စည်းများ မှုန်ဝါးလိုက်လာသည်ကို ထောက်ပြကြသည်။

ဆက်လက်ပြီးဆိုခဲ့ပါထူးခြားချက်များနှင့် အဟပ်ညီနိုင် မည့် 'ပညာရှာခြင်း'၏ အဓိပ္ပာယ်ကို ပြန်လည်ဖွင့်ဆိုဖို့ အားထုတ်ခဲ့ကြပါသည်။ ဤတွင် ခေတ်သစ်စီမံခန့်ခွဲမှုပညာလာ 'ပညာရှာခြင်း'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပညာရှင်တော်တော်များများက လက်ခံကြသည်ဟု သိရသည်။ ဤအဓိပ္ပာယ်သစ်အရ 'ပညာရှာခြင်း'သည် ရှာဖွေဖော်ထုတ်ရသော ဖြစ်စဉ်ဖြစ်ပြီး အပြုအမူပြောင်းလဲခြင်းသို့ ဦးတည်ရမည်ဟုဆိုလိုပါသည်။ Learning is Process To Discover. Leading To Behavioral Changes ဟုရေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်ယူခြင်းမဟုတ်

Learning ကို သင်ယူခြင်းဟု ဘာသာပြန်လေ့ရှိကြပါသည်။ သင်ပေးသမျှ ယူတတ်ရုံနှင့် Learning ၏ရည်ရွယ်ချက်မမြောက်နိုင်ပါ။ သို့ကြောင့် 'ပညာရှာခြင်း'ဟု တမင်သုံးခြင်းဖြစ်ပါသည်။ (ဤကားစကားချပ်) ဆိုခဲ့ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ***ပညာရှာခြင်းသည် 'ရှာဖွေဖော်ထုတ်'ရသည့်ကိစ္စဖြစ်သည်။ (To Discover) ။ ရှိပြီးသိပြီးများကို အာဂုံဆောင်နိုင်သည်နှင့် ပညာတတ်ပြီ မဆိုနိုင်ပါ။ မသိသေး မရှိသေးသည်များကို ရှာဖွေဖော်ထုတ်ရသည့်အလုပ်ဖြစ်သည်။*** စင်စစ် 'တီထွင်' (Invent) 'ဖန်တီး' (Create) ဆိုသော စကားလုံးများနှင့် ဆက်စပ်နေပါသည်။

လူသည် လွတ်လပ်စွာ မွေးဖွားလာသည် ဆိုသော်ငြားလည်း လူမှန်းသိတတ်သည်နှင့်အမှီအခိုမကင်းနိုင်တော့ပါ။ မိဘ၊ ဆရာ၊ အသိုင်းအဝိုင်းစသော ပတ်ဝန်းကျင်၏ ဩဇာများ အထိုက်အသင့် ရှိနိုင်ပါသည်။ ပြောရလျှင် အခုအခံ အစွဲအလမ်း၊ ဥပါဒါန်များဖြစ်ပါသည်။ ဥပါဒါန်ကို ခွာကြည့်နိုင်မှ၊ အခုအခံအစွဲအလမ်းများကို ဖောက်ထွက်နိုင်မှ ရှာဖွေဖော်ထုတ်သည့်အဆင့်သို့ ရောက်နိုင်ပါလိမ့်မည်။ ဤအချက်ကို ခေတ်သစ်စီမံခန့်ခွဲမှုပညာက 'ဖောက်ထွက်တွေးခြင်း' Breakthrough Thinking ဟု ယူသည်။ 'တီထွင်ဖန်တီးတွေးတောခြင်း' Creative Thinking ဟုဆိုလည်း ဆိုကြပါသည်။ အရှင်နာဂသေန၏ စကားအရဆိုလျှင် 'အဝိဇ္ဇာအမှောင်ကို မှုတ်လွှင့်ဖျက်ဆီးခြင်း'ဟု နားလည်ရပါသည်။ ဤသည်ပင် 'ပညာရှာခြင်း'၏ ပထမအဓိပ္ပာယ်ဟု ယူဆရပါသည်။

ဤအဓိပ္ပာယ်ကို ဆုပ်မိကိုင်မိဖို့ဆိုလျှင် ပညာရှာသော လူတစ်ယောက်အနေနှင့် 'စိတ်ကိုဖွင့်ထား' (Open Your Mind) မှာ ပထမဆုံးလိုအပ်ချက် ဖြစ်ပါလိမ့်မည်။ သို့မှသာ ***ဆန့်ကျင်ဘက်အမြင်များကို နားထောင်တတ်ပါမည်။ သဘောထားကွဲလွဲ***

www.burmeseclassic.com

www.burmeseclassic.com



***မှုများကို လက်ခံတတ်ပါမည်။*** ‘ငါမှအမှန်’၊ ‘ငါနဲ့မတူငါ့ရန်သူ’ ဆို အတ္တမာနများကို ကျော်လွှားနိုင်ပါလိမ့်မည်။

စွမ်းဆောင်ရည်

ပညာရှာခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် နောက်ထပ် အဓိပ္ပာယ်တစ်ခုလည်း ရှိပါသေးသည်။ ‘အပြုအမူပြောင်းလဲခြင်းသို့ဦးတည်’ဆိုသောအချက်ဖြစ်သည်။ မည်သို့သော အပြုအမူသို့ ပြောင်းလဲကြမည်နည်း။ ‘ခေတ်သစ် စီမံခန့်ခွဲမှုပညာ’က ထိရောက်သောစွမ်းဆောင်ရည်ရှိသည့် အပြုအမူဟု အဖြေပေးပါသည်။ ထိရောက်သောအပြုအမူမှာ စွမ်းဆောင်ရည်ပင် ဖြစ်သည်။ Effective Behavior is Capacity ဟု ဆိုပါသည်။

ဆက်လက်ပြီး ထိရောက်သော စွမ်းဆောင်ရည်ကို ဖန်တီးနိုင်မည့်အချက်များကို ဆက်လက်ဆန်းစစ်ကြပြန်သည်။ တစ်နည်းပြောရလျှင် စွမ်းဆောင်ရည်ထိရောက်ရေးအတွက် အဆင့်ငါးဆင့်ကို ဖြတ်သန်းကြဖို့ဖြစ်သည်။

ပထမအဆင့်မှာ မိမိအသိ၏ အတိုင်းအဆကို မှန်းဆဖို့ဖြစ်သည်။ (What You Know) ဤအဆင့်တွင် အရေးကြီးသည်မှာ ကိုယ့်ကိုယ်ကို ပိုမတွက်မိဖို့ ဖြစ်သည်။ ‘ငါ ဒါတွေသိတယ်’ဆိုခြင်းထက် ‘ငါ ဒါတွေမသိသေးဘူး’ဆိုသည်ကို အဓိကစဉ်းစားဖို့ဖြစ်သည်။ ဒုတိယအဆင့်မှာ မိမိဖြစ်ချင်သည်ကို တိတိပပ သိဖို့ဖြစ်သည်။ (What You Want) အနာဂတ်ရှိဖို့ လားရာအမြင်ရှိဖို့ဖြစ်ပါသည်။ မိမိလိုချင်သည့် အနာဂတ် Preferable Future ကို ချိန်ထားဖို့ဟု သဘောရပါသည်။ တတိယအဆင့်မှာ မိမိလုပ်နိုင် မလုပ်နိုင်ဆန်းစစ်ဖို့ဖြစ်ပြီး စတုတ္ထအဆင့်မှာ လုပ်ရဲမလုပ်ရဲ ဝေဖန်ဖို့ဖြစ်သည်။ (What You Can and What You Dare)။ မိမိ၏ လုပ်ရည်ကိုင်ရည်နှင့် သတ္တိကို အမှန်အတိုင်း ကြည့်မြင်နိုင်ဖို့ဖြစ်သည်။ စစ်မရောက်ခင် မြားကုန်သလိုမျိုးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဖို့လိုသလို ဆင်ခေါင်းခွေးမချီနိုင်မဖြစ်ဖို့လည်းလိုပါသည်။ နောက်ဆုံးအဆင့်မှာ ဘာလုပ်ရမည်ကို ရွေးချယ်ဆုံးဖြတ်ဖို့ဖြစ်ပါသည်။ (What is to be done)။ ဤနေရာတွင် တစ်ကြောင်းဆွဲတစ်ယူသန်မဟုတ်ဘဲ ပြောင်းလဲကျင့်သုံးနိုင်မည့် နည်းလမ်းများ Altanatives ကိုထည့်တွက်ဖို့ သတိပေးပါသည်။

အရှင်နာဂသေန၏ စကားအရဆိုလျှင် ဝိဇ္ဇာအလင်း ဖြစ်ပေါ်စေနိုင်သည့်အဆင့်များဟု နားလည်ရပါသည်။ ဤသည်ပင် ပညာရေး၏ ဒုတိယအဓိပ္ပာယ်ဟု ဆိုချင်ပါသည်။

အားဖြည့်စက်ဝိုင်း

ပညာရေးသည် တစ်နေ့၊ တစ်လ၊ တစ်နှစ်စာကိစ္စမဟုတ်။ စဉ်ဆက်မပြတ်ပညာရေး Continual Learning ဖြစ်ရမည်ဆိုသော ကောက်ချက်လည်းရှိပါသည်။ စဉ်ဆက်မပြတ် လေ့လာရေးဆို၍ ဒါချည်းဒါချည်း ထပ်ကျော့နေသော အပိတ်ဖြစ်စဉ် Recircling Function မဟုတ်။ 'အားဖြည့်စက်ဝိုင်း' Reenforcing Cycle ဖြစ်ရမည်ဟုဆိုပါသည်။ ရှိပြီးအခြေအနေထက် ပို၍ကောင်းလာသည့် အနေအထားမျိုး ဖန်တီးနိုင်ရမည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

ဤအားဖြည့်စက်ဝိုင်းပေါ်တွင် ၂၁ ရာစုပညာရေးကို တင်ကြည့်လိုက်ရာ အသိပညာ လူ့အဖွဲ့အစည်းအတွက် ပညာရေးဖြစ်စဉ်ပုံကြမ်းတစ်ခု ရလာပါသည်။ အမှီမကင်းရာမှ လွတ်လပ်သူဖြစ်လာရေး၊ ထိုမှ အပြန်အလှန် အမှီသဟဲပြုတတ်လာရေးဟု ဆိုပါသည်။ Dependence to Independence and then Finally to Interdependence ဟု ရေးပါသည်။ အခုအခံ အစွဲအလမ်းဆိုသော ဥပါဒါန်အကျဉ်းခန်းမှဖောက်ထွက်ပြီး လွတ်လပ်သည့် တွေးခေါ်သူဖြစ်ရေးမှာ ပထမအဆင့်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ပညာအလင်းချင်း ပေါင်းစပ်ဖလှယ်နိုင်မည့် ပညာခေတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးရေးမှာ ဒုတိယအဆင့် ဖြစ်ပါလိမ့်မည်။ အရှင် နာဂသေန၏ စကားအရဆိုလျှင် 'ပိုင်းဖြတ်ခြင်း'နှင့် 'ထွန်းလင်းတောက်ပခြင်း'ဟု ဆိုချင်ပါသည်။

ဤသို့ တွေးမိရင်းက စာရေးသူအနေနှင့် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်က ရှေးဟောင်းကျမ်းတစ်စောင်တွင် ၂၁ ရာစုပညာရေးသဘောကို အံ့သြစွာတွေ့လိုက်ရပါကြောင်း။

**မြန်မာသစ်ဂျာနယ်၊ ၂၀၀၁။**

စာညွှန်း

- (၁)မိလိန္ဒပဉှာ၊ (၂)Education in Changing Society

■

www.burmeseclassic.com

www.burmeseclassic.com

# ဦးနှောက်စစ်ပွဲများ

စစ်ပွဲသစ်၊ လက်နက်သစ်

စစ်ပွဲဆိုသည်နှင့် တိုက်ကြခိုက်ကြ၊ ပစ်ကြခတ်ကြသည်ကို သာ တန်းမြင်မိပါလိမ့်မည်။ စင်စစ် မပစ်မခတ်သော ကျည်ဆံမဲ့ စစ်ပွဲများလည်း ရှိပါသေးသည်။ မြင်သာထင်သာသော ဥပမာပြရ လျှင် 'ကုန်သွယ်ရေးစစ်ပွဲများ' (Trade Wars) ဖြစ်သည်။ ယခု စစ်ပွဲအသစ် ပေါ်လာပြန်သည်။ 'ဦးနှောက်စစ်ပွဲများ' (Brain Wars) ဟုဆိုကြသည်။ အဘယ်နည်း။

သိကြပြီးဖြစ်သည့်အတိုင်း ခေတ်သစ်စစ်ပွဲများမှာ တစ်ဦး ချင်း စီးချင်းထိုးရသည်မဟုတ်။ အစုလိုက်အပြုံလိုက် တိုက်ကြ ခိုက်ကြရသည်။ သို့နှင့်အမျှ အသုံးပြုရသော လက်နက်များမှာ လည်းအစုလိုက်အပြုံလိုက်သဘောဆောင်လာသည်။Weapons of Mass Destruction(W.M.D) ဟု ခေါ်ကြသည်။ အုံလိုက် ကျင်းလိုက်ဖျက်ဆီးနိုင်သော လက်နက်များဟု ဆိုနိုင်ပါလိမ့်မည်။ အလားတူပင် အမျိုးအစားသစ်ဖြစ်သော ဦးနှောက်စစ်ပွဲများတွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း အစုလိုက်အပြုံလိုက်သဘောဆောင်သော လက်နက်များကို သုံးလာကြသည်။ Weapons of Mass Attraction ဟု ပြောကြသည်။ အတိုကောက် W.M.A ဟု သုံးသည်။ သူက တော့ ဖျက်ဆီးဖို့မဟုတ်။ ဆွဲဆောင်ဖို့ဖြစ်သည်။ လူအများကို ဆွဲဆောင်ညှို့ယူနိုင်စွမ်းသော လက်နက်ဟု နားလည်ရပါသည်။

ဤဝေါဟာရကို စတင်သုံးစွဲသော 'တောမတ်ဖရင်းမင်း' ('လက်ဇပ်နှင့်သံလွင်ပင်' စာအုပ်ဖြင့်ထင်ရှားလာသူ ဂျာနယ်လစ်)၏အလိုအရ အမေရိကန်ကို ကမ္ဘာကစိတ်ဝင်စားလာခြင်းမှာ စစ်ရေး၊ စီးပွားရေးပါဝါသက်သက်ကြောင့်မဟုတ်။ W.M.A ကြောင့် ဟုဆိုသည်။ သူပြောသော W.M.A တွင် အဓိကအားဖြင့် အမေရိကန်တက္ကသိုလ်များ ပါဝင်သည်။ ဤတက္ကသိုလ်များက ဖြန့်ဖြူးနေသော ပညာနှင့် အိုင်ဒီယာများက ကမ္ဘာအရပ်ရပ်မှ လူငယ်များကို ညှို့အားပြင်းပြင်းဖြင့် ဆွဲဆောင်နေသည်ဟု အကဲဖြတ်ပါသည်။

ပီကင်းမြင်ကွင်း

ပီကင်းမြို့တော်ရှိ (New Oriental School) 'ပုရတ္တိမကျောင်းတော်သစ်' ဖြစ်ပါသည်။ စာသင်ခန်း တစ်ခန်းတွင် ကျောင်းသူ၊ ကျောင်းသား ၅၀၀ ကျော် ၆၀၀ ခန့် တိုးတိုးဝှေ့ဝှေ့ စာသင်နေကြသည်။ သို့နှင့်တိုင် သူတို့၏အသွင်အပြင်မှာ စိတ်ပျက်ဟန်၊ ပင်ပန်းဟန်မရှိ။ သွက်လက်တက်ကြွနေကြသည်။ စင်စစ် ဤကျောင်းသို့ တက်ရောက်သင်ကြားခွင့်ရရန် သူတို့အားလုံး အနည်းဆုံးတစ်နှစ်မျှ ကြိုတင်စာရင်းပေးထားရသည်။ ကျောင်း၏ ရည်ရွယ်ချက်က အမေရိကန်တက္ကသိုလ် ဝင်ခွင့်စာမေးပွဲကို အောင်မြင်စွာဖြေဆိုနိုင်ဖို့ဖြစ်သည်။ ဘွဲ့လွန်ကျောင်းသားများအတွက် GRE သင်တန်းများရှိသလို၊ ဘွဲ့ကြိုများအတွက် SAT သင်တန်းများ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝင်းအတွင်း စာအုပ်ဆိုင်များဆိုလျှင်လည်း အမေရိကန်တက္ကသိုလ် မိတ်ဆက်လမ်းညွှန်စာအုပ်များက နေရာယူထားသည်။ ပြောရလျှင် ကျောင်းစာအုပ်ဆိုင်များသာ မကပါ။ ပီကင်းတစ်မြို့လုံး စာအုပ်ဆိုင်များ၏ အရောင်းသွက် စာရင်းဝင်စာအုပ်များမှာ အမေရိကန်တက္ကသိုလ်များအကြောင်းချည်း ဖြစ်သည်။ မနှစ်က(၂၀၀၁ ခုနှစ်)က ထွက်သော 'ဟားဗတ်ကျောင်းသူ' The Harvard Girl စာအုပ်ဆိုလျှင် စောင်ရေတစ်သန်းကျော်သွားသည်။ ဟားဗတ်တက္ကသိုလ် ဒုတိယနှစ်တွင် ပညာသင်ကြားနေသော တရုတ်မလေးအကြောင်းဖြစ်ရာ တရုတ်လူငယ်များက အလုအယက် ဝယ်ဖတ်ကြသည်။ ဤစာအုပ်ပေါက်သွားသည် နှင့် အလားတူစာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ထွက်လာသည်။ 'ဟားဗတ်လုလင်' The Harvard Guy၊ 'မင်းဟားဗတ်ကို သွားရမယ်' You Must Go To Harvard၊ 'မင်းအဖေ သူဌေးမဟုတ်ပေမယ့်၊ မင်းဟားဗတ်ကိုသွားနိုင်တယ်' You Can Go To Harvard If You Don't Have A Rich Father စသဖြင့်. . ။ 'ဟားဗတ်'ပါလျှင်ပင် အရောင်းသွက်သလို ဖြစ်နေတော့သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာလ(၁၁) အရေးအခင်းအပြီးတွင် အမေရိကန်အစိုးရက ကျောင်းသားဗီဇာများကို အကြီးအကျယ်ကန့်သတ်လိုက်ရာ မကျေနပ်မှုများ လှိုက်ကျလာသည်။ ပုရတ္တိမ ကျောင်းတော်သားများက ပီကင်းရှိအမေရိကန်သံရုံးသို့ကန့်ကွက်စာများ ပို့ကြသည်။ ဤတွင် ဆရာများနှင့် တာဝန်ရှိသူများက ဒေါကန်နေသော ကျောင်းသားများကို ဖျောင်းဖျနားချရတော့သည်။ အဆင့်မြင့်ပညာတွေကိုသင်နိုင်တာ အမေရိကန်တက္ကသိုလ်တွေတင် မဟုတ်ပါဘူးကွာ။ အင်္ဂလန်တို့၊ ကနေဒါတို့၊ ဩစတြေးလျတို့က တက္ကသိုလ်တွေလည်း ရှိပါသေးတယ်။ အဆုံးစွန် ပြောရရင် အရှေ့ဥရောပတက္ကသိုလ်တွေတောင် မသာရင်သာရှိမယ်။ မညံ့လှပါဘူး။ ကြိုးစားဖို့ပဲ အရေးကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပုရတ္တိမကျောင်းတော်၏ ဒုတိယအဓိပတိ 'ရှု-ရှိုယာပင်' ၏စကားတွင် ကျောင်းသားအများစု တွေသွားကြသည်။ "ဒီမယ် ငါ့လူတို့၊ ဦးနှောက်စစ်ပွဲလို့ခေါ်တဲ့ ကမ္ဘာ့တက္ကသိုလ်ကြီးတွေရဲ့ ပြိုင်ပွဲမှာ အမေရိကန်တွေ နောက်ကောက်ကျနေပြီကွ၊ သိလား"

အလှည့်အပြောင်း

ဒုတိယအဓိပတိ 'ရှု'၏စကားမှာ အမှန်ပင်ဖြစ်ပါသည်။ စင်စစ် ဦးနှောက်စစ်ပွဲများမှာ ဒုတိယကမ္ဘာစစ်ပြီးကတည်းက စခဲ့သည်ဟု ဆိုနိုင်ပါလိမ့်မည်။ ထိုစဉ်ကတော့ အမေရိကန်ပြည်ထောင်စုသည်သာ ထိပ်ဆုံးတွင် ပြိုင်ဘက်မရှိ နေရာယူထားနိုင်ခဲ့သည်။ တစ်ကမ္ဘာလုံးမှ အကောင်းဆုံး ဦးနှောက်များမှာ အမေရိကန် တက္ကသိုလ်များဆီသို့ ဦးတည်လာကြသည်။ ဤတက္ကသိုလ်ပညာတတ်များကပင် အမေရိကန်၏ အင်တာနက်စနစ်ပွင့်မှုကို ဖန်တီးလိုက်သည်ဟု ဆိုနိုင်ပါသည်။ ဤတွင် အင်္ဂလန်၊ သြစတြေးလျ၊ ကနေဒါတက္ကသိုလ်များသည်လည်း တံခါးကျယ်ကျယ်ဖွင့်ကာ နိုင်ငံတကာကျောင်းသားများကို အပြိုင်ဆွဲဆောင်လာကြသည်။ သို့ဖြင့် ၁၉၈၀ အလွန်နှစ်များလောက်မှစပြီး နိုင်ငံခြားကျောင်းသား အပြိုင်ခေါ်ပွဲကြီး စတင်လာခဲ့ပါသည်။ နိုင်ငံခြားကျောင်းသားများများ စုစည်းနိုင်ခြင်းသည်ပင် တက္ကသိုလ်တစ်ခု၏ ဂုဏ်သိက္ခာလိုဖြစ်လာခဲ့သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ(၁၁) အရေးအခင်း ဖြစ်လိုက်သောအခါ အမေရိကန်အီလစ်များ၏ 'နိုင်ငံခြားကြောက်ရောဂါ' မှာ တက္ကသိုလ်ပရိဝုဏ်ထဲသို့ ရောက်လာတော့သည်။ သို့နှင့်အမျှ စိန်ခေါ်သူအသစ်များက အမေရိကန်တက္ကသိုလ်များကို ဖြတ်ကျော်တက်တော့မလိုရှိလာသည်။ 'စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့' OECD ၏ အစီရင်ခံစာတစ်ခုအရ အမေရိကန် တက္ကသိုလ်များ၏ နိုင်ငံခြားကျောင်းသားအရေအတွက်မှာ ၁၉၉၅

www.burmeseclassic.com

www.burmeseclassic.com



မှ ၁၉၉၉ အတွင်း ၉%ခန့် ကျလာသည်။ စက်တင်ဘာ(၁၁) နောက်ပိုင်းတွင်မူ အကျခရီးမှာ ပို၍ပင်သိသာလာရာ ပျမ်းမျှ ၁၄%ခန့်သာ နိုင်ငံခြားကျောင်းသားရှိတော့မည်ဟု ဆိုပါသည်။ ဤအချိန်တွင် ဥရောပတက္ကသိုလ်များရှိ နိုင်ငံခြားကျောင်းသား အရေအတွက်မှာ ၆၀% မှ ၈၀% အထိ ရှိလာသည်။ ၁၉၈၀ အလွန်နှစ်လောက်က ပြိုင်ပွဲသို့ဝင်လာသော ဩစတြေးလျဆို လျှင် လွန်ခဲ့သော ၁၀ နှစ်အတွင်း သုံးဆ တိုးလာသည်။ ၁၉၉၀ အလွန်နှစ်များရောက်မှ တက္ကသိုလ်တံခါးများ စဖွင့်သော ကနေဒါ နိုင်ငံပင်လျှင် ၅၀ % မျှတက်လာသည်။

ယခင်က ဘိဇနက်လောကတွင် 'ဟားဗတ်ဘိဇနက်ကျောင်း' ထွက်မှ တန်းဝင်သလိုရှိခဲ့သည်။ M.B.A ချင်းအတူတူပင်လျှင် အမေရိကန် M.B.A မှ ပိုအထင်ကြီးကြသည်။ ယခု ပြင်သစ်မှ INSEAD၊ စပိန်မှ IESE နှင့် လန်ဒန် 'ဘိဇနက်ကျောင်း'တို့မှာ 'ဟားဗတ်'နှင့်အပြိုင် ဩဇာကြီးလာသည်။ ဥရောပ နှင့် အာရှ M.B.A များမှာလည်း ပို၍ပင် စန်းပွင့်လာသလို ရှိသည်။ သို့ဖြင့် တက္ကသိုလ်အချင်းချင်း ယှဉ်ပြိုင်ကြရသော ဦးနှောက်စစ်ပွဲတွင် အမေရိကန်ပြည်ထောင်စုမှာ ခံစစ်ပိုင်းသို့ ရောက်နေပြီဟု ဆိုရ တော့မလို ရှိလာပါသည်။

ပေါ်လစီရီဗျူး

ဤတွင် အမေရိကန်ပညာလောကမှ အထိတ်တလန့် ပေါ်လစီရီဗျူးများ လုပ်လာကြရတော့သည်။ အထူးသဖြင့် လက်ရှိ ဂျော့ဘွတ်(ချ)အစိုးရ၏ အကြမ်းဖက်မှုဆန့်ကျင်ရေး မဟာဗျူဟာ၏ ဘေးထွက်အကျိုးများကို မကျေမနပ် ထောက်ပြလာကြ သည်။ ပညာရေးကိစ္စကို လုံခြုံရေးအမြင်နှင့် မချဉ်းကပ်မိစေရန် သတိပေးထောက်ပြလာကြသည်။ ကျောင်းသားဗီဇာပိတ်လိုက် သည့် လုပ်ရပ်မျိုးမှာ အမေရိကန်တက္ကသိုလ်များကို ကမ္ဘာကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



အဆက်ပြတ်စေပြီး အထီးကျန်ဖြစ်စေသည်ဟု ဝေဖန်ကြသည်။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် အထီးကျန်တက္ကသိုလ်တစ်ခု အနေနှင့် ဘယ်လိုမှထိပ်တန်းရောက်နိုင်စရာမရှိဟု ဆိုပါသည်။

အမေရိကန်တက္ကသိုလ်များ၏ ပညာရေးစရိတ်စကကြီးမြင့်မှုကို ပြန်လည်သုံးသပ်ကြသည်များလည်း ရှိသည်။ အထူးသဖြင့် ကမ္ဘာ့စီးပွားရေးအကျပ်ဘက်သို့ ရောက်နေသော လက်ရှိကာလမျိုးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောင်းသားအများစုမှာ ပို၍ အကုန်အကျနည်းသောတက္ကသိုလ်များသို့ဦးလှည့်လာကြသည်။ တက္ကသိုလ်ဘွဲ့ရများ၏အလုပ်အကိုင် အခွင့်အလမ်းကို ဆန်းစစ်ကြသည်များလည်းရှိသည်။ အထူးသဖြင့် ဥရောပရှိ နိုင်ငံစုံကော်ပိုရေးရှင်းများအနေနှင့် အမေရိကန်တက္ကသိုလ်ထွက်များထက် ဥရောပတက္ကသိုလ်ဘွဲ့ရများကို ပိုစျေးကောင်းပေး ခေါ်နေကြသည်။ သူတို့၏အဆိုအရ အမေရိကန်တက္ကသိုလ်မှ ဘွဲ့ရသူများမှာ ယဉ်ကျေးမှုပေါင်းစုံအနေအထားတွင် အံဝင်ခွင်ကျ သိပ်မရှိလှဟု သိရပါသည်။ ဤသည်မှာ နိုင်ငံခြားကျောင်းသားအရေအတွက်ကို ကန့်သတ် လျှော့ချလိုက်သည့် အကျိုးဆက် ဖြစ်နိုင်သည်ဟု ကောက်ချက်ချကြသည်။

နောက်တစ်ချက်မှာ လုံခြုံရေးနှင့်ဆိုင်သည်။ J.W.T အမည်ရှိ ပညာရေးအတိုင်ပင်ခံအဖွဲ့တစ်ခု၏ စစ်တမ်းအရ နိုင်ငံတကာမှ ကျောင်းသားမိဘများမှာ မိမိတို့သားသမီးများကို အမေရိကန်တက္ကသိုလ်များသို့ မပို့လိုကြဟု သိရပါသည်။ အဓိကအကြောင်းရင်းမှာ လုံခြုံရေးအာမခံချက် မရှိသောကြောင့်ဟု ဆိုသည်။ အစဉ်အလာအရ အမေရိကန်တက္ကသိုလ်များနှင့် ချိတ်ဆက်လမ်းဖောက်ခဲ့သော ကိုင်ရိုတက္ကသိုလ်သည်ပင် ယခုအခါ အင်္ဂလန်၊ ကနေဒါတို့ဘက်သို့ ဦးလှည့်လာသည်။ သို့ဖြင့် အမေရိကန်နိုင်ငံခြားရေးဌာနကပင်လျှင် ဤကိစ္စကို အလေးထားစဉ်းစားလာရသည့် အခြေအနေသို့ ရောက်လာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာကုန်သွယ်ရေး

ယခုအခါ ဦးနှောက်စစ်ပွဲတွင် အခြေမလှဖြစ်လာသော အမေရိကန်တက္ကသိုလ်များက ခြေလှမ်းသစ်တစ်ခု လှမ်းလာသည်။ ဤဗျူဟာသစ်အရ အမေရိကန်တက္ကသိုလ် ပရိဝုဏ်များကို ကမ္ဘာအနှံ့ ဖြန့်ကြက်ဖို့ဖြစ်သည်။ မကြာမီကပင် ချီကာဂို တက္ကသိုလ် ဘိဇနက်ကျောင်းက ဘာစီလိုနာတွင် တက္ကသိုလ်ခွဲတစ်ခု ဖွင့်လိုက်သည်။ A&M တက္ကသိုလ်၊ တက္ကဆပ် ဘိဇနက်ကောလိပ်ကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဥတ္တရနှင့် ဒက္ခိဏတက္ကသိုလ်တို့ ဖွင့်လိုက်သည်။ ဤခြေလှမ်းသစ်ကို 'ပညာရေးဆိုင်ရာ နိုင်ငံတကာကုန်သွယ်ရေး အမျိုးသားကော်မတီ'က ဦးဆောင်ပါသည်။ ပညာရေး၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန သုံးခုတို့ကလည်း အားပေးထောက်ခံသည်ဟု သိရသည်။ ဖလော်ရီဒါတက္ကသိုလ်လို တက္ကသိုလ်ကြီးများကပင် ရန်ပုံငွေအလုံးအရင်းနှင့် ပူးပေါင်းဆောင်ရွက်လာကြသည်။ ပညာရေးကို ကမ္ဘာမှုပြုခြင်းဟု ဆိုပါသည်။

သို့နှင့်တိုင် အချို့သော သက်ဆိုင်ရာ ဒေသခံနိုင်ငံများကမူ ကြည်ဖြူကြဟန်မရှိပါ။ အချို့နိုင်ငံများက လုံးဝလက်မခံကြသလို အချို့က အခွန်အကောက်တံတိုင်းဖြင့် ကာကြသည်။ ဂျပန်နိုင်ငံဆိုလျှင် အဆိုပါ အမေရိကန်တက္ကသိုလ်ခွဲများမှ ပေးသောဘွဲ့များကို အသိအမှတ်မပြုပါ။ အဆိုပါတက္ကသိုလ်များမှ ဘွဲ့ရများကိုလည်း အစိုးရအလုပ်များမပေးပါ။ လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်က ကုန်သွယ်ရေးစစ်ပွဲများလိုပင် တုံ့ပြန်လာကြသည်။ အမေရိကန်ပြည်တွင်းမှာပင် ဗျူဟာသစ်ကို ဘဝင်မကျသူများရှိနေသည်။ တက္ကသိုလ်အုပ်စုများကို ဖြန့်ကြက်ထားသော 'အမေရိကန်ပညာရေးကောင်စီ' ACE က ဦးဆောင်ကန့်ကွက်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အဆင့်မြင့်ပညာ အဖွဲ့အစည်းများကို ထိခိုက်နစ်နာစရာရှိသည်ဟု ထောက်ပြသည်။ 'ပညာရေးဆိုင်ရာ ကိုလိုနီ

www.burmeseclassic.com

www.burmeseclassic.com



စနစ်သစ်’ဖြစ်မည်လောဟူ၍ပင် စိုးရိမ်မကင်းဖြစ်ကြသည်။ ထို့ထက် ‘ပညာ’ကို သံမဏိလို၊ ငှက်ပျောသီးလို ပို့ကုန်သဘော ပြုမူနေခြင်းအပေါ် ခံတွင်းမတွေ့နိုင်အောင် ဖြစ်နေရသည်။

သို့ဖြင့် ပြဿနာအပြန့်ကျယ်လာရာ နောက်ဆုံး ‘ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့’ (WTO) ကပင်လျှင် ‘ပညာဆိုင်ရာ ကုန်သွယ်မှုများတွင် အတားအဆီးများရှိသင့်မရှိသင့်”ခေါင်းစဉ်ဖြင့် ဆွေးနွေးလာရတော့သည်။ ထောက်ခံသူများက ပညာကို ပထဝီဖြင့်မကန့်သတ်သင့်ဟုရပ်ခံကြသည်။ ကန့်ကွက်သူများကလည်း‘တက္ကသိုလ်သည် နိုင်ငံစုံကော်ပိုရေးရှင်းမဟုတ်’ဟု အငေါ်တူးကြသည်။ ပြောရလျှင် ဦးနှောက်စစ်ပွဲများမှာ ပညာရေးမျက်နှာစာကို ကျော်၍ ကုန်သွယ်ရေးမျက်နှာစာသို့ပင် ရောက်လာနေပြီလား၊ စဉ်းစားရတော့မလို ရှိလာပါသည်။

**စတိုင်သစ်၊ ဖေဖော်ဝါရီ၊ ၂၀၀၃။**

စာညွှန်း

- (၁) A Scramble For Students
  (၂) Brain Wars

■

www.burmeseclassic.com

www.burmeseclassic.com

# လာတော့မည့်အကျပ်နှင့်
# ပညာမွန်းတည့်ချိန်

## လာတော့မည့်အကျပ်

'ပညာခေတ်'ဆိုသည်ကို ဘယ်သူကမျှ မငြင်းကြတော့ ပါ။ ပညာကဆောင်ကြဉ်းလာမည့် အခွင့်အလမ်းများအကြောင်း ပြောကြရေးကြသည်မှာလည်း 'မစားရ ဝခမန်း'ဟုပင် ဆိုရမလို ရှိသည်။ သို့နှင့်တိုင် ပညာခေတ်၏ စိန်ခေါ်မှုများအကြောင်းကို မူ လိုအပ်သလောက် 'ဖိုးကပ်(စ)'မလုပ်နိုင်သေးဟု ဆိုရမည်ထင် သည်။ မကြာသေးမီကထွက်ခဲ့သော စာအုပ်တစ်အုပ်ကမူ ဤ ဟာကွက်ကို အထိုက်အလျောက်ဖြည့်နိုင်လိမ့်မည်ဟု ယူဆရပါ သည်။

အဆိုပါစာအုပ်မှာ 'လာတော့မည့် အကျပ်အတည်း' In-pending Crisis ဖြစ်သည်။ 'အလုပ်တွေကများ၊ လူတွေက ရှား' Too Many Job, Too Few People ဟုလည်း ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစဉ်ပေးထားသေးသည်။ ပြုစုသူများမှာ 'ဘိဇနက် အနာဂတ်ဝါဒီများ'ဖြစ်ကြသော 'ရော်ဂျာဟာမင်'၊ 'တွမ်အိုလီဗို'နှင့် 'ဂျိုက်(စ)ဂျီအိုရာ'တို့ဖြစ်ကြသည်။ သူတို့၏အလိုအရ ခရစ်နှစ် ၂၀၁၀ အရောက်တွင် အမေရိကန်ပြည်ထောင်စုတစ်ခုတည်းမှာပင် ကျွမ်းကျင်အလုပ်သမားပေါင်း (၁၀)သန်းမျှ လိုလိမ့်မည်ဟု ဆိုသည်။ ရမ်းသန်း မှန်းဆပြောခြင်းမဟုတ်။ ၁၉၉၅ ခုနှစ်မှစ၍ ၇ နှစ်အကြာ သုတေသနလုပ်ပြီးမှ အဖြေထုတ်လိုက်ခြင်းဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် အလုပ်အကိုင်ပေါင်း ၁၃၄. ၉ သန်းရှိနေပြီး အလုပ်အင်အားစုမှာ ၁၃၂. ၃ သန်းသာရှိရာ ၂. ၆ သန်း ခန့်လိုနေသည်။ ၂၀၀၀ ခုနှစ်အရောက်တွင် အလုပ်အကိုင်ပေါင်း ၁၄၅. ၆ သန်းဖြစ်လာပြီး အလုပ်အင်အားစုက ၁၄၀. ၈ သန်း ရှိရာ ၄. ၈ သန်း လိုလာသည်။ ဤနှုန်းအတိုင်း ဆက်သွားပါက ခရစ်နှစ် ၂၀၁၀ တွင် အလုပ်အကိုင်ပေါင်း ၁၆၇. ၇ သန်းရှိလာပြီး အလုပ်အင်အားစုမှာ ၁၅၇. ၇ သန်းသာရှိနိုင်ရာ ကျွမ်းကျင်အလုပ်သမားလိုအပ်ချက်မှာ ၁၀ သန်း ရှိလာလိမ့်မည်ဟု တွက်ချက်ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

သူတို့၏ တွက်ချက်ခန့်မှန်းချက်ကို ယခုပင် ပီပီသသ တွေ့မြင်နေရသော သာဓကများဖြင့် အထောက်အထားပြသည်။ ဆေးရုံများကို ကြည့်။ ဆေးရုံတင်သင့်သောလူနာကိုပင် အပြင်လူနာအဖြစ် ကုသပေးနေရသည်။ သူနာပြု ရှားပါးမှုသရုပ်။ ဆောက်လုပ်ရေးလုပ်ငန်းများကိုကြည့်။ အဆောက်အအုံတစ်ခု ဆောက်ဖို့ နှစ်နှင့်ချီစောင့်နေရသည်။ အင်ဂျင်နီယာရှားပါးမှုသရုပ်။ လေဆိပ်များကိုသွားကြည့်။ စိတ်တိုနေသော လူတန်းရှည်ကြီးကို တွေ့လိမ့်မည်။ ကျွမ်းကျင်လုံခြုံရေးဝန်ထမ်း ရှားပါးမှုသရုပ်။ ဤအခြင်းအရာများကိုကြည့်လိုက်လျှင် စီးပွားရေးတွင် 'ပညာ'၏အခန်း အရေးပါလာသော်လည်း လိုအပ်သလောက် အမီမဖြည့်ဆည်းနိုင်သည့်သရုပ်ကို အလွယ်တကူ တွေ့ရပါလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မည်။ ဤသို့တွေ့နေရသည်မှာ ပညာခေတ်၏ရှေ့တန်းအရောက်ဆုံးဟု ဆိုကြသော အမေရိကန်ပြည်ထောင်စုကိုယ်တိုင်မှာပင်ဖြစ်နေသည်။ ပညာတတ်ရှားပါးနေသော ပညာခေတ်ဟု ဆိုရတော့မလို ရှိနေသည်။

အပိုအလို၊ အနုတ်အသိမ်း

အစဦးအလာ ဘောဂဗေဒပညာက 'အလုပ်လက်မဲ့ပြဿနာ' Unemployment ကိုသာ အလေးပေးလေ့လာခဲ့သည်။ 'လုပ်အားရှားပါးမှုပြဿနာ' Labour Shortage ကိုမူ ဖြစ်တောင့်ဖြစ်ခဲကိစ္စဟု သဘောယူခဲ့ဟန်ရှိသည်။ ယခု ဖြစ်တောင့်ဖြစ်ခဲက ထိပ်တက်လာသည်။ စီးပွားရေးတွင် ပညာ၏အခန်းအပြန့်ကျယ်လာသည်နှင့်အမျှ စီးပွားရေးတိုးတက်မှုအရှိန်မြန်လာသည်။ သို့နှင့်အမျှ 'ပညာအလုပ်သမား' Knowledge Worker လိုအပ်ချက်မှာ တောက်လျှောက် အတက်ပြလာသည်။ ခက်နေသည်က 'ပညာအလုပ်သမား'ကို အချိန်တိုအတွင်း ပေါပေါလောလော ထုတ်လုပ်လို့မရ။ 'စီးပွားရေးစပီ'ကို 'ပညာရေးစပီ'က အမီမလိုက်နိုင်သည့်သဘော ဖြစ်သည်။

ဤသို့ပြဿနာသစ်နှင့် ရင်ဆိုင်နေရချိန်တွင် ပြဿနာဟောင်းကလည်း အပြိုင်တည်ရှိနေသည်။ ပညာစီးပွားရေး ပီပြင်လာသည်နှင့်အမျှ အလုပ်အင်အားစုအတွင်းမှ ပညာမဲ့အလုပ်သမားများမှာ ခေတ်သစ်၏ အပိုပစ္စည်းများလို ဖြစ်လာသည်။ အသစ်ဖြစ်ထွန်းလာသော အလုပ်သစ်များက မူလတန်း၊ အလယ်တန်းပညာမျှလောက်နှင့် မလုံလောက်။ အနည်းဆုံး အထက်တန်းပညာအဆင့်ရှိသူများသာ တိုးနိုင်သည့် 'ခွင်'ဖြစ်သည်။ 'ရိုဘော့'နည်းပညာ တွင်ကျယ်လာသည်နှင့်အမျှ ကာယလုပ်အားသက်သက်သာလိုအပ်သော အလုပ်ခွင်များမှာလည်း မရှိတော့သလောက် ရှားလာသည်။ သို့ဖြင့် ကော်လာပြာ အလုပ်သမားများ

www.burmeseclassic.com

www.burmeseclassic.com



မှာ အလုပ်ခွင်မှ ဖယ်ရှားခံနေရသလို ဆက်လက်ဖယ်ရှားခံရ မည့် အန္တရာယ်လည်း ရှိနေသည်။

အဆိုပါပြဿနာဖြေရှင်းရေးအတွက် လတ်တလော အရေးပေါ်စီစဉ်နိုင်သည်မှာ 'အလုပ်ခွင်သင်တန်းများ' Job Training ဖြင့် လက်ရှိအလုပ်အင်အားစု၏ ကျွမ်းကျင်မှုစွမ်းရည်ကို မြှင့်ပေးဖို့ဖြစ်သည်။ ဤကိစ္စမှာလည်း ပြောသလောက်မလွယ်။ နောက်ဆက်တွဲပြဿနာတွေ တသီကြီးရှိနေသည်။ 'အလုပ်ခွင်သင်တန်းများ'ကြောင့် 'ထုတ်လုပ်စရိတ်' မြင့်လာရာ ကုန်ထွက်တို့၏ ဈေးနှုန်းမှာလည်း မလွဲမရှောင်သာ မြင့်လာရတော့သည်။ ဤတွင် စားသုံးသူများက မကျေနပ်။ စားသုံးသူမကျေနပ်မှုနှင့် ရင်ဆိုင်ရသောအခါ ရောင်းအားပါကျလာ၍ ထုတ်လုပ်ရေးသမားများကလည်း ဘဝင်မကျ။ သို့ဖြင့် ပြဿနာမှာ လုံးလည်လိုက်လာပြီး အကျပ်အတည်းတစ်ခုသို့ ဦးတည်လာတော့သည်။

ပြောရလျှင် သာမန်အကျပ်အတည်းမဟုတ်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို မှောက်လှန်ပြောင်းလဲပစ်နိုင်သည့် 'ရိုက်ချက်' မျိုးအထိ ဖြစ်သွားနိုင်သည်။ ပညာအလုပ်သမား ရှားပါးမှုကြောင့် စီးပွားရေးတိုးတက်မှုအရှိန် တန့်သွားနိုင်သလို အပြိုင်ရှိနေသော အလုပ်လက်မဲ့ပြဿနာကြောင့် လူမှုရေးမတည်ငြိမ်မှုများဖြစ်လာနိုင်သည်။ သည်ကြားထဲ စားသုံးသူမကျေနပ်မှု ပြင်းထန်လာလျှင် ဝယ်အားကျပြီး 'ရီဆက်ရှင်း'တစ်ခု ပေါ်လာနိုင်သေးသည်။ စီးပွားရေးသာမက နိုင်ငံရေးဘက်မှပါ စိန်ခေါ်လာနိုင်သော ပြဿနာကြီးဖြစ်ရာ ကော်ပိုရိတ်လောကသာမက အစိုးရတာဝန်များ ဘက်မှပါ ခေါင်းစားရမည့်ကိစ္စကြီး ဖြစ်လာတော့သည်။

### လူဦးရေပြဿနာနှင့် တီထွင်မှုဖက်တာ

သို့ဖြင့် ပြဿနာ၏အရင်းအမြစ်ကို လိုက်ကြရာ လူဦးရေကိစ္စနှင့် ဆက်စပ်ဖော်ပြကြသည်များ ရှိသည်။ သိကြပြီးဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မွေးနှုန်း သိသိသာသာကျသွားရာမှ အလုပ်ခွင်အင်အားစု အပြောင်းအလဲများ သိသိသာသာဖြစ်လာသည်။ ဤသို့မွေးနှုန်းကျဆင်းမှုမှာ စစ်ပြီးခေတ်၏ အခြင်းအရာတစ်ခုလိုပင် ဖြစ်နေခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး လူဖြစ်ကြီးပြင်းလာသူများအနေနှင့် ယခုအခါ အသက် ၄၀ မှ ၆၀ အတွင်းသို့ ရောက်နေပြီဖြစ်ရာ သူတို့နေရာတွင် အစားထိုးနိုင်မည့် လူငယ်များ မရှိသလိုဖြစ်လာသည်။ သို့နှင့်အမျှ အလုပ်အင်အားစုမှာ နုပျိုလန်းဆန်းမှုမရှိတော့ဘဲ အကျဘက်သို့ ပြလာသည်။

ဤတွင် ပညာရေး၏ သော့ချက်အကျဆုံး လိုအပ်ချက်ဖြစ်သည့် တီထွင်ဖန်တီးမှုနှင့် အဟပ်မညီဖြစ်လာတော့သည်။ လက်ရှိအလုပ်အင်အားစုမှာ အသက်အရွယ်အရ ပိုကြီးလာရုံမျှမက ပညာရေးစနစ်သစ်နှင့် ပုံဖော်ခဲ့သူများမဟုတ်။ စနစ်ဟောင်းပညာရေးနှင့် ပုံသွင်းခဲ့ကြသူများဖြစ်ရာ ခေတ်သစ်အပြောင်းအလဲများနှင့် အဟပ်မညီဖြစ်လာရသည်။ စနစ်သစ်ပညာရေးမှ မွေးထုတ်မည့် ပညာအင်အားစုမှာလည်း အဆင့်သင့်မဖြစ်သေးရာ သိသာထင်ရှားသော ကွက်လပ်တစ်ခု ဖြစ်လာရသည်။ သို့နှင့် အမျှ 'ဒိုင်းနမစ်' စီးပွားရေးနှင့် 'စတေးတစ်'အလုပ်အင်အားစု ဆိုသော ရုတ်တရက် ဖြေရှင်းဖို့မလွယ်သည့် ဝိရောဓိတစ်ခုဖြစ်ထွန်းပေါ်ပေါက်လာရတော့သည်။

လေ့လာဆန်းစစ်ကြသူ ပညာရှင်များ၏အလိုအရ အဆို ပါဝိရောဓိကြီးကပင် စိန်ခေါ်မှုကြီးနှစ်ခုကို တစ်ပြိုင်တည်း မွေးထုတ်လိုက်သည်ဟု ဆိုသည်။ ပထမစိန်ခေါ်မှုမှာ စီးပွားရေးနှင့်ဆိုင်ပြီး ဘိဇနက်လောကကို ဗဟိုပြုဖြစ်ပေါ်သည်။ ဒုတိယစိန်ခေါ်မှုမှာ နိုင်ငံရေးနှင့်ဆိုင်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံး ပျံ့နှံ့မည့်လက္ခဏာရှိနေသည်။ ဤစိန်ခေါ်မှုကြီးနှစ်ရပ်ကို မည်သို့မည်ပုံ ရင်ဆိုင်ဖြေရှင်းကြမည်နည်းဆိုသော မဟာဗျူဟာ အခင်းအ

www.burmeseclassic.com

www.burmeseclassic.com



ကျင်းသည်ပင်လျှင် ၂၁ ရာစု၏ အကောင်းအဆိုးကို ဆုံးဖြတ်လိမ့်မည်ဟု ဆိုပါသည်။

ကော်ပိုရိတ်ဗျူဟာ

အဆုံးအဖြတ်ပေးနိုင်မည့် ပညာအလုပ်သမားများကို အမိအရဆွဲဆောင်နိုင်ရေးမှာ ၂၁ ရာစု ကော်ပိုရေးရှင်းများ၏ မဟာရည်မှန်းချက်ဖြစ်လာသည်။ အဆိုပါရည်မှန်းချက် အောင်မြင် လျှင် အသက်ဆက်ရှင်နိုင်မည်။ အနာဂတ်ရှိမည်။ ဤသို့မဟုတ် လျှင် ရည်တည်ဖို့ပင်မလွယ်။ ဘိဇနက်လောကမှ အပြီးတိုင် ပျောက်ကွယ်သွားနိုင်သည်ဟူ၍ပင် ကောက်ချက်ဆွဲကြသည်များ ရှိသည်။ အဆိုပါမဟာဗျူဟာရည်မှန်းချက် အပြည့်အဝအကောင်အထည်ဖော်ရေးအတွက်ဆိုလျှင် အပေါ်ယံပြုပြင်ဖာထေးရုံနှင့်မရ။ 'တစ်ခွင်တစ်ပြင်လုံးအနှံ့ ပြန်လည်ဖွဲ့စည်းဖို့လိုမည်'ဟူ၍ပင် ပြောလာကြသည်။ Wholesale Restructuring ဟု ရေးပြသည်။

ပထမဆုံးနှင့် အရေးကြီးဆုံး ခြေလှမ်းမှာ လက်ရှိကော်ပိုရိတ်ဖွဲ့စည်းပုံကိုဖျက်သိမ်းပြီး အသစ်ပြန်လည်တည်ဆောက်ဖို့ဖြစ်သည်။ 'စီ၊ အီး၊ အို'က ထိပ်ဆုံးမှ ချုပ်ကိုင်ထားသည့် လက်ရှိထက်အောက်ဖွဲ့စည်းပုံနှင့် ဘယ်လိုမှ ဆက်လက်အလုပ်ဖြစ်နိုင်စရာမရှိတော့ပါ။ လက်ရှိစနစ်က 'စပိ'ကို ချုပ်ထားရာရောက်သည်။ 'တီထွင်ဖန်တီးနိုင်စွမ်း'ကို လည်မျိုညှစ်ထားသလိုရှိနေသည်ဟု အကဲဖြတ်ကြသည်။ အိုင်ဒီယာများ လွတ်လွတ်လပ်လပ်စီးမျောနိုင်မည့် ကွက်ယက်ဖွဲ့စည်းပုံကို အဆိုပြုကြသည်။

ဒုတိယခြေလှမ်းမှာ လက်ရှိ 'အရင်းကိုယ်ထည်' Capital Framework တစ်ခုလုံးကို ပြန်လည်စိစစ်ကြဖို့ဖြစ်သည်။ လက်ရှိအရင်းဟုဆိုရာတွင် 'မတည်အရင်း' Fixed Capital နှင့် 'လည်ပတ်နေသော အရင်း' Current Capital တို့ကိုသာ နား

www.burmeseclassic.com

www.burmeseclassic.com



လည်ထားကြသည်။ ယခု မလုံလောက်တော့ပါ။ 'ရေရှည်ဆပွား အရင်း' Sustainable Capital အကြောင်း ပြောလာကြသည်။ 'သုတေသနနှင့် ဖွံ့ဖြိုးရေး' Research and Development ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို ဆိုလိုရင်းဖြစ်ပါသည်။ ဤတတိယအ ရင်းက 'အခရာ'အကျဆုံးဟု အကဲဖြတ်ကြသည်။

တတိယခြေလှမ်းမှာ စီးပွားရေးနှင့် ပညာရေးကို တိုက် ရိုက်ပေါင်းကူးနိုင်ဖို့ဖြစ်သည်။ ဘိဇနက်ကော်ပိုရေးရှင်းများကိုယ် တိုင်က ကိုယ်ပိုင်တက္ကသိုလ်ကြီးများဖွင့်လှစ်ကာ ပညာအလုပ် သမားများ အဆက်မပြတ်မွေးထုတ်နိုင်ဖို့ဖြစ်သည်။ ပညာရှင်အ ချို့ကမူ ဤအချက်ကို ဘဝင်ကျဟန်မရှိပါ။ 'ပညာရေးကို စျေး ကွက်ဘောင်သွင်းခြင်း' Marketization of Education ဟု ဝေဖန်ကြသည်။ ဤပေါ်လစီအစား ကော်ပိုရေးရှင်းများအနေနှင့် 'ပညာအလုပ်သမား' ပျော်ပိုက်နိုင်မည့် ပတ်ဝန်းကျင်နှင့် မက်လုံး ကို ဖန်တီးပြီး အပြိုင်ဆွဲဆောင်ကြဖို့သာ အကြံပြုကြသည်။

## ပညာမွန်းတည့်

ယခုစာစုရှေ့ပိုင်းတွင် ဖော်ပြခဲ့သောစာအုပ်ကို ပြုစုခဲ့ကြ သည့် ပညာရှင်သုံးဦးက ခရစ်နှစ် ၂၀၁၀ မှာ ပညာခေတ်မွန်း တည့်ချိန် ဖြစ်ကောင်းဖြစ်သွားနိုင်သည်ဟု သတိပေးကြသည်။ မွန်းတည့်ချိန်ဟု ဆိုလိုက်ခြင်းမှာ ပညာကိုယ်တိုင်က ဆက်လက် ဖွံ့ဖြိုးစရာမကျန်တော့သောကြောင့်မဟုတ်။ လိုအပ်သည့်ပညာ ကို လူ့အဖွဲ့အစည်းက အမီလိုက်မဖန်တီးနိုင်သောကြောင့် ဖြစ် သည်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုကြီးတစ်ခုလုံးကိုပါ မျိုးတုံးသွားစေနိုင်သည့် စိန်ခေါ် ချက်ဖြစ်ဖွယ်ရှိပါသည်။

အဆိုပါပညာရှင်သုံးဦး၏အလိုအရ ဤအကျပ်အတည်း ကြီးကို ကျော်လွှားနိုင်ရန် တစ်ခုတည်းသော ထွက်ရပ်လမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ဟုလည်း ဆိုသည်။ 'ပညာရေး'ဆိုသော အသက်ကယ်လှေဖြစ်ပါ၏။ Knowledge Lifeboat ဟု ဆိုကြသည်။ ဖြည်းဖြည်းနှေးနှေးသာ ရွေ့နိုင်သောလှေမျိုးမဟုတ်။ 'စပိ'နှင့် နှင်ရ မည့် ဒိုင်းနမစ်လှေဖြစ်ရမည်ဟုလည်း အလေးပေးထောက်ပြ ကြသည်။

**မြန်မာ့ဓနနေ၊ ဧပြီလ၊ ၂၀၀၃။**

စာညွှန်း

- Impending Crisis: Too Many Jobs, Too Few People.

■

www.burmeseclassic.com

# စပိပြိုင်ပွဲ၊ စတိုင်သစ်နှင့် ကက်ပီတယ်(လ)နီဂုံး

တယ်လီနေမှုစတိုင်

ညာလက်ဖြင့် 'စတီရာတိုင်'ကို ထိန်းရင်း၊ ဘယ်လက်ဖြင့် တီဗွီခလုတ်ကို နှိပ်လိုက်သည်။ သူ့အသည်းစွဲ စာရေးဆရာမ၏ မျက်နှာက စခရင်အပြည့်ပေါ်လာသည်။ သူမ၏ နောက်ဆုံး ထုတ်ဝတ္ထုနှင့်ပတ်သက်ပြီး ဗျူးနေခြင်းဖြစ်သည်။ ဒီစာအုပ် သူ မဖတ်ရသေး။ ဝယ်ရဦးမည်။ "ဝယ်ဆို အခုဝယ်မှ၊ ဒါမှ ညကျ ဖတ်လို့ရမှာ" တွေးရင်း လက်မှနာရီကို မြောက်ကြည့်သည်။ "ဟင် စာအုပ်ဆိုင်တွေ ပိတ်ကုန်ပြီပဲ" ကိစ္စမရှိ၊ အိမ်ကျမှဝယ်တော့မည်။

အခန်းတံခါးပွင့်သည်နှင့် နံရံထက်မှ 'စခရင်'ကို ဒရော သောပါးလှမ်းပြောလိုက်သည်။ "အမေဇုန်ဒေ့ါကွန်ကိုပေး"။ 'စခ ရင်'ပေါ်မှ ကလေးမချောချောလေးက အပြုံးနှင့် ပြန်ပြောသည်။ "ခဏလေးစောင့်ပါနော်" ခေါင်းတစ်ချက်ညိတ်ပြပြီး ကုတ်အကျႌ ကို ချွတ်လိုက်သည်။ ခုတင်ပေါ်ထိုင်ရင်း ဖိနပ်ကြိုးဖြည်သည်။ ဖိနပ်မကျွတ်မီမှာပင် 'စခရင်'ထက်မှ အသံချိုချိုကို ကြားလိုက်ရ သည်။ "လူကြီးမင်းအလိုရှိတဲ့စာအုပ် ရပါပြီရှင်"။ "အိုကေ ကျွန် တော် Visa မှာ ရှင်းလိုက်ပါ"။ သူ လှည့်မကြည့်ဘဲ ဖြေလိုက် သည်။ သူ ဖတ်ချင်သော ဝတ္ထုစာအုပ် ဝယ်ပြီးပြီ။ အေးအေးဆေး ဆေး ဖတ်ရုံသာ။

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံရုပ်ရှင်ထဲက စာအုပ်ဝယ်ခန်းမဟုတ်ပါ။ လာမည့်ဆယ်နှစ်အတွင်း အသေအချာရောက်လာမည့် 'တယ်လီနေမှုစတိုင်' Tele Life Style ၏ နမူနာအပိုင်းအစလေးမျှသာ ဖြစ်သည်။ လူနှင့်စက်တို့ကြား ဆက်သွယ်မှုအသစ်ဖြစ်သည်။ ဈေးဝယ်၊ အလုပ်လုပ်၊ ပညာသင်၊ ကျန်းမာရေးစစ်ဆေး စသော ဘဝ၏လုပ်ဆောင်ဖွယ်အစုစုကို စက်မှတစ်ဆင့် ဆက်သွယ်ခိုင်းစေခြင်းဖြစ်သည်။ ဤသည်မှာ အနုမာန မှန်းဆချက်တစ်ခုမျှ မဟုတ်တော့။ ဤအဆင့်ကို ကျော်သွားပြီ။ 'ဖြစ်နိုင်ချေ'တစ်ခုဟူ၍ပင် မှန်းဆထားကြသည်။

စပိမတူ

'တယ်လီနေမှုစတိုင်'၏အစကို 'ဘရော့ဘင်း' Broadband ဟု ဆိုနိုင်ပါလိမ့်သည်။ ဒစ်ဂျစ်တယ် အင်ဖော်မေးရှင်း အမြောက်အမြားကို သယ်ဆောင်ပေးနိုင်သော ပိုက်လိုင်းကြီးများဖြင့် ရက်ရှယ်ထားသည့် ပင့်ကူအိမ်သဘောဟု အနီးစပ်ဆုံး အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါလိမ့်သည်။ ဘရော့ဘင်းဖြင့် အင်တာနက်ထဲသို့ချက်ချင်းဝင်၍ရသည်။ အခြားနှစ်သက်ရာ လိုင်းများကိုလည်း အမြန်ဆုံးလမ်းညွှန်ပေးနိုင်သည်။ ကမ္ဘာပတ်အင်ဖော်မေးရှင်း စူပါလမ်းမကြီး ဖောက်လိုက်ခြင်းဟု ပြောကြပါသည်။ နောက်ထပ်ကျေးဇူးပြုမှုတစ်ခုမှာ အဆက်မပြတ် တစ်ဟုန်ထိုးဖွံ့ဖြိုးနေသော 'ကွန်ပျူတာအမာထည်' Computer Hardware ဟု အဆိုရှိသည်။ လက်ရှိ 'တူးဒီ'စနစ်နှင့်ပင် 'ဒေတာ'ပေါင်း သန်းနှင့်ချီ၍ သယ်ဆောင်ထားနိုင်သည်။ နောင်ဆယ်နှစ်အတွင်း ဖြစ်လာမည့် 'သရီးဒီ'နှင့်ဆိုလျှင် အဆပေါင်း သန်းနှင့်ချီ၍ ပိုများနိုင်လိမ့်မည်ဟု ခန့်မှန်းထားကြသည်။

သာမန်စဉ်းစားလိုက်လျှင် အဆိုပါအောင်မြင်မှုများမှာ အိုင်တီကုမ္ပဏီများအတွက် ရတနာပုံဆိုက်သည့်ကိန်းဟု ဆိုနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မည်။ သို့သော် ဤသို့မဖြစ်။ အမေရိကန်လိုနိုင်ငံမျိုးမှာပင် ဘရော့ဘင်းအသုံးပြုသူမှာ မိသားစုအားလုံး၏ ၁၀ %မျှသာရှိသည်။ နည်းပညာတီထွင်မှုကို ဝယ်အားက အမီမလိုက်နိုင်သလိုဖြစ်နေသည်။ အကြောင်းကိုဆန်းစစ်ကြရာ 'အလွယ်တကူအသုံးမပြုနိုင်'သည်က အဓိကအချက်လိုဖြစ်နေသည်။ ဘိဇနက်လောကမှ လိုချင်သည်က ရောင်းမစွံသည့် ကုန်စည်မျိုးမဟုတ်။ အရောင်းသွက်နည်းပညာဖြစ်သည်။

ဤတွင် ပြဿနာမှာ 'စပိ'ချင်းမတူဆိုသော အဖြေသို့ရောက်လာခဲ့ပါသည်။ ယခင်ကပင် စီလီကွန်ချိုင့်ဝှမ်း၏ စပိက ကက်ပီတယ်တောင်ကုန်း၏ စပိကို ဖြတ်တက်နေပြီဆိုသော ကောက်ချက်ရှိခဲ့ဖူးသည်။ ယခုအကောင်ကြီး အထနှေးသော 'ကက်ပီတယ်'ကိုသာမက သွက်လှမြန်လှဆိုသော 'ဝေါစထရိ'ကိုပင် ဖြတ်ကျော်လာသည်။ သို့ဖြင့် 'စီလီကွန်'နှင့် 'ဝေါစထရိ'တို့ စပိချင်း ညှိကြရတော့သည်။ ဤညှိနှိုင်းမှုကပင် တယ်လီနေမှုစတိုင်ကို မွေးထုတ်ပေးလိုက်ခြင်း ဖြစ်ပါသည်။

ဗွီဝန်ဆောင်မှု

တယ်လီနေထိုင်မှုစတိုင်အကြောင်း ပြောတော့မည်ဆိုလျှင် 'Conversational Interface'ဆိုသော နည်းပညာအကြောင်းကို ရိပ်ဖမ်းသံဖမ်းတော့ အနည်းဆုံး နားလည်ဖို့ လိုလိမ့်မည်။ Interfaceဆိုသည်က ခြားနားသော ကွန်ပျူတာအစီအစဉ်တို့ကို ပေါင်းကူးပေးသောစနစ်ဟု အဓိပ္ပာယ်ရှိရာ၊ 'စကားပြောသော ကွန်ပျူတာပေါင်းကူးစနစ်'ဟု အနီးစပ်ဆုံး ဘာသာပြန်နိုင်လိမ့်မည် ထင်သည်။

ဤစနစ်က ဒစ်ဂျစ်တယ်ပုံတူလူသားများ Digital Characters ကို ဖန်တီးပေးပြီး 'အသံမှတ်သားသည့်စနစ်' Speech

www.burmeseclassic.com

www.burmeseclassic.com



Recognition နှင့် တွဲထားသည်။ အဆိုပါဒစ်ဂျစ်တယ် လူသား များမှာ လူစင်စစ်မဟုတ်သော်လည်း လူကဲ့သို့ စကားပြောနိုင် သည်။ လူစကားနားလည်ရုံမျှမက အသုံးပြုသူ၏ အသံကို ကောင်းကောင်းမှတ်မိသည်။ သူတို့က အသုံးပြုသူအတွက် ဝန် ဆောင်မှုအားလုံးကို ကျွမ်းကျင်ဝန်ထမ်းတစ်ယောက်လို အကျ အနဆောင်ရွက်ပေးလိမ့်မည်။

ဤအချိန်တွင် ကွန်ပျူတာမှာလည်း စားပွဲပေါ်မှ ကိရိယာ တစ်ခုမဟုတ်တော့ပါ။ နံရံပေါ်ရောက်သွားလိမ့်မည်။ ကွန်ပျူတာ မှန်သားပြင်မှာလည်း အခုံးမဟုတ်၊ ပြင်ညီဖြစ်လာသည်။ အဆိုပါ ပြင်ညီ 'စခရင်'ပေါ်တွင် သရီးဒီနှင့် အသက်သွင်းထားသော ဒစ် ဂျစ်တယ်ပုံတူလူသားများက လှုပ်ရှားကြပါလိမ့်မည်။ သူတို့မှာ ရုပ်ရည်သွင်ပြင် သန့်ပြန့်ပြေပြစ်ရုံမျှမက အပြောချိုသည်။ အ လိုက်သိသည်။ သွက်လက်ဖျတ်လတ်သည်။ မိတ်ဆွေတစ်ယောက် လို စကားစမြည်ပြောလို့ရသလို ခိုင်းချင်ရာခိုင်း၊ အကုန်ရသည်။ အသုံးပြုသူအတွက် ထာဝရအဖော်ပင် ဖြစ်လာနိုင်ပါသည်။

ဤအတွက် အသုံးပြုသူမှာ အိုင်တီနည်းပညာရပ်နှင့် ယဉ် ပါးစရာမလိုပါ။ စာမတတ်သည့်သူများပင် အလွယ်တကူ အသုံး ပြုနိုင်လိမ့်မည်ဟု ဆိုပါသည်။ ယခုပင်လျှင် မိုက်ခရိုဆော့(ဖ) မှ စကားပြောသော ဒစ်ဂျစ်တယ်လူများကို စမ်းသပ်ဖန်တီးကြည့် ရာ စျေးကွက်ဝင်နေသည်။ အိုင်တီ မီဒီယာအချို့ဆိုလျှင် သတင်း ကြေညာသူနေရာတွင် လူအစစ်ကိုမသုံး။ ဗွီအမျိုးသမီးများနှင့် စခန်းသွားနေရာ ပို၍ပင်ဆွဲဆောင်မှုရှိသည်ဟု သိရသည်။ သို့ဖြင့် အစစ်အမှန်သဘောနေရာတွင် အစစ်အမှန်နီးပါးမျှ အကျိုးသက် ရောက်မှုရှိသော Virtual သဘောများက အစားဝင်လာတော့ သည်။ ဤအဓိပ္ပာယ်ကိုယူ၍ တယ်လီနေမှုစတိုင်မှ ဗွီလူသားများ နှင့် ဝန်ဆောင်မှုပေးခြင်းဖြစ်သည်' ဟု ရှင်းလင်းဖွင့်ဆိုလာကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



အာနဲ့ဗွီ

'အာ' R က (Real) အစစ်အမှန်ကိုညွှန်းပြီး 'ဗွီ' V က အစစ်အမှန်နီးပါး အရိပ်အရောင် (Virtual) ကို ညွှန်းပါသည်။ 'တယ်လီနေမှုစတိုင်' ခေတ်တွင် လူနှစ်မျိုးရှိလိမ့်မည်ဟုဆိုသည်။ 'အာလူသား' နှင့် 'ဗွီလူသား'တို့ဖြစ်သည်။ အာလူသားအနေနှင့် ကာယအလုပ်မျိုးကို လုပ်စရာမလိုတော့ပါ။ ဤအလုပ်အားလုံးကို ဗွီလူသားကို လွှဲထားလို့ရပြီဟု မှန်းဆကြသည်။ သို့ဖြင့် 'အလုပ်အင်အားစု' Labour Force ဆိုရာတွင် 'အာလူသား'တွေ ပါဝင်မည်မဟုတ်တော့။ 'ဗွီလူသား'များနှင့်သာဆိုင်သော အစုအဝေးဖြစ်သွားသည်။

ဤသို့ဆိုလျှင် 'အာလူသား'၏တာဝန်သည် ဘာဖြစ်မည်နည်း။သူ့အဓိကတာဝန်မှာ အိုင်ဒီယာဖန်တီးဖို့ဟု ဆိုပါသည်။သို့ဖြင့် 'အာလူသား'တို့ပါဝင်သော အစုအဝေးမှာ အလုပ်အင်အားစုမဟုတ်နိုင်။ 'အိုင်ဒီယာအင်အားစု' Idea Force သာဖြစ်လိမ့်မည်ဟု မှန်းဆကြသည်။ သို့ဖြင့် အလုပ်၏အဓိပ္ပာယ်ကိုယ်တိုင်မှာလည်း ပြောင်းသွားရတော့သည်။ ယခင်ကလို အကောင်အထည်သဘော၊ ရုပ်သဘောဖြင့် အလုပ်ကို ချဉ်းကပ်၍မရတော့။ သို့နှင့်အမျှ အလုပ်ချိန်နှင့်သတ်မှတ်သော လုပ်ခစနစ်မှာလည်း အခြေခံပျောက်သွားတော့သည်။ ဖန်တီးထုတ်လုပ်လိုက်သော အိုင်ဒီယာ၏ စွမ်းဆောင်ရည်ဖြင့်သာ အလုပ်၏တန်ဖိုးကို အကဲဖြတ်နိုင်လိမ့်မည်ဟု ဆိုသည်။

ဤတွင် ငယ်ငယ်က နားရည်ဝနေသော တစ္ဆေမွေးခိုင်းစားသည့် မှော်ဆရာပုံပြင်များကို အမှတ်ရစရာဖြစ်လာသည်။ ဤသို့ဆိုလျှင် 'အာလူသား'က မှော်ဆရာ၊ 'ဗွီလူသား'က တစ္ဆေဖြစ်နေမည်လား စဉ်းစားမိသည်။ ကိုယ်မွေးသော တစ္ဆေကိုမနိုင်၍ဒုက္ခရောက်ရသော မှော်ဆရာပုံပြင်ကိုလည်း ကြားဖူးနေရာ 'ဒီအတိုင်းဖြစ်ရင် ဒုက္ခ'ဟုတွေးမိရင်း ရင်လေးမိသည်။ ထားတော့။

www.burmeseclassic.com

www.burmeseclassic.com



ကက်ပီတယ်(လ) လိုမလို

လူ့အဖွဲ့အစည်းတိုင်းတွင် အင်အားစုသုံးရပ် အပြိုင်ရှိနေတတ်ပါသည်။ နည်းပညာ၊ ဈေးကွက်နှင့် အုပ်ချုပ်ရေးယန္တရားတို့ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုရှိ သက်ဆိုင်ရာ'စင်တာ' များကို အစွဲပြု၍ စီလီကွန်ချိုင့်ဝှမ်း၊ ဝေါစထရီနှင့် ကက်ပီတယ်(လ)တောင်ကုန်းဟု သင်္ကေတပြုကြသည်။ အဆိုပါအင်အားစုသုံးရပ် ဟန်ချက်ညီညီ၊ စပိမှန်မှန်ချီတက်နိုင်လျှင် သူတို့ကို ကိုယ်စားပြုသော လူ့အဖွဲ့အစည်း ပတိရူပဖြစ်မည်ဟုလည်း အကဲဖြတ်ကြသည်။

စီလီကွန်ချိုင့်ဝှမ်းနှင့် ဝေါစထရီတို့ စပိချင်း ညှိကြရာမှ 'တယ်လီနေမှုစတိုင်'ပေါ်ထွက်လာသည်ဟု ဆိုခဲ့ပြီးပါပြီ။ ဤသို့ဆိုလျှင်ပြတ်ကျန်ရစ်သော ကက်ပီတယ်တောင်ကုန်း ဘာဖြစ်မည်နည်း။ ဒရောသောပါး အမီလိုက်ရာမှ မချိမဆန့်ဖြစ်နေမည်ဟု ခန့်မှန်းကြသည်။ တချို့ကလည်း ဒီထက် နက်နက်တွေးကြည့်သည်။ ကက်ပီတယ်တောင်ကုန်း၏တာဝန်မှာဝန်ဆောင်မှုသဘောဖြစ်ရာ 'ဗွီလူသား'နှင့် မပြီးလားဟု စောဒကတက်ကြသည်။ ဤသို့ဆိုလျှင် 'ဗွီကက်ပီတယ်'ပင် ဖြစ်ကောင်းဖြစ်သွားနိုင်သည်။

၂၁ ရာစု ကက်ပီတယ်တောင်ကုန်း ပြိုတော့မည်လား မှန်းဆကြည့်သူများ ရှိနေပြီဟု သိရပါကြောင်း. . .။

**စတိုင်သစ်၊ မေ၊ ၂၀၀၃။**

စာညွှန်း

- When Virtual meets Reality (By William E.Halal)

■

www.burmeseclassic.com

www.burmeseclassic.com

# ခေတ်ရေစီး

www.burmeseclassic.com

www.burmeseclassic.com

# တိုက်သုံးတိုက်၊ လူသုံးယောက်နှင့် ပညာဆုံပွဲမှုင့်

အိမ်အပြန်

'လေ့သမားဟာ
ဟိုအဝေးတောအုပ်က သူ့အိမ်
ငြိမ်းချမ်းတဲ့ သူ့မြစ်ချောင်းဆီပြန်ခဲ့တယ်. . .
လေ့ဝမ်းထဲမှာ၊ သီးနှံတွေအပြည့်နဲ့။
ငါလည်း အိမ်ပြန်ချင်ပါပြီ၊
ဘာတွေ ရိတ်သိမ်းခဲ့ပြီးပြီလဲ. . .
အိပ်မက်တွေပျောက်သွား
ဒုက္ခခံစားခြင်းသာ ကျန်တော့ရဲ့. . .။

ကျောင်းသားဘဝက ဖတ်ခဲ့ဖူးသော၊ ကဗျာတစ်ပိုင်းတစ်စက စိတ်ထဲ အလိုလိုရောက်လာသည်။ ဂျာမန်ကဗျာဆရာ 'ဟေလဒါလင်း'ရဲ့ ကဗျာဖြစ်မည်ထင်သည်။ တွေးမိရင်းက နာနာကြည်းကြည်း ပြုံးမိလိုက်သေးသည်။ သူနှင့် ကဗျာဘာဆိုင်သနည်း. .။ ရင်မခုန်ခဲ့ဖူးတာ ကြာလှပြီ။ ဘာခံစားမှုမှမရှိတော့သလို လွတ်ဟာနေသည်မှာ အကျင့်တစ်ခုလို ဖြစ်နေပြီ။ "ရှင့်မှာ အ

www.burmeseclassic.com

www.burmeseclassic.com



သည်းနှလုံးမရှိဘူး”။ တစ်ခါက ‘အိမ်သူ’၏စကားကို ပြန်ကြားမိတော့ ဟားတိုက်ရယ်လိုက်ရမလား၊ ဟီးချငိုလိုက်ရမလား မဝေခွဲနိုင်။ ခုတော့ သေချာပြီ။ သူလွမ်းတတ်သေးသည်။ သူလွမ်းနေမိသည်။

ခုသွားနေသည့်ခရီးက လွမ်းလောက်စရာတော့လည်း မရှိပါ။ ခုလိုပင် ‘နိုင်းမြစ်’ကြီးကိုဖြတ်ပြီး အခုလို လှေကလေးနှင့်ကျောင်းသွားကျောင်းပြန် လုပ်ခဲ့ဖူးပေါင်း များလှပြီ။ ထိုစဉ်ကတော့ သူ့ဘေးမှာ ‘သူမ’ရှိနေမြဲ။ တစ်ရွာတည်းနေ ကျောင်းနေဖက်သူငယ်ချင်းမ။ နောက်တော့ သူ့ ‘အိမ်သူ’ဖြစ်လာသူ။ သူတို့နှစ်ယောက်လုံးတွင် မျှော်လင့်ချက်ကိုယ်စီ ရှိခဲ့ကြဖူးသည်။ ‘ဒို့နှစ်ယောက်လုံး ရွာကျောင်းမှာပဲ ကျောင်းဆရာပြန်လုပ်ကြမယ်ဟာ။ မကောင်းဘူးလား...’ အားတက်သရောပြောနေသူကိုမှအားမနာ။ သူက တုံးတိတိပြန်အော်ခဲ့သည်။ ‘မကောင်းဘူး’။

တကယ်လည်း စိတ်ထဲက မကောင်းဘူးဟု ထင်ထား သည်။ သူကိုင်ချင်သည်က မြေဖြူမဟုတ်။ ‘သေနတ်’. . .။ချစ် သူနှင့်နှစ်ယောက်တစ်ဘဝထူထောင်ရေးကို အချောင်သမားစိတ်ဓာတ်ဟု စိတ်ကစွဲနေသည်။ သူ့မှာ လုပ်စရာတွေအများကြီးရှိသည်။ သူမမီလိုက်သော ‘စူးအက်အရေးအခင်း’ကို သူကောင်းကောင်းသိသည်။ သူမျက်မှောက်ပြုနေရသော ‘အာရပ်-အစ္စရေး’အရေးအခင်းများကို သူကောင်းကောင်းနားလည်သည်။ အနောက်ဆန့်ကျင်ရေးမုန်တိုင်းများဖြင့် သူ့ရင်ထဲတွင် မုန်ဆန်ပုန်ကန်ချင်လှပြီ။ ဒါကိုချစ်သူကမသိ။ သူ့အနေနှင့်လည်း အသိ ပေးလို့မဖြစ်။ သူဆက်သွယ်နေသည်က မြေအောက်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ‘လျှို့ဝှက်ရေး’က သူတို့ သံမဏိစည်းကမ်း။

သူ့ အခြေအနေ သိပ်မဟန်မှန်းသိသော အဖေက သူတက္ကသိုလ်ပထမနှစ်အရောက်မှာပင် မိန်းမပေးစားလိုက်သည်။ သူမငြင်းခဲ့ပါ။ သူမကို သူချစ်သည်ပဲ။ နာကြည်းစိတ်နှင့် ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ဝက်သာချစ်တတ်တော့သည်ကိုမူ သူ့အိမ်သူကလည်း မသိ။ သူမိဘကလည်း နားမလည်။ ဒီလိုနှင့် သူဒုတိယနှစ်အရောက် သားဦးလေးမွေးပြီး မကြာမီမှာပင် သူအိမ်ကို ကျောခိုင်းလိုက်သည်။ နောက် အီဂျစ်ကိုပါ ကျောခိုင်းခဲ့သည်။ နယူးယော့လို၊ ပါရီလို မြို့ကြီးပြကြီးသို့ ရောက်သွားသည်များရှိသလို အာဖဂန်နစ္စတန် တောင်ကုန်းလျှိုမြောင်ကြားသို့လည်း ရောက်ချင်ရောက်နေတတ်သည်။

ထိုကာလအတွင်း သူတို့ဒေသမှာ 'ကောလီဖိတ်'တွေကလည်း များမှများ။ ပထမ 'နတ်ဆာ'၊ နောက် 'အာရာဖတ်'၊ နောက် 'ဘင်လာဒင်...'။ သူမျှော်လင့်သည်များကတော့ ဘာမှမဖြစ်။ သေနတ်သံများ၊ ယမ်းနံ့များ၊ မီးလောင်ပြင်များ...၊ အသေခံဖောက်ခွဲမှုများ။ သူ့သူငယ်ချင်းတွေ တော်တော်များများ မရှိကြတော့။ သူကိုယ်တိုင်လည်း သေတွင်းသို့ အကြိမ်ကြိမ်ဆင်းခဲ့ဖူးပြီးပြီ။ စက်တင်ဘာ ၁၁ ဖြစ်ရပ်ဆိုးများကို မြင်ရသောအခါ သူ့စိတ်တွေ အကြီးအကျယ်တုန်လှုပ်လာသည်။ အာဖဂန်စစ်ပွဲမှ ခြေပြတ်လက်ပြတ်များကို မြင်ရတော့လည်း ရင်ထဲကမချိ။ ပထမဆုံးအကြိမ်အဖြစ် မိမိကိုယ်ကိုယ်မိမိ သံသယမေးခွန်းများ ပြန်ထုတ်မိသည်။ 'ဒို့တတွေ ဘာကြောင့်များ အချင်းချင်း သတ်ဖြတ်နေကြတာလဲ။'

မိန်းမငယ်တွေမြင်တိုင်း တစ်နှစ်မျှသာပေါင်းခဲ့ရသည့် 'အိမ်သူ'ကိုလွမ်းချင်မိသည်။ ကလေးငယ်တွေမြင်တိုင်း တစ်လမျှသာ ထွေးပွေ့ခွင့်ရခဲ့သည့် 'သား'ကို နင့်ခနဲ့သတိရမိသည်။ တက္ကသိုလ်ကျောင်းကြီးများကို တွေ့တိုင်း မိမိ၏ ပညာတစ်ပိုင်းတစ်စ ဘဝအတွက် နောင်တရချင်လာသည်။ 'သားကလေးကောစာသင်ရပ်ပါ့မလား'။ အိမ်နှင့်နီးလေ... စိတ်ကစောလေ ဖြစ်လာသည်။ လှေသမားကြီးကို လောမိသည်။ 'မြန်မြန်လှော်ပါဦးလေးရာ'။ လှေသမားကြီးက လူပျော်ကြီးဖြစ်ဟန်တူသည်။ 'ဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ငါ့လူရာ၊ အိမ်ကထွက်မပြေးပါဘူး’။ သူစိတ်မရှည်သလို အော်လိုက်သည်။ ‘ကျွန်တော် အိမ်ပြန်မရောက်တာ ၁၀ နှစ်ရှိပြီဗျ’။

၁၀ နှစ်ဆိုသော အချိန်ကာလကို သူတို့ရွာလေးက အမှုထားဟန်မရှိပါ။ လယ်ကွင်းတွေကလည်း အရင်လိုကျဲကျဲ။ အိမ်လေးတွေလည်း အရင်လိုသေးသေး။ လူတွေကလည်း အရင် လိုညစ်ညစ်။ အိမ်ဝရောက်တော့ အရင်လို ချိုမြမြအသံလေးက ဆီးကြိုနှင့်သည်။ သူ့ကိုမြင်၍ သူ့ကိုကြိုသည်တော့မဟုတ်။ သူ့အိမ်သူက သူ့သားလေးကို အင်္ဂလိပ်စာ သင်ပေးနေခြင်းဖြစ်မည်ထင်သည်။

‘အေ-ဘီ-စီ-ဒီ’

‘မဟုတ်သေးဘူးသားရဲ့၊ ဝစ္စပေါက်သံ ထည့်ဆိုရတယ်။ ဒီလိုလေ အေး၊ ဘီး၊ စီး၊ ဒီး’

မျက်ရည်တွေစီးကျလာရင်း၊ သူ ပျော်သွားသည်။

အမူးပြေချိန်

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်မှ မိုင် ၄၅၀ အကွာတွင်ရှိသော နိုင်းမြစ်ကမ်းနဖူးရှိ ‘ဘာရက်’ ကျေးရွာမှ ‘ရှာဟက်ရာမင်’၏ အိမ်အပြန်ခရီး ဖြစ်ပါသည်။ ‘ရာမင်’မှာ ကိုင်ရိုတက္ကသိုလ်တွင် ဒုတိယနှစ်သင်တန်းတက်နေစဉ် အသက် ဆယ့်ရှစ်နှစ်လောက်တည်းက အကြမ်းဖက်အဖွဲ့အစည်းတစ်ခုနှင့် ဆက်သွယ်ခဲ့သူဖြစ်သည်။ ဆယ်နှစ်မျှ လက်နက်ကိုင်လှုပ်ရှားမှုများတွင် မျောပါခဲ့ပြီးမှ သွေးမြေကိုကျောခိုင်းခဲ့သူ လူငယ်တစ်ဦးဖြစ်ပါသည်။

ခေတ်သစ်ကမ္ဘာမှာ အပြောင်းအလဲများ၊ များလှမြန်လှသည် ဆိုသော်ငြား အဆိုပါအပြောင်းအလဲများကို ကိုယ်နှင့်မဆိုင်သလို တောင့်ခံနေသော ပထဝီဒေသကြီးတစ်ခု ရှိနေပါသည်။ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသကြီးဖြစ်သည်။ သို့နှင့်အမျှ ဤဒေသမှ လူငယ်များကို ‘အရက်နာမျိုးဆက်’ Hang

www.burmeseclassic.com

www.burmeseclassic.com



Over Generation ဟု သတ်မှတ်ခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့စနစ်နှင့် စစ်အေး၏ဆိုးမွေများကို ယခုထက်တိုင် ရင်စည်းခံနေဆဲ လူငယ်များဖြစ်သည်။ ထို့ထက် ဤဒေသကြီးနှင့် အနောက်ကြား ယဉ်ကျေးမှုခြင်း ထိပ်တိုက်တိုးမိခြင်းများမှာ လွန်ခဲ့သောရာစုသုံးခုကတည်းက ရှိနေခဲ့သည်။ အနောက်၏ ကိုလိုနီအလံများ ရုပ်သိမ်းသွားခဲ့သည်မှာလည်း နှိုင်းယှဉ်လိုက်လျှင် ဘာမျှမကြာသေးဟု ဆိုနိုင်သည်။ ဤသမိုင်းအမွေကို လက်ရှိအနောက်၏ ပေါ်လစီအမှားများကလည်း မီးထိုးပေးသလို ဖြစ်နေပြန် သည်။ ဤတွင် လူငယ်များမှာ မုန်းတီးနာကြည်းစိတ်ဖြင့် အမူးမပြေနိုင်သလို ဖြစ်နေတော့သည်။

သို့နှင့်တိုင် ခေတ်သစ်တက္ကနိုလိုဂျီက ဆောင်ကြဉ်းပေးလိုက်သော အသိအမြင်သစ်များက ဤလူငယ်များ၏ အရက်နာကို ကုစားပေးနိုင်စရာအကြောင်းများစွာ ရှိလာပါသည်။ သူတို့ကိုယ်တိုင် လက်တွေ့ဖြတ်သန်းမှုမှရလာသော ခါးသီးသည့် သင်ခန်းစာများကလည်း အတိတ်နှင့်အဆက်ဖြတ်ရေး လမ်းကြောင်းသစ်သို့ ဦးလှည့်လာစေဟန်ရှိသည်။ ဤလမ်းကြောင်းသစ်၏ တူရူချက်မှာ 'ပညာ'ဖြစ်ဖွယ်ရှိသည်ဟု မှန်းဆနိုင်ပါလိမ့်မည်။ ယူနက်စကိုအဖွဲ့ကြီး၏ သုတေသနစစ်တမ်းများအရ အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကမြောက်ပိုင်းမှ လူငယ်များ၏ ပညာရေးတိမ်းညွတ်မှုမှာ ၁၉၆၀ အလွန်နှစ်များနှင့် နှိုင်းယှဉ်လိုက်လျှင် ၇၅ % မြင့်လာသည်ဟု သိရပါသည်။

ကွန်ဖျူးရှပ်အလွန်

'တနင်္ဂနွေမရှိရင် သိပ်ကောင်းမှာပဲ'။ မှတ်မှတ်ရရ ဤအတွေးကို စတင်ရခဲ့သည်မှာ သူဆယ်နှစ်သားလောက်ကဖြစ်သည်။ ရက်သတ္တပတ်ရှိရက်များအနက် သူအမုန်းဆုံးမှာ တနင်္ဂနွေ။ တနင်္ဂနွေဆိုလျှင် အဖေအလုပ်မသွား။ တစ်နေကုန်အိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ အဖေအိမ်မှာရှိသည်ဆိုသည်နှင့် အိမ်သည် မချိုမြိန်တော့။ မနက် ၅ နာရီထိုးပြီဆိုလျှင် အဖေ့အသံစူးစူးကို စကြားရတော့သည်။ 'ဟေ့ကောင်-လုပ်စားမှာလား၊ တောင်းစားမှာလား၊ အလုပ်လုပ်မှာဆိုရင်ထတော့. . .'။ မပြောကောင်း၍သာ၊ ငှက်ဆိုးထိုးသံနှင့်ပင် နှိုင်းလိုက်ဖို့ကောင်းသည်။

'လာ-ထိုင်'။ မျက်နှာသစ်အပြီး ဘာမှမစားရသေးမီမှာ ပင် အဘိုး၏ကမ္ပည်းတိုင်ရှေ့ခေါ်သည်။ ဒူးထောက်ထိုင်ရသည်။ မျက်စိမှိတ်ခိုင်းသည်။ 'မင်းအဘိုးကို အာရုံပြု'။ သူမမြင်ဖူးသော အဘိုးကို သူဘယ်လိုမှ အာရုံပြုလို့မရပါ။ အဖေပြောလို့ အဘိုးကို ဆရာဝန်တစ်ယောက်လို့တော့သိသည်။ ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း ကျေးလက်ဆင်း အလုပ်ကြမ်းလုပ်ရင်းက ပင်ပန်းလွန်းပြီး သေဆုံးခဲ့ရသည်ဟု အဖေကပြောသည်။ သူစိတ်မကောင်းပါ။ ပညာတတ်တွေကို လယ်ထွန်ခိုင်းသည်ဟုကြား တော့ အံ့လည်း အံ့သြသည်။ ရယ်လည်းရယ်ချင်သည်။ 'ဘာစပ်ဖြဖြလုပ်တာလဲ၊ အဘိုးကို မခန့်လေးစားလုပ်တာလား'။ သူ့မျက်နှာ ရယ်ကျဲကျဲဖြစ်သွားသလားမသိ။ အဖေ့အသံ ငေါက်ဆတ်ဆတ်ကို ကြားရသည်။

တစ်နာရီနီးပါးမျှကြာတော့မှ သူလက်ဖက်ရည်သောက်ခွင့်ရသည်။ ပြီးတော့ စာကျက်။ ပညာရေးနှင့်ပတ်သက်လျှင် တော့ အဖေ့ကို ကျေးဇူးတင်ပါသည်။ 'ငါ့တုန်းက ပညာကောင်း ကောင်း မသင်ခဲ့ရဘူးကွ။ ငါ့သားကိုတော့ ပညာတတ်ဖြစ်စေရ မယ်'။ ယဉ်ကျေးမှုတော်လှန်ရေးကို ဖြတ်ခဲ့ရသော အဖေ့မှာ တက္ကသိုလ်တက်ခွင့်မရခဲ့ပါ။ သူ့ကိုတော့ အကောင်းဆုံးကျောင်းကို ထားပေးသည်။ အကောင်းဆုံးတက္ကသိုလ် ပို့ပေးသည်။ တစ်ခုပဲစိတ်ပျက်ဖို့ကောင်းသည်မှာ အမြဲလိုစာကျက်ခိုင်းနေခြင်း ဖြစ်သည်။ စာကျက်ရာတွင်လည်း အသံထွက်အော်ကျက်မှအဖေက ကြိုက်သည်။ သူက သချ်ာဝါသနာအိုး။ သချ်ာတွက်နေရင်

www.burmeseclassic.com

www.burmeseclassic.com



ပျော်သည်။ ဒါကို အဖေက နားမလည်။ စာကျက်သံမကြားရ၍ ဗျစ်တောက်ဗျစ်တောက် လုပ်သည်။ ‘စာဆိုတာ တစ်စာစာအံနေမှ တော်ကာကျတာကွ’...။

အဖေ့ကို နောက်တစ်ခု ကျေးဇူးတင်ရသည်မှာ သူ့ကို ဆယ်နှစ်သားထဲက ကွန်ပျူတာဝယ်ပေးခဲ့ခြင်းဖြစ်သည်။ ‘ငါတော့ သိပ်မသိဘူးကွ၊ ဒါတတ်မှ ခေတ်မီမှာတဲ့၊ မင်းတတ်အောင်သင်’။ နာမည်ကြီး ကွန်ပျူတာသင်တန်းတွင် သူ့ကိုထားပေးသည်။ သူ ကြိုးကြိုးစားစားသင်ပါသည်။ ကွန်ပျူတာက သူ့ကို ဖမ်းစားလိုက်သည်။ ထမင်းမေ့ဟင်းမေ့၊ အကုန်မေ့။ ကွန်ပျူတာရှေ့ကမခွာနိုင်ဖြစ်ရသည်။ ဒီတော့လည်း အဖေက မကျေနပ်ပြန်။ ‘ဟော့ကောင် စာကြည့်ဦး’။မျက်ထောင့်နီကြီးနှင့်အော်တော့ သူစိတ်မဆိုးမိတော့ပါ။ ဘာမှမသိသောအဖေ့ကို သနားသလိုပင် ဖြစ်မိသည်။ ‘စာတွေအကုန်လုံး ဒီအထဲမှာရှိတယ်အဖေရ’ပြောတော့ အဖေက ဒေါသတကြီး အော်သည်။ ‘ဘာကွ၊ အဓိပ္ပာယ်မရှိတာ၊ ငါ့များ ငတုံးမှတ်နေလား၊ မင်းအဖေကွ၊ မင်းပြောတိုင်းယုံမယ် မထင်နဲ့’။ ‘အီး-ဘွတ်(ခ)’ အကြောင်း အဖေ့ကို ပြောပြမနေချင်တော့ပါ။

သူဘွဲ့ရသောနေ့မှာပင် အဖေနှင့်အကြီးအကျယ် စကားများရသည်။ အဖေက သူ့ကို သူ့လုပ်ငန်းမှာ ဝင်လုပ်စေချင် သည်။ အဖေ့အလုပ်ကကုန်သည်။ သူဘယ်လိုမှ ဝါသနာမပါ သောအလုပ်။ ‘ကျွန်တော် ဝါသနာမပါဘူးအဖေ’။ ပြောတော့ အဖေ့တုံ့ပြန်သံက ခပ်ထန်ထန်။ ‘မင်းက ဘာဝါသနာပါတာလဲ’၊ ‘ကျွန်တော် စာဆက်သင်ချင်တယ်အဖေ’၊ ‘ဘာကွ’၊ အဖေဒေါသအိုးကြီး ပေါက်ကွဲတော့သည်။ ‘ငါမင်းကို ဘွဲ့တစ်ခုရအောင် သင်ပြီးပြီ။ မင်းအတွက် အလုပ်လည်းအဆင်သင့်၊ အရင်းအနှီးလည်း အဆင်သင့်၊ အဆက်အသွယ်လည်း အဆင်သင့်’။ သူ နားမခံနိုင်တော့ပါ။ အဖေ့တရားတွေကို နာရလွန်း၍ အလွတ်ပင်ရနေပြီ။ အဖေ့စကားကို သူ ဇွတ်ဖြတ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'အရင်းအနှီးတို့ အဆက်သွယ်တို့ဆိုတာလောက်နဲ့ မလုံလောက်တော့ဘူး အဖေရ၊ အရေးကြီးတာက ပညာ၊ ဒီခေတ်က ပညာခေတ်'။ အဖေ့အသံ နည်းနည်းတော့ ပျော့လာသည်။ 'အေးလေ ငါ မင်းကို ပညာသင်ပေးပြီးပြီပဲ။ ငါ့တုန်းကဆို မင်းလောက်တောင် ပညာမတတ်ခဲ့ဘူး၊ ဒါပေမဲ့ မင်းအဘိုးရဲ့ အဆက်အသွယ်နဲ့၊ ငါ့ရဲ့ကြိုးစားမှုနဲ့ ဒီအခြေအနေရောက်လာတာမို့လား'။ အဖေ့ကို နားလည်အောင်ပြောမှဖြစ်တော့မည်ဟု စဉ်းစားမိရင်း သူစကားတွေ အများကြီး ပြောဖြစ်သည်။ အာရှ စီးပွားရေးအကျပ်အတည်းအကြောင်းလည်း ပါသည်။ စက်ာပူနိုင်ငံမှ ပြုပြင်ပြောင်းလဲရေးအကြောင်းတွေလည်း ပါသည်။ အိန္ဒိယ စီလီကွန်ချိုင့်ဝှမ်းဟု ဆိုနိုင်လောက်သော ဘင်္ဂလားနယ်မှ အိုင်တီ စီးပွားရေးကိုလည်း ရှင်းပြသည်။

အတော်ကြာကြာ စဉ်းစားပြီးမှ အဖေ့က သူ့ကိုတိုးတိုး မေးသည်။ 'ဒါဖြင့် မင်းကဘာလုပ်ချင်တာလဲ'...။ 'ကျွန်တော် သူငယ်ချင်းတွေနဲ့စုပြီး အင်တာနက်ကုမ္ပဏီထောင်မလို့အဖေ'။ အဖေ ဘာမှပြန်မပြောတော့ပါ။ သူ့ကို ကျောင်းတော့ ဆက်ထားမပေး။ သူ့အလုပ်ဝင်လုပ်ဖို့လည်း မပြော။ စကားပင် ဟဟမပြောတော့ပါ။ သူ့ကို စိတ်ဆိုးနေမှန်းသိပါသည်။ ကိစ္စမရှိ။ သူ့ကိုယ်ပိုင် 'လက်(ပ)တော့'ကလေးနှင့် အွန်လိုင်းကျူရှင်ပေးသည်။ ရသောဝင်ငွေနှင့် အွန်လိုင်းတက္ကသိုလ်တစ်ခုကို တက်လိုက်သည်။ သူ့ရည်ရွယ်ချက်ကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖော်မည်။

သည်လိုနှင့် သူကွန်ပျူတာမှ မခွာဖြစ်တော့ပါ။ အဖေက တော့ သိပ်မကြည်။ သူ့ကို ပေစောင်းပေစောင်းနှင့်ကြည့်သည်။ ဘာမှတော့မပြော။ ဒီနေ့တော့ သူ့ဦးနှောက်တွေ ထုံထိုင်းသလို ရှိလာသည်နှင့် စာတွေကို ခဏထားပြီး ဘရစ်နီစပီးယားသီချင်းတွေကို နားထောင်နေမိသည်။ သူ့အမှားက ဒီနေ့ တနင်္ဂနွေဆိုသည်ကို သတိမပြုမိခြင်း။ 'ဘရစ်တနီ'၏ 'ခရစ်'ကို ခံစားနေ

www.burmeseclassic.com

www.burmeseclassic.com



ရင်းမှ အဖေ့အသံဆိုးကြီးကို ကြားလိုက်ရသည်။ 'ဟော့ကောင် ဒီချက်ပေါ် မတွေကို အရသာခံဖို့ မင်းကို ကွန်ပျူတာဝယ်ပေးတာ မဟုတ်ဘူးကွ"

သူဘာမှပြန်မပြောတော့ပါ။ ပြောလည်း မပြောချင်။ ကွန်ပျူတာကို ပိတ်လိုက်သည်။ ဆိုင်ကယ်ကိုနှိုးသည်။ သူငယ်ချင်းတွေနှင့် ချိန်းထားသောနေရာသို့ သွားသည်။ မကြာခင် အကောင်အထည်ဖော်တော့မည့် သူတို့လုပ်ငန်းအကြောင်း အသေးစိတ်တိုင်ပင်ကြမည်။ စိတ်ထဲကပဲ ကြုံးဝါးလိုက်ပါသည်။ 'ငါ ဘီး(လ) ဂိတ်ဖြစ်မှ အဖေနဲ့တွေ့မယ်...'

အတ္တမျိုးဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တော်မှ 'မိုက်ကယ်ဝမ်းနှင့် သူ့ဖခင်တို့၏ နိစ္စဓူဝ ရှုခင်းဖြစ်ပါတယ်။ မိုက်ကယ်'ဝမ်း' ၏ဖခင် 'မစ္စတာဝမ်း'မှာ ယဉ်ကျေးမှုတော်လှန်ရေးကို ဖြတ်ခဲ့သူဖြစ်သည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုခေတ်တွင် ကုန်သည်လုပ်ငန်းကို ဇောက်ချလုပ်ကိုင်ရင်း ကြီးပွားလာသူဖြစ်သည်။ သူ့အတွက် အောင်မြင်ရေးသော့ချက်မှာ အလုပ်ကြိုးစားမှုနှင့် ကော်နက်ရှင်ဟု နားလည်ထားသည်။ ကွန်ဖျူးရှပ်ယဉ်ကျေးမှုကို နှစ်နှစ်ကာကာယုံကြည်သူလည်းဖြစ်သည်။ သူ့သားက သူနှင့်မတူ။ အာရှစီးပွားရေးအကျပ်တည်းလွန်ကာလတွင် အရွယ်ရောက်လာသူ ဖြစ်သည်။ 'ပညာသည်သာ အခရာ'ဟု ယုံကြည်ထားသည်။ သူ့အတွက် ကွန်ဖျူးရှပ်ထက် 'အိုင်တီ'က ပိုအခရာကျသည်။ ဤသည်ပင် သားအဖနှစ်ယောက်၏ ဝိရောဓိဇာတ်လမ်းဖြစ်ပါသည်။

လူမှုဗေဒပညာရှင်များ၏ အလိုအရ အာရှဒေသမှာ မျိုးဆက်ကွာဟမှုအကြီးဆုံးဒေသဟု အဆိုရှိကြသည်။ အထူးသဖြင့် အင်ဒိုချိုင်းနားစစ်ပွဲနောက်ပိုင်းတွင် အပြောင်းအလဲတွေ ပိုဖြတ်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ပိုသွက်လာသည်။ စစ်ပွဲမတိုင်ခင်က လူငယ်များမှာ စစ်နှင့်တော်လှန်ရေးကို ဖြတ်သန်းခဲ့ကြသူများဖြစ်သည်။ 'အနီရောင်မျိုးဆက်' Red Generation ဟုဆိုကြသည်။ အိုင်ဒီအိုလိုဂျီတစ်ခုအတွက် ဘဝကို ပေးဆပ်ခဲ့ကြသူများဖြစ်ပါသည်။ စစ်ပွဲအပြီးလူငယ်များမှာမူ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို မျက်မှောက်ပြုလာကြရသည်။ သို့နှင့်အမျှ နိုင်ငံရေးနှင့်ဝေးလာပြီး ကြီးပွားချမ်းသာရေးကို စိတ်သန်လာကြသည်။ 'အဝါရောင်မျိုးဆက်' Yellow Generation ဟု ဆိုပါသည်။

အာရှစီးပွားရေးအကျပ်အတည်း ၁၉၉၇ အလွန်တွင်မူ နောက်ထပ်မျိုးဆက်သစ်တစ်ခု ဖြစ်တည်လာဟန်ရှိသည်။ သူတို့၏ ထူးခြားချက်မှာ 'အိုင်တီ'နှင့် ယဉ်ပါးသည်။ သမားရိုးကျလမ်းအတိုင်း မလိုက်လို၊ လမ်းသစ်ထွင်ချင်သည်။ အဆက်အသွယ်မှတစ်ဆင့် ကြီးပွားရသည်ထက် ကိုယ်ပိုင် ကိုယ်ရည်ကိုယ်သွေးဖြင့် စိန်ခေါ်ချင်ကြသူများဖြစ်သည်။ 'အတ္တမျိုးဆက်' Self Generation ဟု အမည်သညာပြုကြပါသည်။ ကိုယ်ကျိုးစီးပွားကို ရှေ့ရှုသော အတ္တမဟုတ်။ မိမိစွမ်းဆောင်ရည်ကို ချွန်မြစေဖို့ အားသန်သော ပညာအတ္တမျိုးဖြစ်သည်ဟု အကဲဖြတ်ကြသည်။

## ကိုယ်ပိုင်မစ်ရှင်

ဝန်ခံရမည်ဆိုလျှင် အထက်တန်းကျောင်းသားအရွယ်အ ထိ ကိုယ့်ဝါသနာ ဘယ်မှာရှိသည်ဆိုခြင်းကို မသိတတ်နိုင်ခဲ့ပါ။ ဂီတာတီးသည်။ သီချင်းနားထောင်သည်။ ရုပ်ရှင်ကြည့်သည်။ တစ်ခါတစ်ခါ 'ဘရော့(ဒ)ဝေး'သို့ပင်ရောက်တတ်သေးသည်။ ကျောင်းမှာတော့ ဘေ့(စ)ဘောကစားသည်။ အဖော်ကောင်းလျှင် 'ကာစီနို'သွားသည်။ ဘာကိုမှ မဖြတ်နိုင်သော်လည်း ဘာကိုမှ မစွဲလမ်းပါ။ အဲတစ်ခုတော့ ရိုးရိုးသားသား ဝန်ခံရပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေနှင့် 'ဒိတ်'ရသည်ကတော့ အနိပ်ဆုံး ရင်အခုန်ဆုံး၊ အပျော်ဆုံး၊ သည်းခြေအကြိုက်ဆုံး။

'သား-ဘယ်ဘာသာတွဲယူမလဲ'၊ ကောလိပ်တက်ရတော့ မည့်အချိန် အဖေကမေးတော့မှပင် ဝါသနာဆိုတာကြီးကို စဉ်းစားမိတော့သည်။ စဉ်းစားမိတော့မှ ထိတ်လန့်တကြား တွေ့လိုက်ရသည်။ 'ငါ ဘာမှဝါသနာမပါပါကလား'၊ အဖေက 'ငါ့သား အိုင်တီဘက်လိုက်ပါလား'ဟုဆိုသောအခါ မငြင်းခဲ့။ 'အိုင်တီ' ခေတ်လို့ ပြောနေကြတာပဲ။ မဆိုးလှပါဘူးဟု တွေးကာ Computer Science ယူတော့မလိုပင်ရှိခဲ့သည်။ ဖြစ်ချင်တော့ ဤကာလမှာပင် ရုပ်ရှင်တစ်ကားက သူ့ကို ဖမ်းစားလိုက်သည်။ American Pile ဆိုသောဇာတ်ကား။ လူနှင့်တိရစ္ဆာန် မျိုးစပ်မိရာမှထွက်လာသော ကောင်မလေးကို သူစွဲသွားသည်။ ဟုတ်ပြီ။ ငါ Bio-Genetic ယူမယ်။ သည်လိုနှင့် သူ ဘီ-တီ ကျောင်းသားဖြစ်သွားသည်။ တကယ်သင်ရတော့လည်း ပျော်စရာကောင်းပါသည်။ သူ့ဝါသနာ 'ဘီ-တီ'ပဲဟု သေချာထားလိုက်သည်။

မသေချာသည်က နိုင်ငံရေးပင်။ ကောလိပ် ပထမနှစ် တွင် 'လူမှုဗေဒ' Sociology ဘာသာသင်ရတော့ သူ့စိတ်က ဇဝေဇဝါ။ 'ဒါကြီးကလိုလို့လား'။ သူမသေချာ။ 'ဘီတီနှင့်နိုင်ငံရေး ဘာဆိုင်သနည်း'။ သူမဖြေတတ်ပါ။ အဖေတို့ခေတ်က ဗီယက်နမ်စစ်ဆန့်ကျင်ရေးစစ်ပွဲများအကြောင်းကို ကြားတော့ကြားဖူးသည်။ သိပ်စိတ်မဝင်စားလှပါ။ 'ငါနဲ့ ဘာဆိုင်လဲ'ပေါ့။ သို့ဖြင့် လူမှုဗေဒဆရာက သူ့ကို Assignment တစ်ခုပေးသောအခါ သူအတော်စိတ်ပျက်မိသည်။ ဆရာခိုင်းတာကလည်း(သူ့အထင်) ခပ်ကြောင်ကြောင်...။ 'အသက် ၅၀ ကျော် လူကြီးတစ်ယောက်ကို သွားတွေ့၊ သူတို့ခေတ်ရဲ့ အတွေ့အကြုံကိုမေး၊ ပြီးတော့ စာတမ်းရေးကွာ'တဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



အစကတော့ အဖေ့ကိုမေးပြီး ရေးမည်ဟု စိတ်ကူးသေးသည်။ အဖေက လေခပ်ရှည်ရှည်။ စကားတွေအများကြီး ပြောလျှင်စာတွေအများကြီးရေးနေရမည်။ သိပ်နိုပ်မည်မဟုတ်။ သည်လိုနှင့် အိမ်နီးချင်း'မစ္စကင်း'ကို ရွေးလိုက်သည်။ 'မစ္စကင်း'က အသက် ၆၀ ခန့်အပျိုကြီး။ အာဖရိကန်-အမေရိကန်နွယ်ဖြစ်သည်။ တစ်နေကုန်လို့မှ စကားတစ်ခွန်းမပြော။ ဟုတ်ပြီ၊ ဒီအဘွားကြီးမှာ ဘာမှပြောစရာရှိမည်မဟုတ်။ ဒါဆိုစာတမ်းလည်းအရှည်ကြီးရေးစရာမလို။ ဆရာခိုင်းသည့်အလုပ်မြန်မြန်ပြီးမည်။'အိုးကေ'။

'အားပါး...'။ တကယ်မေးတော့မှ အဘွားကြီးက တကယ့်စကားအိုးကြီးမှန်း သိရတော့သည်။ တစ်ရက်နှင့်မပြီး။ နှစ်ရက်ဆက်ပြောသည်။ စိတ်ပျက်လက်ပျက်နားထောင်ရင်းမှ သူစိတ်ဝင်စားလာသည်။ 'မစ္စကင်း'က ၁၉၆၀ အလွန်နှစ်များ၏ 'နိုင်ငံသားအခွင့်အရေးလှုပ်ရှားမှု' Civil Right Movement အကြောင်း ပြောပြသည်။ 'မင်းသိရဲ့လားငါ့တူ၊ မာတင်လူသာကင်းဆိုတာ အသားမည်းလို့ သေရတာကွဲ့'။ 'မစ္စကင်း'မျက်နှာပေါ်မှ ကြွက်သားမျှင်များ တဆတ်ဆတ်လှုပ်နေသည်ကို သတိထားမိသည်။ သူကတော့ နားထောင်ရင်း အံ့ဩနေမိသည်။ သူ့စာတမ်းနှင့်ပတ်သက်သော ဆရာ့မှတ်ချက်ကို ကြားရသောအခါ သူ့ဦးနှောက် အဆွခံလိုက်ရသည်။ 'အေး၊ ဒို့နိုင်ငံရဲ့ ဖွဲ့စည်းပုံစည်းမျဉ်းကို ကောင်းသထက်ကောင်းအောင် ရေးခဲ့တာ၊ နိုင်ငံရေးသမားတွေချည်းမဟုတ်ဘူးကွ။ 'မစ္စကင်း'တို့လို သာမန်အရပ်သူတွေလည်းပါတယ်။ သူတို့ရဲ့ သွေးတွေ ချွေးတွေနဲ့ ရေးခဲ့ရတာ။

ထိုစဉ်ထဲမှစ၍ သူနှင့်နိုင်ငံရေးမှာ မဝေးတော့သလို ခံစားလာရသည်။ 'ဘီ-တီ၏ လူမှုရေးသက်ရောက်မှုများ'အကြောင်းကိုလည်း အရင်ကထက် ပိုနားလည်လာသလို ရှိလာသည်။ သို့နှင့်တိုင် နိုင်ငံရေးမှာ သူနှင့်တိုက်ရိုက်မဆိုင်ဟု ယူဆထားဆဲဖြစ်သည်။ သူလိုသာမန်အရပ်သားတစ်ယောက်အနေနှင့် 'ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



ခွင့်’ Right To Choose သည်ပင် နိုင်ငံရေးဖြစ်သည်။ သူ့ရွေးချယ်မှုမှန်လျှင် သူတာဝန်ကျေပြီဟု ထင်သည်။ သူ့အဓိကတာဝန်က စာတော်ဖို့ ပညာချွန်ဖို့။ သည်လိုနှင့် သူ့ကို စာကြိုးစားသော ကျောင်းသားတစ်ယောက်အဖြစ် အများက အသိအမှတ်ပြုလာကြသည်။ သူ ပျော်ပါသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ(၁၁) အရေးအခင်းနှင့် ကြုံလိုက်ရတော့ သူ မပျော်နိုင်တော့ပါ။ ပထမ ဒေါသဖြစ်သည်။ ဒေါသတွေပြေစပြုလာချိန်တွင် သူ့ကို မေးခွန်းတစ်ခုက အဆက်မပြတ်နှိပ်စက်လာတော့သည်။ ‘သူတို့ ဒို့ကို ဘာကြောင့်မုန်းကြတာလဲ’။ သိချင်စိတ်ဖြင့် စာကြည့်တိုက်တွေ သွားသည်။ ဆွေးနွေးပွဲတက်သည်။ အင်တာနက်စကားဝိုင်းများမှ အသံမျိုးစုံကို နားစွင့်သည်။ ‘သောမတ် ဖရိုင်းမင်း’ဆိုသော ဂျာနယ်လစ်၏ လက်ရှိဂျော့ဘွတ်(ချ)အစိုးရ အရှေ့အလယ်ပိုင်းပေါ်လစီအပေါ် ဝေဖန်ချက်ကို ကြားရသောအခါ သူအားတက်သရော ထောက်ခံမိသည်။ ‘ဖရိုင်းမင်း’၏အလိုအရ အမေရိကန်၏ ဂုဏ်သိက္ခာ သည် စစ်အင်အားပေါ်တွင်မရှိ၊ ပညာအရင်းအမြစ်တွင်သာ ရှိ သည်။ သို့သော် လက်ရှိအစိုးရက ပညာထက် စစ်ရေးပါဝါကို အားကိုးလွန်းနေသည်။ အလွန်အန္တရာယ်ကြီးသော ပေါ်လစီဟု ဆိုပါသည်။

ဟားဗတ်တက္ကသိုလ်မှ ပါမောက္ခ ‘ဂျိုးဇက်-နိုင်း’၏ အယူအဆများကို ကြားရသောအခါ သူ့မှာစဉ်းစားရုံမျှမက ဆုံးဖြတ်ချက်တစ်ခုခု ချရတော့မလိုပင်ရှိလာသည်။ ‘ပါမောက္ခနိုင်း’က ‘ကိုယ်စားပြုနိုင်ငံရေး’ Representative Politic မှ ‘တစ်ဦးချင်းပါဝင်လှုပ်ရှားရမည့်ခေတ်’ Individual Participation သို့ ရောက်လာပြီဟု ကောက်ချက်ချသည်။ ဤအတွက် သော့ချက်အကျဆုံးမှာ ပညာရေးဟုဆိုပါသည်။ မကြာမီမှာပင် အီရတ်စစ်ပွဲစတင်လာသည်။ သူ့အဖေကို သူပြောလိုက်သည်။ ‘ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲသွားမယ်အဖေ...'။ ၁၉၆၀ အလွန်နှစ်များကို ဖြတ်သန်းခဲ့ဖူးသော သူ့အဖေက သူ့ကို နားလည်မှုရှိစွာ ပြုံးပြလိုက်ပါသည်။

ရုပ်တုပြိုချိန်

အမေရိကန်ပြည်ထောင်စု လော့အိန်ဂျယ်လိ(စ)(U.C. L.A) မှ တက္ကသိုလ်ကျောင်းသား 'ဒေးဗစ်ဟိတ်(သ)'၏ အမြင်များပြောင်းလဲလာပုံဖြစ်ပါသည်။ 'ဟိတ်(သ)'မှာ လက်ရှိ စစ်ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် တက်ကြွသူတစ်ဦးဖြစ်သည်။ သို့နှင့်တိုင် သူသည် နိုင်ငံရေးသမားတစ်ဦးမဟုတ်ပါ။ မည်သည့်နိုင်ငံရေးပါတီဝင်မှလည်းမဟုတ်ပါ။ ဘီ-တီ ကို လေ့လာသင်ကြားနေ သော ပညာထူးချွန်သည့်ကျောင်းသားတစ်ဦး ဖြစ်ပါသည်။ 'ဗျူး' ဆရာများက သူ့ကို 'ဘာကြောင့် လှုပ်ရှားမှုထဲပါသနည်း'ဟုမေးရာ သူက ဤသို့ဖြေပါသည်။ 'ဒါ- ကျွန်တော့်အလုပ်လေ။ နိုင်ငံသားတစ်ယောက် လုပ်သင့်လုပ်ထိုက်တာကို ကျွန်တော်လုပ်နေတာပါ'

ဥရောပသမိုင်းပညာရှင်များက 'ခေတ်'ကို သင်္ကေတ တွေနှင့် ဖော်ပြတတ်ကြသည်။ ၁၉၆၀ အလွန်နှစ်များဆိုလျှင် 'သွားစိုက်ဆရာဝန်များ အလုပ်ဖြစ်သည့်ခေတ်'ဟု အမည်ပေးသည်။ ဒေါသထွက်နေသော လူငယ်များ အံကြိတ်ရလွန်း၍ သွားတွေ ကျိုးကုန်ရာ သွားစိုက်ဆရာဝန်တွေ စီးပွားတက်ကုန်သည်ဟု ခပ်သောသောပြောကြသည်။ ၁၉၈၀ အလွန်နှစ်များကိုမူ ပိုက်ဆံအိတ်ကြီးခေတ်ဟု ဆိုသည်။ လူငယ်တွေ ပိုက်ဆံအိတ်နောက် အားတက်သရောလိုက်နေကြခြင်းကို ရည်ညွှန်းဟန်တူသည်။ ဤကာလတွင် ကုမ္ပဏီ စီ-အီး-အိုများမှာ သူတို့၏ 'အိုင်ကွန်'များဖြစ်ကြသည်။

စက်တင်ဘာ(၁၁)ရက်နောက်ပိုင်း ကော်ပိုရိတ်အရှုပ်တော်ပုံမှ အလွန်တွင်မူ ရုပ်တုများ ပြိုကျကုန်သည်။ ဘိဇနက်လောကက

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရော၊ နိုင်ငံရေးလောကတွင်ပါ 'အိုင်ဒီး(လ)' Ideal များ မရှိတော့။ လူငယ်ထု၏ ယုံကြည်မှုမှာ လူပုဂ္ဂိုလ်မှပညာဘက်သို့ ရောက်လာသည်ဟု အကဲခတ်ကြသည်။ 'သူရဲကောင်းလွန်မျိုးဆက်' Post Hero Generation ဟု ဝိဂြိုဟ်ပြုကြပါသည်။ ကပ်လျက်ပါလာသော ကြွေးကြော်သံမှာ 'အသိပညာမှ ဉာဏ်ပညာသို့' From Knowledge To Widsom ဟူ၍ဖြစ်သည်။

ဒိုင်းနမစ်ကွန်ချာ

သင်္ချာပညာတွင် Matrix ဆိုသော ဝေါဟာရတစ်ခုရှိသည်။ 'ဖြန့်စီကိန်း'ဟု ပြန်မာမှုပြုကြမည်ထင်ပါသည်။ ဤစကားလုံးကိုပင် ခေတ်သစ် လူမှုသိပ္ပံက ယူသုံးသည်။ 'ကွန်ချာ'ဟု အနီးစပ်ဆုံး ဘာသာပြန်နိုင်မည်ထင်သည်။ သူ့အယူအဆက ဤသို့...။

ခေတ်တစ်ခေတ်၏ လားရာအမြင်ကို မှန်းဆနိုင်ရန် 'လူမှုကွန်ချာ' Social Matrix တစ်ခုဖြင့် ချဉ်းကပ်ကြည့်ရမည်ဟု ဆိုသည်။ အဆိုပါကွန်ချာထဲတွင် ကိန်းရှင်သုံးခုပါသည်။ လူငယ်၊ တက္ကနိုလိုဂျီနှင့် ပညာရေးဟုဆိုပါသည်။ ဤကိန်းရှင် သုံးခုလုံးမှာ လူ့အဖွဲ့အစည်းရှိ ဒိုင်းနမစ်အဖြစ်ဆုံး အင်အားစုများဖြစ်ရာ အဆိုပါကွန်ချာကို 'ဒိုင်းနမစ်ကွန်ချာ' Dynamic Matrix ဟုလည်း ဆိုကြသည်။ ဒိုင်းနမစ်ကွန်ချာကို ခပ်နက်နက် နှိုက်ကြည့်လိုက်လျှင် ကိန်းရှင်သုံးခု၏ အခန်းကဏ္ဍကို တွေ့နိုင်မည်ဟုဆက်ပြောသည်။ ကွန်ချာကို အသက်ဝင်စေသော 'အဓိကတွန်းအားစု' Motive Force မှာ 'လူငယ်'ဖြစ်ပြီး အဆိုပါ လူငယ်အားကို စွမ်းအင်ဖြည့်ပေးသည့် 'ပါဝါရင်းမြစ်' Power Source မှာ တက္ကနိုလိုဂျီဟု ဆိုသည်။ ပညာရေးမှာမူ ကွန်ချာ တစ်ခုလုံးကို 'အဆုံးအဖြတ်ပေးမည့် အခေါင်အချုပ်' Determinent ဟု အကဲဖြတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ ဒိုင်းနမစ်ကွန်ချာအယူအဆကို ပညာခေတ်အပေါ်တင်ကြည့်လိုက်ရာ အဆင့်နှစ်ဆင့်ကို ဖြတ်သန်းခဲ့ပြီဟု မှတ်ချက်ချကြသည်။ ပထမအဆင့်မှာ ၁၉၈၀ အလွန်နှစ်များမှစ၍ ၂၀ ရာစုတွင် ပြည့်စုံသွားသည်။ 'ပညာရှာဖွေခြင်း' Learning အဆင့်ဟုဆိုသည်။ 'အသိပညာ' Knowledge မှာ အခရာဖြစ်ပြီး အပြုအမူပြောင်းလဲရေးသို့ ဦးတည်သည်။ 'မေးခွန်း'များကို 'အဖြေ'နှင့် တုံ့ပြန်တတ်သည့် သဘာဝရှိသည်။ ဒုတိယအဆင့်မှာ ၂၁ ရာစုနှင့်အတူ စတင်လာသည်။ 'ပတိပညာအဆင့်' Unlearning ဟု ဆိုပါသည်။ 'ဉာဏ်ပညာ' Wisdom မှာ အခရာဖြစ်ပြီး အခုအခံအစွဲအလမ်းများကို ဖောက်ထွက်နိုင်ရေးသို့ ဦးတည်သည်။ အဖြေပေးရုံနှင့် မလုံလောက်။ မေးခွန်းသစ်များ ဖော်ထုတ်ခြင်းဖြင့် တုံ့ပြန်ရမည်။ လူတွေကို မေးခွန်းထုတ် . . . အိုင်ဒီယာတွေကို မေးခွန်းထုတ်...။ ဘာလဲ. . . ဘာလဲ. . . ဘာလဲ ဟူသော စူးစမ်းလိုစိတ်သည်ပင် ပညာဘဏ်တိုက်ကိုဖွင့်မည့် 'သော့' ဟု ဆိုပါကြောင်း. . .။

**Beauty** မေ၊ ၂၀၀၃။

စာညွှန်း

- (1) Education In Changing Society.
  (2) Promises Not Kept.
  (3) Spirit of Education

■

BURMESE CLASSIC .com

www.burmeseclassic.com